

www.burmeseclassic.com



www.burmeseclassic.com




BURMESE CLASSIC .com



# ဆုမြတ်မွန်မွန်

## သစ်ရွက်စိမ်းလေးရဲ့
## နွေဦးဒဏ္ဍာရီ



စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com








# ကောင်းရွက်စိမ်း

www.burmeseclassic.com

www.burmeseclassic.com









# ၁

လေယာဉ်ပေါ်မှနေ၍ ရွှေတိဂုံဘုရားကို လှမ်း၍ မြင်လိုက်ရသည့်အချိန်တွင် သူ့ရင်ထဲ၌ ဘယ်လောက် ဆွတ်ပျံ့သွားသလဲဆိုတာ နှိုင်းစရာတောင် မရှိချေ။ ထို့အတူ ဘုရားနှင့်



www.burmeseclassic.com

တစ်ဂိုဏ်းတည်းထား၍ ရှိသေမြတ်နိုးရသော မိဘနှစ်ပါးကို သတိရမိသွားလျှင် ပိုလို့ပင် တိုး၍ သတိရ လွမ်းမောဖွယ် ဖြစ်သွားသည်။

လေယာဉ်ကြီးကတော့ မင်္ဂလာဒုံလေယာဉ်ပြေးလမ်းတစ်လျှောက် ထိုးဆင်းကာ ပြေးနေပြီဖြစ်သည်။ လေယာဉ်ရပ်သွားလျှင် သူသည် ဘာမှ သယ်စရာမရှိသဖြင့် ပေါ့ပေါ့ပါးပါးပင် ရှေ့ဆုံးမှ ဆင်းလာခဲ့သည်။

"ဟော့ကောင်ကြီး ဦးသစ် ဒီမှာကွ"

ဆီးကြိုနှုတ်ဆက်သူများကြားတွင် ဦးသစ် အရပ်ကြီးက ထင်းထွက်နေသဖြင့် သူ ချက်ချင်း တွေ့သွားခဲ့ပြီ။ လေးနှစ်တာကာလမျှ ကွဲကွာနေသော သူနှင့် ဦးသစ်သည် ရင်ချင်းအပ်ကာ ပွေ့ဖက်နှုတ်ဆက်မိကြ၏။

"နေကောင်းတယ်နော် ဦးသစ်"

"မင်းနဲ့ တိုက်ကွမ်ဒို တစ်ပွဲလောက် ပြိုင်နွှဲနိုင်ပါသေးတယ်ကွာ"

"ဟား ... အင်း ဟား ... လေကတော့ မလျှော့ဘူးကွာ"





"ပစ္စည်းတွေ ဘယ်လောက်များများ ပါလို့လဲ၊ မဟေသီကတော့ သူ့အတွက် သေတ္တာတစ်လုံးမှ သပ်သပ်မပါရင် မင်းနဲ့ မခေါ်တော့ဘူးဆိုပဲ"

"ဟုတ်လား၊ ဒါဆို မရွေးဘဲ ထားမှ"

သူက ပြောင်စပ်စပ် ပြောကာ လျှာထုတ်ပြလျှင် ဦးသစ်က သူ့ဇက်ပိုးကို နောက်ကနေ ဆောင့်တွန်းပစ်လေသည်။

"မင်းကတော့ကွာ အဲဒီအကျင့်တွေ မပျောက်သေးဘူးကိုး"

သူက ဦးသစ်ကို မျက်လုံးတစ်ဖက် မှိတ်ပြပြီးလျှင် အိတ်တွေ ရွေးရန်အတွက် ထွက်လာခဲ့သည်။ တန်းစီစောင့်နေရခိုက် တစ်နေရာမှာ လက်ပိုက်လျက် စမတ်ကျကျ ရပ်နေသော ဦးသစ်ကို ကြည့်ကာ တစ်ချက် ပြုံးမိသည်။ သုံးဆယ့်ခြောက်နှစ်အရွယ် ဦးသစ်သည် နှစ်ဆယ်ကို တော်တော်ကျော်စ လူငယ်တစ်ယောက်လို နုပျို၍ စတိုင်လ်သွက်တုန်းဖြစ်၏။

ကြည့်ဦးလေ။ Alter ရှပ် ဇေဒါရောင်ဖျော့ဖျော့နှင့် အဖြူရောင် စတိုင်လ်ပန်ကို အင်မတန်အချိုးကျစွာ တွဲဝတ်ထားသော စတိုင်လ်ဖြောင့်ဖြောင့် လူတစ်ယောက်ကို ဒါ သူ့ဦးလေးပါ

www.burmeseclassic.com



ဆိုလျှင် ဘယ်သူက ယုံချင်မှာလဲ။ သူနှင့် ဆယ့်သုံးနှစ်မျှသာကွာသော ဦးသစ်သည် အဲဒီလို မထင်ရလောက်အောင်ကို လူငယ်ဆန်လျက် ချောမောသူတစ်ယောက်ဖြစ်၏။

ဒါဆို သူကရော ...။ အင်း ... ဒီလိုပြောတော့ ကိုယ့်ကိုယ်ကိုယ်မို့ ပိုပြောတယ် ဖြစ်ရဦးမည်။ သူများတွေကတော့ သူ့ကို သစ်မင်း (ဦးသစ်) အငယ်စားလေးဟု ပြောရအောင်ကို ဦးသစ်နှင့် ဆင်သည်။ သို့သော် သူက မေမေ့ဆီက အဝါရောင်ပြေးသော အသားအရေကို လက်ဆောင်ရထားခဲ့လေရာ ယောက်ျားတန်မဲ့ အတော်အသားလှတဲ့ကောင်ဟု အမြဲဝေဖန်ခံနေရတာဖြစ်၏။

လူပျိုဖော်ဝင်ခါစကတည်းက ဦးသစ်နှင့်အတူ အားကစားလုပ်ခဲ့သည်မို့ ဆယ်တန်းကျောင်းသားအရွယ်မှာတင် သူက တော်တော့်ကို စတားဖြစ်နေခဲ့ပြီ။ မြင့်မားသော အရပ်အမောင်း၊ အဝါနုယ်သော အသားအရည်နှင့် ဖစ်တင်တီရှပ် ဝတ်ထားလျှင် ကောင်မလေးတွေ ရင်ခုန်ရသော ရင်အုပ်တောင့်တောင့်တို့ကို ပိုင်ဆိုင်ထားသော သူ့ကို စိတ်ဝင်စားကြသော ကောင်မလေးတွေကလည်း ရောက်လေရာတိုင်းမှာ ...။





သို့သော် ထူးဆန်းစွာပင် မိန်းမတွေကို သူ အပျော်တွဲဖို့ရာတောင် စိတ်မဝင်စားခဲ့ပါ။

"နာမည် ပြောပါ"

"ဗျာ ... သြော် ... ဟုက်ကဲ့၊ ကောင်းရွက်စိမ်းပါ ခင်ဗျာ"

အတွေးထဲမှာ မျောချင်တိုင်းမျောနေစွာဖြင့် သူ့အလှည့်ရောက်တာတောင် ဂရုမပြုမိနိုင်တော့။ အမိက သူ့ရင်မှာ အပျော်တွေ စိုးမိုးနေခဲ့တာဖြစ်၏။ အကြာကြီး ခွဲခဲ့ရသော အမိမြေနှင့် ဒီလောကကြီးထဲမှာ သူ့ရဲ့ တစ်ဦးတည်းသော တွယ်တာရာဖြစ်သည့် ဦးသစ်ကို တွေ့ရခိုက် သူ့ရင်ထဲ၌ တလှိမ့်လှိမ့်ပျော်နေတာ ဖြစ်လေသည်။

ကိစ္စတွေအားလုံး ပြီးသွားလျှင် သူက လက်ဆွဲအိတ်နှစ်လုံးကို ဆွဲလျက် ဦးသစ်ထံသို့ ပေါ့ပါးသော ခြေလှမ်းများဖြင့် လှမ်းလာခဲ့သည်။

ဦးသစ်က တစ်လုံးကို ကူဆွဲပေးရင်းမှ ...

"အားပါ့ အများကြီးပါပဲလား၊ မဟေသီအထွက်တွေလား ကွ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့အတွက် နည်းနည်းပါဗျာ။ ဦးသစ်နဲ့ ကျွန်တော့်အတွက်ပါ။ ဒီမှာ သိပ်မရတတ်တဲ့ ဖိနပ်တို့၊ အင်္ကျီတို့ပေါ့။ ဪ… ဦးသစ် ကြိုက်တဲ့ Switch ARMY ရေမွှေးလည်း ပါတယ်နော် …

အများကြီးပဲ"

"သင့်ခ်ကွာ။ အဲဒီကောင်က ဒီမှာ ရှာဝယ်လို့ သိပ်မရချင်တော့ဘူး"

သူတို့ တူဝရီးနှစ်ယောက်မှာ စကားတပြောပြောဖြင့် ကားပါကင်သို့ ရောက်လာခဲ့ကြ၏။ ဦးသစ်က လင်ခရူဆာအနက်ရောင်ပေါ်သို့ ပစ္စည်းတွေ တင်လျက်ရှိသည်။ သူက ကားကို ကိုင်တွယ်ကာ လှည့်ပတ်ကြည့်ရှုရင်းမှ …

"ဦးသစ်ကားကြီးက အခန့်ကြီးပဲ၊ ကျွန်တော်ကတော့ ဒီလို အခန့်တွေ မစီးချင်ဘူး။ မကြိုက်ဘူး"

"ကဲ … မစီးချင်လည်း အခုတော့ လိုက်စီးလိုက်ဦး၊ တက် … ဘယ်ကို သွားမှာလဲ"

"အာ … အိမ်ကိုပေါ့။ ဘယ်ကို သွားရမှာလဲ"





ဦးသစ်က ကားကို လေဆိပ်ထဲမှ ချိုးကွေ့ထွက်လာရင်း သူ့ကို ရိတိတိ ပြုံးကြည့်လျက် …

"သိဘူးလေကွာ။ မဟေသီ မိဖုရားလေးထံ အရင်ဆုံး အခစားဝင်ဦးမလားလို့လေ"

"ကျွတ် … ဒါတွေက ကိတ်မုန့်အပိုင်းအစလေးတွေပါ ဦးသစ်"

"ဟော့ကောင် … မှုရင်းပဲ ပြောကွာ၊ A piece of cake ဆိုပြီးပြီပေါ့၊ မင်း ပြောတဲ့ပုံကို ငါ့ မျက်လုံးထဲ မြင်ယောင်တာ ပုရွက်ဆိတ်တွေ ခဲနေသလိုပဲ"

သူက ဦးသစ်ရဲ့ စကားကို တဟားဟား အော်ရယ်ပစ်လိုက်လေသည်။ သူတို့ တူဝရီးနှစ်ဦး တွေ့လျှင် ဘယ်တော့မှ မပျင်းရ။ ဦးသစ်ဟာလည်း နာမည်နှင့် လိုက်အောင် အမြဲသစ်နေသူတစ်ဦးမို့ သူ့အတွက်တော့ အိမ်မှာ သူငယ်ချင်းတစ်ယောက် ခေါ်ထားသလိုကို ပျော်ရွှင်မှုရတာဖြစ်၏။

သူက မမြင်တာကြာပြီဖြစ်သော မြင်ကွင်းများကို ဘာမေ့တမော လှမ်းကြည့်ရင်း …



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"မျက်လုံးထဲမှာ အရာရာဟာ သစ်ပြီး တောက်နေတယ် နော် ဦးသစ်၊ ရန်ကုန်မှာရော ဘာတွေ ထူးထူးခြားခြား ပြောင်းလဲတာတွေ ရှိလဲ"

"ပြောင်းလဲတာတော့ ဒီနှစ်ပိုင်းတွေမှာ တော်တော်ပူလာ တာပဲကွာ"

"မိုးမရွာဘူးလား"

"မိုးလည်း ရွာတာပဲ။ ပူတာကလည်း ပူတာပဲ"

"အဲဒါ ဦးသစ် ရေမွှေးဆွတ်လို့"

"ဟ ... ဘာဆိုင်လို့လဲကွ"

"ဆိုင်တာပေါ့၊ စက်ရုံကထွက်တဲ့ မီးခိုးငွေ့၊ ကားက အိပ်ဇောငွေ့တွေနဲ့ ရေမွှေးရဲ့ ဓာတ်တွေက လေထုကို ညစ် ညမ်းစေတယ်၊ အိုဇုန်းလွှာကြီးမှာ အပေါက်အပြဲတွေ များ လာတော့ ရာသီဥတုတွေ ဖောက်ပြန်ကုန်တာပေါ့"

"ဟော့ကောင် စကားကြီးစကားကျယ်တွေ လျှောက်မပြော နဲ့ကွာ"





"အင်းလေ ... ရန်ကုန်မှာ ပူတာ အေးတာက ကျွန်တော့် အတွက် အရေးမပါပါဘူး။ ကျွန်တော် နေရမဲ့ နေရာလေးက ဆယ်နှစ်ရာသီ AirCon ဖွင့်ထားတဲ့ နေရာလေး"

သူက ကြည်နူးစွာပြောရင်း ပြုံးလိုက်ကာ သူ နေရတော့မည့် မြို့လေးကို မျက်လုံးထဲမှာ မြင်ရောင်၍လာသည်။ ရာသီအလိုက် ပြောင်းလဲဖူးပွင့်သော ပန်းမန်တွေနှင့် တစ်မြို့လုံး ကို မွှေးပျံ့အေးချမ်းစေသော ပြင်ဦးလွင်မြို့လေးကို သူက အလည် အပတ်သဘောမျိုး သွားရောက်ရမှာ မဟုတ်ချေ။

ဖေဖေ မဆုံးခင်က သူ့ကို ဂျပန်ရှိ စားသောက်ကုန် ကုမ္ပဏီကြီးတစ်ခုမှာ အလုပ်သင် ပညာသင်ဝန်ထမ်းအဖြစ် ပို့ပေး ခဲ့သည်။

ပထမပိုင်းတော့ သူဟာ ရိုးရိုးဝန်ထမ်း၊ နောက်သူ့ရဲ့ ကြိုးစားမှုနှင့်အတူ တစ်ဖက်မှာလည်း ဂျပန်စာကို လေ့လာလိုက် စားကာ ကျွမ်းကျင်လာမှုတွေကြောင့် ဝန်ထမ်းဘဝကနေ၍ ဆူပါ ဗိုက်ဇာ ဖြစ်လာသည်။ နောက်ထပ် ဒုတိယမန်နေဂျာ။ ဒီလိုနှင့် အချိန်တွေ ကြာညောင်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ထိုကုမ္ပဏီကြီးက မြန်မာပြည်မှာ ကော်ဖီစေ့ကို သုတေသနလုပ်လျက် ပြင်ဦးလွင်မှာ ကိုယ်တိုင်စိုက်၊ ကိုယ်တိုင် ကော်ဖီမစ်တွေ ထုတ်တော့မည့် အခြေအနေသို့ ရောက်လာခဲ့သည်။ ဝမ်းမြောက်ဖွယ် သတင်းတစ်ခုကတော့ သူဟာ အဲဒီစက်ရုံနဲ့ မန်နေဂျင်းဒါရိုက်တာ ဖြစ်လာမည့်သူတစ်ဦး ပင်။ မြန်မာပြည်စက်ရုံရဲ့ ရှယ်ယာတစ်ဝက်ကို သူ့ဝင်ငွေရော၊ ဖေဖေ့ရဲ့ ငွေတွေနဲ့ရောပါ ပေါင်း၍ ဝယ်နိုင်ခဲ့သည်။

သူ ဂျပန်မှာ စက်ရုပ်တစ်ရုပ်လို အလုပ်လုပ်စရာ မလိုတော့။ ကိုယ့်မြေ ကိုယ့်ရေမှာ ကိုယ့်ခြေ ကိုယ့်လက်ဖြင့် ဝီဝီ ပြင်ပြင် အစွမ်းပြ၍ ရတော့မည်။ အဲဒီထဲမှာပဲ ဖေဖေ့ဆီက အီးမေးလ်တစ်စောင် ရခဲ့တာဖြစ်သည်။

"သား ...

မင်းလည်း မငယ်တော့ဘူး။ အထူးသဖြင့် မင်းကို ရေခြားမြေခြားက မိန်းကလေးနဲ့ အိမ်ထောင်ကျသွားမှာကို အစိုးရိမ်ဆုံးပဲ။ မင်းကို ဖေဖေ မဟေသီနဲ့ လက်ထပ်ပေး ချင်တယ်၊ သား သဘောတူတယ်ဆိုရင် ဖေဖေ စေ့စပ်





ကြောင်းလမ်းကို သတင်းစာထဲမှာ ကြော်ငြာထည့်ထားချင် တယ်။ သား ပြန်လာတဲ့အခါမှာ လက်ထပ်ပေးမယ်၊ သားရဲ့ သဘောထားကို အကြောင်းပြန်ပါဦး"

သူက အီးမေးလ်ကို ဖတ်ပြီးနောက် ချက်ချင်းပင် အကြောင်းပြန်လိုက်သည်။ မဟေသီနှင့် လက်ထပ်ဖို့ကို သဘော တူပါသည်ဟု။

မဟေသီဆိုတာ အခုမှ သိရသောသူလည်း မဟုတ် ချေ။ ဟိုးငယ်ငယ်လေးတည်းက သူနှင့် သိကျွမ်းခဲ့ရသောသူ။ ဖေဖေ့ မိတ်ဆွေ အန်ကယ်မင်းအောင်ရဲ့ သမီး။ ရုပ်ရည်၊ ပညာ ဘာမှ ပြောစရာမရှိသော မိန်းကလေးတစ်ယောက်ပဲ ဖြစ်သည်။ မဟေသီကို ချစ်တယ် မချစ်ဘူး ဆိုတာထက် မေမေ ဆုံးသွား ပြီးကတည်းက သူတို့ တူဝရီးကို စောင့်ရှောက်ပညာသင်ပေးလာ သည်။ ဖေဖေ့ ကျေးဇူးတွေကို သူ ဆပ်ချင်သောကြောင့်သာ ဖြစ် လေသည်။

သိပ်မကြာသော အချိန်တွင်းမှာ ဖေဖေက သူ့ထံသို့ ကြေးမုံနှင့် မြန်မာ့အလင်းပါ စေ့စပ်ကြော်ငြာဖြတ်ပိုင်းလေးတွေ



www.burmeseclassic.com

www.burmeseclassic.com



ပို့လာခဲ့သည်။ သူ စေ့စပ်ပြီးပြီပေါ့။ သို့သော် ထင်မှတ်မထားသော ကံကြမ္မာရဲ့ ထိုးနှက်ချက်တစ်ခုက စေ့စပ်ပြီး သိပ်မကြာခင်မှာပဲ ဖေဖေတစ်ယောက် ဦးနှောက်သွေးကြောပြတ်ကာ ဆုံးပါးသွားခဲ့လေသည်။

အဲဒီအတွက် သူ မယုံနိုင်စွာဖြင့် ကြေကွဲဝမ်းနည်းခဲ့ရသည်။ ဖေဖေ့ရဲ့ ဈာပနကိုလည်း မမီသဖြင့် သူ ပြန်ချင်စိတ်လည်း မရှိတော့။

ဒီလိုနှင့် ဂျပန်မှာ နောက်ထပ်တစ်နှစ် ထပ်ကြာခဲ့သည်။ [illegible]ဆုံး မဟေသီရဲ့ မိဘတွေကို အားနာတာကြောင့်ရော၊ ကုမ္ပဏီကလည်း သူ့ကို မြန်မာပြည်မှာ ဦးစီးကွပ်ကဲတော့ဖို့ အထပ်ထပ် ပြောလာတာကြောင့်ရော၊ သူ ကိုယ်တိုင်လည်း ဖြေသာပြီဟု ထင်တာရောကြောင့် သူ ပြန်ရောက်လာခဲ့တာဖြစ်သည်။

"ဦးသစ် ကျွန်တော်နဲ့ အတူတူ ပြင်ဦးလွင်မှာ လိုက်နေပါလား"

"ငါ့အလုပ်တွေက ဘယ်သူ လုပ်မှာလဲကွ"





"ဦးသစ် အလုပ်က အချိန်မှန် ရုံးတက် ရုံးဆင်းနေတာဆိုတော့"

ဦးသစ်က အရင်တုန်းကတော့ ဂျပန်က ကားတွေကို တင်သွင်းတာဖြစ်သည်။ အခုတော့ တိုက်ခန်းတွေငှား၊ ခြံတွေငှား၊ စားသောက်ဆိုင်နှစ်ခုမှာ ရှယ်ယာဝင်ထားပြီး အေးအေးဆေးဆေးပဲ နေနေသောသူတစ်ဦးဖြစ်သည်။

တစ်ခါတလေ စိတ်ကူးပေါက်လာလျှင် ကားဝယ်ရောင်း ထလုပ်လျက် တစ်ခါတလေကျရင်လည်း ဘာမှ မလုပ်။ သူကတော့ ဦးသစ် ဘဝကို ပျင်းလှလေသည်။

"ဦးသစ် မိန်းမ မယူသေးဘူးလား"

"မင်းပဲ ယူပါတော့ကွာ၊ မင်းတို့ ဝယ်လ်ဒင်ကို ဘယ်တော့ လောက်လုပ်မယ် မှန်းထားလဲ"

သူက နှာခေါင်းတစ်ချက် ရှုံ့ပြရင်း ...

"အမှန်တော့ ကျွန်တော် လွတ်လွတ်လပ်လပ်ပဲ နေချင်သေးတယ်ဗျာ၊ ဒါပေမဲ့ မဟေသီဘက်က ကြည့်တော့လည်း စေ့စပ်ထားတာ တစ်နှစ်တောင် ရှိပြီဆိုတော့ လောချင်လာမှာပေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



အမိကက ယောက္ခမလောင်းတွေပါဗျာ၊ သူတို့က ကဲနေတာ။ ကျွန်တော့်စိတ်ထင် နှစ်လအတွင်းတော့ ဖြစ်မြောက်သွားမှာပဲ”

“မင်းတောင် ဘာလိုလိုနဲ့ အိုတော့မှာပဲ”

သူက ကားမောင်းနေသော ဦးသစ်ရဲ့ ပခုံးကို မနာအောင် လှမ်းထိုးမိသည်။

“ဦးသစ်ရော လူပျိုကြီးပဲ လုပ်တော့မှာလား၊ ရာဦးလေ”

“ငါ ရှာဖွေရတဲ့အချစ်ကို မလိုချင်ဘူးကွ”

“အလဲ့ … မှတ်သားစရာပါလား။ ဒါဆို ဘယ်လိုအချစ်ကို လိုချင်တာလဲ”

ဦးသစ်က သူ့စကားကို အဓိပ္ပာယ်ပါပါ ပြုံးလိုက်ရင်း …

“အချစ်ဆိုတာ ကြီးကျယ်သလောက် ပကာသနမရှိတဲ့ အရာတစ်ခုပါကွာ။ ကိုယ်က ကြီးကြီးကျယ်ကျယ်တွေ မျှော်လင့်ထားပေမဲ့လည်း သူက မသိမသာ ရောက်ချင် ရောက်လာတာ …





တချို့သူတွေ အတွက်ကျတော့ အချစ်က ချုံခိုပြီး ရောက်လာတတ်တယ်”

“ဦးသစ်ရဲ့ ဒိုင်တွေက မိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တော့ ကြုံတော့မယ် မထင်ဘူး”

“အေးကွာ … မဟေသီနဲ့တော့ မင်း ပျင်းရမှာ မဟုတ်ပါဘူး”

ဦးသစ်ရဲ့ စကားကြောင့် သူက မဟေသီကို ဖျတ်ခနဲ မြင်ယောင်သွားခဲ့သည်။ ပိန်ပိန်သွယ်သွယ်နှင့် ဆံပင်လိမ်ကောက်ကောက်ထားသော သူမသည် သူ့ကိုဆိုလျှင် တစ်ခုမဟုတ်တစ်ခု ပူဆာတတ်၊ စိတ်ကောက်တတ်သော သူတစ်ယောက် ဖြစ်သည်။

သူမ ဘယ်လိုပဲ ဖြစ်နေ ဖြစ်နေ သိပ်မကြာသောအချိန်တစ်ခုမှာ သူမက သူ့ရဲ့ဇနီး ဖြစ်လာတော့မည့်သူတစ်ယောက်ဖြစ်သည့်အတွက် သူ့အတွက် အရေးပါသောသူတစ်ယောက်လိုပဲ သူ့အတွေးထဲမှာ မှတ်ယူထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





**"ရွက်စိမ်း အရမ်းချောလာတယ် သိလား"**

မဟေသီက သူ့နံဘေးမှာ ရွှေ့ခနဲ ဝင်ထိုင်ရင်း ပြောလိုက်လျှင် သူ တွန့်ခနဲ ဖြစ်သွားရသည်။ အဘယ်ကြောင့် ဆိုသော် သူမ ခန္ဓာကိုယ်တစ်ခုလုံးက သူ့ကို ပစ်တိုက်မတတ် ဖြစ်သွားသောကြောင့်ပင်။ ပြီးတော့ ထိုင်နေတာကလည်း သူ့တို့ အိမ်ထဲမှာ ပူးပူးကပ်ကပ်ကြီး။





အင်း ... အနက်ကယ်မင်းအောင်နဲ့ အနက်တီရှပ်ပေါ်ပါတို့များ ဆင်းလာရင်တော့ ဒုက္ခပါပဲ။

"မဟေသီ ဟိုဘက် နည်းနည်းတိုးပေးပါလား"

မတတ်နိုင်ချေ။ သူ့မိဘတွေ ဆင်းလာလို့ မြင်သွားခဲ့ရင် သူတို့ သမီးတော့ ထင်မှာမဟုတ်။ ကိုယ့်ကိုပဲ လက်သွက်တယ်ဆိုပြီး ဘိုးတော်က ဂုဏ်ဓာနေဝင်းစတိုင်နဲ့ အော်နေမှာ။

သူ့စကားကြောင့် မဟေသီရဲ့ မျက်နှာက ချက်ချင်းပင် ပြောင်းသွားခဲ့သည်။

"ဟင် ... ဘာလို့လဲ"

"ဟို ... ဟိုလေ။ မဟေသီကို အားနာလို့ပါ"

"ဟင် ... ဘာအားနာစရာရှိလဲ၊ သူစိမ်းတွေမှ မဟုတ်တာ"

"အင်း ... အဲဒါတော့ ဟုတ်တယ်လေ။ ဟို ကိုယ်က ရေမချိုးတာ ကြာပြီ မဟေသီရဲ့ ... အဟဲ"

မဟေသီသည် သူ့စကားကြောင့် ဆိုဖာပေါ်မှ ချက်ချင်းပင် ခုန်မတတ် ဖြစ်သွားလျက် တစ်ဖက်သို့လည်း အလိုလို ဆက်တိုမစ်တစ် ရွှေ့ပြီးသား ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရွက်စိမ်းက ရေမချိုးတာ ကြာပြီ ဟုတ်လား။ ဘာလို့လဲ"

"ဩော် ... ဟို ဂျပန်မှာက အရမ်းအေးတယ် မဟုတ်လား။ အရမ်းအေးတော့ ရေသိပ်မချိုးဖြစ်ဘူး။ အဲဒီအကျင့်က အခုထိ ပါလာတယ်။ ဒီမှာလည်း မိုးအေးနေတော့ မေ့ပြီး ဂျပန်မှာလိုပဲထင်ပြီး ယောင်ယောင်ပြီး ရေမချိုးဖြစ်တာ ... အဟင်း ဟင်း"

သူ့စကားကို မဖောသီက ပေါ်တင်ကြီးပင် နှာခေါင်းရှုံ့ဖစ်လေသည်။

"ရွက်စိမ်းကလည်းဟယ်၊ သိပ်ညစ်ပတ်တာပဲ။ အဲဒီလိုတော့ မလိုပ်နဲ့လေ၊ မဟေသီက အသန့်အရမ်းကြိုက်တာ၊ ဒုက္ခပါပဲနော် ..."

ရေချိုးဖို့တောင် မေ့နေရတယ်လို့။ ကဲ ... ကဲ ... နောက်ဆို မဟေသီ ဖုန်းနဲ့ လှမ်းလှမ်းသတိပေးမယ်၊ ဟုတ်လား"

သွားပြီ။ ကိုယ့်ရှူးကိုယ်ပတ်ပြီ။ နဂိုကမှ လေဒီဖုန်းဘွဲ့ရထားသော မဟေသီတို့အတွက်တော့ အကွက်ကောင်းရသွားပြီဖြစ်သည်။





သူသည် ခပ်မြန်မြန်ပင် လက်ပစ်ဆောကို ကာကွယ်လိုက်ရသည်။

"ရပါတယ် မဟေသီရဲ့။ နောက်ဆို ကိုယ် မမေ့တော့ပါဘူး။ ဦးသစ် ရှိပါတယ်။ သူကလည်း ပြောပါတယ်"

"အင်း ... ဒါဆိုလည်း ပြီးရောလေ။ ရေချိုးဖို့တော့ အမြဲသတိရှိပစေနော်။ ဟင်း ... မဖြစ်ပါဘူး။ လက်ထပ်ပြီးရင်တော့ ရွက်စိမ်းကို ကောင်းကောင်းထရိန်နင် ပေးဦးမှပါ"

အင်း ... မျက်ခုံးကတော့ လှုပ်ချင်နေပြီ။ သူသည် စိတ်ညစ်စွာနှင့်ပင် မဟေသီရဲ့ မိဘတွေကို အမြန်ရောက်လာပါစေဆုတောင်းရ၏။ အရေးထဲမှာ ဘိုးတော်နှင့် ဘွားတော်ကားပေါ်ကို မလာတော့ချေ။

သူ့အစီအစဉ်ကား လက်ထပ်ဖို့ကိစ္စကို မြန်မြန်ဆွေးနွေးကာ မြန်မြန်မင်္ဂလာဆောင်ပြီးလည်း နားအေးတာပဲ ဟူ၍ဖြစ်၏။ နို့မို့ဆို တစ်နေ့တစ်မျိုး ပညာပြနေသော မဟေသီရန်က လွတ်မှာ မဟုတ်တော့" ဟော်ကြာ ဟိုဟာ၊ တော်ကြာ ဒီဟာနှင့် အမျိုးမျိုး ပြောင်းလဲတတ်သော မိန်းမတို့အကြောင်းကို မဟေသီတစ်ယောက်တည်းနဲ့တင် နောကျေ၍နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ မဟေသီရဲ့ မိဘနှစ်ပါးက ရောက်ရှိလာခဲ့တာ ဖြစ်ပါသည်။

"မောင်ကောင်းရွက်စိမ်း ရောက်နေတာ ကြာပြီလားကွဲ"

"သိပ်မကြာသေးပါဘူး အန်ကယ်"

"အေး ... မင်း ဖေဖေ မရှိတော့တဲ့ နောက်ပိုင်းမှာ အန်ကယ်တို့ကိုပဲ မိဘအရာထားပေါ့ကွာ။ ဘာမဆို ပွင့်ပွင့်လင်းလင်း ညှိညှိနှိုင်းနှိုင်းပေါ့ ...

လက်ထပ်ပွဲကိုရော မင်း ဘယ်လိုလုပ်ဖို့ စဉ်းစားထားလဲ"

"အန်ကယ်တို့ စိတ်တိုင်းကျကိုပဲ ကျွန်တော် အကုန်လိုက်လျောဖို့ စဉ်းစားထားပါတယ် ခင်ဗျ"

ဒီစကားကို ကြားလျှင် သူတို့သားအဖသုံးယောက်ကတော့ သဘောကျစွာဖြင့် မျက်နှာတွေက အသီးသီး ပြုံးသွားကြသည်။ တကယ်တော့ ဒီစကားရဲ့ အဓိပ္ပာယ်ကို သူကိုယ်တိုင် အတိအကျသိတာဖြစ်သည်။ ဘာအစီအစဉ်ပဲဖြစ်ဖြစ် သူ စိတ်မဝင်စား၊ ဦးနှောက်ခြောက်ခံပြီး ဘာတွေ လုပ်မယ်ဟုလည်း မတွေးချင်။





အမြဲတွေးနေခဲ့ရသော ဦးနှောက်ကို သူ ဒီထက်မညှဉ်းပန်းချင်တော့တာလည်း ဖြစ်သလို မဟေသီနှင့်လည်း အပြိုင်စကားမပြောချင်တာတွေကြောင့်လည်းပါသည်။

"အန်ကယ်တို့ကတော့ လက်ထပ်ပွဲကို ဒီနှစ်လလောက်အတွင်းမှာ ပြီးအောင် လုပ်ချင်တယ်ကွဲ"

"ဟုတ်ကဲ့၊ ရက်ရွေးပါ အန်ကယ်။ မှာတိုတယ်လ်ဒိတ်ယူလို့ရအောင်လို့ပါ"

"ရက်ကတော့ သမီးနဲ့ မေမေ ဗေဒင်ဆရာဆီမှာ သွားရွေးရမှာ ဖေဖေ၊ အဲဒါပြီးမှ ပြောလို့ရမှာ"

မဟေသီက ကြားထဲက ဝင်ပြောတာဖြစ်၏။ သူက ခေါင်းတစ်ချက်ဆတ်လိုက်ရင်း ...

"ဟုတ်ကဲ့။ မင်္ဂလာပွဲကို အန်ကယ်တို့ စိတ်တိုင်းအကျဆုံးဖြစ်အောင် စီစဉ်ပါ။ ကျွန်တော့်ဘက်ကိုတော့ ဘာမှ ထည့်မတွက်ပါနဲ့။ ကျွန်တော်တို့က ယောက်ျားလေးတွေ ချည်းပဲဆိုတော့ ဦးသစ်ရော ကျွန်တော်ရောက ဘာမှ နားမလည်ပါဘူး အန်ကယ် ...



www.burmeseclassic.com

www.burmeseclassic.com



မဟေသီလည်း မိတ်ကပ်ကိစ္စ၊ အဝတ်အစားကိစ္စ အားလုံး ကြိုက်သလိုစီစဉ်ပါ၊ ကိုယ့်ကို လိုတယ်ဆိုရင်လည်း အချိန်မရွေး ဖုန်းဆက်လိုက်"

သူ့စကားတွေက မဟေသီက ပါးစပ်မပိတ်နိုင်အောင်ပင် ကျေနပ်နေလေသည်။

"မဟေသီက မင်္ဂလာပွဲကို နှစ်ပွဲလုပ်ချင်တာနော် ရွက်စိမ်း။ ဝယ်လ်ဒင်ကတစ်ပွဲ၊ ဒင်နာကတစ်ပွဲပေါ့"

"ရပါတယ် မဟေသီရဲ့။ ကြိုက်တဲ့နေရာကိုသာ ပြောပါ"

"ညည့်ခံပွဲမှာတော့ မြန်မာဝတ်စုံပဲ ဝတ်မှာပါ။ ဗေဒါဖျော့လေး ဝတ်မှာ။ အဲဒီတော့ ရွက်စိမ်းလည်း ပုဆိုးကို အဲဒီအရောင်ပဲ မှာရလိမ့်မယ်"

ဗေဒါရောင်မကလို့ နနွင်းရောင်ပဲဖြစ်ဖြစ် ခွေးချေးရောင်ပဲဖြစ်ဖြစ် ကြိုက်တာသာဝတ် အမိရေ။ သူက စိတ်ထဲကနေ၍ ခပ်ချဉ်ချဉ် တွေးမိသော်လည်း ပါးစပ်ကတော့ အပြုံးတစ်ခုကို မချွတ်စတမ်း တပ်ဆင်ထားရင်း ...။

"ရတယ် ... ရတယ် ... မဟေသီ သဘော"





"ဒါဆို မင်္ဂလာဝတ်စုံက အပ်တော့မယ်။ နာမည်ကြီး ဒီဇိုင်နာတွေက နှစ်လလောက် ကြိုအပ်မှ။ ရွက်စိမ်း အားတဲ့ တစ်နေ့လောက် သွားမယ်လေ၊ မနက်ဖြန် အားမလား"

"အင်း ... အားပါတယ် မဟေသီရဲ့။ ဒီတစ်ပတ်အတွင်း ကတော့ ကိုယ် အားတယ်။ နောက်တစ်ပတ်လောက်ကျ ရင်တော့ ကိုယ် ပြင်ဦးလွင်ကို ခရီးထွက်ရလိမ့်မယ်"

"ဟယ် ... မင်္ဂလာပွဲပြီးမှ သွားလို့မရဘူးလား"

"မရဘူးလေ။ ကိုယ် အဲဒီကို တစ်ခေါက်မှ သွားမကြည့် ရသေးဘူး။ အဲဒီက GMကလည်း အချိန်စေ့လို့ ဂျပန်ကို ပြန်ရတော့မှာ။ သူ မပြန်ခင် ကိုယ့်ကို လွှဲတန်တာလွှဲ၊ ပြတန်တာပြပြီး ထားခဲ့မှာ။ သိပ်မကြာပါဘူး။ တစ်ပတ် ဆယ်ရက်လောက်ပါပဲ"

"အင်းလေ ... ဟုတ်တာပေါ့။ မောင်ရွက်စိမ်းက ကိုယ့် အလုပ်ရှိရာကို တစ်ခါမှ မရောက်သေးဘူး ဖြစ်နေတာကိုး ...

မင်း ဘယ်တော့လောက် ခရီးထွက်မယ် စိတ်ကူး ထားလဲ"

www.burmeseclassic.com



"ကျွန်တော် နောက်တစ်ပတ်လောက် သွားမယ် အန်ကယ်"

"မင်း တစ်ယောက်တည်းပဲလား၊ ဘာနဲ့ သွားမှာလဲ"

"ကျွန်တော် တစ်ယောက်တည်းပဲ အန်ကယ်။ တစ်ယောက်တည်းလည်း တစ်ယောက်တည်း ခရီးကလည်း နည်းနည်းဝေးတော့ ကျွန်တော် မန္တလေးကိုပဲ ဖလိုက်နဲ့ သွားပါမယ်။ ချမ်းမြသာစည်လေဆိပ်မှာ ကျွန်တော့် ဝန်ထမ်းတွေ လာကြိုလိမ့်မယ်"

"အင်းလေ ... အဲဒါက ကောင်းပါတယ်။ ခရီးဝေးမောင်းရတာ မင်ပန်းပါတယ်"

"ဒါဆိုလည်း အန်တီနဲ့ သမီး မင်္ဂလာရက် ရွေးထားလိုက်မယ်လေ။ မင်း ပြန်လာတော့ ဟိုတယ်မှာ ဘွတ်ကင်ချိတ်ကြတာပေါ့။ အဲဒါရမှပဲ ဖိတ်စာကိစ္စ စီစဉ်ကြမယ်လေ"

"ဟုတ် ... ဟုတ်ကဲ့ခင်ဗျာ။ ကောင်းပါတယ်"

သူက ဘယ်သူ ဘာပြောပြော ဟုတ်ကဲ့ချည်းသာ လိုက်လျက် ကောင်းပါတယ်ဟုသာ ပြောခဲ့တာကို ဦးသစ်က ပြန်သိသွားလျှင် သူ့ကို ရေရေလည်လည်ပင် ရှုတ်ချသည်မှာ မရခင်တည်းက ကြောက်နေရတဲ့ကောင်ဟူ၍ ဖြစ်လေသည်။





သူက ကိုယ့်အတွေးနဲ့ကိုယ်မို့ အခိပ္ပာယ်ပါပါ ပြုံးလျက် ...

"ကျွန်တော်က ကြောက်တာ မဟုတ်ဘူး ဦးသစ်ရ၊ ဦးနောက်ပြေးတာ နားလည်လား"

"နားမလည်ပါဘူး။ မင်းက ဟိုက ဘာပြောပြော ပုတ်သင်ညို လုပ်လာခဲ့တာပဲ မဟုတ်လား"

"ဟ ... အဲဒါ ဘယ်လောက်နားအေးတုံး ဦးသစ်ရ၊ ကျွန်တော် အဲဒါတွေ ဦးနောက်ခြောက်မခံချင်တာ။ အခုဟာက သူတို့ဟာသူတို့ အကုန်စီစဉ်သွားတာ၊ ကျွန်တော်က လိုက်ပို့ဆို ပို့ရုံပဲ။ ဝတ်စုံလည်း သူ ဝတ်ချင်တာဝတ်၊ သူ့သဘောလို့ ပြောတော့ ပြီးသွားရော။ ကျွန်တော်က ကျွန်တော် အေးအေးဆေးဆေး နေရဖို့က အဓိကပဲ ...

မင်္ဂလာဆောင်တစ်ခုကလည်း အရမ်းဖယားရှုပ်တာပဲဗျာ။ ချဲ့ရင်ချဲ့သလိုပဲ၊ ကျွန်တော့်အလိုဆို ဘာပွဲမှကို မလုပ်ချင်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ငါတို့က ခွေးမျိုးတွေလည်း အဲလောက် ရှိတာ မဟုတ်ဘူး။ ဒါပေမဲ့ မိန်းကလေးရှင်ဘက်ကို ငဲ့ရဦးမှာပေါ့"

"ဟင်း ... ဟုတ်တယ်။ ကျွန်တော်ကတော့ မြန်မြန်ပြီးချင်နေပြီဗျာ"

"ဟ ... ဖြည်းဖြည်းပေါ့၊ လောလုချည်လား။ အတူတူနေချင်ပြီပေါ့ ဟုတ်လား"

"တော်ပါဗျာ၊ ဒီမင်္ဂလာပွဲကြီးကို မြန်မြန်ပြီးချင်နေတာက စိတ်ရှုပ်လို့ဗျ"

ဦးသစ်သည် သူ့ကို တအံ့တသြကြည့်လာလျက် ...

"မင်းက တစ်မျိုးပါပဲလား ရွက်စိမ်း။ မင်း မဟေသီကို လက်ထပ်ချင်စိတ်ရော ရှိရဲ့လား"

"အင်း ... သူ့ကို လက်ထပ်ချင်စိတ်ရှိမရှိ ဆိုတာထက် ကျွန်တော့်ကိုယ်ကျွန်တော် တာဝန်တစ်ခုလုပ်ကို လုပ်ရမယ် ဆိုတဲ့ အသိမျိုးပဲ ရှိနေတယ်။ ဖေဖေ ပေးခဲ့တဲ့ တာဝန်တစ်ခုကို ကျေပွန်စွာ ထမ်းဆောင်ချင်တဲ့ စိတ်မျိုးပေါ့ ...





ဖေဖေ ရှိရင်တော့ ကျွန်တော့် စိတ်တွေ ဒီထက် အိမ်မိုရှင်နယ်လ် ဖြစ်မှာ သေချာတယ်။ အခုတော့ တစ်ခုခု လိုနေသလိုပဲ။ ဒီမင်္ဂလာပွဲကိုလည်း မြန်မြန်ပဲ ပြီးချင်နေတယ် ဦးသစ်ရာ။ အဲဒါပဲ"

ဦးသစ်က သူ့ကို တစ်ခဏမျှ ငေးစိုက်ကြည့်လာပြီး တစ်ခုခု ပြောမည့်ဟန်ဖြင့် မပြောတော့ချေ။

ခဏကြာတော့မှ အခုနက ရည်ရွယ်ဟန်မတူသော စကားတို့ကို ပြောသည်။

"ငါနဲ့ မင်း ဘယ်တော့လောက် ပြင်ဦးလွင်ကို တက်မလဲ"

"နောက်တစ်ပတ်ပဲ ဦးသစ်ရ၊ အဲဒီက ပြန်လာမှပဲ ဟိုတယ် ဒိတ်ကိစ္စတို့၊ ဖိတ်စာကိစ္စတို့ စီစဉ်မယ် ...

ခဏပါပဲ၊ ကျွန်တော်က ဟိုကို လုံးဝမရောက်သေးဘူး ဖြစ်နေလို့ မျက်နှာခဏသွားပြမှာ"

"ဖလိုက်နဲ့ပဲ သွားကွာ။ ငါ စီစဉ်ပေးမယ်"

"ဖလိုက်နဲ့ပါပဲ။ ဦးသစ်ကလည်း လိုက်ခဲ့ပါဆိုဗျာ၊ ခဏပဲ ဟာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ခဏမို့လို့ကို မလိုက်ချင်တာကွ။ အလကား နောက်တာပါကွာ။ ရက်စတော့ရင့်တွေမှာ ထိုင်တဲ့ ငါ့ဘော် ဒါက ခရီးတစ်လလောက် ထွက်သွားလို့ သွားကြည့်ပေး နေရတာ ...

မအားလို့ပါကွာ။ မင်း သိတဲ့အတိုင်း ဒီဆိုင်တွေ က ပစ်ထားလို့မှ မရတာ။ တောက်လျှောက် သူက ကြည့် ပေးခဲ့ပြီး ငါ့အလှည့်ကျမှ တစ်လလေးတောင် ဖင်မြဲမြဲ မကြည့်ပေးနိုင်ဘူးဆိုရင် ဘယ်ကောင်းမလဲ ...

စိတ်ချပါကွာ။ ငါက ပြင်ဦးလွင်ရဲ့ Life styleကို နှစ်သက်ပါတယ်၊ နောက်ကျ မင်းနဲ့ လာနေမှာပါကွ"

"ပြောတာလည်း မင်းပါပဲ"

သူ့စကားကို ဦးသစ်က သဘောတကျပြုံးရင်း ဖုန်းကို ကောက်နိုပ်ကာ သူ့အတွက် လေယာဉ်လက်မှတ်ကိစ္စကို ချက်ချင်း စီစဉ်ပေးနေခဲ့သည်။

လေယာဉ်လက်မှတ်ကိစ္စ အဆင်ပြေသွားလျှင် သူက ပြင်ဦးလွင်ရှိ စက်ရုံကို အကြောင်းကြားကာ သူ လာမည့်နေ့ရက်





နှင့် အချိန်တို့ကို ပြောပြလိုက်သည်။ စက်ရုံက မြို့နှင့် ငါးမိုင် ခန့် ဝေးသည့်နေရာလောက်မှ တည်ထားတာမို့ သူက အဲဒီမှာ မတည်းဖြစ်တော့ဘဲ ဟိုတယ်တစ်ခုကိုသာ ဘွတ်ကင်ချိတ်ခိုင်း လိုက်တော့သည်။ ဒီလိုနှင့် သူ ခရီးသွားမည့်ကိစ္စမှာ တစ်ထိုင် တည်းနှင့် လွယ်ကူချောမွေ့စွာ ပြီးစီးသွားတော့တာ ဖြစ်တော့ သည်။

❦ ✳ ❦


စေခိုင်းတာ၊ အကြံပြုတာ၊ မိတ်ဆက်တာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com











www.burmeseclassic.com

www.burmeseclassic.com









## ၂

"ဒီကိစ္စဟာ ဒီအတိုင်းတော့ လွယ်လွယ်နဲ့ ပြီးသွားဘူးနော် နန်းဆက်။ သေချာစဉ်းစား၊ မေမေ့ဥက နောက်တစ်ပတ် ဆို မန္တလေးက တက်လာတော့မှာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခေါက် နင့်ကို အပြတ်ဝမ်နင်ပေးသွားတာ လည်း နင် အသိပဲ။ ဒီတော့ နင် ဘာလုပ်ဖို့ ဆုံးဖြတ်ထားလဲ”

နန်းဆက်သည် ဘာပြန်ဖြေရမှန်း မသိစွာဖြင့် ခေါင်းကိုသာ တဖျင်းဖျင်း ကုတ်မိသည်။ ပြီးလျှင် ငိုချင်လာသည်အထိ စိတ်ဓာတ်တို့မှာ အဝိစိရောက်အောင်ပင် ထိုးကျရလေသည်။

အဲဒီ ဘွားဘွားဒေါ်ရွှေဥဟာ နည်းနည်းမှ မတရား သော အဘွားဖြစ်သည်။ နန်းဆက်တို့ကို ငွေရေးကြေးရေးနှင့် လွတ်လပ်ခွင့်တို့၌ ခေတ်မီစွာ အလိုလိုက်ထားတတ်သော်လည်း သူ တကယ်ဖြစ်ချင်ပြီဟောဆိုလျှင် ဘာစာနာစိတ်မှလည်း မထား တော့။ အခုလည်း နန်းဆက်ကို ယောက်ျားပေးစားဖို့ စီစဉ်နေ တော့သည်မှာ အပူတပြင်းပဲဖြစ်သည်။ ချစ်သူရှိလျှင် ခေါ်လာပြ၊ သင့်တော်လျှင် ပေးစားမည်။ မရှိလျှင် သူ ပေးစားတာကိုသာယူ၊ ဘာမှ ပြန်မပြောနဲ့ဆိုသော သူတစ်ဦးပင်။

“အဲဒီ အသွင်ကလည်း နည်းနည်းပါးပါးလောက် အကြံ ဉာဏ်ပေးမယ် မရှိဘူး။ စိတ်ညစ်စရာတွေပဲ ခဏခဏ ပြောနေတယ် ...





အဒေါ်တစ်ယောက် လုပ်နေပြီး ဘာအိုက်ဒီယာမှလဲ မထွက်ဘူး။ အရမ်းညံ့တယ်”

“အလိုတော် ... မဆိမဆိုင် ကျုပ်ကိုပါ လာဆွဲထည့်နေ ပြန်ပြီ။ ရှင်တောင်မှ မတတ်နိုင်တဲ့ကိစ္စ ကျုပ်က ဘယ်လို လုပ် တတ်နိုင်မှာလဲ နန်းဆက်၊ ငါလည်း စိတ်ညစ်တာပါပဲ ဟယ်”

“အဲဒီ ဘွားဘွားက ဘာမှန်းလဲ မသိဘူး။ အသွင့်ကိုကျ တော့ မပေးစားဘဲနဲ့ နန်းဆက်ကိုမှ ပေးစားချင်နေတယ်”

“ဟဲ့ ... ဟဲ့ ... ငါ့ကိုတော့ အချွန်နဲ့ မ,မနဲ့နော်။ ငါ့ဘာ သာ အပူမရှာချင်လို့ အေးအေးဆေးဆေးနေနေတာ”

“ဟင် ... နန်းဆက်ကရော အပူရှာနေလို့လား။ ဒါဆို နန်းဆက်ကို အပူတွေနဲ့ တိုးအောင် လုပ်နေကြတာပေါ့ လေ ဟုတ်လား”

“မသိဘူးလေ။ ငါလည်း မပြောတတ်ဘူး။ နင့်ဘာသာ မေမေဥလာမှ မေးပေတော့”



www.burmeseclassic.com

www.burmeseclassic.com



"အိး ... သေချင်တယ်။ စိတ်ဆင်းရဲလိုက်တာနော်။ ယောကျာ်း မယူချင်ဘူး အသွင်ရဲ့။ နန်းဆက် ကြောက်တယ်။ တကယ် မလိုချင်တာ"

နန်းဆက်ရဲ့အန်တီငယ်ငယ်လေးဖြစ်သော ရွှေအသွင်သည် နန်းဆက် ဖြစ်နေပုံကို ကြည့်ကာ သူလည်း စိတ်မချမ်းသာရချေ။

ရွှေအသွင်နှင့် ရွှေနန်းဆက်တို့ တူဝရီးသည် အသက်မှ ဆယ်နှစ်ကျော်မျှသာ ကွာသော တူဝရီးဖြစ်လေရာ အဒေါ်နှင့်တူမဆိုတာမျိုးထက် ဘာမဆို ပွင့်ပွင့်လင်းလင်း ပေါင်းတတ်သော သူငယ်ချင်းနှစ်ယောက်နဲ့သာ ပို၍ တူခဲ့တာဖြစ်သည်။

အသွင်ရဲ့ အစ်မ၊ နန်းဆက်ရဲ့ မေမေသည် အသွင်နှင့် ဆယ့်ငါးနှစ်လောက် ကွာလျက် အသွင် ငယ်ငယ်တည်းကပင် သဘောမတူသည့်လူနှင့် ခိုးရာလိုက်ပြေးသွားခဲ့သဖြင့် မိခင်ဖြစ်သူ ဒေါ်ရွှေဥက အပြီးတိုင် အမွေဖြတ်စွန့်လွှတ်ထားခဲ့တာဖြစ်သည်။ နောက်ပိုင်းမှာ နန်းဆက်လေးရဲ့ ဖေဖေဟာလည်း ဆုံးပါးသွား၊ မမကလည်း အတော်ကြီး မကျန်းမာလျက် မပြည့်





စုံဖြစ်နေတာကြောင့်သာ ဒေါ်ရွှေဥက ပြန်လည်လက်ခံခဲ့တာဖြစ်၏။

နဂိုတည်းကမှ နှလုံးရောဂါအခံရှိသော မမဟာ အိမ်ကို ပြန်ရောက်ပြီး သိပ်မကြာခင်မှာပဲ တစ်ဦးတည်းသော သမီးလေးကို စိတ်ချသွားတော့ဟန်ဖြင့် လောကကြီးထဲမှ အပြီးနှုတ်ဆက်ထွက်သွားတော့သည်။ ဒီတော့ နန်းဆက်လေးဟာ အဘွားဖြစ်သူနှင့် အဒေါ်ဖြစ်သူတို့ရဲ့ လက်ထဲမှာပဲ လူဖြစ်လာခဲ့ရတယ် ဆိုပါတော့။

ဒေါ်ရွှေဥဆိုတာ နာမည်နှင့် လိုက်အောင်ပင် အစဉ်အဆက်က ရွှေကို ပိသာလိုက်ကွဲ ချိန်ရောင်းရအောင် ချမ်းသာကြွယ်ဝခဲ့သူမို့ သူမတို့ဘဝတွေဟာ ဘာအပူအပင်သောကမှ မရှိခဲ့။ အခုချိန်ထိလည်း မေမေဟာ အင်မတန်ထက်မြက်သော၊ ကျန်းမာသော အမျိုးသမီးကြီး ဖြစ်လျက် စီးပွားရေးကို ဦးဆောင်တုန်းပင်။

မန္တလေးနှင့် ပြင်ဦးလွင်ကို အိမ်ဦးနှင့် ကြမ်းပြင်လို အသွားအပြန်လုပ်လျက် ဖျတ်လတ် သန်စွမ်းနေတုန်း။



www.burmeseclassic.com

www.burmeseclassic.com



မေမေဉရဲ့ ရွှေရောင်းအဝယ် လုပ်ငန်းကြီးဟာ မန္တလေးမြို့မှာ အခြေတည်ထားတာကြောင့် မေမေဉဟာ မန္တလေးမှာ အနေများခဲ့သော်လည်း အသွင်တို့တစ်တွေကတော့ ပြင်ဦးလွင်မှာပဲ နေကြတာဖြစ်သည်။

အသွင်နှင့် အခုမှ ကျောင်းပြီးခါစ နန်းဆက်တို့ဟာ ဒီက ပန်းတိမ်ဖိုကို ကွပ်ကဲပေးရင်း ပျော်ပျော်ရွှင်ရွှင် ရှိနေရာ မေမေဉရဲ့ မြေးသမက် စီမံကိန်းကြောင့် အခုလောလောဆယ်မှာ စိတ်မာတ်ကျ စိတ်ပျက်နေရသူတွေပဲ ဖြစ်လေသည်။

"အဲဒီ မေမေဉကလည်း နန်းဆက် အသက်က ခုမှ နှစ်ဆယ်ကျော်ရုံလေး ရှိသေးတာ ဘာလို့ ယောကျ်ားပေးစားချင်နေရတာလဲ မသိဘူး ...

တကယ် စိတ်ကုန်ဖို့ကောင်းတယ်"

နန်းဆက်သည် ဒီကိစ္စနှင့် ပတ်သက်ပြီး အင်မတန်ကို စိတ်ညစ်ညူးရတာ ဖြစ်လေသည်။ ဘယ်လိုမှ ငြင်းမပြောမရချေ။

မေမေဉ၏ အကြောင်းပြချက်ကား ...





"နန်းဆက်က ချောတယ်၊ ပညာတတ်တယ်၊ ချမ်းသာတယ်၊ ဒါကို မျက်စိကျတဲ့ ယောကျ်ားတွေ အများကြီးပဲ။ မေတ္တာစစ်က ရှာဖို့ခက်တယ်ကွယ်။ မေမေဉ အကြောက်ဆုံးကတော့ ညည်းအမေလို ဖြစ်သွားမှာကိုပဲ နန်းဆက်။ ညည်းအမေရဲ့ အတိတ်ဖြစ်ရပ်တွေက ငါ့ကို တစ္ဆေလို ခြောက်လှန့်တုန်းပဲ၊ ညည်းသာ ညည်းအမေလို ဖြစ်သွားရင် ငါသေဖို့ပဲ ရှိတော့တယ်။ ငါလည်း အသက်ကြီးပြီ နန်းဆက်ရယ်။ ညည်းအတွက် စိတ်အေးချင်ပြီ။ တို့တွေမှာ အားကိုးအားထားစရာ ယောကျ်ားသားလည်း မရှိဘူး။ ငြင်းဖို့မစဉ်းစားနဲ့တော့ နန်းဆက်"

ဟူ၍ ဖြစ်လေသည်။

မေမေဉ၏ စိတ္တဇကား အတော့်ကို ကြီးမားနေလျက်ဘယ်လိုမှ ဖျောင်းဖျ၍မရပေ။ ညည်းအမေတုန်းကလည်း ညည်းအရွယ်မတိုင်ခင်ပဲဟု ပြောကာ သူ့မိတ်ဆွေတစ်ယောက်၏ သားနှင့်စေ့စပ်ဖို့ စိုင်းပြင်းနေတော့တာဖြစ်၏။ ယူရမည့်လူကိုလည်း ကြည့်ဦး။ နန်းဆက်ထက် ဆယ်နှစ်ကြီးသော ယောကျ်ားတစ်ယောက်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည့်အပြင် မန္တလေးသားပီပီ အသားကညိုလျက် တုတ်တုတ်ခိုင်ခိုင်ကြီးဖြစ်သည်။ သူ့ဘာသာ စီးပွားအရှာတော်လျက် ရိုးသားအေးဆေးသူဖြစ်သော်ငြား တစ်စက်လေးမှ စိတ်ဝင်စားဖွယ် မရှိသော အနီယောက်ျားသားကြီးကို နန်းဆက် သေချင်စော်နံလောက်အောင်ကို စိတ်ပျက်၏။

ဒီလူကြီးကို တစ်သက်လုံး မသေမချင်း ပေါင်းသင်းသွားရမည်။ အမြဲတမ်း တစ်ယောက်တည်း လွတ်လွတ်လပ်လပ်အိပ်စက်ခဲ့သော ကိုယ့်နံဘေးမှာ ဒီလူကြီးက အခန့်သား ဝင်ရောက်အိပ်စက်တော့မည် စသဖြင့် ဒီအတွေးနှစ်ခုနဲ့တင် နန်းဆက်သည် ဖျားချင်သလိုလို ရူးချင်သလိုလို ဖြစ်ရသည်မှာလည်း ဒီရက်ပိုင်းအတွင်းမှာ အကြိမ်ကြိမ်ပဲ ဖြစ်လေသည်။

"နင်ကလည်း မန္တလေးမှာ ဒီလောက်တောင် ကျောင်းတက်လာပြီးတော့ ရည်းစားလေးတစ်ယောက်တောင် အဖြစ်ရှိအောင် မထားခဲ့ဘဲကိုး"

အသွင်က နန်းဆက်ကို အပြစ်တင်သလိုလေသံနှင့်ပြောသည်ကို နန်းဆက်သည် ဆတ်ဆတ်ခါ နာသွားဟန်ဖြင့် ...





"သြော် ... ဒီလိုကြီး ပေးစားမယ်လို့ ဘယ်သိပါ့မလဲ။ သိများသိရင် တစ်ယောက်မဟုတ်ဘူး ဆယ်ယောက်လောက်တောင် ထားခဲ့တယ် ...

အဲဒီတုန်းကလည်း ငယ်ငယ်ရွယ်ရွယ်နဲ့ ရည်းစားမထားရဘူး ဘာဘူးနဲ့ လေသံတွေက ဟစ်ကြွေးထားကြတာကိုး ...

ကျွတ် ... မပြောနဲ့တော့ အသွင်ရာ။ အသုံးမဝင်တော့တဲ့ နောက်ကြောင်းတွေ ပြန်မလှန်ချင်တော့ဘူး။ ပစ္စုပ္ပန်မှာပဲ ကောင်းအောင် ဘာလုပ်ရမလဲ ဒါပဲ စဉ်းစားကြရုံပဲ"

ပြောသာပြောရသည်။ နန်းဆက်ကရော ဘာစဉ်းစားနိုင်တာမှတ်လို့။ ယနေ့ ရွှေဈေး ဘယ်လောက်ဆိုတာလောက်သာ စဉ်းစားတွက်ချက်ရင်း ရာသီဥတုအေးအေး၊ ဦးနှောက်အေးအေးနေလာခဲ့သူများပီပီ အရေးကြုံလာလျှင် ဘာမှ မစဉ်းစားတတ်တော့ချေ။

"အဲ ... ငါ အကြံရပြီ နန်းဆက်"



www.burmeseclassic.com

www.burmeseclassic.com



အသွင်က လက်ဖျောက်တစ်ချက်တီးကာ ထအော်လိုက်လျှင် နန်းဆက်သည် မယုံသင်္ကာ မျက်လုံးမျိုးဖြင့် လှမ်းကြည့်လျက် သိပ်မပျော်ရွှင်ရဲသေးချေ။

"ဒီလိုလေ ... နင် ရည်းစားတော့ တစ်ယောက်လောက်ရှာလိုက်ပါလား။ ဒါကလည်း လွယ်ပါတယ်ဟာ။ နင့်ကို ကြိုက်နေတဲ့ကောင်တွေ အများကြီးပဲဟာ၊ တစ်ယောက်လောက် ကောက်ချိတ်လိုက်ပေါ့ဟ"

"အွန်း ... ပြောတော့ လွယ်လိုက်တာ၊ ရည်းစားအတုရပါပြီတဲ့၊ မေမေ့ဥကို ခေါ်ပြရဦးမယ်၊ ပြီးရင် သူက သဘောကျရင် ပေးစားမယ်၊ ကဲ ... ဘာလုပ်ရရတော့မလဲ။ ဟို အတုကောင်ကရော နားလည်မှုရှိမှာကြလို့။ ပွဲလန့်တုန်းဖျာခင်းချင်တဲ့ ကောင်တွေချည်းပဲ" ...

အသွင့် အိုက်ဒီယာကြီးက မမိုက်ပါဘူးကွာ။ ပယ်တယ်"

"အေးဟာ ... ငါလည်း မစဉ်းစားတတ်တော့အောင်ပဲ၊ ဒီလိုကိစ္စမျိုးက ယောကျ်ားလေးကလည်း ကောင်းပါမှ ...





တော်ကြာ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်နေဦးမယ်၊ ဟင်း ... ဘယ်နဲ့လုပ်ရပါ ...

ငါလည်း နင့်ကို ယောကျ်ား မယူစေချင်ပါဘူး နန်းဆက်ရယ်။ အထူးသဖြင့် နင် စိတ်မပါတဲ့ ကိစ္စဆိုပိုတောင် သဘောမကျသေးတယ်။ ငါတို့နှစ်ယောက် တစ်သက်လုံး ဒီအတိုင်း နေသွားလည်း ဖြစ်တဲ့ဟာပဲ ...

အလကားပါဟာ။ မေမေ့ဥက ပြောလို့ကို မရဘူး"

နန်းဆက်သည် သူမအတွက် ကိုယ်စား ဒေါသတွေထွက်ပေးနေသော၊ ပူပင်ပေးနေသော အသွင့်ကို ငေးကြည့်ကာ ဒီဘဝကို ပို၍ မခွဲနိုင် ဖြစ်လာရသည်။

တင်ပါးဖုံးသော ဆံပင်ရှည်ကြီးတွေနှင့် တစ်ခေတ်တစ်ခါက မန္တလေးတက္ကသိုလ်ကြီး၏ အလှစာမျက်နှာတစ်ခုဖြစ်ခဲ့သော အသွင်သည် နန်းဆက်နှင့် အင်မတန် အပေးအယူတည့်သော အန်တီပေါက်စလေးပဲဖြစ်၏။ ဘယ်နေရာမဆို စိတ်တူကိုယ်တူ ရှိကြလျက် တိုင်တိုင်ပင်ပင် ရှိကြသော နန်းဆက်တို့၏ ဘဝလေးသည် ဘာအပူအပင်မှ မရှိဘဲ ငြိမ်းအေးခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ယောက်က ခွဲထွက်ရတော့မည့်အဖြစ်မျိုး ဘယ်တုန်းကမှ အလိုမရှိခဲ့ကြချေ။

"ယောက်ျား ... ယောက်ျား။ အဲဒီ ယောက်ျားတွေကိုလေ အရမ်းကို မုန်းတာပဲ တကယ် ...

အထူးသဖြင့် အဲဒီ ဦးဖေသက်တင်ကို အမုန်းဆုံးပဲ၊ သူ လာကြိုက်လို့ ဖယားရှုပ်ရတာ"

နန်းဆက်သည် မေမေဥ သဘောတူထားသော ဖေသက်တင်ဆိုသည့် လူကို မျက်လုံးထဲ မြင်ယောင်လာကာ လည်ပင်းတွေ ညှစ်ပစ်ကာ သတ်ချင်စိတ်ပေါက်လာသည်အထိ အမြင်ကတ်ရလေ၏။

လူကိုတွေ့လျှင် နွားပြာကြီး အောက်သွားမရှိသလို တဟဲဟဲ ရယ်ပြလျက် ခြေဆုံးခေါင်းဆုံး ကြည့်တတ်သော ထိုလူကို လုံးဝ ကြည့်မရချေ။ ပိုက်ဆံချမ်းသာသလောက် မသုံးစွဲတတ်၊ မဝတ်တတ် မစားတတ်သော ခေတ်အမြင်မရှိသော ဖေသက်တင်ကို နန်းဆက်နှင့် အသွင်က အထင်ကို မကြီးချေ။ ဝတ်လိုက်လျှင် ရန်ကုန်ချုပ် ရှပ်အင်္ကျီနှင့် ပေါပေါလောလောရ





သည့် စတိုင်လ်ဘောင်းဘီတွေကို တွဲဝတ်ထားတာလောက် ကြည့်ရဆိုးသောပုံမရှိ။

တရားလွန်ကြီး သုံးစွဲနေရမယ်လို့ မဆိုပေမဲ့ လူဆိုတာက ကိုယ့်အခြေအနေ အဆင့်အတန်းနှင့် လိုက်ဖက်ညီသော အဆောင်အယောင်မျိုး ရှိရမည်ဟု သတ်မှတ်ထားသော နန်းဆက်တို့အတွက်တော့ ဖေသက်တင်သည် ဘယ်လိုမှ လိုက်ဖက်မညီသော လူတစ်ဦးပဲ ဖြစ်လေသည်။

"သိပ်လည်း စိတ်ညစ်မနေပါနဲ့ နန်းဆက်ရယ်။ လူမစွမ်း ရှင်နတ်မ,ပါတယ်ဟဲ့။ ငါတို့က ဘယ်သူ့အပေါ်မှမကောင်းတာ လုပ်ခဲ့တာမှ မဟုတ်တာ။ ငါတို့ကို အကူအညီပေးမဲ့သူ ပေါ်လာမှာပါ"

နန်းဆက်သည် ပခုံးကိုဖက်ကာ အားပေးစကားပြောနေသော အသွင့်ရဲ့ စကားတွေကို ရယ်ချင်သော်လည်း မရယ်ရက်တော့ဘဲ အားနာသွားပြီး ယဲ့ယဲ့မျှသာ လေသံဖြင့် ...

"အသွင်ရယ် ... ဒီကိစ္စကို ဘယ်သူကများ ကူညီနိုင်မှာမို့လို့လဲ။ ကူညီမဲ့သူဆိုလို့ ဖေသက်တင်ပဲ ရှိတယ်။ သူက



www.burmeseclassic.com

www.burmeseclassic.com



လက်မထပ်တော့ပါဘူးလို့ ပြောလိုက်ရင် ဒါ ကူညီရာ ရောက်တာပဲလေ”

“အေး ... ဟုတ်သားပဲ။ ငါတို့ ဖေသက်တင်နဲ့ ညှိကြည့်ရအောင်။ နင် ဖုန်းဆက်လိုက်လေဟယ်။ ကျွန်မ ရှင့်ကို မချစ်ဘူး။ ကျွန်မှာ ချစ်သူ ရှိတယ်၊ ဘာညာ နည်းနည်းပါးပါး ထည့်လိုက်ပေါ့ဟာ ...

ဒီလောက်တော့ နင် ဖြစ်မှာပါ”

“သူက လက်ခံပါ့မလား။ မေမေ့ဥကို ပြန်တိုင်ရင် ဘယ်နဲ့ လုပ်ရမလဲ”

“အာ ... အဲဒါတွေ လျှောက်တွေးမနေနဲ့။ အခိကက Try ကြည့်ရမှာပဲ။ စိတ်ပျက်ပြီး နောက်ဆုတ်သွားတော့လည်း အမြတ်ပေါ့ပဲ ...

ဟုတ်ဖူးလား”

နန်းဆက်သည် ခေါင်းကို သွက်သွက်ညိတ်ပြလိုက်ပြီးနောက် နောက်ဆုံးအားထားရာ ကောက်ရိုးမျှင်ကြီး ဖေသက်တင် ထံကိုသာ ဖုန်းခေါ်ရတော့၏။





“ဟယ်လို ... ဖေသက်တင် ပြောနေပါတယ် ခင်ဗျ”

“ကိုဖေသက်တင် ... ကျွန်မ ရွှေနန်းဆက်ပါ”

“ဟား ... နန်းဆက်လား။ ထူးဆန်းလိုက်တာ။ နန်းဆက် ကျွန်တော့်ဆီ ဖုန်းဆက်တယ် ဟုတ်လား။ အား ... ဒီနှစ် တော့ မိုးကောင်းဦးတော့မှာပဲ။ အရမ်းဝမ်းသာတာပဲဗျာ။ နန်းဆက် နေကောင်းရဲ့လား။ ကျွန်တော်လည်း နေကောင်း ပါတယ်။ ဒီမှာတော့ ထုံးစံအတိုင်း အရမ်းပူတာပဲ၊ နန်းဆက် တို့ကတော့ ဇိမ်ပဲပေါ့နော်။ အင်း ... နောက်ဆို ကျွန်တော် လည်း ပြင်ဦးလွင်သားလေး ဖြစ်တော့မှာပဲဆိုတော့ ... အဟီး ဟီး ...

ဪ ... နန်းဆက် ဖုန်းဆက်တာ ဘာပြောချင် လို့လဲဟင်”

နင့်ကို သတ်ချင်လို့ဟဲ့။ နန်းဆက်သည် စိတ်ထဲက နေ၍ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲမိလေသည်။ ဖေသက်တင် ဆိုသော သူက အမြဲတမ်း အဲဒီလိုပင်။ သူ ဖြစ်ချင်တာတွေပဲ သိသည်။ သူ ပြောချင်ရာ စွတ်ပြောသည်။ ပြီးတော့လည်း အရေမရ အဖတ်မရစကားတွေ။

www.burmeseclassic.com



နန်းဆက်သည် ကိုယ့်ဘက်က တောင်းဆိုစရာရှိ၍သာ အဝေါ်ကြီးကို စိတ်ရှည်သည်းခံထားရတာဖြစ်၏။

"ဟိုဟာ ... ရှင်နဲ့ ကျွန်မ လက်ထပ်ဖို့ဆိုတဲ့ ကိစ္စလေ"

"ဩော် ... ဒါလား။ အဲဒါ ပြောချင်တာလား။ နန်းဆက် ဘယ်လိုဖြစ်ချင်လို့လဲ။ မင်္ဂလာပွဲကို ဘယ်နေ့ လုပ်ချင်လို့လဲ။ ပြီးတော့ နှစ်မြို့လုံး လုပ်ချင်တာလား။ အင်း ... နှစ်မြို့မှပဲ ကောင်းမှာပေါ့နော်။ သတို့သားမြို့နဲ့ သတို့သမီးမြို့တွေမှာ တစ်ခါဆီ လုပ်မှ ကောင်းမှာပေါ့ ...

မန္တလေးမှာတော့ နိုဗိုတယ်နဲ့ ဆိဒိုးနား ကြိုက်ရာရွေးလေ။ နိုဗိုတယ်ကတော့ နည်းနည်းလှမ်းတာပေါ့။ နန်းဆက် ဘယ်ဟာကို ကြိုက်လဲ။ စောစောစီးစီး ဘွတ်ကင် လုပ်ထားတော့ ကိုယ် လိုချင်တဲ့ရက်ကို ရတာပေါ့ ...

ဘယ်ဟိုတယ် ကြိုက်လဲ နန်းဆက်"

နန်းဆက်သည် အဝေါ်ကြီး ဒေါသထွက်လာပြီဖြစ်သဖြင့် ဘာတွေလဲ သတိမရအားတော့ချေ။

"ကြာနီကန်ဟေ့ ... ကြာနီကန် ... သိပြီလား ဟင်း"





"ကြာနီကန် !... အာ ... နန်းဆက်ကလည်း အဲဒါ သချိုင်းကြီးပဲဟာ။ မဦးမချွတ် ဘာလို့ အဲလို ပြောရတာလဲ"

"ပြောမှာပဲ။ ရှင် ပြောချင်တာတွေချည်း ဇွတ်ပြောမနေနဲ့ ကိုဖေသက်တင်။ ရှင်နဲ့ လက်ထပ်ဖို့ ဆွေးနွေးနေတာ မဟုတ်ဘူး။ နားလည်လား"

"ဟိုက် ... အဲဒါဆို ဘာပြောမလို့လဲ"

"ရှင့်ကို ကျွန်မ လက်မထပ်နိုင်ဘူး ကိုဖေသက်တင်။ အရှင်းဆုံးပြောရင် ရှင့်ကို ကျွန်မ မေတ္တာစိတ် မရှိဘူး"

"ကိစ္စမရှိပါဘူးလေ။ ကိုယ်ကတော့ နန်းဆက် အပေါ်မှာ မေတ္တာစိတ် အပြည့်အဝရှိပြီးသားပါ"

အောင်မာ။ အတော်လာတဲ့ ထန်းလျက်တုံး။

နန်းဆက်သည် နှုတ်ခမ်းကို ခပ်နာနာဖိကိုက်ထားရင်းမှ ...

"ရှင် ကျွန်မအပေါ် ဘာမေတ္တာစိတ်မှ ထားဖို့မလိုဘူး ကိုဖေသက်တင်။ ကျွန်မကလည်း ရှင့်အပေါ်မှာ ဒီတစ်သက် ဘယ်တော့မှ မေတ္တာရှိလာမှာ မဟုတ်ဘူး။ ဒီတော့ ရှင် ကျွန်မနဲ့ လက်ထပ်ဖို့ကိစ္စကို နောက်ဆုတ်လိုက်ပါ ...



www.burmeseclassic.com

www.burmeseclassic.com



ရှင့်လို ရွှေဘိုသား မြန်မာပီပီသသရုပ်ကို ကြိုက်တဲ့ မိန်းမတွေ ပေါမှာပါရှင်။ ကိုယ့်ကို မချစ်မနှစ်သက်တဲ့ မိန်းမတစ်ယောက်ကို ဘာလို့ အောက်ကျနောက်ကျခံပြီး ယူနေမလဲ။ ကျွန်မပြောတာ သဘောပေါက်တယ် မဟုတ်လား"

"သဘောပေါက်ပါတယ်။ ဒါပေမဲ့ လက်တော့ မခံနိုင်ဘူး နန်းဆက်လေး"

"ဘာ ... ဘာရယ် ... ရှင် ဘာပြောတယ်"

"နန်းဆက် ဘာပြောပြော ကိုယ် စိတ်မဆိုးပါဘူး။ နန်းဆက်က ကိုယ့်ကို စိတ်ပျက်ပြီး နောက်ဆုတ်သွားအောင် တမင်ပြောနေတာ ဆိုတာ ကိုယ် သိနေတယ်လေ ...

နန်းဆက်ရယ် ... အဲဒီလို ကလေးဆန်တာလေးတွေကိုက ကိုယ့်အဖို့ စွဲမက်စရာ ဖြစ်နေရတာပါ ... ဟင်း ဟင်း ဟင်း"





"အမယ်လေး ... မုန်းလိုက်တာ။ ရှင့်အသံကြီးကို အန်ချင်လိုက်တာ။ ရုပ်ကြမ်းကြီးနဲ့ လာနမနေနဲ့။ ဟင်း ... အရူးပါး။ ရှင့်ကိုယ်ရှင် သိပ်လည်လှပြီ အောက်မေ့မနေနဲ့ ...

ကတ္တရာပုံးကို ကားကြိတ်ထားတဲ့ မျက်ခွက်ကများလာပြီး ခြူဆို့ထည့်ပြနေသေးတယ်။ ဒီမှာ ရှင် မြဲမြဲမှတ်ထားဖို့က ရှင့်ကို လုံးဝ မယူဘူးဆိုတာပဲ နားလည်လား။ အသေခံသွားမယ်၊ ဘယ်တော့မှ မယူဘူး"

"ကိုယ်ကတော့ နန်းဆက်ကို အသေပဲ ရရ၊ အရှင်ပဲရရ ... ဟီ ဟီ"

"တောက် ... ကျက်သတုံး။ ရှင် သွားသေလိုက် သိလား"

နန်းဆက်သည် ဒေါသထွက်လွန်းအားကြီးသဖြင့် ဆက်ပြောလည်း အကြောင်းမထူးတော့မှန်း သိနေလေရာ ဖုန်းကို ဒွပ်ခနဲမြည်အောင်ပင် ဆောင့်ချပစ်လိုက်တော့သည်။ ပြီးလျှင် ရင်ဘတ်ကြီးတစ်ခုလုံး နိမ့်ချီမြင့်ချီပြင့် ဒေါသတွေ တရှုးရှုး ထွက်လျက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသွင်က နန်းဆက်ကို မျက်လုံးအပြူးသားဖြင့် ကြည့်လျက် ...

"ပြေပြေလည်လည် ပြောပါဆိုမှ နန်းဆက်ရယ်။ ဘာကိစ္စ ကျက်သတုံးတွေ၊ အရှုးပါးတွေ ပျစ်ပျစ်နှစ်နှစ် သွားပြော ရတာတုံး ...

ဒုက္ခပါပဲဟယ်၊ ဟိုက ဘာတဲ့လဲ"

"တောက် ... နုပ်နုပ်ကို စဉ်းပစ်ချင်တယ် အဲဒီ ဝက်မည်းကို။ စကားပြောတာကိုက အတင်အစီးနဲ့။ အကြံအစည် မအောင် ဘူး အသွင်ရာ။ အဲဒီဝက်မည်းက အနရော အကြမ်းရော မရဘူး ...

မဖြစ်ဘူး ... မဖြစ်ဘူး။ သူနဲ့သာ ယူရလို့ကတော့ နန်းဆက် သေမှာ အမှန်ပဲ။ စကားတစ်ခွန်း မစနဲ့ စလိုက် တာနဲ့ သူ ထင်တာတွေချည်း စွတ်ပြောတော့တာ။ အလိုက် ကမ်းဆိုးလည်း မသိ။ Lady first ဆိုတဲ့ အသိလည်း မရှိ။ ဘာကြီးမှန်း မသိပါဘူးဟာ။ ရှုးချင်တယ် တကယ်"





မျက်စိမခွာချင်အောင်ပင် လှပသော လှိုင်းတွန့်လေး တွေ ခွေလိပ်နေသော ဆံနွယ်တွေကို ရှုပ်ပွအောင် ဖွပစ်သော နန်းဆက်ကို အသွင်က ဘာပြောရမှန်းမသိစွာနှင့် ငေးကြည့်နေ လေသည်။

"အသွင် ... စဉ်းစားဦး။ နန်းဆက် ဘာလုပ်ရမှာတုံး"

"ငါလည်း မစဉ်းစားတတ်တော့ဘူး နန်းဆက်ရာ။ တစ်ခု တော့ရှိတယ်။ တစ်ဖက်ကလည်း ဖွဲ့မလျှော့သလို ငါတို့လည်း ဖွဲ့မလျှော့ဖို့တော့ လိုမယ် ...

ဖွဲ့လျှော့တာနဲ့ ငါတို့ ရှုံးသွားမှာပဲ။ အဲဒါ တစ်ခု တော့ နင် သိထား"

"အင်း ... ဟုတ်တယ်နော်။ နန်းဆက်တို့ ဖွဲ့လျှော့လို့ မဖြစ်ဘူး။ ကြိုးစားထားရမယ်"

နန်းဆက်နှင့် အသွင်သည် လက်ဝါးချင်း ဖြောင်း ခနဲ မြည်အောင်ပင် ရိုက်လိုက်ကြပြီး အားသစ်တွေ ထပ်မွေးထား လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အားသစ်တွေ မွေးပြီး မကြာခင်မှာပဲ မန္တလေးမှ ဖြမေမေဥထံက ဖုန်းခေါ်မှုက ရောက်ရှိလို့လာပါတော့သည်။

"ဟော့ ... မိနန်းဆက်။ ညည်းက မောင်ဖေသက်တင်ကို မယူနိုင်ဘူးလို့ ဖုန်းဆက်ပြောတယ်ဆို"

"အဲ ... မယူနိုင်ဘူးလို့ ပြောတာ မဟုတ်ပါဘူး"

"အေး ... ဒါဆိုလည်း မင်္ဂလာပွဲကို အမြန်စီစဉ်မယ်။ မနက်ဖြန်ပဲ ညည်းနဲ့ မိသွင်နဲ့ မန္တလေးကို ဆင်းခဲ့ကြ"

"အား ... မေမေဥ ... အဲဒါက မဖြစ်နိုင်ဘူး"

"ဘာမဖြစ်နိုင်တာလဲ၊ နန်းဆက်နော် ... ငါ စီစဉ်တာကို ညည်းက ဘာကိစ္စကြောင့် လက်မခံနိုင် ဖြစ်နေရတာလဲ။ ဘာကြောင့် ငါ စီစဉ်တဲ့ကိစ္စကို ကဖျက်ယဖျက် လုပ်ချင်ရတာလဲ"

မေမေဥရဲ့ အသံက ဒေါသကြောင့် ပို၍ စူးရှနေလေသည်။

"မေမေဥကို နန်းဆက် ကဖျက်ယဖျက် လုပ်နေတာလည်း မဟုတ်ဘူး။ ဒါပေမဲ့ နန်းဆက်ကို နားလည်ပေးပါ။





နန်းဆက် ယောကျာ်းမယူချင်ဘူး။ အထူးသဖြင့် ဖေသက်တင်ဆိုတဲ့လူကို ပိုလို့ မယူချင်ဘူး ...

နန်းဆက် သူ့ကို ကြည့်လို့လည်း မရဘူး။ ဟို ... အမြင်ကတ်တယ် ...

'မိန်းမလို မိန်းမရကောင်။ မယူပါရစေနဲ့ မေဥ ရယ် ... နော်"

နန်းဆက် အပျောဆွဲလေးနှင့် ချော့ပြောသော်လည်း ရေချေ။

"မဖြစ်ဘူး။ မိနန်းဆက်ကို ပြောရတာ မောတယ်အေ။ ညည်း ဘာမှ အတွန့်တက်မနေနဲ့။ လကုန်ရင် ညည်းနဲ့ မိသွင် မန္တလေးကို ဆင်းခဲ့ကြ။ စေ့စပ်မယ် ကြားလား"

"ဟင့်အင်း ... ဟင်းအင်း ... မစေ့စပ်ဘူး"

"ဟဲ့ ... ဘာဖြစ်နေတာလဲ မိနန်းဆက်။ နီးရင်တော့ ညည်းတော့လား ဗိုက်ကြောကို ပြတ်အောင်ကို ဆွဲပစ်ပြီ။ ညည်းဟာညည်း အဖြစ်ရှိလို့လား။ ငါ ပေးစားတာကို လက်မခံချင်နေအောင်"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် ကြံမိကြံရာဖြင့် ဘာမှ စဉ်းစားမနေ တော့ဘဲ ဖွတ်ကို ပြောချပစ်လိုက်တော့သည်။ နောင်ခါလာ နောင်ခါချေး။ အခုလောလောဆယ် အဆင်ပြေဖို့ရာသာ အရေး ကြီးသည်။

"အဖြစ်ရှိတယ်။ နန်းဆက် ချစ်သူ ရှိတယ်"

"ဘာအေ့ ... နို့ ငါ မေးတုန်းကတော့ မရှိဘူးဆို"

"ဟို ... အဲဒါက မေဥ ဆူမှာစိုးလို့။ ရှိတယ် ... ရှိတယ် ဟီး"

"ငါ့ကို ကလီကမာလုပ်ဖို့တော့ မစဉ်းစားနဲ့နော်။ ရှိရ လည်း ပြောစမ်း ဘယ်သူဘယ်ဝါလဲ ဆိုတာ"

"အဲ ... သူက ဒီမှာ မရှိဘူး မေဥရဲ့။ နိုင်ငံခြားမှာ ... အလုပ်သွားလုပ်နေတာ။ သူ့ကို သစ္စာဖောက်ရာကျမှာ လို့ နန်းဆက်လေ ဖေသက်တင်ကို လက်မထပ်ပါရစေ မေဥရယ် ... နော်"

"အို ... ညည်းဟာက ရှုပ်ရှုပ်ယှက်ယှက်အေ။ ညည ရည်းစားထားတာ ငါလည်း မသိရပါဘဲနဲ့။ အခုမှ ဘယ မိုးကျရွှေကိုယ် ထပေါ်လာတာလဲ"





"တကယ်ပါ မေဥရယ်။ မေဥက မန္တလေးမှာ နေတာပဲဟာ ဘယ်သိပါ့မလဲ။ နန်းဆက်ရဲ့ ကျောင်းတုန်းကရည်းစား ... ဟဲ ဟဲ ... သူ့ကို စောင့်ပါရစေနော်"

"ကဲ ... ငါဖြင့်လည်း ညည်း အကောင်ကို ခေါ်တော်မူပေ့။ လကုန်လို့မှ ရောက်မလာရင်တော့ ညည်း ဖေသက်တင်နဲ့ ယူရမယ် မှတ် ...

ကြားလား ငါ ပြောတာ"

"ဟုတ် ... ဟုတ်ကဲ့ပါ"

မေဥက ဖုန်းကို မကျေမနပ်နှင့် ချသွားလေ၏။ နန်းဆက်သည် သက်ပြင်းတစ်ခုကို ဟင်းခနဲ မြည်အောင်ပင် ...းရပါ်းရုံချပြီးမှ ဘေးနားက အသွင့်ကို စိတ်ပျက်လက်ပျက်ဖြင့် ...နှစ်ဖက် တွန့်ပြလိုက်ရ၏။

"ဘယ်လိုလဲ နန်းဆက်။ သတ္တင်းစာထဲမှာ သတို့သားတစ် ယောက် အလိုရှိသည်လို့ ကြော်ငြာထည့်ရတော့မှာလား"

"ဟင်း ... ထည့်ချင်လည်း ထည့်လိုက်တော့ အသွင်ရာ။ လူလည်း တော်တော်ကို စိတ်ဓာတ်ကျနေပြီ။ နန်းဆက်



www.burmeseclassic.com

www.burmeseclassic.com



တော့ လောကမှာ ချစ်ခင်တဲ့သူနဲ့ ကွေကင်းရခြင်းဒုက္ခ ထက် မချစ်မနှစ်သက်တဲ့သူနဲ့ ပေါင်းသင်းရတဲ့ဒုက္ခက ပိုမယ်ထင်တာပဲ”

နန်းဆက်ရဲ့ စိတ်ပျက်လက်ပျက် အပြောကို အသွင်က ထောက်ခံဟန်ဖြင့် ငြိမ်သက် တိတ်ဆိတ်လို့ နေသည်။ နှစ်ယောက်စလုံးရဲ့ အတွေးတွေကတော့ မငြိမ်သက်နိုင်ဘဲ ကစဉ့်ကလျားပင် ပြေးလွှားပြန့်ကျဲ၍ နေလေသည်။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







# ၃

ပြင်ဦးလွင်သို့ သူ ရောက်ခဲ့သည်မှာ ဒီနေ့ပါဆိုလျှင် သုံးရက် ရှိသွားပြီဖြစ်သည်။ ရောက်ခါစ နှစ်ရက်စလုံးကတော့ စက်ရုံမှ လွဲ၍ ဘယ်နေရာမှ မရောက်ဖြစ်ချေ။ အလုပ်ကိစ္စတချို့



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး သုံးရက်မြောက်နေ့မှ သူ့အဖို့ ဟိုဟိုဒီဒီ လည်ပတ်ဖို့ အခွင့်အရေးရတော့၏။

တစ်မနက်ခင်းလုံး ဟိုတယ်ထဲမှာပဲ အချိန်ဖြုန်း၍ ညနေစောင်းခါနီးမှဝင် အပြင်သို့ ရထားလုံးငှား၍ ထွက်လာဖြစ်သောသူဟာ မြို့ထဲသို့ ဟိုဟိုဒီဒီ လျှောက်ကြည့်သည်။ ပြီးလျှင် တရုတ်ဆိုင်တစ်ဆိုင်မှာ ညစာစားပြီးနောက် စားပွဲထိုးလေးကို စပ်စုကြည့်လိုက်သည်။

"ညီလေး _ ဒီကနေ (......) ဟိုတယ်ကို လမ်းလျှောက်ပြန်ရင် ဝေးလား"

"သိပ်တော့ မဝေးပါဘူး အစ်ကို။ အစ်ကိုက ညှေ့သည်နဲ့တူတယ်"

"အေးကွ ... မိုးချုပ်နေတော့ ရထားလုံးကလည်း မရှိတော့ဘူး။ ဝေးလည်း ကိစ္စမရှိပါဘူးကွာ"

"လမ်းလျှောက်လို့ ကောင်းပါတယ် အစ်ကိုရဲ့"

"အေးကွာ ... လမ်းပဲ လျှောက်သွားတော့မယ်၊ ဪ ... စီးကရက်တစ်ဘူးပေးဦး"





ပိုက်ဆံရှင်းပြီးနောက် စီးကရက်ဘူး ယူပြီးလျှင် သူက စီးကရက်တစ်လိပ်ကို ဖွာလျက် အေးအေးလူလူပင် လျှောက်လာခဲ့သည်။ ပြင်ဦးလွင်၏ ရာသီဥတုကို သူက အလွန်နှစ်သက်သည်။ ပြီးတော့ ဒီမြို့ရဲ့ Life style။ မြို့ကလူတွေအားလုံးသည် အားလုံး အေးအေးဆေးဆေး ရှိကြသည်။ ရန်ကုန်မှာလို ရေးကြီးသုတ်ပျာ ခြေလှမ်းတွေ မရှိ။ ပူပင်မှု၊ ကြောင့်ကြမှုတွေ၊ အင်မတန်ကျပ်လှသည့် ဘတ်စ်ကား၊ စိတ်မရှည်စွာ တန်းစီးရသော မီးမှိုင့်တွေ မရှိ။ ရန်ကုန်သည် သက်ပြင်းချသံတွေနှင့် ထုံးမွမ်းထားသော မြို့ပြတစ်ခုဖြစ်သည်။

ဒီထက်ဆိုးတာက ဂျပန်။ မိသားစုဝင် အချင်းချင်းတောင် အေးအေးဆေးဆေး စကားမပြောနိုင်သော ဂျပန်ရဲ့ လူနေမှုစနစ်ကိုတော့ သူ သဘောမကျဆုံးပဲ ဖြစ်လေသည်။ ယောက်ျားလေးပီပီ သူများတိုင်းပြည်မှာ စွန့်စွန့်စားစား အလုပ်သွားရောက်လုပ်ကိုင်ခဲ့သော်လည်း အမြင်တွေ ကျယ်လာ၍ တကယ်တမ်း ချိန်ထိုးနှိုင်းယှဉ်ကြည့်လျှင် သူ့အတွက်တော့ မြန်မာပြည်ကသာ အကောင်းဆုံး ဆိုတာကို နားလည်ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားသားလည်းဖြစ်၊ တွယ်တာရာလည်း သိပ်မရှိသော ဘဝမို့ ဂျပန်မှာ အနေကြာခဲ့သော်လည်း ပညာစုံသော တစ်နေ့မှာ တိုင်းပြည်ကိုသာ ပြန်အခြေချဖို့ စိတ်ကူးရှိခဲ့သည်။ သူများတိုင်းပြည်မှာရော၊ လူမျိုးခြား မိန်းကလေးကိုရော ယူဖို့ လုံး၀ စိတ်ကူးမရှိခဲ့။ ဖေဖေက စိုးရိမ်လွန်းအားကြီး၍သာ မဟေသီနှင့် စေ့စပ်ဖြစ်ခဲ့ခြင်း ဖြစ်လေသည်။

မဟေသီတဲ့ ...။ အင်း ... ဒီကလေးမအကြောင်း တွေးမိလျှင် သူ့အဖို့ကတော့ အိပ်မက်ဆန်လေသည်။ သူ့ဘဝ၌ ချစ်သူရည်းစားလည်း မထားဖူးပါဘဲ သိပ်မကြာခင်မှာ မိန်းကလေးတစ်ယောက်ကို လက်ထပ်ရတော့မည်ဟူသော အဖြစ်သည် အနည်းငယ်တော့ သမားရိုးကျ ဆန်နေသည်ဟု ထင်လေသည်။ သူက ဘဝမှာ စွန့်စားရတာတွေကို ကြိုက်သော ယောက်ျားတစ်ယောက် မဟုတ်လား။ ဒါပေမဲ့ မင်္ဂလာဆောင်ခါနီးအထိ လှုပ်လှုပ်ရှားရှား မရှိသော သူ့နှလုံးသားကို သူက အံ့သြချင်သည်။ ဒီနှလုံးသားဟာ ရင်ခုန်သည်ဆိုသော ဖြစ်ရပ်မျိုးလည်းပဲ မရှိတော့ပါဘူး။





သူက သူ့အဖြစ်သူ သဘောတကျပြုံးကာ ကုန်နေသော စီးကရက်ကို လက်နှင့် ပတောက်ပစ်ဘဲ လမ်းဘေးသို့ အသာချကာ ဖိနပ်ဦးနှင့် မီးသေသွားအောင် နင်းချေပစ်လိုက်သည်။ ပြီးလို့ ဘေးပတ်ဝန်းကျင်ကို ငဲ့ကြည့်မိလျှင် သူ တည်းသော ဟိုတယ်နားသို့ပင် ရောက်ခါနီးနေပြီ။

အတွင်းကျကျမှာ ရှိသော ဟိုတယ်သို့ မရောက်ခင် လူနေခြံများရှိသော လမ်းလေးကို ဖြတ်ကျော်ရသည်မို့ သူက သပ်ရပ်သားနားသော ခြံဝင်းနှင့် အိမ်များကို သဘောတကျ ငေးကြည့်၍ လျှောက်လာခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်လျက် အေးချမ်းသော ဤရပ်ကွက်လေးဟာ လူချမ်းသာတွေချည်း နေထိုင်သည်ဟုလည်း ကြားဖူးထားသည်။

သူက ရောက်တတ်ရာရာ တွေးတောလျက် လမ်းလျှောက်လာစဉ်မှာပဲ ဟိုတယ်ရှိရာ လမ်းကြားမှ တစ်ရှိန်ထိုး မောင်းနှင်လာသော ကားဟာ သူ့ထံသို့ တည့်တည့်ကြီးပင် ပြေးဝင်လာတာကို ထိတ်လန့်စွာ မြင်တွေ့လိုက်ရသည်။ စူးရှသည့် နင်းကွဲမီးလုံးကြီးတွေကြောင့် သူ့အမြင်အာရုံတွေ ရုတ်တရက် ပြာဝေကျိန်းစပ်သွားကာ ဘာကိုမှ မမြင်ရတော့။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မသိစိတ်၏ လှုံ့ဆော်မှုဖြင့် သူဟာ ထိုကားကို ရှောင်သော်လည်း အမိအရ မလွတ်ဘဲ နံဘေးကို ပွတ်ဆွဲမိသွားလျက် သူဟာ ခြံတစ်ခြံရဲ့ အုတ်တံတိုင်းနှင့် သွားရိုက်မိတော့သည်။ နဖူးထိပ်က နာကျင်အောင့်မြက်သည့်ဒဏ်ရာ၊ ကိုင်ရိုက်သလို ဖြစ်သွားသည့် ဒဏ်ရာကြောင့် သူ့မျက်လုံးတွေပြာဝေကာ ချက်ချင်း မူးနောက်ရီဝေလာပြီးနောက် သတိလစ်မေ့မြောသွားခဲ့တော့သည်။

❦ ✱ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ခြံရှေ့မှ ဒုန်းခနဲ ဟူသော မြည်သံအကျယ်ကြီးကို ကြားလိုက်ရလျှင် နန်းဆက်သည် TV ကြည့်နေရာမှ ဆတ်ခနဲပင် တုန်သွားရသည်။ ဒါ ဘာသံလဲ။ ကားတိုက်တဲ့အသံပဲ။ အဲဒီနောက် ကားစက်ပြန်နှိုးသံ၊ ဝေါခနဲ မောင်းထွက်သွားသံ စသဖြင့် ဆူညံနေသော အသံဗလံမျိုးစုံကို ဆက်တိုက် ကြားရပြီးလျှင် ဆိုဖာပေါ်မှ အလန့်တကြား ထထိုင်ပြီးသား ဖြစ်နေချေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားခန်းထဲရှိ ပုတီးစိပ်နေသော အသွင့်ထံကို ပြေးလျှင် အသွင်ကလည်း ထိုအသံတွေကို ကြားဟန်ဖြင့် ထလာတာနှင့် တန်းဆုံသည်။

"အသွင် .. ခြံရှေ့မှာ ဘာဖြစ်သလဲ မသိဘူး။ သွားကြည့်ကြရအောင်"

"ဟဲ့ ... ငါတို့နှစ်ယောက်တည်း ဖြစ်ပါ့မလား။ ကိုသောင်းအေးတို့ပါ ခေါ်မှပေါ့"

"အင်း ... အင်း ... လာ မြန်မြန်လာ"

နန်းဆက်နဲ့ အသွင်တို့ အောက်ထပ်သို့ ပြေးဆင်းလာသောအခါ အောက်ထပ်မှာ အိပ်ကြသော ပုံဒေါင်းအေးတို့ လင်မယား ကလည်း ခြံသော့တွေ ကိုင်းလက် အိပ် သံသို့ နိုးရမလိုလို ဖြစ်နေသော အနေအထားနှင့် ဆုံသည်။

"ကိုသောင်းအေး ကြားလား၊ အနေ နဲ့ အသံကြီးကို ကြားလား"

ဒီလောက်ကျယ်သည့် အသံကြီးကို ဘယ်သူမှ မကြားဘဲနေမှာ မဟုတ်ချေ။ ဒါကို အဘည်း့သလို ထပ်မေးနေ





သေးသော နန်းဆက်ကို အသွင်က မျက်စောင်းတစ်ချက် ပစ်ထိုးရင်း လက်ကို မြန်မြန်ဆွဲခေါ်လာသည်။

"ကဲ ... လာစမ်းပါ။ ခြံရှေ့မှာ ဘာတွေ ဖြစ်ကုန်ပြီလဲ မသိဘူး"

လေးယောက်သား အလျှင်အမြန်ပင် ခြံရှေ့သို့ ထွက်လိုက်လျှင် ဘာကားမှ မတွေ့ရတော့ချေ။ သို့သော် သစ်ပင်ကို တိုက်မိသွားဟန်တူပြီး ကွဲကျခဲ့သော ကားမီးခွက်အပိုင်းအစများကိုတော့ ဟိုတစ်စ ဒီတစ်စ တွေ့ရသည်။

နန်းဆက်က ကွဲပြန့်နေသော ကားမီးခွက် အပိုင်းအစများကို ကောက်ယူကြည့်လျက် ...

"သစ်ပင်ကို တိုက်ပြီး ကားက မောင်းထွက်သွားတာနဲ့ တူတယ်။ လူတွေတော့ ဘာမှဖြစ်ပုံမရဘူး။ ဒါကြောင့်လည်း မောင်းပြေးနိုင်တာပေါ့"

"အေးဟယ် ... ဘယ်လိုလုပ်များ မောင်းလာလဲ မသိပါဘူး။ ကိုသောင်းအေးရယ် ခြံရှေ့မှာလည်း သစ်ရွက်ခြောက်တွေ ပုံနေပြီ။ အဲဒါမနက်ဖြန်မနက်ကျရင် လှည်းကျင်းဦးသိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ မသွင်"

နီယွန်မီးရောင်တို့ဖြင့် လင်းထိန်နေသော ခြံရှေ့တစ်လျှောက် အသွင်က ဘာရယ်မဟုတ် လျှောက်ကြည့်စဉ်မှာပဲ ခြံထောင့်မှာ ပုံလျက်သားလဲနေသော အရာတစ်ခုကို သွား၍မြင်လျှင် ပထမတော့ ဇဝေဇဝါပင်။ နောက်တော့ မျက်လုံးအစုံသည် ပြူးကျယ်ဝိုင်းစက်လာလျက် ...

"နန်းဆက် ... ကိုသောင်းအေး ... မငြိမ်း လာ ... လာကြပါဦး။ ဒါ ... ဒါ ဘာကြီးလဲ၊ လူ မဟုတ်လား"

အသွင့်အနားသို့ ကပျာကယာ အပြေးအလွှားလာကြပြီး ဝိုင်းကြည့်ကြလျှင် အဟုတ်ကိုပင် လူတစ်ယောက်အတိအကျ ပြောရလျှင် ယောကျ်ားတစ်ယောက် ဖြစ်နေတာကိုတွေ့ရလေသည်။

"ဘာ ... ဘာလုပ်ရမလဲ မသွင်။ အိမ်ထဲ ပွေ့ခဲ့ရမလား"

"ဘာလုပ်ရမလဲ။ သေပြီလား မသိဘူး။ ခေါင်းမှာလည်း သွေးတွေနဲ့ ဒုက္ခပါပဲဟယ်။ ဒါ ... ဒါ အစောနက ကားက တိုက်သွားခဲ့တာပဲ ဖြစ်မှာ"





အသွင်က စိတ်ပျက်လက်ပျက်နှင့် ဘာလုပ်ရမှန်းမသိပေမဲ့ နန်းဆက်ကတော့ ဆုံးဖြတ်ချက်တစ်ခုကို ပြတ်ပြတ်သားသား ချလိုက်သည်။ လောလောဆယ် ဒီလူတစ်ယောက်ရဲ့အသက်က အရေးကြီးနေတာ မဟုတ်လား။

"ကိုသောင်းအေး ... ကားဂိုဒေါင်သွားဖွင့်လိုက်၊ အသွင်ဒီတစ်ယောက်ကို နန်းဆက်တို့ ဆေးရုံပို့ရမယ်"

"အေး ... အေး ... အဲဒါဆိုလည်း မြန်မြန်လုပ်"

နန်းဆက်သည် အိမ်ထဲသို့ လှစ်ခနဲ ပြန်ပြေးသွားပြီးလျှင် ထိုလူကို ပွေ့လျက် နောက်ခန်းထဲမှာ ဝင်ထိုင်သည်။

"အသွင် လိုက်မှာလား"

"လိုက်ခဲ့မယ် ... လိုက်ခဲ့မယ်။ မငြိမ်း အိမ်စောင့်နေလိုက်"

အသွင် တက်ပြီးတာနှင့် နန်းဆက်သည် ကားကိုဆေးရုံသို့ တစ်ခါတည်းပင် မောင်းခဲ့လိုက်သည်။ စိတ်ထဲမှာလည်းထိုလူ ဘာမှ မဖြစ်ပါစေနဲ့ဟု ဆုတောင်းရတာ အမောပင်။

ဆေးရုံသို့ ရောက်လျှင်လည်း သူ့ကို ပြင်ပလူနာဌာနသို့ အမြန်အပ်နှံလိုက်ရသည်။ ထရော်လီပေါ် တင်၍ တွန်းသွား



www.burmeseclassic.com

www.burmeseclassic.com



သော သူ့နံဘေးမှ တောက်လျှောက် လိုက်ပါရင်း သပ်ရပ်သန့်ပြန့်ကာ သားနားချောမောသော လူတစ်ယောက်မှန်းလည်း သတိပြုမိသည်။

အဝတ်အစား၊ နာရီ၊ ဖိနပ် စတာတွေဟာ တကယ့်တန်ဖိုးကြီး Brand တွေပဲ ဖြစ်သည်။ ဒီလူနဲ့ ထွက်ပြေးသွားသော ကားတို့ဟာ ဘာရန်ငြိုးတွေများ ရှိလို့ပါလိမ့်။

"လူနာရှင် လာပါဦး"

ဆရာဝန်က ခေါ်လျှင် နန်းဆက်နှင့် အသွင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လျက် ခေတ္တမျှ ကြောင်နေသေးသည်။ ပြီးတော့မှ အပြေးအလွှား သွားလျက် ...

"ကျွန်မတို့ပါ ဒေါက်တာ"

"ဟုတ်ပြီ။ လူနာ နာမည် ပြောပါ"

"မသိပါဘူးရှင့်"

"ဘာရယ်"

ဆရာဝန်က စာရေးနေရာမှ နန်းဆက်ကို မျက်မှောင်ကုတ်ကာ မော့ကြည့်သည်။





"ဟို ... ဒီလိုပါ ဒေါက်တာ။ အမှန်တော့ သူနဲ့ ကျွန်မတို့က ဘာမှ မဆိုင်ပါဘူး။ ကားပါဝင်တိုက်သံကြားလို့ ထွက်ကြည့်တော့ ကားကိုတော့ မတွေ့တော့ပါဘူး။ သူ့ကိုပဲ တွေ့တာပါ။ အဲဒါနဲ့ ဆေးရုံ လိုက်ပို့တာပါရှင်"

"သြော် ... ဒီလိုလား။ သူ့ကိုတော့ ဆေးရုံ တင်ရလိမ့်မယ် နော်"

"သြော် ... ဟုတ်ကဲ့ပါ ဒေါက်တာ ၊ အခု သူ့အခြေအနေက"

"အခုလောလောဆယ်တော့ ပြောမရသေးပါဘူး။ ကြည့်ရတာ ကားတိုက်ပြီး အုတ်တံတိုင်းနဲ့ သွားရိုက်တယ်နဲ့ တူတယ်၊ မနက်ကျမှပဲ သိရမှာပဲ"

"ဒါဆို မနက်မှပဲ လာခဲ့ပါမယ် ဒေါက်တာ။ ကျွန်မတို့ ပြန်လို့ရပါပြီလားရှင်"

"ရပါပြီ ... ခင်ဗျားတို့ရဲ့ လိပ်စာလေးတော့ ပြောခဲ့ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ကျွန်မနာမည် ရွှေနန်းဆက်ပါ၊ သဇင်မြိုင်လမ်း၊ သီရိရိပ်သာခြံကပါ"

"ကောင်းပါပြီ။ လူနာကိုတော့ စိတ်ချထားခဲ့ပါ။ Nurse လည်း ရှိပါတယ်"

"ဟုတ်ကဲ့ ခွင့်ပြုပါဦးရှင်"

နန်းဆက်တို့ ဆေးရုံက ထွက်လာပြီးလျှင် ဆယ်နာရီတောင် ခွဲတော့ပေမည်။ နန်းဆက်ရော အသွင်ရောသည် ထိုလူတစ်ယောက် ဘယ်လိုများ ကားတိုက်ခံရပါလိမ့်ဟု ဝေဖန်ပြောဆိုလာသည်။

"ပုံစံကတော့ သားသားနားနားပဲ နန်းဆက်ရဲ့"

"အင်း ... နန်းဆက် အထင်တော့ သူက ဧည့်သည်နဲ့ တူတယ်။ ဟိုတယ်ကို သွားတာလား၊ ဟိုတယ်က လာတာလား တစ်ခုခုပဲ။ မြို့ထဲကနေ ဟိုတယ်ကို ပြန်တာပဲ နေမှာပါ။ ကားသ[illegible] မူးပြီး သူ့ကို တိုက်ပြီးတော့ သစ်ပင်ကိုပါ ဝင်တိုက်သွားတာနေမှာ"





"အေးဟာ ... သနားစရာပဲ။ ဘယ်သူ ဘယ်ဝါမှန်းလဲ မသိရဘူး။ မနက်တော့ သွားကြည့်ကြတာပေါ့။ ဘာမှ မဖြစ်ပါစေနဲ့ ဆုတောင်းရမှာပဲ"

နန်းဆက်သည် သက်ပြင်းကို ငွေ့ငွေ့ချကာ သွေးဒဏ်ရာတို့ဖြင့် မေ့မြောနေသော ထိုအမျိုးသားကို မျက်လုံးထဲမှာ မြင်ယောင်ရင်း ကရုဏာစိတ်တွေ တိုး၍ လှိုက်တက်လာသည်။

ထူထဲဖြောင့်တန်းသော စိမ်းညို့ညို့ မျက်ခုံးများနှင့် ဖြောင့်စင်းတည်တံ့သည့် နှာတံဟာ သူ့မျက်နှာ၌ အထင်အရှားဆုံး အစိတ်အပိုင်းများဖြစ်သည်။

ထရော်လီပေါ် အတင်မှာ ဘေးသို့ ပြုတ်ကျလာသော သူ့လက်ကလေးကို နန်းဆက်က အလျှင်အမြန်ပင် သူ့ရင်ဘတ်ပေါ် တင်ပေးလိုက်တာကို မှတ်မိသေးသည်။ လက်သူကြွယ်က လက်စွပ် အောင်းကွင်းလေးဟာ ဘာကို ရည်ညွှန်းတာပါလိမ့်။ သူဟာ ပိုင်သူ ရှိနေပြီးတဲ့ ယောကျ်ားတစ်ယောက်လား။ နန်းဆက်သည် အခုမှ တွေ့ဖူးသော သူစိမ်းယောကျ်ားတစ်ယောက်အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ဤမျှစဉ်းစားနေမိသော ကိုယ့်အဖြစ်ကို ကိုယ် ပြန်သတိထားမိလျှင် အသွင် မသိအောင် အသာကျိတ်ပြုံးလိုက်ရသည်။

ရင့်ထဲမှာ ဆုတောင်းမိသည်က သူ ကျန်းမာပါစေဟူ၍ပင်။

❦ ✷ ❦

ဝေဖန်စာ၊ အကြံပြုစာ [illegible]စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







## ၄

ခေါင်းထဲမှ တဆစ်ဆစ် ထိုးကိုက်လာမှုနှင့်အတူ သူ ပြန်သတိရလာချိန်တွင် ပထမဦးဆုံး သူ သတိရတာက သူ့ခြေတွေ လက်တွေ အကောင်းပကတိ ရှိသေးရဲ့လားလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



အား ... တော်ပါသေးရဲ့။ ဘယ်နေရာကိုမှ ကျောက်ပတ်တီး ကိုင်မထား။ အိုကေပြီဟု သိရသောအခါမှ ညက အဖြစ်အပျက်ကို ပြန်စဉ်းစားရသည်။

မူး၍ မောင်းလာသော ကားတစ်စီးက သူ့ကို ပွတ်တိုက်သွားကာ သူက ခြံတစ်ခြံရဲ့ အုတ်တံတိုင်းနဲ့ သွားဆောင့်သည်။

ကံကောင်း၍ ဘာမှ မဖြစ်ပေ။ သတိမေ့သွားခဲ့သော်လည်း သူ ဆေးရုံကို ဘယ်လိုများ ရောက်လာခဲ့တာပါလိမ့်။ တိုက်သွားတဲ့ ကားကပဲ ပို့ပေးခဲ့တာလား။

အား ... စဉ်းစားရင်း ခေါင်းမူးလိုက်တာ။

"ဟော ... ရှင် သတိရပြီလား။ သက်သောင့်သက်သာ နေပါ။ ဒါ ဆေးရုံပါ"

သူနာပြုဆရာမလေးက သူ့ကို စတင်နှုတ်ခွန်းဆက်သည်။ သူသည် အိပ်ရာထက်မှ ကျုံးထလိုက်ရင်း ...

"ကျွန်တော် ဘာဖြစ်တာလဲဟင် ဆရာမ"

"အို ... အို ... အရမ်းမထနဲ့လေ။ နေဦး ... နေဦး"





ဆရာမက သူ့ကို ထိုင်နိုင်အောင် ဘေးကနေ၍ ထူပေးပါသည်။

"ရှင့်ကို ညက အမျိုးသမီးနှစ်ယောက် လာပို့ပေးတာပဲရှင့်။ သူတို့ ခြံရှေ့မှာ ရှင် လဲနေတာတွေ့လို့တဲ့။ တော်သေးတယ်၊ ရှင် နဖူးပဲ ကွဲသွားတယ်။ တခြားဘာဒဏ်ရာမှ ကြီးကြီးမားမား မရဘူး ...

ရှင့်ကို တိုက်တဲ့ ကားကတော့ ထွက်ပြေးသွားပြီ။ ရှင် ကားနံပါတ် ဘာညာတွေရော မှတ်မိလား"

"မမှတ်မိပါဘူးဗျာ၊ အုတ်တံတိုင်းနဲ့ ဆောင့်မိပြီး မေ့သွားတာပါပဲ။ ဆရာမ ကျွန်တော် ဘာမှလဲ မဖြစ်ဘူး။ ဆေးရုံက ဆင်းချင်တယ် ရမလားဟင်"

"အဲ ... အဲဒါကတော့ ကျွန်မ ခွင့်ပြုလို့ မရဘူး။ ညက နိုက်ဂျူတီကျတဲ့ ဒေါက်တာကို ပြောရမှာ။ သူ ခွင့်ပြုရင်တော့ ဆင်းလို့ရပါတယ်"

"ဒါဆိုလည်း ကျွန်တော့်ကို လိုက်ပို့ပါဗျာ။ ကျွန်တော် ပြောပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိုးသတ်ဆေးနံ့တို့ ထုံမွှန်းနေသော ဆေးရုံတွင် သူ တစ်စက်လေးမှ ဆက်နေချင်စိတ် မရှိတော့ချေ။ ကိုယ်ပိုင်အခန်း ကစ်ခုခုထဲမှာသာ အားရပါးရ အနားယူချင်စိတ်က ကြီးစိုး၍နေ သည်။

ဆရာဝန်နှင့် တွေ့လျှင် သူက ...

"ဒေါက်တာ ကျွန်တော် နေကောင်းပါတယ်။ ကျွန်တော့် ကို ဆေးရုံက ဆင်းခွင့်ပေးပါခင်ဗျာ"

"ဖြစ်ရဲ့လား။ ခင်ဗျားက ညှော်သည်နဲ့ တူတယ်"

"ဟုတ်ကဲ့၊ ဒါပေမဲ့ ကျွန်တော့် မိတ်ဆွေတွေ ရှိပါတယ်။ ကျွန်တော့်ကို ကျေးဇူးပြုပြီး ဖုန်းခဏသုံးခွင့် ပေးပါ ခင်ဗျာ"

"ရပါတယ် ... ရပါတယ်"

သူက အားနာနာနှင့်ပင် ဒေါက်တာထံမှ ဖုန်းဖြင့် စက်ရုံရှိ သူ့မန်နေဂျာထံ ဖုန်းဆက်လိုက်သည်။ သူ ပြောတာကို ကြားလျှင် သူ့မန်နေဂျာသည် အထိတ်ထိတ် အလန့်လန့်ဖြင့် အခုလိုက်လာခဲ့မယ်ဟု ဆိုကာ ဖုန်းချသွားသည်။





"ကျေးဇူးတင်ပါတယ် ဒေါက်တာ။ ဒါထက် ကျွန်တော့်ကို ဆေးရုံပို့ပေးတာ အမျိုးသမီးနှစ်ယောက်ဆို"

"ဟုတ်တယ်။ သူတို့တောင် မနက်ကျရင် ထပ်လာမယ်လို့ ပြောသွားသေးတယ်"

"ဪ ... ကျွန်တော် အချိန်မရလို့ မစောင့်တော့ဘူးခင်ဗျ။ သူတို့လာရင်သာ ကျွန်တော်က ကျေးဇူးတင်ကြောင်း ပြောပေးပါ"

"ကျွန်တော်ကလည်း ဂျူတီချိန်းတော့မှာဗျ။ ရပါတယ် Nurse ကို ကျွန်တော် မှာခဲ့ပေးပါ့မယ်"

သူက အပြုံးတစ်ခုနှင့် ခေါင်းညိတ်ပြလိုက်ပြီးနောက် ျာကင်အိတ်ကပ်ထဲမှ သူ့ဝေါလက်ကို စမ်းလိုက်သည်။ မရှိ။ ဟိုဘက်ရော ဒီဘက်ရော နှစ်ဖက်စလုံး မရှိတော့ချေ။ အင်းပေါ့လေ။ လုတောင် ကံကောင်းလို့ မသေတာ။ ပိုက်ဆံအိတ်ပျောက်တာ ကတော့ ဘာဖွဲ့မနေတော့ပါဘူး။

သိပ်မကြာခင်မှာပင် သူ့မန်နေဂျာ ရောက်၍လာ လေသည်။ သူက ဆရာဝန်ထံမှာ လက်မှတ်ထိုးပြီးနောက်



www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်စကားပြောကာ ဆေးရုံမှ ဆင်းလာခဲ့သည်။ အဲဒီနောက် ဟိုတယ်သို့ သွားကာ အကျိုးအကြောင်း ပြောပြ၍ သုံးရက်စာအတွက် ငွေရှင်းပြီးနောက် သူ့အဝတ်အိတ်ကို ယူကာ စက်ရုံကိုပဲ ပြောင်းနေဖို့ စီစဉ်တော့သည်။

ဟိုတယ်မှ အပြန် ခြံတွေရှေ့မှ ဖြတ်စဉ်မှာ သူတို့ကားက အခြားကားတစ်စီးကို ကျော်တက်သွားလိုက်သည်။ သူ့မန်နေဂျာက သူ့ကို မြန်မြန်နားစေလိုသော ဆန္ဒဖြင့် ကျော်တက်ခြင်း ဖြစ်သော်လည်း လမ်းသွယ်ထဲမှာတောင် နေရာလုကျော်တက်သော သူတို့ကားကို တစ်ဖက်မှ ကားမောင်းသူ မိန်းကလေးက မကျေနပ်ဟန်ဖြင့် ပွစိ ပွစိ ရေရွတ်တာကိုတော့ သူ သေချာ မမြင်မိတော့ ...။

သူ့ခေါင်းတွေ မူးနောက်ရိဝေကာ ချုပ်ထားသော ဒဏ်ရာကလည်း တဆစ်ဆစ် ကိုက်နေ၍ ဖြစ်ပါသည်။

❦ ✳ ❦







"ကျွတ် ... ဘာတွေများ အရေးကြီးနေလဲ မသိပါဘူး။ လမ်းသွယ်ထဲတောင် လာကျော်နေတယ်၊ အဲဒါမျိုးတွေပဲ ခဏခဏ တိုက်ကြတာ"

နန်းဆက်သည် မရမက ကျော်တက်သွားသော ကားကို မကျေမနပ်ဖြင့် ပွစိပွစိ ရေရွတ်ကာ ဆက်၍ မောင်းလာခဲ့သည်။ ဆေးရုံက တစ်ယောက်ကို Breakfast အမီ သွားမှာမို့

www.burmeseclassic.com



ဘုရားရှိခိုးနေသော အသွင့်ကိုပင်လျှင် မစောင့်ခဲ့။ မငြိမ်းကိုသာ ခြင်းတောင်း ကိုင်ခိုင်း၍ ဆေးရုံသို့ ထွက်လာခဲ့ခြင်းဖြစ်သည်။

"ဟယ် ... ဒီမှာ ပိုက်ဆံအိတ်တစ်လုံးပါလား နန်းဆက်"

နောက်ခန်းထဲမှာ ခြင်းနှင့်အတူ ထိုင်သော မငြိမ်းက နန်းဆက်ထံသို့ ဝေါလက်ပြားပြားလေးတစ်ခုကို လှမ်းပေးလာသဖြင့် နန်းဆက်က ဒက်ရှ်ဘုတ်ပေါ် တင်ထားလိုက်ရသည်။ ကားမောင်းနေသဖြင့် မကြည့်အားသေးချေ။

ဘယ်လိုမှ မလွှဲနိုင်တာတစ်ခုကတော့ မနေ့က ပုဂ္ဂိုလ်လေးရဲ့ ပစ္စည်းပဲ ဖြစ်ပါမည်။ နန်းဆက်သည် ဘယ်လို ကြောင့်မှန်းတော့ မသိဘဲ သန့်ရှင်းကြည်စင်သည့် သူ့ရုပ်သွင်လေးကို ကရုဏာသက်ကာ ကူညီချင်စိတ်တွေ ပေါက်နေတော့သည်။

ဒါကြောင့် သူ့အတွက် Breakfast ကိုတောင် စေတနာပရပွဖြင့် ငါးရံ့ဆန်ပြုတ်၊ ကော်ဖီ၊ ပေါင်မုန့်၊ ကြက်ဥ ရေနွေးစိမ် စသဖြင့် သူ နှစ်သက်ရာ ရွေးချယ်စားနိုင်အောင် မျိုးစုံစီစဉ်၍ လာခဲ့တာ ဖြစ်သည်။





ဆေးရုံဝင်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်ပြီးလျှင် မနေ့ညက သူ့ကို ထားသော အဆောင်သို့ သွက်သွက်လျှောက်လာခဲ့လိုက်သည်။

အခန်းထဲသို့ အဝင်မှာတင် မျှော်လင့်မထားသော ဖြစ်ရပ်က နန်းဆက်ကို မျက်လုံးပြူးလျက် ပါးစပ်အဟောင်းသား ပွင့်သွားစေသည်။

သူ့ကို Nurseတစ်ဦးက မျက်နှာပေါ်ထိ ပိတ်ဖြူကို ဆွဲယူအုပ်ပစ်လိုက်တာ ဖြစ်လေသည်။ ဘုရား ... ဘုရား ... ဒီအဓိပ္ပာယ်ဟာ ...။ နန်းဆက်သည် အတုန်တုန်အလှုပ်လှုပ်နှင့်ပင် ဆရာမနားသို့ ပြေးကပ်လျက် ...

"ဆ ... ဆရာမ ... ဒါ ညက ကားတိုက်ခံရတဲ့ လူနာလားဟင်"

"ဟုတ်ပါတယ်။ လူနာ အိပ်စပိုင်ယာ ဖြစ်သွားပါပြီ"

"ရှင် ..."

နန်းဆက်သည် အံ့ဩလွန်းသဖြင့် တော်တော်နှင့် စကားမပြောနိုင်ချေ။ ဆရာမကတော့ ပိုက်တွေဖြုတ်ကာ လုပ်



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတာ လုပ်နေသည်။ နန်းဆက်မှာသာ အဲလောက်ကြီး မျှော်လင့်မထားသဖြင့် မလှုပ်မယှက်နှင့် ကြောင်တောင်တောင် ဖြစ်နေသည်။

မငြိမ်းက လက်တို့ခေါ်မှပင် သတိဝင်လာလျက် ...

"ဟို ... ညက လူနာ ဟုတ်ပါတယ်နော် ဆရာမ။ အဲ ... အဲဒီလောက်ကြီးဖြစ်မယ် မထင်လို့ပါ"

"ဟုတ်တယ်။ ပြင်ပမှာ ဒဏ်ရာပြင်းပြင်း မရှိပေမဲ့ ဦးဆက်အက်သွားတဲ့အတွက်ကြောင့် ဦးနှောက်ထဲ သွေးရောက်ပြီး ဆုံးတာပါ"

"သြော် ..."

နန်းဆက်သည် ဘယ်လို ခံစားချက်ကြီးမျိုးမှန်း မသိစွာဖြင့် သြော် တစ်လုံးသာ ပြောနိုင်လျက် တိတ်ဆိတ်စွာ လှည့်ထွက်လာမိသည်။ ရင်ထဲမှာတော့ အမှန်တကယ်ကို စိတ်မကောင်းပါ။

နံနက်ခင်းစာလေးတောင် စားမသွားရရှာပါလားဟု တွေးမိလျက် သနားစိတ်က ပျံ့နှံ့မိသည်။





ရင်ထဲမှာ နင့်နင့်ကြီး ဖြစ်လျက် အိမ်သို့ ဘယ်လို ပြန်ရောက်ခဲ့မှန်းတောင် မသိတော့။ အသင့်စောင့်နေဟန်တူသော အသွင်က ...

"ဟဲ့ ... နန်းဆက်၊ ဟိုတစ်ယောက်က ဘယ်လိုလဲ သတိရပြီလား"

"ဆုံးသွားပြီတဲ့ အသွင်"

"ဟယ် ... ဟုတ်လား။ ဒဏ်ရာလည်း အရမ်းမရဘဲနဲ့။ နင့်ကို ဘယ်သူ ပြောတာလဲ"

"သူ့ခုတင်ကို နန်းဆက်က တန်းသွားတာလေ၊ နန်းဆက်လည်း ရောက်ရော Nurseက သူ့ Bodyကို ပိတ်အုပ်နေပြီ၊ ပိုက်တွေ ဘာတွေ ဖြုတ်သိမ်းနေပြီ၊ ဒဏ်ရာကြီးကြီးမားမား ပြစရာမရှိပေမဲ့ ဦးခေါင်းခွံ အက်သွားတာတဲ့"

"သြော် ... ဖြစ်မှ ဖြစ်ရလေဟယ်။ သနားစရာ။ ဟဲ့ ... အဲဒါဘာလဲ"

"သူ့ဝေါလက်လေ။ မနေ့ညက သူ့ကို ကားထဲ ပွေ့ထည့်တော့ အိတ်ထဲက ထွက်ကျခဲ့တာ ရှိမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်က သူလည်း မရှိတော့ဘူးဆိုသော အသိဖြင့် ပိုင်ရှင်မဲ့ပမာ သဘောထားကာ သူ့အိတ်ကို ဖွင့်ကြည့်မိသည်။ တစ်ထောင်တန် ငွေစက္ကူများ၊ လိပ်စာကတ်တချို့၊ နောက် Note Book အသေးလေးတစ်ခု၊ ပြီးတော့ သူ့ရဲ့ကား လိုင်စင်။

"လိုင်စင်က အင်တာနေရှယ်နယ်လ် လိုင်စင်ပဲ အသွင်။ ဒီမှာ သူ့ရဲ့ Note Book ရဲ့ပထမဆုံး စာမျက်နှာမှာ သူ့ Profile ပါတယ်။ ဘာတဲ့ နာမည်က ကောင်းစွက်စိမ်း ဆိုပါလား။ အဖေ အမေ နာမည်တွေရော မွေးသက္ကရာဇ်ကလည်း နန်းဆက်ထက် တစ်နှစ်ပဲကြီးတယ် ...

ဒီမှာ သူ့ရဲ့ ပတ်စပို့ဓာတ်ပုံတစ်ပုံတောင် ပါသေးတယ်"

အသွင်သည် နန်းဆက် ကမ်းပေးလာသော အင်တာနေရှင်နယ်လ် လိုင်စင်လေးကို အပြန်ပြန် အလှန်လှန် ကြည့်ရှုရင်းမှ ယောက်ျားပီသသော ထိုကောင်လေးရဲ့ ရုပ်ရည်နှင့် ဖေသက်တင်ရဲ့ ရုပ်ရည်တို့ကို ဘာရယ်မဟုတ် နှိုင်းယှဉ်မိသည်။





မဦးမချုတ် နန်းဆက်နှင့်သာဆိုလျှင် အတော့်ကို ရှေ့သွားနောက်လိုက်ညီမည့် သူမျိုးပင်။ အခုတော့ ခမြာမှာ မိန်းမတောင် ရှိဟန်မတူဘဲ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားရရှာပြီ။

အင်း ... မိန်းမဆိုလို့ ...။ ဟာ ... ဟုတ်ပြီ။ ဒီအကြံ ခဆိုးဘူး။

ရွှေအသွင်သည် ဦးနှောက်ထဲ ဖျတ်ခနဲ ပေါ်လာသော အကြံအစည်ကို သဘောကျစွာဖြင့် လက်ဖျောက်တစ်ချက်တီးကာ နန်းဆက်ရဲ့ လက်မောင်းကိုလည်း တဖျပ်ဖျပ် ရိုက်မိသည်။

"အား လား လား ... ဘာလဲဟ အသွင်ရ"

"ငါ အကြံရပြီ နန်းဆက်။ မေမေ့ကို နင့်မှာ ချစ်သူရှိတယ်လို့ လိမ်ထားတာ မဟုတ်လား။ အဲဒီ ချစ်သူကို ဒီကောင်လေး လုပ်လိုက်ပေါ့။ မေ့ဥ လုံးဝ ပေးစားလို့ မရတော့အောင် နှစ်ဦးသဘောတူ လက်ထပ်ပြီးကြောင်း ကြော်ငြာလိုက်၊ မကောင်းဘူးလား"

"အာ ... အသွင်ကလည်း နောက်ကျ မဟုတ်ရင်ကော"

www.burmeseclassic.com



"ဟာ ... နောက်ကိစ္စကို ထည့်မတွေးနဲ့ဟာ၊ အခုလောလော ဆယ် နင် ဖေသက်တင်နဲ့ မယူရဖို့ အရေးကြီးနေတယ် မဟုတ်လား ...

ဖေသက်တင်က လူပါ။ သူ့ကို ဘယ်နည်းနဲ့မှ လှည့်လို့ရမှာ မဟုတ်ဘူး။ တစ်နည်းပဲ ရှိတယ်။ နင် စဉ်းစား။ နင့်အတွက် ပြောနေတာ"

နန်းဆက်သည် တွေတွေကလေး ငေးကာ စဉ်းစား မိသည်။ အဲဒီလို လုပ်လိုက်လျှင်တော့ လတ်တလော ပြဿနာ ငြိမ်းအေးသွားနိုင်သည်။ ပြီးတော့ ထိုသူတစ်ယောက်ဟာလည်း လောကကြီးထဲမှာ ရှိတော့တာမဟုတ်။ နောက်ပြဿနာ နောက်မှ ရှင်းတော့မည်။ အခုလောလောဆယ် ဖေသက်တင်ရဲ့ လက်ကသာ လွတ်ဖို့ အရေးကြီးလေသည်။

"အဲဒီအကြံမဆိုးဘူး အသွင်။ ဒါဆို ဘယ်တော့လောက် အကောင်အထည်ဖော်မလဲ"

"အကောင်အထည်ကတော့ မြန်မြန်ဖော်လေ ကောင်းလေ ပဲ။ ရန်ကုန်မှာ ငါ့သူငယ်ချင်း ရှိတယ်၊ သူ့ဆီကို ဖုန်း





ဆက်ပြီး သတင်းစာထဲ ကြော်ငြာ ထည့်ခိုင်းလိုက်မယ်။ ငါတို့ လက်ထပ်စာချုပ် အင်တစ်ခုတော့ လုပ်ထားဖို့ လိုမယ်နော်"

"အင်းပါ ... အင်းပါ။ ကဲ ... စာအကြမ်းစီရအောင်"

ထို့နောက် နန်းဆက်နှင့် အသွင်တို့ နှစ်ဦးသည် ကော်ဖောပေါ်မှာတင် ထိုင်ချလျက် စာရွက်တစ်ရွက်ဖြင့် အလုပ်ရှုပ် တော့သည်။

ဦးနှောက်နှစ်လုံးပေါင်း၍ စာစီပြီးလျှင် ကိုယ်စီထား သော စာကို ကိုယ့်ဟာကိုယ် ပြန်ဖတ်ကာ တဟီးဟီး တဟားဟား နှင့် ပွဲကျလျက် ရှိသည်မှာ အပူသောကတွေပင် ပျောက်သွား တဲ့အထိ ဖြစ်လေသည်။

"လက်ထပ်ပြီးစီးကြောင်း ကြော်ငြာခြင်းတဲ့။ ဟာ ဟ ... မိုက်တယ်၊ အဲဒါလည်း ယကြာချေနည်း သိလား နန်းဆက်"

"ဟုတ်တယ် ... ဟုတ်တယ်။ ကျိန်းကြေသွားပြီပေါ့။ နန်းဆက် ယောကျ်ားယူစရာ မလိုတော့ဘူး။ ပျော်လိုက် တာ"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် အတွေးနဲ့တင် ပျော်လွန်းသဖြင့် ထ၍ ဒန့်စ်ကလိုက်သေး၏။

ဖေသက်တင် ဆိုသော ပြတ္တာနဲ့ အပြီး ဝေးရချေပြီ။

"ငါမပြောဘူးလား နန်းဆက်ရဲ့။ လူမစွမ်းရင် နတ်မပါတယ်လို့။ ငါတို့ရဲ့ ကံကြမ္မာပဲ။ ဟိုတစ်ယောက်ကို စေတနာထားပြီး ဆေးရုံပို့ပေးမိတာကိုက နင့်အတွက် ကံကောင်းဖို့ ဖြစ်လာတာ"

နန်းဆက်သည် ပြုံးရယ်နေရာမှာ အသွင့် စကားကြောင့် ဖျတ်ခနဲတော့ ငြိမ်သွားရသည်။ စိတ်ထဲမှာ အီလည်လည်ကြီးပင်။

သေသွားသော လူတစ်ယောက်အပေါ် အလွဲသုံးစားလုပ်ရာရောက်သော်လည်း မတတ်နိုင်တော့။

ခွင့်လွှတ်ပါ ဝိညာဉ်ရွက်စိမ်းရယ် ...။ ရှင့်အတွက် ကုသိုလ်တွေ လုပ်ပေးပါ့မယ်။ ရှင်က သေသည့်တိုင်အောင်





ကျွန်မအပေါ် ကူညီတဲ့သူလို့လည်း အမြဲတမ်း မှတ်တမ်းတင်ထားပါ့မယ်။

ဒီလိုလေး တောင်းပန်လိုက်တော့လည်း ပြန်လည် ...ပါးသွားခဲ့ပြန်ပါသည်။

❦ ✱ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ကန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





၅

မမျှော်လင့်ဘဲနှင့် ပြင်ဦးလွင်မှာ ဆယ့်ငါးရက်ခန့် ကြာသွားခဲ့သည်။ ပြင်ဦးလွင်၏ အေးသောရာသီဥတုကြောင့် တဆစ်ဆစ် ကိုက်ကာ အဖျားလည်း ဝင်သေးသဖြင့် အတော့်ကို





နုံးချည့်ပန်းခွေသွားခဲ့ရသည်။ သူ့ရဲ့ မန်နေဂျာနှင့် ဝန်ထမ်းတွေကလည်း နေကောင်းမှ၊ သက်သာမှ ပြန်ပါဟု အကြိမ်ကြိမ် တားသောကြောင့် သူ မပြန်ဖြစ်ခဲ့။ ဦးသစ်ထံကိုတော့ အလုပ်နည်းနည်းရှိတယ်ဟုပဲ ဖုန်းဆက်ထားကာ ကားတိုက်မှုကိစ္စကိုတော့ ထည့်မပြောတော့။

အံ့ဩစရာကောင်းသည်မှာ မဟေသီထံ ဖုန်းဆက်ဖို့ကို သူ လုံးဝ မေ့လျော့နေခဲ့ခြင်းပင် ဖြစ်လေသည်။ မတတ်နိုင်တော့။ တွေ့မှပဲ အကြောင်းစုံပြောပြကာ ရှင်းရပေတော့မည်။ အခုတော့ သူဟာ ရန်ကုန်မြေကို ပြန်လည်ခြေချခဲ့ပြီ ဖြစ်ပါသည်။

Surpriseဖြစ်အောင်ဟူသော ရည်ရွယ်ချက်ဖြင့် သူက ဦးသစ်ကိုတောင် လာမကြိုခိုင်းတော့။ သူ့ဘာသာပင် Taxi ငှားကာ အိမ်သို့ ရောက်လာသည်။ ဧည့်ခန်းထဲ၌ ဦးသစ်ကို အဆင်သင့် တွေ့ရလျှင် ...

"Hi ဦးသစ်။ ကျွန်တော့်ကို တော်တော်လွမ်းလို့ အပြင်တောင် မထွက်ဘဲ ငေါင်နေပြီလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



သူက ဝမ်းသာအားရဖြင့် ဦးသစ် အနားသို့ လျှောက်သွားသော်လည်း ဦးသစ်က သူ့ကို မျှော်လင့်ထားသလို ဝမ်းပန်းတသာဖြင့် ကြိုဆိုမနေပါ။ သူ့ကိုသာ မျက်မှောင်ကုတ်ကြည့်လျက် ...

"မင်း ဒီကို ပြန်လာရဲသေးတယ်နော် ရွက်စိမ်း"

"သိပ်တော့ မလာရဲဘူး။ အခုတလော ကံက သိပ်မကောင်းလို့ လေယာဉ်စီးတာတောင် တစ်လမ်းလုံး သမ္ဗုဒ္ဓေ ရွတ်လာရတာ"

ဦးသစ်က သူ့ကို ခပ်မဲ့မဲ့ နှုတ်ခမ်းများဖြင့် ...

"မင်းကိုတော့ ငါ ရေလည်လက်လန်တယ်ကွာ။ မင်း အေးအေးနေနိုင်တာကို ငါ ချီးကျူးပါတယ်။ ဒါပေမဲ့ ငါတို့ အမျိုးထဲမှာ အကျင့်ယုတ်တဲ့ကောင်မျိုးတော့ ဘယ်တုန်းကမှ မရှိခဲ့ဖူးကွ ...

ကိုကိုကြီးသာ ရှိရင် မင်းကြောင့် နှင်ခါပြန်သေရမဲ့ အပေါက်မျိုးပဲ"





ဦးသစ် ပြောနေပုံက နောက်နေတာ မဟုတ်တော့ချေ။ တကယ့်ကို ခံစားချက်ပါသော မျက်လုံးမျိုးတွေဖြင့် ဖြစ်သည်။ သူ့ကို ကြည့်သော မျက်လုံးများမှာ ဒေါရိပ်ဖြင့် တလက်လက် စူးရှနေသည်။

ဘာတွေတုံး ...။ သူ ဘာမှကို နားမလည်ချေ။

"ဦးသစ် ဘာတွေပြောနေတာလဲ။ ဦးသစ် ပြောတာတွေ ကျွန်တော် ဘာမှ နားမလည်ဘူး။ နေပါဦး။ ကျွန်တော်က ဘာတွေ အကျင့်ယုတ်လို့လဲ၊ သေချာလင်းစမ်းပါဦးဗျာ"

"ဟော့ကောင် ... မင်းကိုယ်မင်း ရုပ်ရှင်မင်းသားများ မှတ်နေလား။ ဘာမှ အိုက်တင်လာကောင်းပြမနေနဲ့။ အစတည်းက မင်းမှာ ရည်းစားရှိတယ်၊ သူနဲ့ပဲ ယူမယ်ဆိုရင်လည်း ဘာလို့ မဟေသီကို စေ့စပ်ခဲ့သေးလဲ ...

ဘာလဲ ... မင်းက ကိုကိုကြီး မရှိတော့ဘူးဆိုတာနဲ့ လုပ်ချင်ရာ လုပ်တော့မယ် ဘယ်သူ့မှ ဂရုမစိုက်ဘူးဆိုတဲ့ အချိုးနဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... စိတ်မပျက်တော့ ရေလည်ပျက်ပြားချင်နေပြီ။ ဦးသစ် ပြောတာတွေ အကုန်လုံး တစ်ခုမှကို နားမလည်ဘူးဗျာ ...

ဘာတွေ ပြောမှန်းကို မသိဘူး"

"မင်းက ခုချိန်ထိကို လေက မလျှော့ချင်သေးဘူးကိုး။ ရော့ ... အဲဒါ ဘာလဲ"

ဦးသစ်က သတင်းစာတစ်စောင်ကို ခေါက်ကာ သူ့ရင်ဘတ်တည့်တည့်သို့ ပစ်ပေါက်ပေးလေသည်။ သူသည် ခရီးရောက်မဆိုက်မှာပဲ အပြတ်အသတ် နှိပ်ကွပ်ခြင်းခံနေရသော်လည်း ဒေါသထွက်ဖို့ကို သတိမရအားသေး။ ဘာဖြစ်မှန်း မသိသော အခြေအနေတစ်ခုအပေါ်မှာသာ အာရုံဝင်စား၍ နေသည်။

"ဒါ သတင်းစာကြီးပဲဗျ။ ကျွတ် ... ဦးသစ်ရာ... ဝေ့မနေစမ်းပါနဲ့၊ ပြောစရာရှိရင်လည်း တည့်တည့်ပဲ ပြောပစ်စမ်းပါ"

ဦးသစ်က သူ့ကို လာသေးတယ်ဟူသော အကြည့်မျိုးဖြင့် ကြည့်လေသည်။





"ဟော့ကောင် ... အဲဒီထဲက ကြော်ငြာစာမျက်နှာမှာ မင်းရဲ့ လက်ထပ်ပြီးစီးခြင်းကို ဖတ်ကွ။ နားလည်လား။ အူကြောင်ကြောင် လာလုပ်မနေနဲ့"

သူက ဇဝေဇဝါနှင့်ပင် ကြော်ငြာစာမျက်နှာတွေကို ကပျာကယာ လှန်လှောရှာဖွေလိုက်သည်။ သူ့ရဲ့ လက်ထပ်ပြီးစီးခြင်းကြော်ငြာတဲ့။ သူသည် အံ့သြခြင်းကြီးစွာနှင့် ဘယ်လိုမှ မတွေးတတ်ဘဲ ထိုကြော်ငြာကို ကြောင်ကာ ကြည့်နေမိသည်။

**လက်ထပ်ပြီးစီးကြောင်း ကြော်ငြာခြင်း**

ကျွန်တော် မောင်ကောင်းရွက်စိမ်း အမျိုးသားမှတ်တင်ပုံအမှတ် (......)

နှင့်

ကျွန်မ မရွှေနန်းဆက် အမျိုးသားမှတ်ပုံတင်အမှတ် (......)တို့သည် ၁၈-၃-၂၀၀၇ ရက်နေ့တွင် နှစ်ဦးသဘောတူ လက်မှတ်ရေးထိုးကာ လက်ထပ်ပြီးပြီ ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ကောင်းရွက်စိမ်း + ရွှေနန်းဆက်
သီရိရိပ်သာခြံ၊ ပြင်ဦးလွင်မြို့



www.burmeseclassic.com

www.burmeseclassic.com



သူသည် သတင်းစာကို ဖတ်ပြီးသောအခါ အကြီးအကျယ်ပင် တုန်လှုပ်ချောက်ချားသွားလေသည်။ ရွှေနန်းဆက်ဆိုသောမိန်းမကို သူ ဘယ်တုန်းကမှ မသိခဲ့ချေ။ ကြားတောင်မကြားဘူးခဲ့။ အလွန်တစ်ရာ အံ့ဩဖွယ်ကောင်းသောဖြစ်ရပ်ပဲဖြစ်လေသည်။

"ဟာ ... မဟုတ်ဘူး ဦးသစ်။ အဲဒါ ကျွန်တော် မဟုတ်ဘူး။ ရွှေနန်းဆက်ဆိုတာလည်း ကျွန်တော် မသိဘူး ... တစ်ခုခုတော့ မှားနေပြီ။ မဖြစ်နိုင်ဘူး"

"ဟ ... မင်းက တော်တော်ခက်ပါလား။ မင်းနဲ့ ငါနဲ့ သားအဖလည်း မဟုတ်ဘူး ရွက်စိမ်း။ မင်းလည်း အရွယ်ရောက်နေတဲ့ ယောကျ်ားတစ်ယောက်ပဲ ...

မင်း ဘဝကို မင်းဘာသာ ဆုံးဖြတ်ခွင့်ရှိတယ်။ ဟုတ်တ်ရင် ဟုတ်တယ်ပေါ့ကွာ။ ဘာကိစ္စ လာငြင်းနေတာလဲ။ မင်းရဲ့ မှတ်ပုံတင်နံပါတ်ကြီးတောင် အတိအကျ ပါနေတဲ့ဟာပဲ ...





မိန်းကလေးရဲ့ နေရပ်လိပ်စာလည်းပါတယ်။ မဟုတ်ဘဲနဲ့ ဘယ်မိန်းကလေး တစ်ယောက်က ဒါမျိုး လုပ်မှာလဲ"

သူ ဘာမှ မစဉ်းစားတတ်တော့ချေ။ သေချာတာကတော့ သူဟာ ရွှေနန်းဆက်ဆိုတာကိုလည်း မသိ။ လက်ထပ်ဖို့ဆိုတာတော့ ဝေးပင်။ သို့သော် လက်ထပ်ပြီးစီးခြင်း အကြောင်းကတိုင်းသိပြည်သိပင် သတင်းစာထဲ၌ ပါလာခဲ့သည်ကတော့ အတော်ထိတ်လန့်စရာကောင်းပါသည်။

သူက မဟေသီကို သတိရသွားလျှင် ဦးနှောက်တစ်ခုလုံး ပွင့်ထွက်သွားသလိုလို ခံစားလိုက်ရသည်။ ဘုရား ... ဘုရား ... ဘာတွေ ဖြစ်ကုန်ပြီလဲ။ ဒီလိုကြီးတော့ မဖြစ်သင့်ဘူးလေ။ သူဟာ မဟေသီကို နောက်နှစ်လလောက်အကြာမှာ လက်ထပ်ရတော့မည့် ယောကျ်ားတစ်ဦးဖြစ်သည်။ မဖြစ်သေးပါဘူး။ ဒီအမှားအယွင်းကိစ္စကြီးကို ... သေချာစွာရှင်းမှ ဖြစ်တော့မည်။

"မဟုတ်ဘူး ဦးသစ်။ ကျွန်တော် ပြောတာလေးကို သေချာ နားထောင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ထက် အရေးကြီးတာက မဟေသီကွ။ မင်း လက်ထပ်ပြီးစီးတာ ဆယ့်ရှစ်ရက်နေ့က၊ အခု ပေရယ်လ် တစ်ရက်နေ့တောင် ရောက်နေပြီ ...

ဘာစိတ်ကူးနဲ့ လာရှင်းချင်နေရတာလဲ။ အေး ... ကိုယ့်အပြစ်ကိုယ် ဟောင်းပန်ချင်ရင်လည်း မဟေသီ့ထံကို သာ ကြွတော့"

"ကျွတ် ... ကံကတော့ အတော့်ကို ဆိုးနေပါပြီဗျာ"

သူက စိတ်တိုတိုနှင့် ရေရွတ်ကာ ခရီးရောက်မဆိုက်ပင် ဂိုဒေါင်ထဲက ကားကို ထုတ်လျက် မဟေသီတို့အိမ်သို့ ထွက်လာခဲ့သည်။ သူ့ မျက်လုံးထဲတွင် သတင်းစာထဲမှ ကြော်ငြာကို မျက်လုံးထဲမှ ထွက်ကိုမထွက်ချေ။

သူ့အပေါ်တွင် နားမည်မှု အရှိဆုံး၊ သံယောဇဉ် အရှိဆုံး ဦးသစ်ကတောင် ဒီလိုဖြစ်နေလျှင် မဟေသီဘက်ကိုတော့ သိပ်မျှော်လျှင့်ချက်ထား၍ မရတော့။

ထင်သည့်အတိုင်းပင်။ မဟေသီသည် သူ့ကို မြင်လျှင် သရဲတဘက်တစ်ကောင်အား မြင်သည့်အလား မျက်လုံးအစုံမှာ ပြူးကျယ်ထိတ်လန့်သွားသည်။ ပြီးလျှင် ...





"ရှင် ... ရှင် ဘာလာလုပ်တာလဲ ကောင်းရွက်စိမ်း။ ရှင် အတော်ယုတ်မာတဲ့သူ။ နှမချင်း စာနာစိတ် မရှိဘူး။ ရှင် ဒီအိမ်ကို လာစရာအကြောင်း ဘာမှ မရှိဘူး။ ရှင် ထွက်သွား ... ထွက်သွား"

မဟေသီရဲ့ အာခေါင်ခြစ်အော်သော အသံကြောင့် သူမရဲ့ မိဘတွေပါ ရောက်လာကြသည်။ အရင်တုန်းက ရွှန်းရွှန်းဝေကြိုဆိုဖူးခဲ့ကြသော ယောကက္ခမကြီးများသည် အခုတော့ အသေကိုနှာချင်နေသည့် ဒီဇိုင်းများဖြင့်။

ယောက္ခထီးကြီးကတော့ လက်သီးလက်မောင်း တန်းလျက် ရှေ့သို့ တိုးလာကာ ...

"ဟေ့ကောင် ... မင်း ဘာကိစ္စနဲ့ ဒီအိမ်ကို လာရတာလဲ။ မင်း တော်တော် မျက်နှာပြောင်တဲ့ ကောင်ပါလားကွ ... တောက် ...

ငါ လုပ်လိုက်ရ သေတော့မယ်။ ထွက်သွားစမ်း ဟေ့ကောင်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ တစ်သက်နဲ့ တစ်ကိုယ်၌ ဘယ်တုန်းကမှ
ဒီလိုမိုက်မိုက်ရိုင်းရိုင်း အပြောခံရတာမျိုး မရှိခဲ့ချေ။ ဒီလိုအပြော
ခံရခြင်းအတွက် သူ့ရင်ထဲ၌ အောင့်မျက်သွားခဲ့သော်လည်း သူ့ဘက်
က မှားသည့် အခြေအနေကြောင့် အပြောခံရရုံကလွဲ၍ တခြား
ဘာမှ မရှိပေ။

"Sorry ပါ အန်ကယ်။ ကျွန်တော် ရှင်းပြပါရစေ။ ဒီကိစ္စ
ကို ကျွန်တော် လုံးဝမသိပါဘူး အန်ကယ်။ အဲဒီ ရွှေနန်း
ဆက် ဆိုတဲ့ ..."

"ဟေ့ကောင် ... ဘာမှ အပိုတွေ လျှောက်ပြောမနေနဲ့
ငါတို့ကို ဒီလို မလိမ့်တစ်ပတ် လုပ်လို့ရမယ် ထင်လား
ကံကောင်းလို့ပေါ့ကွာ။ မင်းရုပ်ရည်၊ မင်းအခြေအနေနဲ့
ဒီလိုမျိုး လုပ်လိမ့်မယ်လို့ ထင်မထားဘူး။ မင်းကြောင့်
ငါတို့မိသားစု ဘယ်လောက်အရှက်ရရသလဲကွ၊ ဟင်း ...
မင်းကြောင့် ငါ့သမီး ဘယ်လောက် သိက္ခာကျရသလဲ"

"ဟုတ်ကဲ့ပါ အန်ကယ်။ ကျွန်တော် အထူးတောင်းပန်ပါ
တယ်ဗျာ။ ဒီကိစ္စကို ပြေလည်အောင် ဖြေရှင်းပေးမှာပါ"





"ဘာကွယ့် ... မင်းက ငါ့သမီးကိုပါ ထပ်ယူပြီး တောင်
နန်းစံ၊ မြောက်နန်းစံ ထားဦးမလို့လား။ ရှိကြီးခိုးပါရဲ့
ရွက်စိမ်းရယ်။ ငါတို့ကို ဒုက္ခမပေးပါနဲ့တော့။ မင်းနဲ့
စေ့စပ်ကြောင်းလမ်းတာကိုလည်း ဖျက်သိမ်းဖို့ စိစဉ်ပြီး
ပါပြီ ...

မင်း သွားပါတော့ကွယ်။ ပြန်ပါတော့"

အဘွားကြီးကပါ မျက်ရည်ဝဲလျက် အသံတုန်တုန်
ဖြင့် ပြောလျှင် သူက စိတ်ပျက်စွာဖြင့် ခေါင်းကို ခါယမ်းမိသည်။
ဆင်ထားတာထက်ပင် အခြေအနေတွေက ရှုပ်ထွေးကာ ဘယ်လို
မှ ရှင်းမရနိုင်တော့ချေ။

မဟေသီကတော့ အံကို တင်းတင်းကြိတ်လျက်
သူ့ကို စားတော့ဝါးတော့မလို ကြည့်ကာ ...

"ရှင့်ကို ဒီတစ်သက် ဘယ်တော့မှ မကြေဘူး ကောင်းရွက်
စိမ်း။ ကျွန်မ သိက္ခာကို နင်းခြေတဲ့လူ။ အင်မတန် မိုက်
ရိုင်းတဲ့လူ။ ရှင် ဘယ်လိုပဲ တောင်းပန်ပါစေ လှည့်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



မယ် မထင်နဲ့။ ရှင့် မျက်နှာကို ဒီတစ်သက် ဘယ်တော့မှ မမြင်ချင်ဘူး။ နားလည်လား ...

ဘယ်တော့မှ လာမပတ်သက်နဲ့ ထွက်သွားတော့"

သူသည် ဘယ်လိုမှ ပြောမရတော့သည့် အဆုံးတွင် နာကြည်းစွာဖြင့် အံကို တင်းတင်းကြိတ်လျက် ချာခနဲ လှည့်ထွက်၍ လာခဲ့လေသည်။

ကားမောင်းနေရင်းမှနေ၍ တွေးဝေလေလေ ဒေါသတွေက ဆူပွက်၍ လာလေလေပဲဖြစ်၏။ အဖြစ်သနစ်ကို သူ ဘယ်လိုမှလိုက်မမီချေ။ ဘယ်လိုမှ စဉ်းစားလို့ကို မရ။

သူ့ကို ကောင်းကောင်းကြီး မွေ့သွားသော ရွှေနှန်းဆက်ဆိုသည့် မိန်းမကိုသာ အမုန်းချေချင်စိတ် ပေါ်လာခဲ့သည်။ ဒီပြဿနာကို ဖြေရှင်းပေးနိုင်တာ ထိုမိန်းမပဲရှိသည်။ သူမဘာကြောင့် ဒီမျှ လက်လွှတ်စပယ် လုပ်ရသနည်း။

အခုချိန်မှာတော့ သူ့အဖို့ရာ သူမနှင့် တွေ့ဖို့သာ အရေးကြီးနေတော့သည်။





ရန်ကုန်မှာ သူ့အတွက် ဘာကဏ္ဍမှာ မရှိတော့။ သူသည် နောက်တစ်နေ့ နံနက်မှာတော့ ယူစရာရှိသည့် ပစ္စည်းအားလုံးကို ယူကာ ကားကို ကိုယ်တိုင်မောင်းလျက် ပြင်ဦးလွင်သို့ ချက်ချင်းပင် ပြန်ထွက်ခဲ့တော့၏။

ရွှေနှန်းဆက်ဆိုတဲ့ အမိရေ ... ထမင်းကို အဝသာစားထားပေတော့။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မြှော်လင့်မထားပါဘဲနှင့် နန်းဆက်တို့၏ လုပ်ရပ်သည် အောင်မြင်ထိရောက်သွားသည်ဟု ပြောချ်ရလေသည်။ သတင်းစာထဲမှာ ကြော်ငြာပါလာပြီးနောက် မေဥသည် နန်းဆက်ထံ ချက်ချင်း ဖုန်းဆက်လာသည်။ ဆူပူလိုက်သည်မှာ ပြောစရာမရှိတော့။ သို့သော် ဖေသက်တင်ရဲ့ အန္တရာယ်ကတော့ ကင်းဝေးသွားပြီဖြစ်သည်။





ဖေသက်တင်ရဲ့ အန္တရာယ်ကင်းဝေးသွားသော်လည်း နောက်ထပ် အန္တရာယ်တစ်ခုက ကောင်းရွက်စိမ်းကို သူကိုယ်တိုင် လာကြည့်မည်ဟု ဆိုခြင်းပင်။ နန်းဆက်က ကောင်းရွက်စိမ်းသည် အလုပ်ကိစ္စဖြင့် နိုင်ငံခြားသို့ ခရီးပြန်တွက်သွားသည်ဟု ပြောထားလေသည်။

"အဲဒါမှ ပြဿနာပဲ အသွင်။ မေဥက လာကြည့်ဦးမယ်တဲ့၊ ပြီးရင် မင်္ဂလာဆောင်ပေးဦးမှာတဲ့"

"ဘာဖြစ်လဲ။ ဒါတွေ ကြိုတွေးပြီးသားပဲဟာ။ လာတော့လည်း သူ ဆုံးသွားပြီပေါ့ဟာ။ မယုံရင် ဆေးရုံ သွားမေးလိမ့်မယ်ပေါ့"

"အသွင်ကတော့ ဘာမဆို လွယ်နေတာပဲ"

"ဟဲ့ ... မှတ်ထား။ မလွယ်တဲ့ကိစ္စတွေကို ခက်ခက်ခဲခဲ လိုက်တွေးမနေနဲ့၊ မလွယ်ရင် လွယ်အောင် တွေးလိုက်။ အဲဒါဆို လွယ်သွားလိမ့်မယ်"

"မှတ်သားစရာကြီးပါလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ ငါကတော့ ဘာကိုမှ သိပ် Serious မဖြစ်ဘူး။ လူ့ဘဝနေရ အနှစ်ခြောက်ဆယ်ပေါ့ဟာ။ ဒါတောင် သက်တမ်းစေ့ တွက်တာနော်၊ ဟိုကောင်လေးလို အချိန်မတိုင်ခင် ရှောသွားတော့ရော ဘာတတ်နိုင်မှာလဲ ...

ဒါကြောင့် လူ့ဘဝကို ရောက်တုန်း စိတ်ချမ်းသာအောင်နေ။ ဘယ်သူ့ကိုမှ ဒုက္ခမပေးနဲ့"

"သေချာလို့လားဗျာ။ ခင်ဗျားတို့ ဘယ်သူ့ကိုမှ ဒုက္ခမပေးဘူးဆိုတာ တကယ် သေချာလား ...

ခင်ဗျားတို့ နှစ်ယောက်ထဲက ရွှေနန်းဆက် ဆိုတာ ဘယ်သူလဲ"

အဲဒီအသံက နန်းဆက်တို့ရဲ့ နောက်ပါးဆီမှ တံခါးပေါက်အနားမှ ထွက်ပေါ်လာသော အသံပဲဖြစ်ပါသည်။ နန်းဆက်နဲ့ အသွင်သည် ထိုအသံကြောင့် စိတ်ဝင်တစားဖြင့် ခေါင်းတွေပြိုင်တူ လှည့်ကြည့်မိကြသည်။ ပြီးလျှင် အသီးသီး မတ်တတ်ထရပ်ကာ ယဉ်ကျေးမှုအရ ညှိသည်လူချောကို ပြုံးပြနှုတ်ဆက်လေသည်။





နှစ်ယောက်စလုံး တွေးသည်မှာ သူ့ကို မြင်ဖူးပါဘယ် ဟူ၍ပင်။ ဘယ်မှာလဲ ?။ အဖြေရသွားလျှင် နန်းဆက်တို့နှစ်ယောက်သည် တစ်ယောက်မျက်နှာ တစ်ယောက်ပြိုင်တူ ကြည့်မိကာ အားခနဲ ဟူသော အသံကြီးကို အာခေါင်ကွဲမတတ် ကုန်းအော်မိကြလေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





၆

“အား”

အမျိုးသမီးနှစ်ယောက်၏ အားခနဲ အော်သံကြီးသည် ဒေါသကို မောင်းတင်လာသော သူ့ကိုပင် ဆတ်ခနဲ တုန်သွားစေ





လေသည်။ နှစ်ယောက်သား အချင်းချင်း ဖက်လျက် မျက်လုံးတွေ စုံမှိတ်အော်နေသော မိန်းမနှစ်ယောက်ကို ကြည့်ကာ သူပင် အူကြောင်ကြောင် ဖြစ်လာရသည်အထိပင်။

“ဒီမှာ ... ခင်ဗျားတို့ ဘာအရူးထနေတာလဲဗျ။ ကျုပ် မေးတာကို ပြောစမ်းပါ။ ရွှေနန်းဆက်ဆိုတာ ဘယ်သူလဲ”

သူက သူ့ကို သရဲတစ်ကောင်အလား ကြောက်ရွံ့ ထိတ်လန့်စွာ ကြည့်နေသည့် မိန်းမနှစ်ယောက်ကို အကဲခတ်၍ မေးလိုက်၏။

တစ်ယောက်က ဆံပင်ရှည်ရှည်နှင့် အသက်သုံးဆယ်ခန့်ရှိမည့် မိန်းမတစ်ဦးဖြစ်ကာ နောက်တစ်ယောက်ကတော့ ရွှေနှံ့လိမ်နေသော ဆံနွယ်တွေနှင့် သူနဲ့ မတိမ်းမယိမ်း ရှိလောက်မည့် မိန်းမတစ်ဦးဖြစ်သည်။

အင်း ... ဆံပင်အလိပ်တွေနှင့် ဂျင်းနံဘောင်းဘီ အကျပ် ဝတ်ထားသော ကောင်မလေးဟာ ရွှေနန်းဆက်ဆိုတာ ဖြစ်ဖို့များသည်။ သူ ထင်သည့်အတိုင်းပင်။ ထိုမိန်းကလေးက ဘေးက တစ်ယောက်ကို မဝံ့မရဲနှင့် ပြောသည်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



"အ ... အသွင် ... သူ ... သူ မကျေနပ်လို့ လာခြောက်တာလား မသိဘူးနော်။ အီး ... လုပ်ပါဦး အသွင်။ သူနန်းဆက်ကို မေးနေတယ်"

"ဪ ... နန်းဆက်ဆိုတာ မင်းပေါ့။ ဟုတ်လား"

"ဟုတ် ... ဟို ... ဟို ... ကျွန်မ တောင်းပန်ပါတယ်သရဲရယ်။ ဟိုလေ ... ကျွန်မတို့ မလွဲသာလို့ ရှင့်နာမည်ကို သုံးလိုက်ရတာပါ ...

ကျွန်မတို့ကို မခြောက်ပါနဲ့ရှင်။ အမျှ ပေးပါတယ်။ နော် ... ရှင် ကောင်းရာဘုံဘဝ ရောက်ပါစေ"

မိန်းကလေးက မျက်လုံးမဖွင့်တဖွင့်နှင့် ပြောနေတာဖြစ်သည်။

သူ့ကိုလည်း သရဲတဲ့။ ကောင်းရာမွန်ရာ ဘဝကိုရောက်ပါစေတဲ့။ ဘာ ... ဘာတွေလဲ။ သူ တော်တော်ကို ရှုးချင်လာလေသည်။

"ဟိတ် ... ဒီမှာ ... မျက်လုံးဖွင့်စမ်း။ ငါ့ကို သေချာကြည့်စမ်း။ ငါ သရဲ မဟုတ်ဘူးကွ"





"အာ ... ပြောကာမှ ပိုခြောက်နေပြန်ပြီ။ အသွင် ... အသွင် လုပ်ပါဦး"

"ရှင် တကယ်လူလား။ ဒါမှမဟုတ် လူဟန်ဆောင်ထားတဲ့ သရဲလား"

"ကျွတ် ! ဘာတွေ ပြောနေတာလဲ။ မယုံရင် ကျုပ်အသားကို လာထိကြည့်ဗျာ။ လူမှ လူအစစ်။ ဘာသရဲမှ မဟုတ်ဘူး ...

ခင်ဗျားတို့ အလွဲကြီး လွဲနေကြတာဗျ။ သိလား"

သူ့ရဲ့ ခပ်မာမာ အော်သံကြောင့် မိန်းမနှစ်ယောက်စလုံးက နည်းနည်းတော့ ငြိမ်သက်သွားသလို ရှိသည်။ သို့သော် မယုံသင်္ကာဟန်တော့ ရှိတုန်း။

"ရှင် ... ရှင်က ကျွန်မတို့ ခြံရှေ့မှာ ကားတိုက်ခံရတဲ့ ကောင်းရွက်စိမ်း မဟုတ်လား"

"ဟုတ်တယ်။ ကျုပ် ကောင်းရွက်စိမ်း။ မင်း ဒုက္ခပေးခဲ့တဲ့ ကောင်းရွက်စိမ်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အဲဒါဆို ရှင်က သေပြီ မဟုတ်လား။ ကျွန်မ နောက်တစ်နေ့ ဆေးရုံကို သွားမေးတော့ ရှင် ... ရှင် ဆုံးသွားပြီတဲ့။ နာ့စ်က ပြောတယ်"

"ကျွတ် ... မင်းတို့ မိန်းမတွေ အဲဒါ စိတ်ပျက်ဖို့ကောင်းတာပဲ။ ငါ ဆေးရုံကို ရောက်ခဲ့ပြီးပြီ။ မင်း မေးတဲ့ နာ့စ်နဲ့ ငါ့ကို ကြည့်တဲ့ နာ့စ်နဲ့ မတူဘူး။ ပြီးတော့ အဲဒီညက ငါ့နောက်မှ ရောက်လာတဲ့ ဆိုင်ကယ်လ်မှောက်တဲ့ ကောင်လေးကမှ တကယ် သေသွားခဲ့တာ ...

ငါ ဆင်းသွားလို့ ငါ့ခုတင်မှာ ရွှေ့ထားတာ ဖြစ်မှာပဲ။ မင်း ရောက်လာတော့ ဒါ ကောင်းရွက်စိမ်းလား လို့ နာ့စ်ကို မင်း မေးမိလို့လား"

"ဟင့်အင်း"

"အေး ... ကောင်းရောပေါ့ကွာ။ မင်း လုပ်ချင်ရာတွေ လုပ်လိုက်တာပေါ့ ဟုတ်လား။ ဒီမှာ မိန်းကလေး မင်း ဘာကြောင့် ငါ့ကို ဒုက္ခပေးရတာလဲဟင် ?။ မင်းနဲ့ ငါနဲ့





ကြားမှာ ဘာရန်ငြိုးရန်စတွေများ ရှိခဲ့ဖူးလို့လဲ။ မင်းလုပ်ပုံက ငါ့ဘဝကို စုတ်ပြတ်သွားစေတယ်"

သူ့ပြောကြောင်း သူမက ချက်ချင်းလိုပင် နှုတ်ခမ်းထော်သွားလေသည်။ အခုနက သရဲမှတ်၍ သေးထွက်တော့မည့် ရုပ်နှင့်တော့ တခြားစီပဲဖြစ်သည်။

"အံမယ် ... ရှင် စကားပြောတာ ကြည့်ပြောနော်။ ကျွန်မတို့က ရှင့်ကို ဘာတွေများ ထိခိုက်နစ်နာအောင် လုပ်ထားလို့လဲ။ ရှင် မြို့ရှေ့မှာ ကားတိုက်ခံရလို့ ကျွန်မတို့ပဲ ဆေးရုံကို ပို့ပေးရတယ် ...

အဲဒီကျေးဇူးတွေကိုမှ မထောက် ... ဟွန်း"

"အေး ... အဲဒီတုန်းက မင်း ပစ်ထားလိုက်လို့ သေသွားတာကမှ ငါ့အတွက် ဂုဏ်ရှိဦးမယ်ကွ။ နားလည်လား"

"ဟယ် ... ကြည့်စမ်း အသွင်ရေ။ ရိုင်းလိုက်တာ။ အမလေး ခြေနှစ်ချောင်း မသနားကောင်းဘူး ဆိုတာ တကယ်မှန်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ရှင် အဲဒီလိုတော့ မပြောသင့်ဘူးနော်။ ကျေးဇူးမတင်ချင်ရင်နေ အိမ်ပေါ်ထိ တက်ပြီးတော့ မစော်ကားနဲ့"

"ဩော် ဟော်ဟော် ... ခင်ဗျားတို့ကပဲ ရန်တွေ့ရတယ်ရှိသေး။ နေစမ်းပါဦး မရွှေနန်းဆက်ရဲ့။ မင်းနဲ့ ငါနဲ့က ဘယ်တုန်းက တွေ့ဆုံချစ်ကြိုက်လို့ ဘယ်တုန်းကများ လက်ထပ်ပြီးစီးသွားရတာလဲ အမိရဲ့ ...

အဲဒီအကြောင်းလေးကိုလည်း ရှင်းပြပါဦး"

သူ့စကားကြောင့် သူမ မျက်နှာကား သွေးရောင်ဖြန်းခနဲပင် လွှမ်းသွားလေသည်။ သူက အဲဒီမျက်နှာကို စိမ်ပြေနပြေပင် စိုက်ကြည့်မိသည်။ အင်း ... လှတာတော့ အတော်လှတဲ့ မိန်းမပဲဖြစ်သည်။ ဖစ်တင်ဆွယ်တာ အနီရောင်နှင့် ခါးရှောကျနေသည့် ဂျင်းန်ဘောင်းဘီကို ဝတ်ထားသော Body Structure တစ်ခုလုံးကတော့ စွဲမက်ဖွယ်အတိပင်။

"အသွင် ... အသွင် ရှင်း။ အဲဒီကိစ္စ အသွင် ရှင်း"





"ဟာ ... နင်က ငါ့ကို အဲဒီလိုတော့ လွှဲမချနဲ့လေ။ နင့်အတွက်လည်း စဉ်းစားပေးရသေးတယ်"

"ဟုတ်ပါတယ်။ ဒါပေမဲ့ အသွင်လည်း ပြောဦးလေ"

အရေးထဲ တစ်ယောက်နှင့်တစ်ယောက် တွက်ကပ်နေကြသော မိန်းမနှစ်ယောက်ကို သူက အမြင်ကတ်စွာဖြင့် ...

"ကဲ ... ဘယ်သူပဲပြောပြော ခင်ဗျားတို့ အပြစ်ကတော့ လျှော့ပေါ့မှာ မဟုတ်ဘူး။ ဘာကိစ္စ ကျုပ်နာမည်ကို အလွဲသုံးစား လုပ်ရတာလဲ"

"ရှင်ကလည်းရှင်။ နာချင်နာ ကျွန်မကသာ နာရမှာပါ။ ရှင်က ယောကျ်ားဖြစ်ပြီး အဲဒီလောက် နာပြမနေစမ်းပါနဲ့"

"ဟ ... ဘာဆိုင်လဲကွ။ အဲဒီလို နာဖူးထ အသားယူတတ်တဲ့ ကောင်မျိုးတွေထဲမှာ ငါ မပါဘူး။ မင်းတို့ကသာ ရှေ့မကြည့် နောက်မကြည့် လုပ်ချလိုက်ပေမဲ့ ငါက အသိုင်းအဝန်းနဲ့ နေတဲ့သူကွ။ မင်းတို့ လုပ်ပုံက ငါ့ အသိုင်းအဝန်း မိတ်ဆွေတွေ ကြားထဲမှာ ဘယ်လောက် အရှက်ရ,ရတယ် မှတ်လဲ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ငါက စေ့စပ်ထားတဲ့ လူတစ်ယောက်။ မေလထဲမှာ လက်ထပ်ပွဲ ကျင်းပတော့မှာ။ အခုတော့ အဲဒါတွေလည်း အားလုံးပျက်။ တစ်ဖက်က မိန်းကလေးလည်း သူ့အသိုင်းအဝန်းမှာ သိက္ခာကျ အရှက်ရ။ ငါဆိုတဲ့ ကောင်ကတော့ နှစ်ပြားမှတောင် မတန်တော့ဘူး ...

မင်းတို့ လုပ်ပုံက တစ်ဖက်သားကို ဘယ်လောက်အထိ ထိခိုက်နစ်နာသွားစေတယ် ဆိုတာကို သိရဲ့လား"

သူ့စကားအဆုံးမှာ မိန်းမနှစ်ယောက်စလုံး ငြိမ်သက်ကျသွားလေသည်။ ဘာမှ မပြောနိုင်ကြတော့။ ညှော်ခန်းထဲတွင် သူ့ အသက်ရှူသံပြင်းပြင်းသာ ကြီးစိုး၍နေသည်။

အတန်ကြာမှ ဆံပင်ရှည်ရှည်နှင့် မိန်းမက လှုပ်လှုပ်ခတ်ခတ် ဖြစ်လာလျက် ...

"ကျွန်မတို့ တောင်းပန်ပါတယ်ရှင်။ အားလုံးဟာ မရည်ရွယ်ဘဲနဲ့ ဖြစ်သွားတဲ့ အမှားတွေပါ။ ကျွန်မတို့မှာလည်း အခက်အခဲတစ်ခုနဲ့ ရင်ဆိုင်နေမလို့ ကြံမိကြံရာ ကြံလိုက်ရတာပါရှင် ...





ဟို ... ရှင်လည်း ဆုံးသွားပြီ ဆိုတဲ့အတွက် ဒီလို လုပ်မိတာပါ"

"ဩော် ... ကောင်းလိုက်တာ။ သေချာတော့ မစုံစမ်းဘဲနဲ့ ဒါမျိုးကျ လက်သွက်ကြတယ်နော်။ နေစမ်းပါဦး လက်ထပ်ပြီးစီးခြင်းကို ထည့်ကြော်ငြာရအောင် ခင်ဗျားတို့ ပြဿနာက ဘယ်လောက်တောင်များ ကြီးကျယ်မြင့်မြတ်နေလို့လဲ"

သူ့စကားကို နန်းဆက် ဆိုသော သူမက နှုတ်ခမ်းမဲ့၍လျက် နှာခေါင်းရှုံ့ပစ်တာကို မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။ သူတို့ မှားတာတောင် ပုံစံက စွာတာတာနိုင်သော ဒီကောင်မလေးကို သူ ပညာပြန်ပေးချင်လာတော့သည်။

ဆံပင်ရှည်ရှည်နဲ့ မိန်းမကတော့ ဖော်ရွေပွင့်လင်းရှာသည်။

"ဟုတ်ကဲ့။ ကျွန်မ ရှင်းပြပါ့မယ်။ အေးအေးဆေးဆေး ထိုင်ပါဦးရှင်"



www.burmeseclassic.com

သူတင်မကဘဲ သူမတို့တစ်တွေကပါ ပြဿနာနဲ့ ရင်ဆိုင်နေရပါလားဟု စိတ်ဝင်စားသွားကာ သူက ဆိုဖာပေါ်၌ ဝင်ထိုင်လိုက်တော့သည်။

"ဒီလိုပါ။ ကျွန်မနာမည်က ရွှေအသွင်ပါ။ သူကတော့ ရွှေနန်းဆက်။ ကျွန်မတို့က တူဝရီးတော်ပါတယ် ... ..."

ထိုမိန်းမက သူ့ကိုယ်သူ စတင် မိတ်ဆက်ရင်းမှနေ၍ သူမတို့ရဲ့ အဖြစ်သနစ်အစုံကို ရှင်းပြရှာပါသည်။ ဪ ... လက်စသတ်တော့ ရွှေနန်းဆက် ဆိုသော ကလေးမဟာလည်း အိမ်ထောင်မပြုချင်ရှာသော လူစားမျိုးပါပဲလား။

ရွှေအသွင်ရဲ့ ရှင်းပြချက်တွေ အဆုံးတွင် သူဟာ အခြေအနေတွေ အားလုံးကို သဘောပေါက်သွားလေသည်။ အားလုံးဟာ အစီအစဉ်တကျ လွဲချော်တာပဲ ဖြစ်တော့၏။ ဘာမှ မတတ်နိုင်တော့။ ပြီးဆုံးသွားခဲ့ပြီဖြစ်သည်။

"ဟို ... ရှင်နဲ့ စေ့စပ်ထားတဲ့ မိန်းကလေးကို ကျွန်မတို့ ဖုန်းဆက်ပြီး တောင်းပန်ပေးရမလားဟင်"





"နေပါစေတော့ဗျာ။ ဘယ်လိုမှ ဖြစ်မလာနိုင်တော့ပါဘူး။ ပြီးသွားပါပြီ"

"စိတ်မကောင်းပါဘူးရှင်။ ဒါဆိုရင်လည်း ကျွန်မတို့ကို တစ်ခုလောက် ထပ်ကူညီပါဦးလားဟင်"

"ဗျာ ! "

"အသွင်"

သူ့ထံမှ ဗျာသံနှင့် သူမထံမှ ခေါ်သံတို့က တစ်ပြိုင်က်တည်းလိုလိုပင် ထွက်သွားတာဖြစ်သည်။ ရွှေအသွင်သည် သူ့ရဲ့ တူမချောကို လက်ကုတ်သျှက် သူ့ကိုတော့ တောင်းပန်ယသည့် မျက်လုံးမျိုးဖြင့် ...

"ဒီလိုလေ ... ကောင်းရွက်စိမ်းလည်း လက်မထပ်ဖြစ်တော့မဲ့ အတူတူ တို့ကို တစ်ခုလောက် ကူညီပါလားဟင်။ တို့မေမေဥက လကုန်ရင် ရောက်လာတော့မှာ။ နန်းဆက်ရဲ့ သတို့သားကို လာကြည့်မှာလေ ...

အဲဒါ နန်းဆက်ရဲ့ ခင်ပွန်းအဖြစ် ခဏလောက် ဟန်ဆောင်ပေးပါလို့"

www.burmeseclassic.com



သူက ဘာမှ မပြောရသေးခင်မှာပဲ သူမက ဂူးဂူး ဝါးဝါးထအောင်တော့တာဖြစ်သည်။

"ဟာ ... အသွင်ကလည်း။ ပြဿနာကို ထပ်ရှာပြန်ပြီး တော်ပြီ နေပစေတော့။ အငေါက်ပဲ ခံလိုက်တော့မယ်။ သူ့အပြောဆိုတော့ ခံမနေဘူး ...

အသွင် ဘာသိလို့လဲ။ သူ့ရည်းစားနဲ့ ကွဲရတာ နန်းဆက်ကြောင့်ဆိုပြီး နန်းဆက်ကို အသေနှိပ်ကွပ်တော့မှာ"

"ဟယ် ... နန်းဆက်ရယ် ... ဘယ်လို ပြောလိုက်တာလဲ"

ရွှေအသွင်က ဟန့်သော်လည်း သူမက ဂရုစိုက်ပုံ မရဘဲ မဲ့ရွဲ့ပြကာ နေလေသည်။ ထိမထင်ဘူး။ အုံးမစားဘူး။ အကျအညီကို အောက်ကျခံပြီး မတောင်းဘူး စသဖြင့် ရိုက်ချင် စရာကောင်းသော မျက်နှာပေးမျိုးဖြင့် မော်ချီနေတာကို သူက တော်တော် အမြင်ကတ်သွားသည်။

မဲ့ရွဲ့နေသော နှုတ်ခမ်းဖူးဖူးလေးကိုတော့ အသည်း အယားဆုံးပဲ ဖြစ်လေသည်။ တွေ့ဦးမယ် ... နောက်မှ။





"နန်းဆက် ပြောတာကို ဖွေမယူပါနဲ့။ တို့ကို ကူညီမယ် မဟုတ်လားဟင်"

"အာ ... အသွင်နော်။ ဘယ်လို ဖြစ်နေတာလဲ။ သူ့အကူ အညီကို မယူပါဘူးဆိုမှ။ ဒီမှာ ရှင် ပြန်နိုင်ပြီ၊ ဘာအကူ အညီမှ မလိုဘူး"

သူမ စကားကြောင့် သူက ထောင်းခနဲ ဒေါသထွက် သွားရသည်။ မျက်ဝန်းများကို မေးကျဉ်းလျက် သူမကို အေးစက်စက် ...်ကြည့်ကာ ဒေါသကို မျိုသိပ်ထားပြီးနောက် ဒီကလေးမကို ...ယ်လို ပညာပေးရင် ကောင်းရပါ့ဟု စဉ်းစားလေသည်။

အကောင်းဆုံးကတော့ သူမ အနားမှာနေကာ ပညာ ...ပေးခြင်းက အကောင်းဆုံးပဲ ဖြစ်လေသည်။ သူတို့ တူဝရီးကို ...ာ အစာသိပ်ကျေတာ မဟုတ်ချေ။ သူတို့ လုပ်ပုံတွေက ...ပက်သားရဲ့ အခွင့်အရေးကို အများကြီး ထိနိုက်စေသည်။ ...ာရိုးပါနော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... ရပါတယ် ဆိုတာ ...ာက်နဲ့ ပြီးသွားသောကိစ္စ မဟုတ်ပေ။



www.burmeseclassic.com

www.burmeseclassic.com



အနည်းဆုံးတော့ ထိုတူဝရီးနှစ်ယောက်ကို စိတ်အနှောင့်အယှက် ပေးချင်သည်။ အထူးသဖြင့် ကဲကဲဆတ်နေသော ရွှေနန်းဆက်ကို Lesson အပေးချင်ဆုံးပဲ ဖြစ်လေသည်။

ထိုစဉ်မှာပင် မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုက သူ့အခြေအနေကို ရီးလ်တစ်ဆင့် တင်ပေးလိုက်တာဖြစ်သည်။ အလုပ်သမား ဖြစ်ဟန်တူသော လူတစ်ဦးသည် ဧည့်ခန်းထဲသို့ ကပျာကယာ ပြေးဝင်လာကာ ...

"မသွင် ... နန်းဆက် ... မေမေဥရဲ့ကား ရောက်နေပြီ"

ရွှေအသွင်ရော ရွှေနန်းဆက်ရောရဲ့ မျက်လုံးတွေသည် ပုစွန်မျက်လုံးလို ပြူးလာလျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။

သူက ရွှေနန်းဆက်ရဲ့ မျက်နှာကို ခိုးကြည့်လိုက်လျှင် တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ကြုံရသောအခါ ဘာလုပ်ရမယ်မှန်း မသိတော့ဘဲ စိုးရိမ်ထိတ်လန့်နေသော မျက်နှာထားနှင့် ရှိလေသည်။





သူက ခြေထောက်ချိတ်ထိုင်ကာ အေးအေးဆေးဆေး ပြုံးလိုက်သည်။ တောမိးလောင်တော့ တောကြောင် လက်ခမောင်းခတ်ပြီပေါ့ ရွှေနန်းဆက်ရယ်။

"ဟယ် ... ဒုက္ခပါပဲ။ မေဥကလည်း ဘယ်လိုလုပ် ချက်ချင်းကြီး ရောက်လာတာလဲ။ နန်းဆက် နင့်ကို သတ်တော့မယ်နဲ့ တူတယ်"

ရွှေနန်းဆက်ရဲ့ မျက်နှာသည် သွေးမရှိတော့သလို ဖြူဖွေးသွားလေသည်။ သူ့ကို မျက်ခနဲ ကြည့်လာသော မျက်ဝန်းများ၏ အဓိပ္ပာယ်ကို သူ သဘောပေါက်လိုက်၏။ မင်းရဲ့ ချစ်လင်ကြီးတစ်ယောက်လုံးကို အားကိုးလိုက်စမ်းပါ နန်းဆက်ရဲ့။

ရွှေအသွင်သည်လည်း သူ့တူမ၏ ကံကြမ္မာကို သူ့လက်သို့ ဝကွက်အပ်လိုက်သည့် မျက်နှာထားမျိုးဖြင့် အတုန်တုန်အယင်ယင်ပင်။

"ကောင်းရွက်စိမ်း ... တောင်းပန်ပါတယ်။ ကူညီပါကွယ်။ မေဥက အရမ်းဒေါသကြီးတာ။ စိတ်မထင်ရင် သူ့ရဲ့ တောင်ဝှေးနဲ့ ရိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေကို ကြည့်ပြီး လှုပ်ရှားပေးပါနော်။ နန်းဆက်ကို ကူညီပါ။ တို့ တောင်းပန်ပါတယ်"

သူက ခေါင်းတညိတ်ညိတ်နှင့်ပင် သူမထံ လှမ်းကြည့်လိုက်လျှင် သူမသည် ငိုချတော့မလို ပုံစံကို ဖြစ်နေပြီ။ အဲဒီအခိုက်မှာတော့ သူ့ရင်ထဲ၌ ဘယ်လိုဖြစ်မှန်းကို မသိချေ။ ထိုစဉ်မှာပင် ...

"ဟော့ ... မိနန်းဆက် ဘယ်မလဲ။ အခု ထွက်ခဲ့စမ်း"

ဟူသော မာန်တင်းတင်းနှင့် ဝင်လာသည့် အဘွားကြီးတစ်ယောက်၏ အသံကို ကျယ်လောင်စွာ ကြားလိုက်ရတော့တာ ပြုံးသည်။ တောင်ဝှေးကို ဒုန်းခနဲ ဆောင့်ချလိုက်သံသည် သူမကို ဆတ်ခနဲပင် တုန်သွားစေသည်။

ထိုမြင်ကွင်းကြောင့် သူသည် ထိုင်ရာမှ ရုတ်တရက်ပင် ထရပ်ကာ ထိတ်လန့်တုန်လှုပ်နေသော နန်းဆက်ရဲ့ ရှေ့တွင် မားမားမတ်မတ်ကြီး ကာကွယ် ရပ်ပေးပြီးသား ဖြစ်တော့လေသည်။

❦ ✷ ❦







မေမေဥဟု ခေါ်ကြသော ဒေါ်ရွှေဥ၏ မျက်လုံးထားသည် သူ့ကို စူးစူးစိုက်စိုက် အကဲခတ်လျက် ရှိနေသဖြင့် ...မှာ ဟန်မပျက်စေရန် အတော်တောင့်ခံထားရလေသည်။ သူက ...ဆက်ရဲ့ ရှေ့မှ မားမားမတ်မတ် ကာလျက် ကျွန်တော် ...တောင်းရွက်စိမ်းပါဟု ပြောလိုက်ပြီးနောက် အခြေအနေသည် ...မျိုးတစ်ဖုံ ပြောင်းလဲသွားခဲ့တာဖြစ်၏။

www.burmeseclassic.com



သူ့ရဲ့ပုံစံ၊ အသွင်အပြင်တို့ကို အကဲခတ်ကာ ထို ခုံမှာ ထိုင်၍ အေးအေးဆေးဆေး ဆွေးနွေးသည့် အခြေအနေ ရောက်လာခဲ့တာဖြစ်သည်။ မျက်နှာမှာ ပြုံးထားရသော်လည ရင်ထဲမှတော ကုလားဘုရားပွဲလှည့်သလို တဒိန်းဒိန်းဖြစ်၍နေ ပြီ။

ဘာမှလဲ ကြိုတင် ဖာတ်တိုက်ထားတာလည်း မ ဘာမေးမယ်မှန်းလဲ မသိရ။ အဆင်မပြေလျှင် သူပါ ဂျေးလ် တောင် အောင်းနိုင်သည့် အပေါက်ပင်။

"အဟမ်း ... မောင်ကောင်းရွက်စိမ်း မင်းနဲ့ နန်းဆ က ဘယ်မှာတွေ့ကြတာလဲ"

သူက ဆတ်ခနဲ ဖြစ်သွားကာ ရွှေအသွင် ကျရာကယ်ရာမဲ့သလို ကြည့်မိလျှင် ရွှေအသွင်က နံရံ မန္တလေးတက္ကသိုလ်၏ ပြက္ခဒိန်ကို မသိမသာ ကြည့်ပြ အိုကေ ... ဒီလောက်တော့ သူလည်း သဘောပေါက်၏။

"ကျောင်းမှာပါ ဘွားဘွား"

"မင်းက မန္တလေးသားလား"





"မဟုတ်ပါဘူး ခင်ဗျ။ ကျွန်တော်က ရန်ကုန်ကပါ၊ မန္တလေးမှာ ကျောင်းလာတက်တာပါ"

"ဒါနဲ့ ... မင်းက နိုင်ငံခြားမှာ အလုပ် သွားလုပ်နေတာ ဆို"

အင်း ... ဒါလည်း ဟိုမိန်းမတွေ ချိုးထားတာပဲ ဖြစ်ရမည်။ သို့သော် အရှိုးဟာ တည့်သွားသည်။ သူက ဝမ်းသာ အားရနှင့်ပင် ခေါင်းညိတ်ပြလျက် ...

"ဟုတ်ကဲ့။ ကျွန်တော် ကျောင်းပြီးတော့ ဖေဖေက ဂျပန်ကို လွှတ်လိုက်တာပါ၊ ဂျပန်မှာ အလုပ်သင် ပညာသင်ပေါ့"

"ဒါဆို မင်း အလုပ်က ဂျပန်မှာပေါ့"

"အရင်ကတော့ ဟုတ်ပါတယ်။ ကျွန်တော် မြန်မာပြည်ကို လုံးဝ ပြန်မရောက်ဖြစ်ပါဘူး။ ဖေဖေကလည်း ကျွန်တော် ဂျပန်မှာ ရှိစဉ်တည်းက ဆုံးသွားတာလည်း ပါပါတယ်။ အခုတော့ ကျွန်တော် မြန်မာပြည်ကို အပြီး ပြန်ရောက် လာပါပြီ"

"ဩော် ... မင်းက အဖေ မရှိတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"မေမေကလည်း ကျွန်တော် ငယ်စဉ်တည်းက ဆုံးသွားခဲ့ပါပြီ။ ကျွန်တော့်မှာ ဦးလေးတစ်ယောက်ပဲ ရှိပါတယ်"

အဘွားကြီးက ခေါင်းတဆတ်ဆတ်ညိတ်လျက် ...

"မင်းနဲ့ ချစ်သူတွေ ဖြစ်ကြတာကို နန်းဆက်က မေ့ဥကို မပြောဘူးကွယ်။ ပြောပြရင် ဒီလို မင်းတို့ဘာသာ ပြီးပြီးရော လက်ထပ်လို့ ဘယ်ရမလဲ ...

ခမ်းခမ်းနားနား မင်္ဂလာဆောင်ရဦးမှာပေါ့"

"ဟုတ်ကဲ့။ နန်းဆက် မပြောတာက ကျွန်တော်က ဂျပန်မှာဆိုတော့ မေမေ့ဥတို့ သဘောမတူမှာစိုးလို့ပါ။ နန်းဆက်က လျှို့ဝှက်တတ်တယ်လေ"

"ဟုတ်ပါ့။ ဒီဟာမလေးက အဲဒီအတိုင်းပဲ။ မြို့စိစိနဲ့ ပြီးမှ သူ လုပ်ချင်ရာလုပ်တာ"

"ဟို ... ကျွန်တော်တို့ကလည်း ဒီလောက်မြန်မြန်ကြီး လက်ထပ်ဖို့ မရည်ရွယ်ပါဘူး။ နန်းဆက်ကို ယောကျ်ား ပေးစားတော့မယ်ဆိုတာနဲ့ စိုးရိမ်ပြီး အမြန်လက်မှတ်ထိုး လိုက်ရတာပါ ...





မေ့ဥကို မလေးမစားလုပ်ရာ ရောက်ပါတယ်။ ကျွန်တော်တို့ တောင်းပန်ပါတယ်ခင်ဗျာ။ ကျွန်တော် ကန်တော့ပြီး တောင်းပန်ပါရစေ။ လာ ... နန်းဆက် မောင်တို့ မေမေ့ဥကို ကန်တော့ရအောင်လေ"

သူ့အပြောကြောင့် နန်းဆက်သည် မထွေးနိုင် မအန်နိုင်သည့် မျက်နှာမျိုးဖြင့် သူ့ကို မျက်လုံးကြီးပြူးကာ ကြည့်၍နေလေသည်။ သူကတော့ ခပ်တည်တည်ပင် ဆိုဖာရှေ့ချို ကနေ၍ အောက်ဆင်းထိုင်လျက် လက်အုပ်ချီ၍ နေစေ။ အသွင်က လက်တို့မှပင် နန်းဆက်က စုပုပ်ပုပ်နှင့် သူ့နံဘေး၌ကွ ဝင်၍ ကန်တော့သည်။

"တွေ့လား ... ဒီကောင်မလေးဟာ အခုထိကို အချိုးမပြေမှာ ချင်ဘူး။ ယောကျ်ားလေးက သိတတ်သလောက် သူက ဘာမှ မသိတတ်ဘူး။ အင်း ... ရင်လေးသေးတယ်ဟဲ့ ... ရင်လေးသေးတယ်"

"အမိုက်မဲလေးမို့ ခွင့်လွှတ်ပေးပါ မေမေ့ဥရယ်။ ကျွန်တော် တို့နှစ်ယောက် မေမေ့ အပေါ်မှာ စော်ကားမိသလို



www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူနှင့် ပြန်လည်အဆင်ပြေကာ နန်းဆက်ကို နှုတ်ဆက်ချန်ရစ်ခဲ့တော့မည့် သူ့အကြောင်းကို စဉ်းစားမိသော စိတ်က တစ်ခု။

နန်းဆက်သည် ငူငူကြီး ထိုင်ငိုင်နေရာမှ သူနှင့် အရမ်းကို ရန်ဖြစ်ချင်လာရလေသည်။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ကောင်းရွက်စိမ်းသည် အိမ်ထဲကို ဝင်လိုက်လိုက်ချင်းမှာပင် မမျှော်လင့်သော သူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အကြီးအကျယ်ပင် အံ့အားသင့်သွားရဘာဖြစ်၏။

"ဟာ ... ဦးသစ်။ ဘယ်ကနေ ဘယ်လို"

"ရန်ကုန်ကနေ ဒီကိုပေါ့ကွာ"

"ဟာဗျာ ... ဦးသစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



နေလို့ရမယ် မထင်နဲ့။ မောင်ရွှက်စိမ်းကို အားနာလို့ ညည်းကို မသတ်တော့တာ ...

ငါ့ရှေ့မှာ ယောက်ျားကို နိုင်သလိုလို ပမာမခန့် လုပ်သလိုလိုနဲ့ လာမလုပ်နဲ့။ ကောင်းကောင်းမွန်မွန်ဆက်ဆံ။ ဒါနဲ့ မောင်ရွှက်စိမ်း ... မင်းက ဘာအလုပ်လုပ်ဖို့ စိတ်ကူးထားလဲကွယ့်။ ရန်ကုန်ကို ပြန်မှာလား”

“မပြန်ပါဘူး ခင်ဗျာ။ ကျွန်တော့်မှာ အလုပ်ရှိပါတယ်။ ကျွန်တော်က နေရာတကာမှာ သေချာအစီအမံချပြီး လုပ်တတ်တဲ့သူပါ။ ကျွန်တော် နန်းဆက်ကို ချစ်မိမှတော့ နန်းဆက်ရှိနေတဲ့ နေရာမှာပဲ အခြေချဖို့ ဆုံးဖြတ်ထားပြီးသားပါ ...

မေမေဥ Red Coffee ဆိုတာကို ကြားဖူးတယ် မဟုတ်လား။ နိုင်ငံခြားက သွင်းတဲ့ ကော်ဖီမစ်တစ်မျိုးပါ။ အဲဒါကို အခု မြန်မာပြည်မှာ စက်ရုံတည်ပြီး ဒီမှာပဲ ထုတ်တော့မှာပါ။ အဲဒီ စက်ရုံက ပြင်ဦးလွင်မှာ ရှိပါတယ်။ ကျွန်တော်တို့ရဲ့ ကော်ဖီစိုက်ခင်းတွေ နားမှာပါ ...



ကျွန်တော်က အဲဒီစက်ရုံရဲ့ မန်နေဂျင်းဒါရိုက်တာပါ ခင်ဗျာ”

သူ့စကားအဆုံးတွင် မေမေဥရဲ့ မျက်နှာကား အစွမ်းကုန်ဝင်းပ၍ သွားလေသည်။ သူ့အကြောင်းကို အခုမှ သိခွင့်ရသော ရွှေအသွင်နှင့် နန်းဆက်ပင်လျှင် ရုတ်တရက်တော့ အံ့သြသွားဟန်တူသည်။ သို့သော် နန်းဆက်ကတော့ ချက်ချင်းပင် ဂရုမစိုက်ပါဘူးဟူသော ဒီဖိုင်းကို ဖမ်းတာ တွေ့လိုက်ရ၏။

“ဪ ... အဲဒါ မောင်ရွှက်စိမ်းရဲ့ စက်ရုံကိုး။ ကောင်းလိုက်တာကွယ်။ ကောင်းပါလေ့။ အင်း ... မေမေဥ တစ်လမ်းလုံး စိုးရိမ်စိတ်ပူခဲ့သမျှ အခုမှပဲ အလုံးကြီး ကျနိုင်တော့တယ်ကွယ် ...

မိနန်းဆက် ကောက်ယူလိုက်တာ ဘယ်လိုလူမျိုးများဖြစ်မလဲ။ သိုက်သမားလား၊ အရက်သမားလား ဆိုပြီး စိုးရိမ်ခဲ့ရတာ။ အခုမှပဲ စိတ်အေးရတော့တယ်။ မင်းက ဒီမြို့မှာပဲ နေမှာဆိုတာကိုတော့ မေဥ စိတ်အချမ်းသာဆုံးပဲကွယ် ...

www.burmeseclassic.com



စိတ်အချမ်းသာဆုံးပဲ။ တော်ပါတယ် မောင်ကောင်း ရွက်စိမ်းရယ်"

"မေမေဥတို့ကတော့ နန်းဆက်ကိုဆို ဘယ်တော့မှ အကောင်းမပြောဖူးဘူး"

"ဟဲ့ ... ညည်းကရော ကောင်းတာလုပ်လို့လား။ ညည်းက စိတ်ပုပ်ဖို့ပဲ သိတာ။ အခုတောင် ကိုယ့်ယောကျ်ားကို ချီးကျူးတာတောင် ကြားထဲက မနာလိုဝင်ဖြစ်နေတာ ကြုံဖူးပေါင်အေ ...

ကဲ ... ကဲ ... ညည်းတို့ မင်္ဂလာပွဲကို ဘယ်လိုလုပ်ဖို့ စီစဉ်ထားလဲ"

"အာ ... မင်္ဂလာမဆောင်တော့ဘူး မေဥ"

ဒီတစ်ခါတော့ နန်းဆက်ရဲ့ စကားကို သူကပါ ဝင်ရောက်ထောက်ခံလိုက်ပါသည်။

"ဟုတ်ပါတယ် မေမေဥ။ ကျွန်တော့်မှာလည်း မိဘတွေ ရယ်လို့ စုံစုံညီညီ မရှိတော့ မင်္ဂလာပွဲကြီး မလုပ်ချင်တော့ တာပါ။ နန်းဆက်ရဲ့ ကျွန်တော့်ဆန္ဒ အတူတူပါပဲခင်ဗျ။





သတင်းစာထဲမှာ ကြော်ငြာထားပြီးပြီဆိုတော့ တော်တော် များများလည်း သိပြီးကြပါပြီ"

"အေးလေ ... မင်းတို့နှစ်ယောက်စလုံးကမှ မလုပ်ချင်တော့ ဘူးဆိုတော့လည်း ရှိစေတော့ပေါ့။ ကဲ ... ကဲ ... မင်္ဂလာ အခန်းကိုရော ဘယ်လို ပြင်ထားလဲ အသွင် ...

ညည်းလည်း ကျပ်ကျပ် သတိထားနော်။ အဒေါ် လုပ်ပြီး တူမကို ဘာမှ မဆို မဆုံးမဘူး။ သူကပါ ပြော မနိုင် ဆိုမနိုင်နဲ့"

ရွှေအသွင်တောင် ကြားထဲက အစစ်ပါကာ အငေါက် ခံရသဖြင့် သူ့မှာ ကျိတ်ပြုံးရသည်။ ဘွားတော်ကား သမီးရော မြေးရောကို သိပ်မျက်နှာသာပေးပုံမပေါ်ဘဲ သူ့ကိုတော့ ရှေးရေ စက်အလား ချက်ချင်း ပလဲပနံသင့်သွားသည်မှာ အံ့ဩစရာတော့ ကောင်းလေသည်။

သူသည် တစ်ခဏအတွင်းမှာပင် မေမေဥကို ဘယ်လို ခေါ်င်းရမည် ဆိုတာအား အထာသိသွားသည်။ ဘွားတော်ကား စိတ်ရှည်ပုံ မရဘဲ သူတို့ရဲ့ မင်္ဂလာခန်းကို ချက်ချင်းပင် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တိုင် တက်ကြည့်သည်။ ဘာမှ မရှိဘဲ ရွှေနန်းဆက်ရဲ့ တစ်ယောက်အိပ်ခုတင်ကို မြင်လျှင် ပြောဆိုမပြီးတော့ချေ။

သူ့မှာ မနေနိုင်သဖြင့် Cover ဝင်ရောက် လုပ်ပေးရပြန်သည်။

“မင်္ဂလာခန်း သပ်သပ်မလုပ်တာ မဟုတ်ပါဘူး မေမေဥ။ ဟို ... နားနဲ့မနာ ဖဝါးနဲ့နာပါခင်ဗျာ။ ကျွန်တော်နဲ့ နန်းဆက်က လက်မှတ်သာထိုးပြီးထားတာ၊ အတူမပေါင်းသင်းသေးပါဘူး။ ကျွန်တော်လည်း အလုပ်ကိစ္စလေးတွေ မပြတ်သေးတာနဲ့ ရန်ကုန်ခဏဆင်းနေရလို့ပါ ...

ကျွန်တော် အခုမှ ရောက်တာပါ”

ဒီတော့မှ အဘွားကြီးက ဘဝင်ကျ ခေါင်းညိတ်သွားတော့ကာ သူ့ကိုလည်း အမှတ်တွေ ထပ်ပေးပြီးရင်း ပေးပြန်လေသည်။ ရွှေနန်းဆက်၏ မျက်နှာကတော့ စတော်ဘယ်ရီသီး တစ်လုံးလို ရဲတွတ်ကာနေသည်။

သူက တစ်ဖက်လှည့်၍ အသာပြုံးမိသည်။ ဒါတောင် အစပဲ ရှိသေးတယ် ရွှေနန်းဆက်။





“အသွင် ... မန္တလေးက ငါ့မန်နေဂျာဆီ ဖုန်းဆက်စမ်း။ အခုပဲ မင်္ဂလာဖန်နေချာမှာ နှစ်ယောက်အိပ် ခုတင်ရယ်၊ မွေ့ရာရယ်၊ ခန်းဝင်ပစ္စည်း အစုံအလင်ဝယ်ပြီး ပြင်ဦးလွင်ကို တက်ခဲ့လို့ ...

ဘယ်နဲ့ဟယ်။ ကိုယ့် မင်္ဂလာဦး အခန်းကိုတောင် ဘယ်လို ပြင်ဆင်ရမယ်မှန်း မသိဘူး။ ညည်းတို့တစ်တွေနဲ့ ငါ တကယ် စိတ်ပျက်တယ်။ ကောင်းရွက်စိမ်းရေ ... မင်း မြင်တဲ့အတိုင်းပဲ မေမေဥတို့အိမ်မှာက မိန်းမသားတွေချည်းပဲ ...

တချို့နေရာတွေကျ လစ်ဟင်းတယ်။ မင်းပဲ ကြည့်စီမံပေတော့။ မေမေဥက ဒီမှာ အမြဲနေတာ မဟုတ်တော့ သင်းတို့ နှစ်ယောက်က လုပ်ချင်တိုင်း လုပ်နေတာ။ နောက်ဆို မင်းက ဒီအိမ်ရဲ့ အိမ်ထောင်ဦးစီး ဖြစ်လာပြီ။ ကြားလား”

“ဟုတ်ကဲ့”



www.burmeseclassic.com

www.burmeseclassic.com



သူက နန်းဆက်ရဲ့ မျက်နှာကို စိုးကြည့်လိုက်လျှင် မျက်နှာထား ရှစ်ခေါက်ချိုးပင်မကတော့ဘဲ ဆယ့်ခြောက်ခေါက်လောက်ကို ချိုးနေပြီ ဖြစ်သည်။

ရွှေအသွင်ကတော့ မေမေဥ အနားသို့ တိုးတိုးကပ်၍ ...

"မေမေဥ ဒီမှာ ဘယ်နှရက်နေမှာလဲဟင်"

"ငါ့ဟာငါ ဘယ်နှရက်နေနေ။ ညည်းက ဘာလုပ်မလို့လဲ။ နွေကုန်မှ ပြန်မှာဟေ့။ နားလည်လား။ နွေရာသီမှာ ငါ ဘယ်တုန်းကများ မန္တလေးမှာ နေဖူးလို့လဲ"

"မေမေဥ ဟိုအခန်းကို နန်းဆက် အခန်းထဲမှာပဲ ပြင်လိုက်မယ်"

"မပြင်နဲ့။ ညည်း အခန်းက ဘယ်ကျယ်မလဲ။ မိဖြိုး ငါ့အခန်းဘေးက အခန်းကျယ်ကြီးကို ရှင်းထားလိုက်။ နန်းဆက်တို့လင်မယား အဲဒီမှာ နေလိမ့်မယ်"

"ဟုတ် ... ဟုတ်ကဲ့ မေမေဥ"





တစ်အိမ်လုံးရှိ လူကုန် တက်ကုန်ကတော့ ဒေါ်ရွှေဥအား အလွန်ကြောက်ရဟန်တူလေသည်။ ဘာမှကို ပြန်၍ စောဒကမတက်ရဲကြချေ။ သူသည် ဘယ်သူ့ကို အပိုင်ကိုင်ရမည်ဆိုတာကို အတိအကျပင် နားလည်သွားသလို ရွှေနန်းဆက်ရဲ့ 'နိုင်ကွက်၊ ဆျာ့ကွက်၊ အညာကိုလည်း သိချေပေပြီ။

"ကဲ ... ကောင်းရွှက်စိမ်း ... အဆင်မပြေတာရှိရင် မေမေဥကိုသာပြော"

"ဟုတ်ကဲ့ခင်ဗျ"

သူက ရွှင်ရွှင်မြူးမြူးလေး ပြန်ပြောလိုက်ပြီးနောက် သူမကို ကြည့်လိုက်လျှင် သူမကား နဂါးရိုင်းလို မျက်စောင်းမျိုးထိုးကာ ချာခနဲပင် လှည့်ထွက်၍ သွားလေတော့သည်။

အင်း ... မင်းနဲ့ ကိုယ့်ရဲ့ ဇာတ်လမ်းက အခုမှ စပြီဆါကွာ။



www.burmeseclassic.com

www.burmeseclassic.com





## ၇

နန်းဆက်သည် အခန်းထဲသို့ ဝင်လျှင်ဝင်ချင်းပင် ပခုံးပေါ်မှ သူ့လက်ကို ဆွဲယူလွှင့်ပစ်လျက် သူ့ရင်ဘတ်ကိုလည်း ခပ်ကြမ်းကြမ်းပင် ဆောင့်တွန်းပစ်လိုက်လေသည်။ အားနဲ့ ဒေါသနဲ့





ရောကာ ဆောင့်တွန်းတာရော၊ သူကလည်း ထင်မထားတာရောကြောင့် သူဟာ ခုတင်ပေါ်သို့ ပစ်လဲကျသွားသည်။

သူက ခုတင်ပေါ်မှ ဒေါသတကြီး လူးလဲထလျက်...

"မင်း ဘာလုပ်တာလဲကွ။ တောက် ... မိန်းကလေးမို့လို့ ပေါ့ကွာ"

နန်းဆက်သည် ခါးကိုထောက်ကာ သူ့ကို စူးစူးရဲရဲ စိုက်ကြည့်မိသည်။ ဒီရွက်စိမ်းဆိုတဲ့ အစုတ်ပလုတ်ကောင်ဟာ ဘယ်ဘဝက အငြိုးနဲ့မှန်းမသိဘဲ နန်းဆက်ကို ရေရေလည်လည် ပညာပြလျက် ရှိတာကို နန်းဆက် သိလေသည်။

ထမင်းစားခန်းထဲမှာ အောင့်အည်းလာသော ဒေါသတွေကို အခုမှ သွန်ချခွင့်ရတာဖြစ်၏။ ထမင်းစားသည့် တစ်ချိန်လုံး ပါးစပ်ရော၊ လက်ရော အငြိမ်မနေပေ။ မေမေဥကို စပါယ်ရှယ်ဖားကာ မျက်နှာလုပ်ရတာလည်း မြေးအရင်းပင် မျက်စိနောက်လာသည်အထိပဲဖြစ်သည်။

နောက်ဆုံး ဧည့်ခန်းထဲမှာ အချိုပွဲ စားကြတော့ မေမေဥ ရှေ့မှာတင် ခွံ့ကျွေးလိုကျွေး၊ ဆံပင်လေး သပ်တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



သလိုလိုနှင့် ဆံပင်တွေကို ဆောင့်ဆွဲလိုဆွဲ။ နောက်ဆုံး လူစုခွဲကြလျှင် သူက အားလုံးရဲ့ ရှေ့မှာ နန်းဆက်ရဲ့ ပခုံးကို ဖက်လျက် အိမ်ပေါ်တက်လာတာဖြစ်သည်။

နောက်မှာ မေမေဥတစ်ယောက်လုံး ကပ်ပါလာတာမို့ နန်းဆက်ဟာ ဘယ့်နှယ်မှ မစွမ်းသာခဲ့။ တစ်သက်လုံးက ယင်ဖိုတောင် မသန်းခဲ့ဖူးသော ပခုံးကို သင်းက အကျောကြီးနှင့် လာဖက်တာကို အခံပြင်းဆုံးပဲဖြစ်၏။

အခန်းထဲရောက်လျှင် သင်းတော့ သေပေရတော့ဟု ကြိမ်းထားသမျှ ဒေါသတွေအားလုံး အခုမှ ဖွင့်ချလိုက်ရတာ ဖြစ်လေသည်။

"ရှင် တော်တော် လူပါးဝတယ် ကောင်းစွက်စိမ်း။ ရှင် အဲဒီအချိုးမျိုး နောက် ဘယ်တော့မှ မချိုးနဲ့။ ကျွန်မ လုံးဝ သည်းခံမှာ မဟုတ်ဘူး"

နန်းဆက်သည် ဒေါသထွက်လွန်းသဖြင့် ရင်ဘတ်တစ်ခုလုံးတောင် နိမ့်ချီမြင့်ချီ တုန်ဟိုက်နေသည်။ သူက ခနိုးခနဲ့ဟန်ဖြင့် မုန်းစရာကောင်းအောင် စိုက်ကြည့်ကာ ...





"ဟ ... ငါ ဘာလူပါးဝလို့လဲ။ ငါက မင်း ယောကျ်ားမဟုတ်ဘူးလား။ သတင်းစာထဲမှာတောင် မင်း သဘောတစ်ခုတည်းနဲ့ တိုင်းသိပြည်သိ ကြော်ငြာထားတဲ့ မင်းရဲ့ ချစ်လင်ကြီးလေ"

"တောက် ... ရှင့် အချိုးကို ကျွန်မ သိတယ်နော် ကောင်းစွက်စိမ်း။ ရတယ် ... ရှင် မကျေနပ် မေမေဥကို ဖွင့်ပြောလိုက်။ လုံးဝ မတုန်လှုပ်ဘူး။ အဲဒါကို အခွင့်ကောင်းယူပြီး ကျွန်မအပေါ် အနိုင်ကျင့်ဖို့ စိတ်မကူးနဲ့"

"ငါက ဘာတွေများ အနိုင်ကျင့်နေလို့လဲကွ"

"ဒီမှာ ... ရှင်နဲ့ ကျွန်မနဲ့ ဟန်ဆောင်လင်မယား ဆိုတာ ရှင်လည်း သိတယ်၊ ကျွန်မလည်း သိတယ်။ အားလုံးက တကယ့်လင်မယားလို့ပဲ ထင်ပြီးသား။ ဒါကို လူရှေ့သူရှေ့မှာ ဘာမှ မဆိုင်ပတ်တိုင် တက်ပြနေစရာ မလိုဘူး။ ကျွန်မကို ဆံပင်သပ်လား၊ ပခုံးဖက်လား၊ ဘာမှ လာမလုပ်နဲ့ ...

ရှင် ယောကျ်ားဆိုရင် ယောကျ်ားစိတ်ဓာတ်ရှိပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ယောကျ်ားမို့လို့ ယောကျ်ားစိတ်ဓာတ် ထားတာပေါ့ ကွ။ ယောကျ်ားဆိုမှတော့ ... ဟဲ ဟဲ ဟဲ"

သူက ခုတင်ပေါ်မှာ ပက်လက်လှန် လှဲချလိုက်ရင်း လုပ်သံကြီးဖြင့် အဓိပ္ပာယ်ပါပါ တဟဲဟဲ ရယ်ပြလျှင် ကျောထဲမှ စိမ့်တက်လာသည်အထိ နန်းဆက် လန့်သွားရ၏။

ဒီတော့မှ သူနဲ့ နန်းဆက်က နှစ်ယောက်အတူ အိပ်ရတော့မည်ဟူသော အဖြစ်အပျက်ကို သတိရသွားလျက် အတုန့်လှုပ်ကြီး တုန်လှုပ်သွားရတော့တာဖြစ်၏။

"ရှင် ... ရှင် ဒီမှာ မအိပ်နဲ့"

"ဟ ... ငါက ဒီမှာ မအိပ်လို့ ဘယ်မှာ အိပ်ရမှာလဲ။ ဒါ ငါ့အတွက် မေမေဥ ပြင်ပေးထားတဲ့ အခန်းပဲဟာ ...

ဒီမှာလေ ... နေ့ခင်းကမှ ဝယ်လာတဲ့ ဒန်းလော့ ကြီးကလည်း နှစ်ယောက်အိပ်ကြီးပဲဟာ"

သူက မွေ့ရာကြီးကို ပုတ်ကာ ဟန်ပါပါ ပြောလေသည်။





နှစ်ယောက်အိပ် ခုတင်ကြီးကို ကြည့်ကာ နန်းဆက် ချွေးပျံလာသည်။ ဘုရား ... ဘုရား ... ဒီနေ့မှ စကားပြောဖူးသော ယောကျ်ားပျိုတစ်ယောက်နှင့် တစ်ခုတင်တည်းမှာ နန်းဆက် ဘယ်လိုမှ မအိပ်နိုင်ပါ။

"ဟင့်အင်း ... ဘာကိစ္စ ကျွန်မက ရှင်နဲ့အတူ အိပ်ရမှာလဲ။ မဖြစ်နိုင်တာ။ တော်ပြီ ... တော်ပြီ။ ကျွန်မ အခန်းမှာ ကျွန်မ ပြန်အိပ်မယ်"

"ဟာ ... ဟေ့ ... ဟေ့။ အဲလိုတော့ မလုပ်နဲ့လေ။ မင်္ဂလာ ဦးညမှာ တစ်ယောက်တစ်ခန်းစီ ခွဲအိပ်တယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ" ...

မင်း ဒီမှာ အိပ်ပါ။ Come on"

"ရှင် ဘာစကားပြောတာလဲ။ ယီးတီးယားတား လာမလုပ်နဲ့ နော်။ ကျွန်မက အရှက်နဲ့အသက် လဲဖို့လည်း ဝန်မလေး ဘူး ...

ရှင့်နာမည်ကို ဘာလွဲသုံးစားလုပ်မိတာလေးတစ်ခုနဲ့ ကျွန်မကို အပေါစားလို လာမဆက်ဆံပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် စိတ်တိုလာလျှင် အသံပါ ကျယ်လာသည့်ထုံးစံအတိုင်း စကားသံတွေဟာ စူးရှကျယ်လောင်လာလေသည်။ တကယ်ကိုပင် နန်းဆက် သေချင်စော်နံလောက်အောင်ပင် စိတ်ပျက်ရသည်။

ကျားကြောက်၍ ရှင်ကြီးအားကိုးမိပါတယ် ရှင်ကြီးက အခန်းထဲထိ ရောက်လျက် ကျားထက် အဆတစ်ရာလောက်ကို ဆိုးနေလေသည်။ ဘယ်ဘဝက ဝဋ်ကြွေးမှန်းကို မသိပါချေ။

ထိုစဉ်မှာပင် အပြင်ဘက်မှ တံခါးခေါက်သံနှင့်အတူ မေမေဥရဲ့ အသံကို ကြားလိုက်ရသည်။

"ဟဲ့ ... နန်းဆက် ... ဘာဖြစ်နေကြတာလဲ။ တံခါးဖွင့်စမ်း"

နန်းဆက်သည် အင်မတန်ကို စိတ်ကုန်ခန်းစွာဖြင့် တံခါးဖွင့်ပေးလိုက်လျှင် မေမေဥဟာ အခန်းတံခါးဝမှာ မားမားကြီးပေါ်လာသည်။ နန်းဆက်ကို မျက်မှောင်ကုတ်ကြည့်လျက် ...

"ဘာတွေ အော်နေတာလဲ နန်းဆက်ရဲ့။ ဘုရားခန်းက ပြန်လာတုန်း ညည်းအသံကြီးကို ကြားရတာ လန့်တောင် လန့်တယ် ...





မျက်နှာကလည်း စုပုပ်နေတာပဲ။ ရန်ဖြစ်နေကြတာလား။ ပြောစမ်း"

"မဟုတ်ပါဘူး"

"ဘာမဟုတ်ပါဘူးလဲ။ ညည်း အော်သံကြီး နားနဲ့ ဆတ်ဆတ်ကြားရတဲ့ဟာကို။ ညည်း မျက်နှာကလည်း မယ်ကုဝဏ်ရုပ်နဲ့။ ဘာဖြစ်သလဲ ရွက်စိမ်း။ ဒီကောင်မလေး ဘာပြဿနာရှာပြန်ပြီလဲ"

ကျွတ် ... လူပေါင်းတော့ မှားပါပြီကွာ။ မေမေဥတို့ကတော့ အပြတ်အသတ်ကို အယုံအကြည်တွေ ပေးနေတော့တာပါပဲ။

"ကျွန်တော်ကစလို့ သူက စိတ်ကောက်နေတာပါ မေမေဥ။ အဲဒါ စိတ်ဆိုးပြီး သူ့အခန်းမှာ သွားအိပ်မယ်ဆိုတာနဲ့ ချော့နေတာပါ ...

စိတ်မပူပါနဲ့ မေမေဥ။ ကျွန်တော် သူ့ကို ရန်မဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာသွားအိပ်မှာလဲ။ ကိုယ့်အခန်း ကိုယ်အိပ်။ ညည်း အခန်းကိုလည်း ငါသော့ခတ်ပြီးပြီး အသွင့်ဆီလည်း သွားဖို့ စိတ်မကူးနဲ့ ...

ညည်းက အိမ်ထောင်သည်နော်။ အိမ်ထောင်သည်ဆိုတာ အပျိုနဲ့တူတာ မဟုတ်ဘူး။ နောက်မှ ညည်းကို လက်ချာပေးဦးမှပါ. နန်းဆက်ရယ် ...

ညည်းတို့ ခေတ်ကာလသားသမီးတွေ ဘာမှ နား မလည်ကြဘူး။ ခက်တယ် ... ခက်တယ်။ ကဲ ကဲ - အိပ်တော့။ မေဥ မငေါက်ချင်ဘူး ...

ရွက်စိမ်းရေ မင်းလည်း သူ့ကို သွားစမနေနဲ့။ သူ့ စိတ်က လက်တစ်ဆစ်ရယ်၊ အိပ်ကြတော့"

မေမေဥကား တံခါးကို အပြင်က လော့ချပြီးသွားလျှင် နန်းဆက်သည် အာခေါင်ခြစ်၍ အော်ပစ်ချင်စိတ်အား အထူးပင် ထိန်းချုပ်ထားရလေသည်။ လက်နှစ်ဖက်ကို ခါးထောက်လျက် သူ့ကို သတ်ချင်သော မျက်လုံးများဖြင့်ကို အသေအကြေ စိုက်ကြည့်နေမိသည်။





သူကလည်း ရိပ်မိသည့်ထင့်။

"ငါ့ကို ညအိပ်နေတုန်း လည်ပင်းတော့ ထမညှစ်လောက်ပါဘူးနော်"

"မညှစ်စေချင်ရင် ရှင် ဒီအခန်းထဲက ထွက်သွားလိုက်"

"ဟာ ... ဘာကိစ္စ ထွက်ရမှာလဲ။ ဒါ ငါ့အိပ်ဖို့ အခန်းပဲဟာ။ ပြီးတော့ မင်းသိတဲ့အတိုင်းပဲ။ ထွက်လို့လည်း မရတော့ဘူး။ အပြင်က လော့ခ်ချသွားပြီ"

"ကျွတ် ... ငါတော့ အကြီးအကျယ် ကံဆိုးပါပြီကွာ"

နန်းဆက်ရဲ့ နင့်နင့်နဲနဲ ညည်းညူသံကြောင့် တစ်ခဏမျှတော့ သူ တိတ်ဆိတ်သွားလေသည်။ ပြီးလျှင် နန်းဆက်ကို တည်ငြိမ်စွာ ကြည့်လာလျက် ...

"ဒီမှာ ရွှေနန်းဆက် ... မင်းကို ငါ တစ်ခုတော့ ပြောချင်တယ်။ ငါဟာ ယောကျ်ားတစ်ယောက်မို့ ယောကျ်ားစိတ်ဓာတ်တော့ ရှိတယ်။ ဒါပေမဲ့ ယုတ်မာတဲ့ ယောကျ်ားတစ်ယောက်တော့မဟုတ်ဘူး။ အခွင့်အရေးယူတဲ့ ယောကျ်ား မဟုတ်ဘူး။ အဲဒါကိုတော့ မင်း မြဲမြဲယုံထားလိုက် ...



www.burmeseclassic.com

www.burmeseclassic.com



မင်းကို ငါ ထိခိုက်နစ်နာအောင် ဘာမှ မလုပ်ဘူး ဆိုတာ မင်း ယုံထားလိုက်။ နောက်နေ့တွေကျရင် မင်း စားဆောင်ထား။ မင်းအပေါ်မှာ မရိုးမသား ကြံစည်ရင် အဲဒီစားနဲ့သာ ထိုးလိုက် ...

ဟုတ်ပြီလား”

သူက တိတိကျကျ ပြတ်ပြတ်သားသား ဆိုလာသည်မို့ နန်းဆက် နည်းနည်းတော့ စိတ်အေးသွားခဲ့ရပါသည်။ သို့သော် သူဟာ သွေးနဲ့သားနဲ့ ယောက်ျားတစ်ယောက်ဖြစ်သည်။

တိတ်ဆိတ် မွှေးပျံ့အေးဆေးသော ဤအခန်းထဲတွင် ဘာမှ သွေးသား မတော်စပ်သော သူနဲ့ နန်းဆက် အတွက်၊ အထူးသဖြင့် နန်းဆက် အတွက် အပြည့်အဝ စိတ်ချမှု ဆိုတာ မရှိချေ။

“ရှင် ဆိုဖာပေါ်မှာ လာအိပ်။ ကျွန်မ ခုတင်ပေါ်မှာ အိပ်မယ်”

“အိုး နိုး နိုး ... မင်းကို ငါလက်ဖျားနဲ့ မတို့ဘူး ရွှေနန်းဆက်။ တခြားအချိန်တွေမှာသာ လက်ဖျားနဲ့ ထိချင်





ထိမယ်။ ခုတင်ပေါ်ရောက်ရင်တော့ လုံးဝ မထိဘူး။ စိတ်ချ ...

ခုတင်ကိုတော့ မပေးနိုင်ဘူးကွာ၊ ငါက မွေ့ရာနဲ့ မဟုတ်ရင် ဖက်လုံးမပါရင် မအိပ်တတ်ဘူး”

“ရှင် ယောက်ျားဖြစ်ပြီး တော်တော် ကပ်သတ်တဲ့သူပဲ”

“ဟ ... ဒီခုတင်က မင်းရယ် ငါရယ် တစ်ယောက်တစ်ဝက် ပိုင်တာပဲလေ။ ဒီလောက်အကျယ်ကြီး မင်း လာအိပ်လည်း ရတာပဲ။ ဒါကို ငါက ဆိုဖာပေါ် ဆင်းအိပ်ပေးရမှာလား၊ ဆောရီးပဲ၊ ငါကတော့ မအိပ်ဘူး ...

မင်း အိပ်ချင်ရင် အိပ်”

နန်းဆက်သည် ယောက်ျားတန်မဲ့ အကောင်းကြိုက်တတ် ဇိမ်ခံတတ်သော သူ့ကို မုန်းမုန်းနှင့် မျက်စောင်းတစ်ချက် ထိုးမိသည်။ သူနဲ့တော့ ဘယ်နည်းနဲ့မှ တစ်ခုတင်တည်း မအိပ်နိုင်ချေ။

နန်းဆက်တို့ အခန်းသည် ရေချိုးခန်း၊ အိမ်သာတွဲပါသော အခန်းကျယ်ကြီးဖြစ်ကာ အခန်းထဲမှာတင် TV Set(တစ်စုံ



www.burmeseclassic.com

www.burmeseclassic.com



နှင့် နှစ်ယောက်ထိုင် ဆိုဖာအရှည်ကြီးတစ်ခု ပါသေးသည်။ နောက် စာရေးစားပွဲ၊ ရေခဲသေတ္တာ စသဖြင့် ပစ္စည်းပစ္စယ အစုံအလင်ရှိကာ နှစ်ခန်းစာ ကျယ်ဝန်းသော အခန်းကြီးဖြစ်၏။

သူက ခုတင် ဖယ်မပေးဟု ဆို၍ နန်းဆက်မှာ မခံချိမခံသာဖြင့် ဘာမှ မပြောနိုင်တော့ဘဲ ဆိုဖာပေါ်ကိုသာ ညောင်းရတော့သည်။

ဆိုဖာပေါ် ဝုန်းခနဲ ထိုင်ချလိုက်လျှင် သူကလည်း မီးတွေ အားလုံး မှိတ်ကာ ညအိပ်မီးတွေကို ဖွင့်ချလိုက်လေသည်။ ချက်ချင်းပင် အခန်းထဲ၌ ပြာလဲ့လဲ့ အရိပ်တွေ ထင်ဟပ်သွားသည်။

မီးရောင်ပြာလဲ့လဲ့အောက်တွင် နန်းဆက်သည် ပူပင်ကြောင့်ကြများစွာဖြင့် ဘယ်လိုမှ အိပ်မပျော်ချေ။ သူကတော့ လည်ပင်းညှစ်ချင်လောက်အောင်ပင် စိတ်သောက ကင်းဝေးစွာ အိပ်ပျော်သွားပြီဖြစ်သည်။

ညအိပ်လျှင် ညဝတ်ဂါဝန်ရှည်တစ်ထည်ဖြင့် ခုတင်ပေါ်မှာ အေးဆေးသက်သာစွာ လဲလျောင်းရမှ နှစ်နှစ်ခြိုက်ခြိုက်





အိပ်ပျော်တတ်သော နန်းဆက်အဖို့ကတော့ ညနေခင်းက ဝတ်စုံဖြင့် ဆိုဖာပေါ်မှာ ခပ်တောင့်တောင့်ထိုင်ကာပဲ မိုးစင်စင်လင်းခဲ့ရတော့တာ ဖြစ်လေသည်။

❦ ✷ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မိုးမြန်မြန်လင်းပါစေတော့ဟု ဆုတောင်းမိသ...
နံနက်လင်းခါနီးမှပင် မှေးခနဲ အိပ်ပျော်သွားမိသော နန်းဆ...
ဟာ ဖြန်းခနဲ အရိုက်ခံလိုက်ရမှုကြောင့် အလန့်တကြား နိုးလာ...
သည်။ အိပ်ရေးမဝသော မျက်လုံးများဖြင့် ပွတ်သပ်ကြည့်လို...
လျှင် မေမေဥရဲ့ မျက်နှာကြီးကို တွေ့လိုက်ရလေသည်။





မေမေဥရဲ့ အနောက်မှာ သပ်ရပ်သစ်လွင်နေသော အဝတ်အစား၊ အပြင်အဆင်တို့နှင့် ရပ်နေတာက အစုတ်ပလုတ် ကောင်းရွက်စိမ်း။ မျက်နှာက ရယ်ချင်စိတ်ကို ပိပိရိရိ ထိန်းချုပ်ထားသော မျက်နှာမျိုး။

"ဟဲ့ ... ထလေ။ ဘာကိစ္စ ဆိုဖာပေါ်မှာ အိပ်နေရတာလဲ။ ဘယ်အချိန်ရှိပြီလဲ ... ဟင်"

"အာ ... အဲဒါများ နိူးမေးရမလား မေဥရ။ နာရီကို ကြည့်ပေါ့"

"အောင်မာ ... ငါ လုပ်လိုက်ရင် သေဦးတော့မယ်။ ရှစ်နာရီ ထိုးနေပြီ နားလည်လား။ ငါ ရှိနေတဲ့ အချိန်မှာ Breakfast ကို ရှစ်နာရီအရောက် လာရတယ်ဆိုတာ မသိဘူးလား ...

ပြီးတော့ ဒါ မိန်းကလေး အိပ်ရမဲ့ အချိန်လား။ ပြောစမ်း။ ယောကျ်ားနောက်မှထတဲ့ မိန်းမဟာ မိန်းမကောင်း မဟုတ်ဘူးဟဲ့။ ယောကျ်ားထက် အရင်အိပ်ရာထ၊ ယောကျ်ားကို ကူညီလုပ်ကိုင်ပေးမှ မယားဝတ္တရား ကျေပွန်တာ။ သွား ... အခု မျက်နှာသစ်ချေ"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် မသွားသေးဘဲ သူ့ကို အခဲမကျေ သည့် မျက်လုံးများဖြင့် စိုက်ကြည့်နေမိသည်။ မေဥက လက်မြန် ခြေမြန်ပင် လက်မောင်းကို ဆောင့်တွန်းလျက် ...

"ဟဲ့ ... သွားလေ၊ ဒီဟာမလေးနဲ့တော့ ခက်ပါတယ်အေ မျက်နှာကို မြန်မြန်ထက်ထက်သစ်။ ဘာအလုပ်မှ ပြင်မနေနဲ့ ပြီးတာနဲ့ ချက်ချင်း ဆင်းလာခဲ့ ...

ရွက်စိမ်း သူ့ကို စောင့်ခေါ်လာခဲ့"

"ဟုတ်ကဲ့ မေမေဥ"

မေမေဥက နန်းဆက်ကို မျက်စောင်းတစ်ချက်ထိုး ကာ လှည့်ထွက်သွားလေသည်။ သူက ဆိုဖာပေါ်တွင် ဟန်ပါပါ ဝင်ထိုင်လျက် ...

"ကဲ ကဲ ... မျက်နှာကို မြန်မြန်သွားသစ်လေ။ မင်းကို စောင့်နေတာနဲ့ ဘာမှ မစားရသေးဘူး။ ငါက စက်ရုံကို သွားရဦးမှာ။ နောက်နေ့တွေတော့ ဒီလိုဖြစ်လို့ မရတော့ ဘူးနော် ...

Breakfast အတွက် မင်းကိုယ်တိုင် ပြင်ဆင်ပေးရ မယ်"





"သေလိုက်ပါလား။ ဒီမှာ ... ကောင်းရွက်စိမ်း၊ ရှင် နည်း နည်းတော့ ဆင်ခြင်ဖို့လိုမယ်နော်။ ရှင့်ကို လုံးဝ ကြည့်မ ရတော့ဘူး"

"ဟာ ဟ ... ကြည့်မရဘူးသာ ပြောနေတယ်ကွာ၊ မျက် နှာတောင် မသစ်နိုင်အားဘဲ ငါ့ မျက်နှာတော်ကိုပဲ မော် ဖူးနေတယ်"

"ဗွီ ... ရှင့် မျက်ခွက်ကို စောစောစီးစီး မြင်ရတာ ကျက် သရေကို မရှိဘူး။ နားလည်လား။ ကြည့်ချင်လို့ ကြည့်နေ တယ်များ မှတ်မနေနဲ့ ...

ရှင့်ကို တစ်ခါတည်း ပြောထားမယ်။ မေမေဥ ရှေ့မှာ ဝင်ဝင်ပြီး လျှာလာမရှည်နဲ့။ ရှင်က တစ်ညလုံး အသေကောင်လို မလှုပ်မယှက် အိပ်နေရတာ ...

ကျွန်မက တစ်ညလုံး တစ်မှေးမှ အိပ်ရတာ မဟုတ် ဘူး"

"ဟာ ... မင်းဘာသာမင်း မအိပ်တာလေ။ ငါက မင်း မျက်လုံးကို ဇွတ်လိုက်ဖြဲနေလို့လား"

www.burmeseclassic.com



"ရှင် စကားပြောတာ မမိုက်ရိုင်းနဲ့နော်။ ရှင် တစ်ယောက်လုံး ရှိမှတော့ ကျွန်မက စိတ်ချလက်ချ အိပ်နေရမှာလား"

"အိုး ... ဒါကတော့ မင်းဘာသာမင်း ကြောက်နေတာလေ။ မင်းကိုများ ငါက စိတ်ဝင်စားမယ်များ ထင်မနေနဲ့။ ငါ့လက်ထပ်မဲ့ မိန်းမက မင်းထက် အဆတစ်ရာချောတယ်။ နားလည်လား"

နန်းဆက်သည် ကိုယ့်အလှကိုယ် ယုံကြည်စိတ်ချတာရော၊ သူ တမင်ပြောမှန်း သိတာရောကြောင့် ဒေါသထွက်သည့်ကြားမှ တဟားဟား အော်ရယ်မိလေသည်။ အလကား။ မိန်းမလို မိန်းမရကောင်။

"အဟား ဟား ... ဟုတ်ပါပြီ။ ဒါဆိုလည်း ဒီအခန်းထဲက မြန်မြန်ကြွပါ"

သူက နှာခေါင်းကို လက်ကာဟန်ပြုလျက် ...

"ဟော့ ... ဟော့ ... သွားမတိုက်ရသေးဘဲနဲ့ အာပြဲကြီးနဲ့ အော်ရယ်မနေနဲ့။ အာပုပ်စော်နံတယ်။ မိန်းမတို့ရဲ့ အလှ





စစ်ဟာ မနက်ခင်း အိပ်ရာထချိန်မှာ ပေါ်တာတဲ့။ မင်းရုပ်ကတော့ကွာ မေချောက်ဖို့နဲ့ ညီအစ်မတော်လား ထင်ရတယ် ...

ကဲ ကဲ ... မျက်နှာသစ်ပြီး လာခဲ့တော့။ မြန်မြန်လုပ်။ ကြားလား ပြောတာ"

"မကြားဘူး။ လာလည်း မလာနိုင်ဘူး။ ကိုယ့်ဟာကိုယ် မျိုဆို့ပြီးတော့သာ ကြွတော့"

နန်းဆက်သည် သူ ဘာမှ ပြန်မပြောခင်မှာပင် ...နိုင်နဲ့ ပိုင်းလျက် ရေချိုးခန်းထဲသို့ ဝင်လာခဲ့တော့သည်။ မျက်...သစ်။ သွားတိုက်ပြီးလျှင် တစ်ညလုံး မအိပ်ရသော နွမ်းနယ်...ကျကိုနေသည့် စိတ်ခန္ဓာကို ပြေအောင်အလို့ငှာ ရေချိုး...ခေါင်းလျှော်ပစ်လိုက်သည်။

ပြီးတော့မှ တဘက်ပတ်၍ ထွက်လာချိန်ဝယ် အခန်း...ထဲသို့ စိတ်ပူစွာ ဝင်လာသော အသွင့်ကို တွေ့ရလေသည်။ ...န်းဆက်သည် အသွင့်ကိုပါ မဆိုမဆိုင် မျက်စောင်းထိုးပြီးနောက် ...တင်ခုံရှေ့တွင် ခြေချိတ်ထိုင်ကာ အလှပြင်ဖို့ လုပ်ငန်းစသည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းဆက်ရယ် ... ငါ နင့်အတွက် တစ်ညလုံး စိတ်ပူနေရတာ။ ဟို ... ဟို ... အဆင်ပြေလား"

နန်းဆက်သည် မျက်နှာအနှံ့ (တိုနာ) ကို ပွတ်လိမ်းနေရင်းမှ လှည့်ပြီး မျက်စောင်းထိုးကာ ...

"ဘာမှ အပိုတွေ လာမေးမနေနဲ့။ တကယ် စိတ်ပူရှိမှန်ရင် ညက လာခေါ်ပါလား"

"ခေါ်မလို့ပဲဟဲ့။ ဒါပေမဲ့ ဟို နင်တို့က ဘာလုပ်မယ်မှန်း မသိတော့"

"အသွင်နော် ... ဘာလုပ်ရမှာလဲ။ ဒီမှာဖြင့် တစ်ညလုံး အိပ်မပျော်ဘူး၊ မိုးလင်းခါနီးမှ ဘယ်လိုမှ တောင့်မခံနိုင်လွန်းလို့ မှေးခနဲ ပျော်သွားတာ ...

သင်းက ဘယ်အချိန်က ထသွားမှန်းတောင် မသိဘူး။ မေဥကို သွားကုန်းထိုးလာတာ မဟုတ်လား"

"မထိုးပါဘူးဟယ်။ နန်းဆက်ရော ဆိုတော့ အိပ်နေတုန်းတဲ့"





အသွင်သည် နန်းဆက်ရဲ့ အနားနားသို့ တိုးကပ်ကာ လေသံကို နှိမ့်လျက် ...

"ဟဲ့ ... ညက နင်တို့နှစ်ယောက် အတူတူ အိပ်ကြတာလားဟင်"

"အာ ... အသွင်ကလည်း၊ ဘာကိစ္စ အိပ်ရမှာလဲ။ အိပ်စရာလား။ နန်းဆက်က သူ့ကို ဆိုဖာပေါ် သွားအိပ်လို့ ပြောတာက ကိုကြီးကျယ်က ခုတင်ပေါ်မှ မဟုတ်ရင် မအိပ်တတ်ဘူးတဲ့လေ။ နန်းဆက်ပဲ ဆိုဖာပေါ်မှာ သွားထိုင်နေရတာပေါ့။ သင်းကတော့ တရှူးရှူးနဲ့ သေလို့ ...

တော့က် ... မှန်းစရာကောင်းလိုက်တာကွာ။ အဲဒါ အသွင်ကြောင့် သိလား။ အခုတော့ ဘာထူးလဲ။ ယောကျ်ား မလိုချင်ပါဘူးဆို တည့်တည့်ကြီးကို တိုးနေရတယ်"

"ဟဲ့ ... နင် မလိုချင်တာ ဖေသက်တင်ကို မဟုတ်လား။ ငါလည်း နင့်အတွက် ကြံငြကြံရာ လုပ်ရတာပါဟယ်။ ကောင်းရှက်စိမ်းပုံ အကျင့်စာရိတ္တတော့ ကောင်းပုံပါဟဲ့။ မရိုးသားပုံတော့ မရှိပါဘူး ...



www.burmeseclassic.com

www.burmeseclassic.com



သူက Rad Coffeemix ရဲ့ ပိုင်ရှင်တဲ့နော်။ ကြံ့ရတယ်။ ငါတို့ တစ်ရက်လောက် သူ့စက်ရုံကို လိုက်သွားရအောင်လေ"

"အမလေး ... တော်ပါနော် ... တော်ပါ။ ဒီ ဖင်ခေါင်းကျယ်ရှိတဲ့နေရာကို တစ်သက်လုံး မသွားဘူး။ အသွင်လည်း ကြည့်ပြောထားဦး။ ဒီလူ စကားပြောတာ အရမ်းတင်စီးတယ်။ သင်းက လူလည်ကြီး။ မေဥကို အပီ ပေါင်းထားတာ ...

ပြီးတော့ နှန်းဆက်ကို ရေလည်ဖွဲ့တော့တာ"

အသွင်က နှန်းဆက်ရဲ့ စကားကို သဘောကျစွာနှင့် တဟားဟား ရယ်လေသည်။ အလုပြင်ဆင်၍ အဝတ်အစားလဲနေသော နှန်းဆက်ကို လည်ပြန်လှည့်ကြည့်ရင်းမှ ...

"စဉ်းစားကြည့်ရင်တော့လည်း ငါတို့ဘက်က တော်တော်လွန်ထားတာကိုးဟဲ့။ သူ့ကို သေချာတောင် မတောင်းပန်ရသေးဘူး။ ဟုတ်တယ်ဟဲ့ ဟိုတစ်နေ့က သတင်းစာထဲမှာ သူ့ဓာတ်ပုံ မှတ်သိမ်းထားတဲ့ ကြော်ငြာပါတယ်။ ငါမှာမေမေဥ မမြင်အောင် အဲဒီသတင်းစာကို ဖွက်ထားရတယ် ...

နင် စဉ်းစားကြည့်စမ်း။ နောက် နှစ်လနေရင် လက်ထပ်တော့မဲ့သူနော်။ သူက ဘယ်လောက်ခံစားရမလဲ။ သူ့မဒီက သူ့ကို အကြီးအကျယ် နာကြည်းမှာ။ ငါတို့က ချစ်သူရည်းစား မရှိတော့ သိပ်တော့ မခံစားတတ်ဘူးပေါ့ဟာ ...

ဒါပေမဲ့ ကိုယ်ချင်းစာကြည့်ပေါ့။ ကိုယ်သာဆိုရင်လည်း တော်တော်ဒေါသဖြစ်မိမှာပဲ"

နှန်းဆက်သည် ဘောင်းဘီကို ခါးပတ် ပတ်ရင်းမှနေ၍ အသွင် ပြောတာတွေကို စဉ်းစားကြည့်မိသည်။ အသွင်ပြောတာတွေက ဟုတ်တော့လည်း ဟုတ်သား။ ကိုယ့်ကြောင့် သူ့ဘဝရဲ့ အရေးကြီးသောကိစ္စတစ်ခု ပျက်စီးဆုံးရှုံးသွားရတာဖြစ်၏။ တွေးကြည့်လျှင်တော့ အင်မတန်အားနာစရာကောင်းသည်။

သို့သော် သူ့ရဲ့ မာကျောကျော မျက်နှာပေးနှင့် အထက်စီးလေသံတို့ကြောင့် ကြည့်မရချင်တော့တာလည်း ဖြစ်၏။

www.burmeseclassic.com



"အို ... သူ့အပေါ်မှာ မှားတာလည်း မှားတာပဲ။ သူကလည်း အမြင်ကတ်ရလောက်အောင်ကို နှိပ်ကွပ်လွန်းတယ်။ ဟွန်း ... အဲဒီ အငြိုးတွေနဲ့ နန်းဆက်ကို အပြတ်တိုက်ခိုက် နေတာပေါ့ ...

မနက်ကတောင် ပြောသေးတယ်။ မင်းကိုများ စိတ်မဝင်စားပါဘူးတဲ့။ သူ ယူမဲ့ မိန်းမက နန်းဆက်ထက် အဆတစ်ရာ ချောတယ်တဲ့"

ဒီစကားကြောင့် အသွင်သည် ထိုင်ရာမှ ထလာကာ နန်းဆက်ရဲ့ ခါးကို သိုင်းဖက်လျက် ...

"အိုး ... ငါ့တူမလောက် ချောဦးမလား။ ယုံပါဘူး။ လျှောက်ပြောတာ။ ကဲ ကဲ ... ပြီးပြီမဟုတ်လား။ လာ ... လာ ... နံရိုးပေါင်း လုပ်ထားတယ်။ စားရအောင်။ အသွင်တောင် မစားသေးဘူး။ နင့်ကို စောင့်နေတာ"

"ဟိုပြိတ္တာရော သွားပြီလား"

"နန်းဆက်ကလည်းဟယ်။ ပြောလိုက်မှဖြင့် ပျစ်ပျစ်နစ်နစ်။ အဲ ... နင် ပြောသလိုပဲသိလား အရမ်းစားနိုင်တာပဲ။ နံရိုးပေါင်းပွဲကြီးကို နှစ်ပွဲတီးသွားတယ်။ ကော်ဖီက နှစ်ခွက်နော်။ အားပါး အရမ်းစားနိုင်တာပဲရော"



"ဘယ်ဘဝက ငတ်သမျှ အတိုးချနေမှန်းမှ မသိတာ။ သိပ်လည်း ကျေးဇူးတင်မနေနဲ့ အသွင်ရေ။ သူ့ဟာသူ နေရင်ကို တစ်ယောက်တည်း စားရေးသောက်ရေး နေရေး ထိုင်ရေးက ဒီလောက်အဆင်ပြေမှာလား ...

ဒီမှာက ဘာမှ ပလိုအောင် ရယ်ဒီဖြစ်နေတာ။ သူ့အတွက် ဖိမ်ချည်းပဲ။ သူ့အတွက်လည်း အကျိုးရှိလို့ နေနေတာပေါ့။ ကျေးဇူး ကျေးဇူး ဆိုပြီး ခေါင်းတော့ လာမတက်နဲ့။ အချိန်မရွေး ကျောင်းလို့ရတယ် ... ဟင်း"

အသွင်က နန်းဆက်ရဲ့ မာန်တင်းတင်း မျက်နှာလေးကို ကြည့်လျက် သဘောတကျနှင့်ပဲ ပြုံးနေမိတော့တာဖြစ်သည်။

မာနရှင် ရွှေနန်းဆက်ဟာ သူ့အပေါ်ကို နည်းနည်းလေးတင်စီးလျှင်တောင် သည်းခံတတ်သည့်သူ မဟုတ်ပေ။ ကောင်းရွက်စိမ်းဆိုသော တစ်ယောက်ကလည်း စိတ်ရင်းသဘောကောင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



ရသော်ငြား မတိတထိ ပြောတတ်သူမို့ ဒီနှစ်ယောက်ဟာ ဘယ်တော့မှ တည့်လာမည့်သူတွေလည်း မဟုတ်ချေ။

သို့သော် ဒီနှစ်ယောက်ရဲ့ အဖြစ်အပျက်ကို အသွင်ကတော့ စိတ်ဝင်စားသည်။ ကောင်းရွက်စိမ်းဟာ နန်းဆက်ကိုတော့ မထိတထိ ပြောတတ်သော်လည်း တခြားသူတွေနဲ့တော့ တော်တော့်ကို အဆင်ပြေတာကို တွေ့ရသည်။

အထူးသဖြင့် မေမေဥနှင့် အလွန်ပနံသင့်လေသည်။ စကားကိုလည်း မေမေဥ စိတ်ဝင်စားအောင် ပြောတတ်သေးသည်။

ခေါင်းတညိတ်ညိတ်နှင့် အမြဲ ရိရိကျိုးကျိုးပင်။ သူ့ပုံစံက ဟန်ဆောင်ဖားယားနေတာလည်း မဟုတ်မှန်း သိသာသည်။ အသွင့်ကို ဆိုရင်လည်း ကောင်းကောင်းမွန်မွန် ပြောဆိုဆက်ဆံ ရှာသည်။ ဒီ နန်းဆက်ကိုမှ ...။

အေးလေ ... နန်းဆက် မျက်နှာကလည်း မာန့ရှင် ဒီဖိုင်းကိုး။

"ဟဲ့ ... မိနန်းဆက်။ လာဦး ဒီနားကို"





ထင်သည့်အတိုင်း မေမေဥက ညှော်ခန်းမှာ အသင့်ထိုင်စောင့်နေလေသည်။

နန်းဆက်သည် စိတ်ကို အတော်ဆွဲဆန့်ထားပြီး မေမေဥ ရှေ့တွင် ဝင်ထိုင်လိုက်သည်။

"နန်းဆက်နော် ... ညည်းကိုယ်ညည်း အပျိုလို မှတ်မနေနဲ့တော့။ အိမ်ထောင်ရှင်မတစ်ယောက် ဖြစ်လာပြီ။ ကိုယ့်ယောကျ်ား ကိုယ် ပြုစုရတာ ရှက်စရာ မဟုတ်ဘူးအေ့။ အဲဒါ ညည်း ချစ်လို့ ယူထားတဲ့ ယောကျ်ား မဟုတ်ဘူးလား"

"အို ... ချစ်လို့ယူလည်း သူ့ကျွန်ခံဖို့ ယူထားတာမှ မဟုတ်ဘဲ မေဥရဲ့။ သူနဲ့ နန်းဆက် အစတည်းက ညှိပြီးသား။ ကိုယ်ကြိုက်သလို ကိုယ်နေခွင့်ရှိတယ်လို့"

"ဟဲ့ ... ဘာမှ ကိုယ်ကြိုက်သလို နေခွင့်မရှိဘူး။ ဘယ့်နှယ်အေ ... ညည်း အချိုးတွေ မကြိုက်လို့ ယောကျ်ားပေးစားဖို့ ကြံတာဟော့။ နားလည်လား ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဆို ဘယ်လောက် လိမ္မာသိတတ်လဲ။ အလုပ်နဲ့ အကိုင်နဲ့။ အရည်အချင်းလည်း ရှိတယ်။ ငါတို့မှာ မိန်းမသားတွေချည်း မိနန်းဆက်ရဲ့။ ကိုယ့်ရှေ့မှာ အားကိုးအားထားပြုလို့ရတဲ့ ယောကျ်ားသား လိုတယ်။ ငါ မရှိရင် ညည်းတို့ချည်း ဘယ်လောက် စိတ်မချစရာကောင်းလဲ ...

ကဲ ... ငါ ရှည်ရှည်ဝေးဝေး မပြောချင်ဘူး။ ညည်းဘက်က မယားဝတ္တရား ကျေပွန်ပါစေ နန်းဆက်။ မနက်ဆို ယောကျ်ားနဲ့ တစ်ခါတည်း အိပ်ရာထ။ အတူဆင်းခဲ့။ နေ့ခင်းစာလည်း သူ ပြန်လာစားလိမ့်မယ်။ အဲဒါ ညည်းက စောင့်ပြီး ခူးခပ်ကျွေး ...

အိမ်က လူတွေကို အကုန်မှာပြီးသား။ ကောင်းရွက်စိမ်းရဲ့ ကိစ္စမှန်သမျှ ဘယ်သူမှ လုပ်ပေးစရာ မလိုဘူး။ ညည်းပဲ လုပ်ရမယ်။ ကြားလား မိနန်းဆက်”

“ဟုတ်ကဲ့”





“အေး ... ပြီးတော့ ငါ တစ်ခု ပြောရဦးမယ်။ ညည်းတို့ကလေးတွေ ဘာတွေ တားထားသေးလား”

ဒီစကားကြီးသည် နန်းဆက်ရဲ့ နားထဲသို့ အတော့်ကို နားဝင်ဆိုးစွာ ဝင်လာတာ ဖြစ်လေသည်။ သုံးယောက်တည်းရှိတာတောင် အတော်ရှက်ရွံ့လျက် နားထင်နားရင်းတွေပင် ပူလာရလေသည်။

ကောင်းရွက်စိမ်းရဲ့ ရှေ့မှာသာ ပြောလိုက်လျှင် ရှက်လွန်းတာနှင့်ကို လဲသေလောက်သည်။

“ဟဲ့ ... ငါ မေးနေတာ ဖြေလေ”

“ဘာကလေးတုံး။ အာ ... စိတ်ပျက်လိုက်တာ၊ မသိဘူး။ မရှိဘူး မေမေဥ”

“ဟဲ့ ... ဘာစိတ်ပျက်တာတုံး။ ဒီကလေးမလေးနှယ် ပြောရခက်ထားတာ။ အင်း ... ညည်းကို ပြောဆိုပြမှဲ့ အမေကလည်း မရှိ၊ အသွင်ကလည်း အပျိုကြီး။ ငါကလည်း ဒီအရွယ်ထိ ဒါတွေ လိုက်ပြောနေရဦးမှာလား ...



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ဘာတွေကို ဆေးဝါးတွေနဲ့ မတားနဲ့။ ငါလည်း မသေခင်တော့ မြေးချီချင်သေးတယ်။ ကလေးကို များများသာမွေး။ ကြားလား။ ညည်းတို့နှစ်ယောက်လုံး ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်းမာမာတွေပဲဟာ။ ဒီနှစ်ဆယ့်သုံးလေးနှစ်အရွယ်ဟာ ကိုယ်ဝန်ဆောင်လို့ အကောင်းဆုံးပဲ။ ဒီတော့ကာ ကလေးယူဖို့ စီစဉ်ထားကြ။ ကြားလား"

ဒီတစ်ခါတော့ နန်းဆက်မှာ အသံတောင် မထွက်နိုင်အားတော့ဘဲ ခေါင်းကိုသာ လေးလေးကြီး ညိတ်ပြလိုက်ရတော့တာဖြစ်၏။ နန်းဆက်ရဲ့ ရင်ထဲ၌ အိလည်လည်ကြီးနှင့် အတော်ကို ငိုချင်နေပေပြီ။

ထမင်းစားပွဲသို့ ရောက်လျှင် နန်းဆက် အလွ ကြိုက်သော နံရိုးပေါင်းကိုတောင် သိပ်မစားနိုင်တော့ချေ။ ရင်ထဲမှာ တစ်ခုခု ခံနေသလိုဖြင့် နင်လျက်ရှိသည်။ အသွင်ကတော့ နန်းဆက်ကို စာနာနားလည်ဟန်ဖြင့် ပခုံးလေးကို ကိုင်ကာ နှိပ်သိမ့်ရှာသည်။





"စိတ်မညစ်ပါနဲ့ နန်းဆက်ရယ်။ မေဥက နင်တို့ကို တကယ့် လင်မယားတွေလို့ ထင်နေတော့ ဒီလိုပဲ ပြောမှာပေါ့။ ဒါ သဘာဝအတိုင်းပဲကိုး။ ဒါ သူ လိုက်ကြည့်လို့ရတဲ့ ကိစ္စမျိုးမှ မဟုတ်တာ။ ခေါင်းထဲ ထည့်မထားပါနဲ့"

"မထည့်လို့ ရမလား အသွင်ရဲ့။ တော်ကြာ ကောင်းရွက်စိမ်းရှေ့မှာ သွားပြောနေတော့ ဘယ့်နှယ် လုပ်မလဲ။ နန်းဆက်တော့ ရှက်တာနဲ့ သေမှာပဲ ...

တော်ပြီကွာ။ မေဥကို အားလုံး ဖွင့်ပြောလိုက်တော့မယ်။ သူနဲ့ နန်းဆက်လည်း တစ်သက်လုံး ဟန်ဆောင်ထားနိုင်မှာလား။ တစ်နေ့ကျ ပေါ်မှာပဲ ...

ဒုက္ခတော့ ခံမနေတော့ဘူး။ ဟုတ်တယ်။ ဘာတွေမှန်းကို မသိဘူး။ သူများကို စိတ်မရှည်လို့၊ မပြုစု မယုယချင်လို့ ရည်းစားတောင် မထားခဲ့ဘူး။ အတုအယောင်ကိုမှ ထမင်းခူးကျွေးရဦးမယ်။ လုပ်ကျွေးသမှု ပြုရဦးမယ်။ ရှုပ်နေတာပဲ။ သွားပြောမယ် ခုကို"



www.burmeseclassic.com

www.burmeseclassic.com



စိတ်မြန် ကိုယ်မြန်ပင် ထထွက်သွားတော့မည့် နန်းဆက်ရဲ့ လက်တွေကို အသွင်က အလန့်တကြားပဲ ဖမ်းဆွဲထားလေသည်။

"ဟဲ့ ... ဟဲ့ ... သွားမပြောပါနဲ့ နန်းဆက်ရယ်။ ငါ့ကိုပဲ အမှုပတ်နေမှာပေါ့။ မေဥ ဘယ်လောက် စိတ်ဆိုးမလဲ။ ထစ်ခနဲဆို စိတ်လိုက်မာန်ပါ မလုပ်စမ်းပါနဲ့။ ကောင်းရွက်စိမ်းကလည်း ငါတို့ကို ဆက်ကူညီနေတဲ့ သဘောပါပဲ ဟယ်။ သူလည်း ငါတို့အတွက်ကြောင့် မဆီမဆိုင် ဒုက္ခရောက်ခဲ့ရပြီးပြီ။ အခု ပြဿနာထပ်ဖြစ်ရင် ဘယ်ကောင်းတော့ပါမလဲ ...

နောက်ဟာက နောက်ကိစ္စပေါ့ဟယ်။ ပြီးတော့ ပတ်ဝန်းကျင် အသိုင်းဝန်းကလည်း ရှိသေးတယ်။ အချိန်တစ်ခုကို စောင့်ပါ နန်းဆက်ရယ်။ စိတ်ကလေးကို ရှည်ပါ။ ကောင်းရွက်စိမ်းကိုလည်း ငါ ပြောပါ့မယ်။ နင်ကလည်း စိတ်ထဲက မပါတောင် မေဥ ရှေ့မှာ နည်းနည်းပါးပါးတော့ ဟန်ဆောင်ပြဦးမှာပေါ့ ...





တကယ်ချစ်လို့ နှစ်ဦးသဘောတူ လက်ထပ်ထားတဲ့ ညားကာစ လင်မယားဆိုတာ ဒီလိုပုံစံမျိုးမှ မဟုတ်တာ။ အမြဲပူးကပ်နေကြတာ။ နင်တို့ပုံစံက မေဥက သံသယဝင်ရင် တောင်ရတယ်။ ဟိုက ပိပြင်တယ်။ နင်ကသာ စူပုပ်နေတော့ အရာရာမှာ နင့်အဆိုးဖြစ်နေတာပေါ့။ ငါ ပြောတာ နားလည်လား"

"ကျွတ် ... သိတယ်၊ နားလည်တယ်၊ စိတ်ပျက်တယ်၊ စိတ်ညစ်တယ်၊ တကယ်ပဲကွာ ... တောက်"

စားလက်စကို ဒီအတိုင်း ထားပစ်ခဲ့လျက် ဒေါသတကြီး ထွက်သွားသော နန်းဆက်ကို ကြည့်ပြီးလျှင် အသွင်သည် သဘောပြုံးလျက် ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းနေမိတော့ပါသည်။

❦ ✳ ❦



www.burmeseclassic.com

www.burmeseclassic.com





၈

တစ်မနက်ခင်းလုံး စက်ရုံထဲ လှည့်လည်ကြည့်လိုက်
စာရင်းတွေစစ်လိုက်နဲ့ အလုပ်ထဲ ဈာန်အပြည့်ဝင်စားသမျှ ညော
လာတော့မှပင် နာရီကို သတိထားမိတာဖြစ်သည်။ ဆယ့်နှစ်နာ
ထိုးခါနီးနေပြီ။





သူက ဆုံလည်ထိုင်ခုံမှ ထကာ မှန်ချပ်များဖြင့် ဖွဲ့စည်းထားသော ပြတင်းပေါက် အကျယ်ကြီးမှနေ၍ အပြင်သို့ လှမ်းမျှော်ကြည့်မိသည်။ အတော်သာယာလှပသော ရှုခင်းပဲ ဖြစ်ပါသည်။ သူ့ရဲ့ ရုံးခန်းဟာ တောင်ကုန်းထိပ်မှာ ဆောက်လုပ်ထားတာမို့ ကော်ဖီစိုက်ခင်းနှင့် စက်ရုံ၊ ရှမ်းရိုးမတောင်တန်းကြီးများ၊ ပြာလွင်လွင် မိုးသားတွေကို မျက်စိတစ်ဆုံး လှမ်း၍ မြင်နိုင်သည်။

ပြတင်းကတစ်ဆင့် ဝင်လာသော ထင်းရှူးရနံ့ သင်းပျံ့သည့် စွတ်စိုအေးမြသော လေထုက ရင်ကို အတိုင်းမသိ ငြိမ်းချမ်းစေသည်။ ဒီနေရာ ဒီဒေသနှင့် ဒီပတ်ဝန်းကျင်ကို သူ အလွန်ပဲ နှစ်ခြိုက်ရပါသည်။ ဖြစ်နိုင်လျှင်တော့ သူ့ဘဝကို ဒီမှာပဲ မြှုပ်နှံထားဖို့ ဆုံးဖြတ်ထားတာဖြစ်သည်။

ဒီလို တွေးမိလျှင်တော့ဖြင့် သူ့နှုတ်ခမ်းတို့ဟာ အလိုလိုကို ပြုံးမိလျက်သား ဖြစ်သွားရသည်။ ကံတရားရဲ့ ဆန်းကြယ်ပုံများ ပြောပါတယ်။ တကယ်တော့ သူ လက်ထပ်ရမည့် သူကတစ်ယောက်။ အခု သူ ဆုံတွေ့နေရတာက ဘယ်တုန်းကမှ



www.burmeseclassic.com

www.burmeseclassic.com



သိကျွမ်းခဲ့ရဖူးသော မိန်းကလေးလည်းမဟုတ်။ ဒါပေမဲ့ ထူးဆန်းတာတစ်ခုကတော့ သူဟာ ရွှေနန်းဆက်ကို မဟေသီထက်စာလျှင် ပို၍ တရင်းတနှီး ရှိနေတာကို ဖြစ်ပါသည်။

ပြောရလျှင်တော့ အစပထမပိုင်းတုန်းက ထိုမိန်းမနှစ်ယောက်ကို သူ အတော်ပင် စိတ်ဆိုးမာန်ဆိုး ဖြစ်ခဲ့ရသည်။ သို့သော် သူမတို့ကလည်း ဒီကိစ္စကြီးကို တမင်တကာ ဖန်တီးခဲ့ကြတာလည်း မဟုတ်။ ပြောရလျှင် သူတို့ရဲ့ ကျေးဇူးတွေလည်း သူ့ထံမှာ ရှိသည်။ သူတို့သာ ဆေးရုံ မပို့ပေးခဲ့လျှင် သူဟာ အဲဒီနားမှာပဲ သွေးထွက်လွန်တာပဲဖြစ်ဖြစ်၊ လေဖြတ်ပြီးတော့ပဲဖြစ်ဖြစ် သေချင်သေသွားနိုင်သည်။ သွေးပူတုန်းမှာ စိတ်ဆိုးခဲ့ရပေမဲ့လည်း တဖြည်းဖြည်း သွေးအေးလာခဲ့တော့လည်း အရာရာကို ဝေဖန်ဆင်ခြင်နိုင်စွမ်း ရှိလာခဲ့သည်။

အင်း ... အားလုံးဟာ ဒီလိုပဲ ဖြစ်ဖို့ကို ကံပါလာခဲ့တာပါပဲ။ အထူးသဖြင့် သူ့ကို မြေးအရင်းလို အားကိုးချစ်ခင်တွယ်တာသော မေမေဥကို သူကလည်း အဘွားအရင်းတစ်ယောက်လိုပင် သံယောဇဉ်ရှိနေပြီဖြစ်သည်။ ပြောရလျှင် သူ့ဘဝ၌





တစ်ခါမှ မနေဖူးသော နွေးထွေးသည့် မိသားစုပုံစံမျိုးကို အခုမှ ရရှိရတာ ဖြစ်လေသည်။

ဘာရယ်ကြောင့်မှန်း မသိဘဲ သူဟာ သီရိရိပ်သာခြံမှာ ပျော်ရွှင်ကျေနပ်ပါသည်။ အားလုံးနဲ့လည်း အဆင်ပြေသည်။ တစ်ယောက်ပဲ။ အလွန်ချောမောလှပသလောက် နှုတ်ချိုမှု တစ်စက်မှ မရှိတဲ့ ရွှေနန်းဆက် တစ်ယောက်နဲ့ပဲ သူ ငြိနေရတာဖြစ်၏။ သို့သော် အဲဒီလို ငြိရတာကိုက ...။

သူက အသာပြုံးလာ ဆက်မတွေးတော့ဘဲ ထမင်းစားပြန်လာခဲ့တော့သည်။ အိမ်သို့ ရောက်လျှင် မေမေဥကို အရင်ဆုံးတွေ့ရလေသည်။

"ဟော ... မေမေဥ။ ထမင်းစားပြီးပြီလား"

"မေဥက ပြီးပြီကွယ်။ နန်းဆက်ကိုတော့ မင်းကို စောင့်ခိုင်းထားတယ်။ နောက်နေ့တွေကျရင် ဆယ့်နှစ်နာရီ မထိုးခင် အရောက်ပြန်လာကွယ့်။ ကြားလား"

"ဟုတ်ကဲ့ မေမေဥ။ ဟို နန်းဆက် ဆာရင်လည်း စားနှင့်ပါစေ။ မစောင့်ခိုင်းပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဘယ်ဟုတ်ပါ့မလဲ။ လင်မယားဆိုတာ လက်ဆုံ အတူစားမှပေါ့။ မင်းကလည်း အချိန်မီ ပြန်လာခဲ့။ မေဥက လင်မယားတွေဆို တည့်တည့်လူလူနဲ့ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာမှ သဘောကျတာ။ ကြားလား"

"ဟုတ်ကဲ့။ ကျွန်တော် ကြင်နာပါ့မယ်ခင်ဗျာ"

"အေး … အေး … ဒီလိုမှာပေါ့။ ကဲ … ကဲ … သွားစား"

ထမင်းစားခန်းထဲသို့ ရောက်လျှင် ထမင်းဝိုင်းမှာ ငုတ်တုတ် ထိုင်နေပြီဖြစ်သော နန်းဆက်ကို တွေ့ရလေသည်။ သူက လည်ချောင်းတစ်ချက်ရှင်းဟန်ဖြင့် …

"အဟမ်း … စားရအောင်လေ။ ဘာဟင်းတွေလဲ"

"ကြည့်ပါလား။ ကိုယ့်ဟာကိုယ်"

"ဟာ … မင်း ဘယ်လို အိမ်ရှင်မလဲ။ ကဲ ကဲ … ထမင်း ခူးပေး"

"ရှင့်လက်တွေက နူနေလို့လား"

"မင်း ရိုင်းလှချည်လားကွ။ ဘယ်လို မိန်းကလေးလဲ"





"ရှင် ထင်ချင်သလိုထင်။ ဒီမှာ ကောင်းရွက်စိမ်း။ ရှင့်ကို ကျွန်မ ပြောပြီးသားနော်။ တစ်ယောက်နဲ့ တစ်ယောက် မစွက်ဖက်ကြေး။ ပြဿနာမရှာစမ်းပါနဲ့ရှင်။ အေးအေးဆေး ဆေး နေပါရစေ"

"ငါက အေးအေးဆေးဆေး ပြောနေတာကို မင်းကမှ လက်မခံဘဲ။ မေမေဥက မင်းကို ဘာမှာထားလဲ။ မင်း သိတယ် မဟုတ်လား"

သူမရဲ့ ပုံစံက ချက်ချင်းပင် ထပေါက်တော့မည့် မြွေဟောက်တစ်ကောင်လို ပါးပြင်းထောင်း၍ လာလေသည်။

"အဲဒါ ကျွန်မက ဘာလုပ်ရမှာလဲ။ မေမေဥ မှာထားတာနဲ့ပဲ ရှင့်ကို လုပ်ပေးနေရမှာလား။ ဟွန်း … အဝေးကြီးပဲ။ ဘာတစ်ခုမှ လုပ်မပေးနိုင်ဘူး …

ကိုယ့်ဟာကိုယ် ခူးစားချင်စား၊ မစားချင်နေ။ ကျွန်မ က အနေသာကြီးပဲ။ ဒ်နေရာမှာတောင် မတတ်သာလို့ လာထိုင်နေရတာ"



www.burmeseclassic.com

www.burmeseclassic.com



သူမကား မျက်နှာကို မော်ချီထားလျက် ခြေထောက်ချိတ်ကာ လက်နှစ်ဖက်ကို တင်းတင်းပိုက်ထားလေသည်။ လေသံနှင့် ဟန်ပန်က အမြင့်စားကြီးထဲကပဲဖြစ်၏။ တစ်စက်လေးမှ အလျှော့ပေးမည့်ဟန်လည်း မရှိချေ။ လည်ထောင်ဆွယ်တာအဖြူရောင်နှင့် Sky Blue ဂျင်းန်ဘောင်းဘီ ခါးရှောရှောကို သားရေခါးပတ်ကြီးကြီးပတ်လျက် ဝတ်ဆင်ထားသော အင်မတန် စတိုင်လ်မိုက်လှသည့် ပုံစံသည်ပင်လျှင် သူမရဲ့ စကားတွေကြောင့် ချီးကျူးငေးမောစရာ မကောင်းတော့။

သူ သူမကို တော်တော်အမြင်ကတ်လာလေသည်။ ညကျရင်တော့ တွေ့ကြသေးတာပေါ့ ရွှေနန်းဆက်ရယ်။

ဗိုက်ကလည်း ဆာပြီဖြစ်သဖြင့် ကိုယ့်ဟာကိုယ်ပဲ ခူးခပ်စားရတော့သည်။ သူမကား မျက်နှာပြောင်ပြောင်နှင့်ပင် ဟင်းတစ်ဘိုးတောင် ထည့်ပေးဖော်မရ။ သူကလည်း သေချာကို တေးထားလေသည်။

"ဟော့ ... မင်းက မစားဘူးလား။ မင်းအတွက်ပါ ငါက ခူးပေးရဦးမှာလား"





"မစားဘူး။ ရှင့်ဟာရှင် မြန်မြန်စား။ စားပြီးရင်လည်း မြန်မြန်ပြန်သွား။ လေရှည်မနေနဲ့"

"အဲဒါတွေက ငါ့ကိစ္စတွေပါ။ မင်းပဲ ပြောထားတယ်လေ။ တစ်ယောက်ကိစ္စကို တစ်ယောက် မစွက်ဖက်ကြေးဆို"

သူမရဲ့ ထုံးစံအတိုင်း နှုတ်ခမ်းတွေကို မဲ့ရွဲ့ပြီးလျှင် ...

"ယောက်ျားတန်မဲ့ စကားနာပြန်ထိုးဖို့ ဆိုရင်တော့ တတ်တယ်။ မစွက်ဖက်ကြေးဆိုပေမဲ့ ရှင် လုပ်နေတာတွေက ကျွန်မကို လာထိနေတယ်လေ။ ဒီမှာ ... နောက်နေ့တွေကစပြီး ရှင့် ထမင်းပြန်လာမစားနဲ့တော့။ ထမင်းချိုင့် ထည့်သွား"

"ဘာကိစ္စ ထည့်ရမှာလဲ။ အဲဒါ ငါ့သဘောပါ။ ဘာမှ ထည့်မသွားဘူး ပြန်လာစားမယ် ...

မင်း ခိုင်းတိုင်း လုပ်မယ်များ ထင်နေလား။ မျှော်လင့်မနေစမ်းပါနဲ့ကွာ ... ဟာ ဟ"



www.burmeseclassic.com

www.burmeseclassic.com



သူက သူမ မခံချင်အောင်ပင် တမင် ပြောလျက် ကြက်သားတုံးကို ဖဲ့ကာ စားလိုက် ဟင်းရည်လေး သောက်လိုက်နှင့် စိမ်ပြေနပြေကို စားလေသည်။ ဟင်းတွေကလည်း စုံလင်ကာ အဆော်အရှသာရှိသည်။ ဂျပန်မှာတုန်းကလည်း တစ်ယောက်တည်း မို့ ဖြစ်သလိုပဲ စားခဲ့ရသလို အိမ်မှာလည်း ယောကျာ်းသားတွေ ချည်းမို့ ဆိုင်မှာပဲ ကြုံသလို ဖြေရှင်းကြသဖြင့် ဒီလို ထမင်းဝိုင်း မျိုးနှင့်ဝေးခဲ့တာ ကြာချေပြီ။

သူ့အတွက်တော့ ထမင်းဝိုင်း အစီအစဉ်တွေဟာ အတော်မက်မောဖွယ် ကောင်းလှပါသည်။

"ဟွန်း ... ဘယ်ဘဝက ငတ်သမျှ အတိုးချစားနေသလဲ မသိဘူး။ ပြီးပဲ မပြီးနိုင်တော့ဘူး"

"သူများ စားနေသောက်နေတာကို မနာလို ဖြစ်နေပြန်ပြီ။ မင်း ပြိတ္တာဖြစ်မယ်နော် ရွှေနန်းဆက်"

"ရှင်သာ စုစကာပုဏ္ဏားလို စားပိုးနင့်ပြီး သေမှာ။ ထမင်း ဟင်းကောင်းကောင်း မစားခဲ့ရဖူးမှန် သိပ်သိတာပဲ ... ထမင်းဝိုင်းကကို မထနိုင်တော့ဘူး"





သူမကား စားတဲ့သူ ရှက်အောင်ကို ပြောတာဖြစ်၏။ သို့သော် သူကလည်း ဒါမျိုးဆို ပိုတောင်ရွဲ့တတ်သေးသည်။ မရှက်ရေးချ မရှက်သေးပေ။ လိုက်ပွဲပင် ထပ်ယူလျက် စားသေးသည်။ သူ စားပုံကို သူမက မျက်လုံးအပြူးသားနှင့် ကြည့်လေသည်။

ထိုအခိုက်မှာပဲ မေမေဥနှင့် ရွှေအသွင်တို့က ထမင်းစားခန်းထဲရောက်လာခဲ့တာဖြစ်၏။

"စားကောင်းလားဟော့ ရွက်စိမ်း"

သူ မပြောခင်မှာပင် သူမက ဝင်၍ ...

"ကောင်းလား မကောင်းလားတော့ မသိဘူး။ ဖုတ်ဝင်နေသလား မှတ်ရတယ်။ ရှိသမျှ ဟင်းတွေလည်း အားလုံးပြောင်ပေါ့"

နန်းဆက်ရဲ့ စကားကြောင့် မေမေဥသည် ရင်ဘတ်ကို လက်နှင့်ဖိလျက် ...

"အမလေး ... မိနန်းဆက်ရယ် ... ပြောလိုက်မှဖြင့် တုတ်တိုးအိုးပေါက်။ ပိသာလေးနဲ့ ဘေးပစ်ပါလားဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်ပြီလား စကားပုံတွေ"

နန်းဆက်သည် မေမေဥကိုတောင် ကြောက်လန့်ပုံမရ။ မျက်နှာထားမှာ ရိုက်ချင်စရာကောင်းအောင် စူပုပ်၍နေသည်။ သူက တမင်ပင် အမြင်ကတ်လွန်းသဖြင့် ...

"မပြောပါနဲ့ မေဥရယ်။ နန်းဆက်က အဲလိုပဲ။ ဘွင်းဘွင်းကြီး ပြောတတ်တာပါ၊ ကျွန်တော်လည်း အဲဒီအပြောတွေကို ချစ်နေရတာ ... အဟင်း ဟင်း ...

နန်းဆက်က မောင် ထမင်းတွေ အများကြီးစားနိုင်တာကို အူတိုနေတာလား၊ ဟုတ်လား ကောင်မလေး ... ဟင်"

သူက ချစ်စနိုးပြောဟန်ဖြင့် နန်းဆက်ရဲ့ ဦးခေါင်းကိုပါ အုပ်မိုးလှုပ်ယမ်းပြီး ပြောလိုက်လျှင် သူ့ကို အံကြိတ်၍ ကြည့်လာသော အကြည့်တို့ကို မသိချင်ဟန်ဆောင်ထားလိုက်ရသည်။

သို့သော် မသိချင်ဟန်ဆောင်၍ မရချေ။

"အား ..."





"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ"

"ဩော် ... လျှာ ... လျှာ ကိုက်မိလို့ပါ မေမေဥ ... အဟဲ"

တောက် ... ပုစွန်ဆိတ်မ ဆွဲဆိတ်တာ နာလိုက်တာကွာ။ အသားကို ဆွဲပြီး လိမ်ပစ်တာမို့ ပို၍ နာခြင်းဖြစ်သည်။

"ငါ့သားရယ် ... ဖြည်းဖြည်းစားမှပေါ့။ မင့်ဟာကို ဘယ်သူမှ လုမစားပါဘူးဟဲ့။ ဩော် ... ခများမှာ သနားစရာ။ ဒီလို စုံစုံညီညီ ထမင်းပွဲမျိုး မကြုံဖူးတာ ကြာပြီနဲ့တူတယ်"

မေဥက သူ့ကို တကယ်သနားနေဟန်ဖြင့် ကရုဏာအပြည့်ရှိစွာ ပြော၏။ သူသည် အဲလို ပြောလိုက်သောအခါ ရင်ထဲမှာ အမှန်ပင် ဝမ်းနည်းသွားခဲ့ရပါသည်။

ခွန်းနှင့် ခက်ရင်းကို အသာချလိုက်ရင်းမှ ...

"ဟုတ်တယ် မေမေဥ။ ကျွန်တော့်ဘဝတစ်သက်ပဲ ပြောပါတော့။ မေမေက ငယ်ငယ်လေးတည်းက ဆုံးသွားတော့ မိသားစု စုံညီထမင်းဝိုင်းဆိုတာ မှတ်မှတ်ရရ ဘဝမှာ မရှိခဲ့ပါဘူး။ ဖေဖေကလည်း သူ့အလုပ်နဲ့သူ။ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



သားတွေချည်းဆိုတော့ ကိုယ်စီ ကိုယ်စီ ကြွသလို စားကြတာချည်းပဲ ...

ဂျပန်မှာဆိုရင်လည်း အသက်တောင် လုရှုနေရတာဆိုတော့ ထမင်းတောင် အေးအေးဆေးဆေး စားဖို့ အချိန်မပေးနိုင်ပါဘူး။ အခုမှ စကြုံရတာပါပဲ"

"အေးပေါ့ကွယ်။ နောက်နေ့တွေကျရင် မင်းကြိုက်တဲ့ဟင်းတွေကို ပြောထား။ စားချင်တာရှိလည်း Breakfast ဝိုင်းမှာ တစ်ခါတည်း ပြောခဲ့ ...

ဟုတ်ပြီလား။ ဒီမှာက Sea Food တွေတော့ ရှားတယ်။ သစ်သီးဝလံတွေကတော့ လတ်ဆတ်ပါ့တော်"

"Sea Food ကတော့ ကျွန်တော် မုန်းနေပါပြီ။ ဟိုမှာအမုန်း စားခဲ့ရတာ။ ကျွန်တော် သိပ်လည်း မကြိုက်ပါဘူး"

"အေး အေး ... စားချင်ရာသာပြော"

သူက အခွင့်သာတုန်းမှာပဲ နန်းဆက်ကို ပထမအချီ လက်စားချေဖို့ပြင်သည်။





"ကျွန်တော်က ကျွန်တော့်မိန်းမ လက်ရာကိုမှ စားချင်တာမေဉရဲ့။ အခု အဲဒါ ဂျီကျနေတာလေ ... အဟင်း ဟင်း"

"ဟုတ်လား။ ဟဲ့ ... နန်းဆက်။ ချက်ကျွေးလိုက်လေ။ ကိုယ့်ယောကျ်ားစားချင်တဲ့ဟာကို။ မင်းကသာ သူ့လက်ရာကို စားချင်နေ။ သူက သိပ်အဖြစ်ရှိတာ မဟုတ်ဘူး...

ဒါတွေအားလုံးက အသွင်နဲ့ မငြိမ်း ချက်ထားတာတွေချည်းပဲ"

"သြော် ... ကိုယ့်မိန်းမ ချက်တာကတော့ ကမ္ဘာပေါ်မှာအကောင်းဆုံးပေါ့ မေဉရဲ့"

"ဟေ ... အေး ... အေး ... ဟုတ်ပါ့လေ ... ဟုတ်ပါလေ့။ ကဲ ကဲ ... မား စား ... ပြီးရင် သစ်သီးပွဲစားဖို့လည်း နေရာချန်ထားဦး"

မေမေဉကား သူ့စကားကို သဘောတွေ အကြီးအကျယ်ကျလျက် တဟားဟား ရယ်ကာ ထမင်းစားခန်းထဲမှ ပြန်လည်ထွက်ခွာသွားသည်။ ရွှေအသွင်ကတော့ သူမကို နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်ပြတ် တင်လျက် ရှူးတိုးကိုး ဟုသတိပေးသလို လုပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူမှ မရှိတော့လျှင် ရွှေနန်းဆက်သည် သူ့ရဲ့ လက်မောင်းတစ်ဖက်ကို ဘာမပြော ညာမပြောနှင့်ပင် ဖြန်းခနဲ ရိုက်ချလိုက်တော့တာဖြစ်သည်။

"ဟ ... ဘာလုပ်တာလဲကွ။ တောက် ... ငါ လုပ်လိုက်ရ တော့နော်"

သူက ခက်ရင်းနှင့် ကောက်ရွယ်လိုက်လျှင် သူမက ထိုင်ရာမှ ဆတ်ခနဲထကာ ခါးကို လက်နှစ်ဖက်ဖြင့် ထောက်လျက် ...

"အောင်မာ ... လုပ်ရဲ လုပ်ကြည့်ပါလား။ နောက် ကျွန်မ ကို ထပ်ပြီး အဲ့သားယူလို့ကတော့ ရှင် ဒီထက်နာဖို့သာ ပြင်ထား ...

သူကများ လာသေးတယ်။ မိန်းမလက်ရာလေး ဘာလေးနဲ့။ လုံးဝ ချက်မကျွေးနိုင်ဘူးနော်။ ဝါသနာမပါ ဘူး။ စိတ်လည်းမဝင်စားဘူး။ အဲဒီအလုပ်တွေကို မလုပ်ချင် လွန်းလို့ကို ယောကျ်ားမယူချင်တာ နားလည်လား ...





ယောကျ်ားအတွက်ကိုများ ဟင်းချက်ကျွေးရဦးမယ် တဲ့။ ဟား ... ရယ်စရာတောင် ကောင်းနေပြီ"

သူမက သရော်တော်တော် ဟန်အမူအရာနှင့် ပြောလျှင် သူ အတော်ချဉ်သွားရသည်။ ရုပ်ကလေး လှသလောက် အတော်မာနကြီးသည့် မိန်းမပင်။ ဟန်ဆောင် ပန်ဆောင်လေးနဲ့တောင် ဖော်ရွေလိုက်လျော့မှ မရှိချေ။

"အေး ... အဲဒီ ယောကျ်ားအတွ ဖြစ်အောင် မင်းတို့ပဲ ဖန်တီးတာလေ။ မတူချင်ရင် လွယ်လွယ်လေး။ အခု သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်။ နှစ်ဦးသဘောတူ ကွာရှင်းခြင်းလို့။ ထည့် ... အခုထည့်"

"တောက် ... ရှင် သိပ်ဖင်ခေါင်းကျယ်မနေနဲ့။ ယောကျ်ား ဖြစ်ပြီး စကားကို အရမ်းကပ်,ကပ်ပြောတယ် ...

ရန်ကုန်သားတွေ အဲဒီအတိုင်းပဲ။ စကားပြောရင် အကျောကြီးနဲ့"

သူမက ရန်ကုန်တစ်မြို့လုံးက ယောကျ်ားသားတွေ ကိုပါ ဝါးလုံးရှည်နှင့် ယမ်းကားပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်တို့ ပြင်ဦးလွင်သူတွေကမှ စကားပြောရင် အကျောကြီးတွေနဲ့ ပြောတာ နော်။ ငါတို့ကို ဘာမှ လာထိနိုက်နေစရာ မလိုဘူး"

"ထိနိုက်မှာပေါ့။ ရှင်ကလည်း ကျွန်မကို စိတ်မတိုတိုအောင် လာဆွနေတာ မဟုတ်လား။ သူ့ကိုယ်သူများ တစ်မောင်မောင်နဲ့။ ဖွီ ... နားရှက်တယ်။ လာခေါ်မနေနဲ့။ ဆီးသီးသည် ကျနေတာပဲ"

"ငါက ဆီးသီးတော့ မရောင်းဘူးဟေ့။ ရောင်းချင်ရောင်း ဟိုအသီးပဲ ရောင်းမှာ"

"ရှင်နော် ... မယုတ်မာနဲ့ တော်တော်ယုတ်မာတဲ့ ယောကျ်ားပါလား"

"တော်တော်အထင်လွဲတတ်တဲ့ မိန်းမပါလား။ ငါ ပြောတဲ့ အသီးက ..."

"တော်တော့ မပြောနဲ့တော့"

သူမက နားနှစ်ဖက်ကို ပိတ်လျက် ကုန်းအော်လျှင် ရွှေအသွင်သည် ထမင်းစားခန်းထဲသို့ အပြေးဝင်ရောက်၍လာ





သည်။ သူက ဘာမှ မဖြစ်သလိုဟန်ဖြင့် ထမင်းစားပွဲနားမှ ခွာကာ ဘေစင်မှာ လက်သွားဆေးနေလိုက်သည်။

မှန်ထဲမှနေ၍ မြင်ရသော ရွှေနန်းဆက်ရဲ့ ဘီလူးလို မျက်နှာကို နှာခေါင်းရှုံ့ကာ ပြောင်ပြလိုက်သေးသည်။ သူမက မျက်လုံးပြူးဖြင့် ...

"မျက်နှာရူးမနေနဲ့နော်။ ကောက်ပေါက်လိုက်မယ်"

သူက မှန်ထဲမှ ပြန်ကြည့်ရင်းမှနေ၍ ဆပ်ပြာခဲဖြင့် ပြန်ပေါက်မည်ဟူသော အထာမျိုး လုပ်ပြကာ ဆပ်ပြာခဲကို ထောင်ပြလိုက်သည်။ သူမကား တရှုးရှုး တရှဲရှဲဖြင့် ဒေါသထွက်၍နေချေပြီ။

အချိန်တိုအတွင်းမှာ သိခွင့်ရခဲ့တာ တစ်ခုကတော့ သူမဟာ မိန်းကလေးတန်မဲ့ အလွန်စိတ်တိုတတ်သော သူတစ်ဦး ဆိုတာပင်။

"ဘာကိစ္စ အရမ်းအော်နေရတာလဲ နန်းဆက်ရယ်။ မေမေဥ အပေါ်တက်သွားလို့သာပေါ့။ ဘာတွေ ဖြစ်နေကြတာလဲ။ အဆင်ပြေပြေ နေကြမှပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကောင်းရွက်စိမ်းကိုလည်း တို့ မေတ္တာရပ်ခံပါတယ်။ ကျေးဇူးပြုပြီး တစ်ယောက်နဲ့တစ်ယောက် ပြဿနာ မဖြစ်ကြပါနဲ့ကွယ်"

သူက ရေခဲသေတ္တာကို ဖွင့်ကာ ရေတစ်ခွက်ကို အေးအေးဆေးဆေး ထည့်သောက်ရင်းမှ'...

"ကျွန်တော်က ပြဿနာဖြစ်နေတာ မဟုတ်ဘူး မရွှေအသွင်။ ခင်ဗျားတို့မက ပြဿနာရှာနေတာ။ ကျွန်တော်က ကောင်းကောင်းမွန်မွန် ဆက်ဆံတာပဲ ...

သူ့ကကို ရန်လိုနေတာ။ ကဲ ... ပြော ကျွန်တော် ဘာမှားလဲ။ ဒီကိစ္စကြီးဖြစ်လာအောင် ဖန်တီးတာ ဘယ်သူတွေလဲ။ ကျွန်တော်က ပြီးခဲ့တာတွေ မေ့ပစ်ပြီး လက်ရှိအခြေအနေမှာ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ပေးနေတာ ...

လင်မယားပါဆိုနေမှ မခေါ်မပြောဘဲ ခပ်တည်တည်တွေ နေနေရမှာလား။ အဲဒီလို လင်မယားမျိုး ဘယ်နှယောက်တွေ့ဖူးလဲ ပြော"





"အို ... ရှင်က ပါးစပ်တင်မကဘဲ လက်တွေကပါ ပါလာတာရော ထည့်ပြောဦးလေ။ ကျွန်မက အဲဒါကို မကြိုက်တာ ရှင်းလား"

"ဟာ ... လင်မယား ဆိုမှတော့ ပခုံးဖက်တာ ဆန်းလာဗျ"

"ဆန်းတယ် ... ဆန်းတယ်။ အဲဒီလောက် မလိုဘူး။ အိုဟာတင်းတွေ ဖွတ်လာဖျော်မနေနဲ့။ အပိုတွေ"

"ကဲ ... တော်ပါတော့ နန်းဆက်ရယ်။ စိတ်ပျက်လိုက်တာ"

ရွှေအသွင်က ထိုင်ခုံမှာ စိတ်ပျက်လက်ပျက် ပုံစံဖြင့် ဝင်ထိုင်ကာ ညည်းညူလေ၏။

"ခင်ဗျားပဲ စဉ်းစားနော် မရွှေအသွင်။ ကျွန်တော်က အခွင့်အရေးယူတတ်တဲ့ ယောက်ျား မဟုတ်ဘူးဗျ။ ကျွန်တော် လုပ်တယ်ဆိုဟာလည်း ခင်ဗျားတို့ အားလုံးရဲ့ ရှေ့မှာပဲ လုပ်ဟာ။ ဘာတစ်ခုများ အခွင့်အရေး ယူဖူးလဲ။ ငါ အခွင့်အရေးသမား မဟုတ်ဘူးကွ၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက ပြောရင်းနှင့်ပင် ဒေါသတွေပါ ပါလာလျက် အသံတွေက စူးရှကျယ်လောင်လာရသည်။ သူမ ဆက်ဆံနေပုံက တကယ့်ကို မတူမတန်။

တောက် ... ပြောလိုက်ရ မကောင်းဘဲ ရှိတော့မယ် ကွာ။ မိန်းမဆိုတာ မမြင်ဖူးတဲ့ကောင် ကျနေတာပဲ။

"ကဲ ... နန်းဆက် ... နင်ကလည်း တော်တန်ရုံကို သည်းခံ တတ်စမ်းပါဟယ်။ နင့်တို့ နှစ်ယောက်ကို ညှိပေးမှ ဖြစ် တော့မယ်။ ကဲ ... ပြော ... နင်တို့ ဘာဖြစ်ချင်ကြတာလဲ"

ရွှေနန်းဆက်က သွက်သွက်ကြီးပင် ...

"သူ နန်းဆက် အသားကို လုံးဝ မထိရဘူး။ အဲဒါပဲ"

"အိုခေ ... ဟုတ်ပြီ။ ဘယ်လိုလဲ ကောင်းရွှက်စိမ်း။ သူက တော့ အဲဒါကို လုံးဝ Seriousဖြစ်နေတယ်။ ရှင် လက်ခံမှ အဆင်ပြေမယ်"

"ရတယ်လေ။ လုံးဝကို မထိဘူး။ ဒါပေမဲ့ ကျွန်တော်လည်း တောင်းဆိုစရာတွေ ရှိတယ်။ အဲဒါမှ အဆင်ပြေမယ်"

"ဒါ တရားမျှတပါတယ်။ ပြောပါ"





"တစ်အချက် ကျွန်တော်နဲ့ စကားပြောတဲ့အခါမှာ ကောင်း ကောင်းမွန်မွန်ပြောဖို့၊ အလိုက်သင့် ပြန်ပြောတတ်ဖို့၊ ဘုမတောတတ်ဖို့၊ ဥပမာ ကျွန်တော်က အပြင်က ပြန်လာ လို့ သူ့ကို နန်းဆက်ရေ ကိုယ်ပြန်လာပြီလို့ဆိုရင် ဟော ... ပြန်လာပြီလား၊ ထမင်းစားတော့မလား၊ အဆင်ပြေရဲ့လား စသဖြင့် ဖော်လိုလိုက်တတ်ရမယ်။ အဲဒီလိုပြောတာ"

"ကဲ ... နန်းဆက် ... သူပြောတာ လက်ခံလား၊ ဖြစ်နိုင် လား"

"ဖြစ်တယ် ... ဖြစ်တယ်"

"ဒါဆို နှစ်အချက်က ကျွန်တော်နဲ့အတူတူ ထမင်းစားဖို့၊ ပြီးတော့ လိုအပ်လို့ အပြင်တွေ ဘာတွေ သွားရတဲ့အခါ သာရေး နာရေးတွေမှာ အတူလိုက်ခဲ့ဖို့"

သူမက မျက်စောင်းတစ်ချက်ထိုးလေသည်။

"ကဲ ... မပြီးတော့ဘူးလား။ ဒါပဲမလား။ အဲဒီလောက် တော့ ဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အခုလောလောဆယ်တော့ အဲဒါပဲ။ လိုအပ်ရင် ထပ်ပြောမယ်။ ပြီးတော့ ငါဟာ မင်းတို့ရဲ့ ညှိသည်နော်။ လင်ယောကျ်ား တစ်ယောက်အနေနဲ့ မဟုတ်တောင် ညှိသည်တစ်ယောက်အနေနဲ့ မင်း အိမ်ရှင်တာဝန်ကျေသင့်တယ်"

"အပိုတွေ ပြောမနေနဲ့။ နားလည်တယ်"

"မရွှေအသွင် ခင်ဗျား သက်သေပဲနော်"

"သိပါတယ်ရှင်"

"အသွင် ကြားတယ်နော်။ သူ့ နန်းဆက် အသားကို လုံးဝ မထိပါဘူးလို့ ကတိပေးပြီးသား။ ထိရဲထိကြည့် ... ဟင်း"

သူမက သူ့ကို လက်သီးထောင်ပြလျက် ကြိမ်းဝါးကာ ဆောင့်ကြီးအောင့်ကြီး ထထွက်သွားလေသည်။ ရွှေအသွင်က သူ့ကို တောင်းပန်တိုးလျှိုးသည့် မျက်ဝန်းများဖြင့် ...

"ကောင်းရွက်စိမ်းကို တို့ ယုံကြည် နားလည်ပါတယ်။ နန်းဆက်ကိုလည်း သည်းခံပေးပါကွယ်။ တို့မိသားစုကို ကူညီပေးနေတဲ့ မင်းကိုလည်း ကျေးဇူးတင်ပါတယ်။ တို့





အားလုံးကို ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းပဲ ဖြစ်စေချင်တယ်"

သူက ရွှေအသွင်ကို ပခုံးနှစ်ဖက် တွန့်ပြလျက် ထမင်းစားခန်းထဲမှ ထွက်ခွာလာခဲ့တော့၏။ စိတ်ထဲမှာတော့ အကဲပိုလွန်းသော ရွှေနန်းဆက်ဆိုသည့် တော်ဝင်မမကို အတော်ချဉ်လျက် ရှိလေသည်။

သူ့အသားများ ချွေထွက်နေတာ ကျနေတာပဲ။ အေးပေါ့ကွာ ... မိုးကောင်းတုန်း ရွာထားဦးပေါ့ ရွှေကြီးကျယ်မရာ။ အလှည့်ဆိုတာ နေရာတိုင်းမှာ ရှိတတ်တာ မင်း သိရမှာပေါ့။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





# ၉

ဒီလိုနှင့် တွေ့စတည်းက အလွဲတွေနှင့် စတင်ကြုံ
တွေ့ခဲ့ရသော နန်းဆက်တို့ရဲ့ ဇာတ်လမ်းသည် အဆင်မပြေ
ဘုနဲ့ဘောက်တွေချည်းသာ ဖြစ်လေသည်။ လူကို သူ့ရဲ့ တကယ့်





မိန်းမလိုလို ပိုင်စိုးပိုင်နင်း ဆက်ဆံတာကလွဲ၍ သူဟာ ဘာမှ ပြောစရာမလိုသော ယောကျ်ားတစ်ယောက်ပဲဖြစ်သည်။

တစ်ခုပဲရှိသည်။ သူဟာ ခုတင်ကိုတော့ လုံးဝ မဖယ်ရေးချ မဖယ်ပေးဟူသော လူစားမျိုးထဲက ဖြစ်လေသည်။ အဲဒီကိစ္စနှင့် ပတ်သက်၍လည်း သူနှင့် ညတိုင်း ရန်ဖြစ်ရတာ အကြိမ်ကြိမ်ပင်။

"တစ်သက်လုံးက ဒန်းလော့နဲ့ အိပ်လာတဲ့ကောင်ကွ။ ခုတင်နဲ့မှ မဟုတ်ရင် လုံးဝ လုံးဝ အိပ်မတတ်ပါ။ ပေါက်တယ်နော်"

"ဆိုဖာလည်း ရှိတာပါပဲ။ ရှင်ကိုက အကျင့်ပုပ်နေတာ"

"နိုး နိုး ... ထင်ချင်သလိုသာထင် အမိရေ။ ကျုပ်က မင်းကို လာမအိပ်နဲ့လို့ ပြောနေတာမှ မဟုတ်ဘဲ။ လာအိပ်၊ လာငြိမ့်။ သို့သော် တစ်ယောက် တစ်ခြမ်း"

"တောက် ... မိန်းကလေးတစ်ယောက်ကိုတောင် ဦးစားမပေးချင်တဲ့သူ။ တော်တော်ပြောင်တင်းတဲ့သူပါလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကရော ယောကျ်ားတစ်ယောက်အနဲ့ ငါ့ကို ဦးစား ပေးလို့လား။ တော်စမ်းပါကွာ။ ရန်မဖြစ်ချင်ဘူး။ အိပ် တော့မယ် ဂွတ်နိုက်ချ်"

အဲဒီလိုနှင့် ပြောပြောဆိုဆိုပင် သူက တခူးခူး တခေါခေါ အိပ်မော့ကျသွားစမြဲ။ နန်းဆက်မှာသာ ဒေါသတွေ တလိမ့်လိမ့်ဖြင့် အိမ်မရနိုင်ဘဲ ကျန်ခဲ့ရတာဖြစ်သည်။ ဒီလိုနှင့် ဆိုဖာပေါ်မှာ မိကာ ငိုက်လိုက်၊ နိုးလိုက်ဖြင့် တစ်ရက်ပြီးတစ် ရက် ကုန်ဆုံးခဲ့ရတာပင်။ ကြာလာတော့ အိပ်ရေးမဝသဖြင့် မျက်ကွင်းတောင် ကျလာတဲ့အထိဖြစ်သည်။

သူကတော့ စိုပြည်လန်းဆန်းကာ မနက် မနက်ဆို လျှင် ကြော့ကြော့မော့မော့ ကားလေးမောင်းကာ ထွက်သွားလိုက်၊ နေ့လယ်စာကို တဝတပြဲ ပြန်လာစားလိုက်၊ ညစာကိုလည်း မေမေဥနှင့် အမြဲလက်ဆုံစားကာ စားသောက်ပြီးလျှင်လည်း ခြံထဲ လမ်းအတူ ဆင်းလျှောက်တာမျိုးလုပ်လိုက်၊ မေမေဥကို ခြေဆုပ်လက်နယ် နင်းနှိပ်ပေးလိုက်ဖြင့် အဆင်တွေကို အရမ်း အရမ်း ပြေနေတော့တာဖြစ်၏။





အခုဆိုလျှင် သူမ မေမေဥရဲ့ အသည်းကျော် ဖြစ် လို့နေချေပြီ။

"နန်းဆက်ရယ် ... ဒီလိုမှန်းသာသိရင် ညည်းနဲ့ ငါ့သားလေး ကို အစောကြီးထဲက ပေးစားပါတယ်အေ၊ ညည်းမှာ ဒီလို လိမ္မာတဲ့ ရည်းစားရှိရင်လည်း ငါ့ကို စောစောစီးစီးထဲက ကြိုပြောပါလား ...

အခုတော့ ငါ့မြေးသမက်လေးနဲ့ အတွေ့ရနောက်ကျ ပလေဟယ်"

ဒီလိုအခါမျိုးတွင် နန်းဆက်မှာ အောင့်သက်သက်နှင့် ပြုံးနေရတာဖြစ်၏။

"ဒါနဲ့ နန်းဆက်ကို ကြည့်ရတာ မျက်ကွင်းတွေ ကျနေ သလိုပဲ။ ရွက်စိမ်းကတော့ ရောက်စထက် ဝလာသလိုပဲ။ ညည်းက ပိန်သွားသလိုပဲ ...

ရွက်စိမ်းရေ ကိုယ့်မိန်းမကိုယ်လည်း ဂရုစိုက်ဦးဟော့"

မေမေဥရဲ့ စကားကို သူက ပြုံးစိစိဖြင့် ဟုတ်ကဲ့ ဟု ပြောလျှင် နန်းဆက်သည် မျက်နှာကို ဘယ်နားဖွက်ထားရမှန်း



www.burmeseclassic.com

www.burmeseclassic.com



ကို မသိချေ။ ဘာမှ ဆက်မပြောပါစေနဲ့ဟု ဆုတောင်းသော်လည်း ဆုတောင်းကား မပြည့်ပေ။

"နန်းဆက် ... ငါ ပြောထားတာလည်း ခေါင်းထဲ ထည့်ထားနော်။ ညည်းတို့ယူပြီးတာ သုံးလကျော်နေပြီ။ အခြေအနေက မထူးခြားသေးဘူးလား"

"အာ ... မေဥကလည်း ဘာတွေ လျှောက်ပြောနေမှန်းလဲ မသိဘူး"

"ဟဲ့ ... ဒါ ရှက်စရာမှ မဟုတ်တာ။ ညည်းက အပျိုလေးလည်း မဟုတ်တော့ဘူး။ ယောကျ်ားယူပြီး ကလေးမွေးတဲ့ အလုပ်ဆိုတာ ဆန်းလားဟဲ့"

နန်းဆက်သည် ရှက်လွန်းသဖြင့် ဘာမှကို ပြန်မပြောနိုင်ဘဲ အံကိုသာ တင်းတင်းကြိတ်ပြီး ခေါင်းငုံ့ထားရသည်။

ရှက်လွန်းသဖြင့် မျက်ရည်တွေတောင် ဝဲလာသည် အထိပင်။

သို့သော် သူက ဒီနေရာမျိုးကျ လိမ္မာပါးနပ်စွာဖြင့် မေမေဥကို တခြားစကားတွေထံ ဆွဲခေါ်သွားလေ့ရှိ၏။





အဲဒီအတွက်တော့ ရင်ထဲမှာ တိတ်တဆိတ် ကျေးဇူးတင်ရပါသည်။ သို့သော် အဲဒီ ကျေးဇူးဟာ ကြာကြာတော့ တင်ဖို့မကောင်း။ သူဟာ နန်းဆက်နဲ့တော့ စရိုက်ချင်း အတော်တူသူဟု ပြောရမည်။ နန်းဆက် တစ်ခွန်းပြောလျှင် နှစ်ခွန်းလောက် အထွန့်တက်ရမှ ကျေနပ်သော လူစားမျိုးပင်။

ထိုနေ့က နန်းဆက်က ပန်းတိမ်ဖိုကနေ၍ ထမင်းစားချိန်အမီ အိမ်သို့ ပြန်လာရသည် သူက ဆယ့်နှစ်နာရီလောက်မှ ရောက်တတ်သည်မို့ နန်းဆက်ဟာ သူ မရှိတုန်း တစ်နာရီလောက်တော့ ငြိမ့်ခွင့်ရသည်ဟူသော အတွေးဖြင့် အခန်းထဲရှိ ခုတင်ကြီးပေါ်မှာ သီချင်းသံသဲ့သဲ့ဖြင့် အိပ်ပျော်နေခိုက် ...

ဘယ်လောက်မှ မကြာချေ။ သီချင်းသံက တိုးသွားသဖြင့် မျက်လုံးဖွင့်ကြည့်လိုက်လျှင် ...

"ဟင် ... ရှင် ... ရှင် ... ရှင် ဒါ ဘာလုပ်တာလဲ"

သူ့ကို တွေ့လျှင် နန်းဆက်သည် သရဲတစ်ကောင်ကို တွေ့သည့်အလား အလန့်တကြားပင် အိပ်ရာထက်မှ အပြေးအလွှား ခုန်ဆင်းမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟ … ငါ ဘာလုပ်လို့လဲ။ ငါ့ဘာသာ ရေချိုးခန်းထဲက ထွက်လာတာလေ။ မင်းက ဘယ်လိုလုပ် ရောက်နေရတာလဲ"

သူက ဘာမှ မဖြစ်သလိုဟန်နှင့်ပင် အေးအေးဆေးဆေး ကြည့်ကာ ပြောလေသည်။ ရေချိုးပြီးခါစ ရေပင်မသုတ်ရသေးသော ယောကျ်ားတစ်ယောက်ရဲ့ ပုံကို နန်းဆက်တစ်ခါမှ မမြင်ဖူးချေ။ အောက်ပိုင်းကိုသာ တဘက်တစ်ထည်ပတ်ထားလျက် ခန္ဓာကိုယ်အထက်ပိုင်း တစ်ခုလုံးက ရေမှုန်ရေမွှားတွေဖြင့် ပြန့်ကျယ်သော သူ့ရင်အုပ်တို့ထံ မျက်စိအရောက်မှာ နှလုံးသားထဲ၌ ဆတ်ခနဲ တုန်သွားရလေသည်။

ရင်ဘတ်၌ မွေးညင်းနုလေးတွေ ပေါက်ရောက်နေသော ယောကျ်ားပျိုတစ်ယောက်ရဲ့ ကြံ့ခိုင်သော ရင်အုပ်ကျယ်ကြီးဟာ အဲဒီလောက်တောင် စိတ်လှုပ်ရှားဖို့ကောင်းလား။

ဒါကြောင့် သူ့ဟာ ဆော့ဒီဖစ်တင် တီရှပ်တွေဝတ်ရင် လှတာ ထင်ပါရဲ့။ ဟိုက် … နန်းဆက် ဘာတွေ ဖြစ်များမိနေပါလိမ့်။





သူ မသိအောင် ကိုယ့်အတွေးနှင့်ကိုယ် ပြန်ရှက်သွားရကာ ချက်ချင်းပင် မျက်နှာလွှဲလိုက်မိလေသည်။

"ဟိတ် … တဘက်လေး လှမ်းလိုက်စမ်းပါ"

အောင်မယ် … သူကများ …။

ယောကျ်ားတွေများ အရောဝင်လို့ မရဘူး ဆိုတာတယ်မှန်ပါလား။

"ဘာကိစ္စ လှမ်းရမှာလဲ။ ကိုယ့်ဟာကိုယ် ယူပါလား"

"ကျွတ် … မင်းနဲ့ နီးနီးလေးမို့ ပြောနေတာ။ မင်းဟာလေ ဘော်ဒါစိတ်ဓာတ်ကို မရှိဘူး။ မင်း အနားကို ငါ လာယူရမှာလား ပြော"

"ရော့ … ရော့ … အလုပ်ကို ရှုပ်တယ်"

နန်းဆက်က အဝတ်စင်ပေါ်မှ တဘက်ကို သူ့ထံ လှမ်း၍ ပစ်ပေးလိုက်သည်။

"ဒါနဲ့ နေစမ်းပါဦး။ ရှင်က ဘာကိစ္စ ဒီအချိန်ကြီး ပြန်ရောက်နေရတာလဲ။ ရှင့်ကားကိုလည်း မတွေ့ပါဘူး"

"ငါဆိုင်ကယ်လ်နဲ့ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



သူက တဘက်ကို ကျောပေါ်မှ လွှမ်းလျက် နန်းဆက်ဘေးမှ ဖြတ်လျှောက်သွားရင်း ပြောသွားသည်။ အဲဒီနောက် သူ့ဗီရိုသို့ သွားကာ အဝတ်အစားရွေးနေ၏။

"ဆိုင်ကယ် !... ဘယ်သူ့ဆိုင်ကယ်လဲ"

"ငါ့ဆိုင်ကယ်ပေါ့။ မင်းရဲ့ ဆူပါကပ်များ စီးမယ် ထင်နေလား။ ငါ YAMAHA DT တစ်စီး ဝယ်ထားတယ်လေ ...

ဟုတ်သားပဲ။ မင်းကိုတောင် မပြောမိဘူး"

"ရှင်က စီးတတ်လို့လား။ မကျွမ်းကျင်ဘဲနဲ့ ရမ်းမနေနဲ့။ ဒီလမ်းတွေက မြေပြန့်လမ်းတွေ မဟုတ်ဘူး"

သူက အဝတ်အစားထုတ်ပြီး နန်းဆက်ဘက်သို့ ဖျတ်ခနဲ လှည့်ကာ လျှပ်တစ်ပြက်ပင် မျက်စိတစ်ဖက် မှိတ်ပြလျက် ...

"စိုးရိမ်တယ်ပေါ့"

အဲဒီအပြောနှင့် အပြုအမူကြောင့် နန်းဆက်သည် သူ့ကို မျက်စောင်းထိုးမိမလို ဖြစ်သွားပြီးမှ အလျှင်အမြန် ဘရိတ်





အုပ်လိုက်ရသည်။ ကိုယ့်အပြုအမူတွေဟာ သိပ်နွဲ့ရာ ကျသွားမှာ စိုး၍ပင်။

ဒီလူဟာ ဘယ်လိုလူလဲ။ သူနဲ့လည်း မတည့်ဘဲနဲ့။

"မစိုးရိမ်ပါဘူး။ ရောသွားတော့လည်း အေးတာပေါ့"

သူကား အဲဒီစကားကြောင့် နန်းဆက်ရဲ့ ရှေ့သို့ လွှားခနဲ ရောက်လို့လာလေသည်။ ကြည့်စမ်း ... အင်္ကျီလည်း မဝတ်ရသေးဘဲနဲ့။ ဆံပင်တွေက ရေစိုလျက် အချောင်းလိုက်ဖြစ်နေကာ နဖူးပေါ်သို့ ဟိုတစ်စ ဒီတစ်စ ဝဲကျနေပုံဖြင့် ခပ်စူးစူးကြီး လာစိုက်ကြည့်နေသော သူ့ကို တွန်းလွှတ်ပစ်ကာ ...

"ရှင်နော် ... အင်္ကျီ မြန်မြန်ဝတ်။ ရှင့်ကို ကျွန်မ ပြောစရာရှိလို့"

"မင်းရှေ့တင် ငါက ဝတ်ရမှာလား"

"ရေချိုးခန်းထဲ သွားဝတ်။ သူ့ကိုယ်သူများ ကာယဗလ မောင်များ မှတ်နေလား မသိဘူး။ လေဖြတ်လို့လည်း ကြွနေဦးမယ် ကိုပဲရဲ့"

"မင်း ရင်ခုန်နေလို့ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



သူက နှင်းဆီသွေးရောင် နှုတ်ခမ်းရဲရဲများကို မထိတရိ ပြုံးကာ စိုက်ကြည့်ပြီး ပြောလျှင် နန်းဆက်သည် တကယ်ကိုပင် စိတ်တိုလာတော့တာဖြစ်၏။ ဒီလူဟာ သူ့ကိုယ်သူ သိပ်အပိုင်တွက်လွန်းတယ်။

"သွားသေလိုက်။ ရှင့်လို လူမျိုးကိုများ ကျွန်မက ရင်ခုန်မှာ။ ဝေးစွ ခြောက်ဖါးပဲ။ နားလည်လား"

"မင်းတို့မြို့မှာ ငါ့လောက်ဖြောင့်တဲ့လူ ရှိလို့လား။ မင်းမြင်ဖူးလို့လား။ အခုတောင် ငါ ဘယ်လောက် နာမည်ကြီးနေလဲ မင်း စုံစမ်းကြည့်လိုက် ...

မင်းနဲ့ ယှဉ်ထားတယ် ဆိုလို့သာ လာဘ်ပိတ်နေတာ"

"အမလေး ... ပေါရဲလိုက်တာ။ သူ့ကိုယ်သူများ ဖြောင့်သတဲ့။ ဘာဖြောင့်တာလဲ။ ရှင့်ဘော်ဒီကြီးများ။ ရင်မခုန်တာ"

"ရင်ခုန်လား မခုန်လား မင်း အသိဆုံးပါ၊ ဟန်ဆောင်နေတာ"





"ရှင်နော် ... စကားနဲ့ လာပြီး စီးပိုးမနေနဲ့။ ကျွန်မကို အဲသလိုတွေ ရိုသလို ထိသလို လာမပြောနဲ့။ လုံးဝ မကြိုက်ဘူး"

"သေချာလို့လား"

သူက စပ်ဖြဲဖြဲနှင့် ပြောလျှင် နန်းဆက် သည်းမခံနိုင်တော့ချေ။ အနားမှာရှိသော ဝက်ဝံရုပ်ကြီးနှင့် ကောက်ပေါက်လိုက်လျှင် သူက ဝက်ဝံရုပ်ကို အဖမ်း ဟိုကူး ဒီကူးလုပ်နေသဖြင့် လျော့ရဲရဲ ဖြစ်နေသော သူ့ရဲ့ တဘက်ကြီးဟာလည်း ကျွတ်တော့မလို ဖြစ်နေလျှင် အလျင်အမြန်ကို မျက်စိမှိတ်ချလိုက်ရတော့တာ ဖြစ်လေသည်။

သူက နန်းဆက် ဖြစ်နေပုံကို တဟားဟား ရယ်မောလျက် ...

"မကြောက်ပါနဲ့ မမြဝင့်းရဲ့။ ဗိုလ်အောင်ဒင် တဘက်မကျွတ်ပါဘူးဗျ ... ဟား ဟား ဟား"

နန်းဆက်သည် မျက်လုံးကို မဖွင့်ရဲ ဖွင့်ရဲဖြင့် ဖွင့်ကြည့်လိုက်လျှင် ဝက်ဝံရုပ်ကြီးကို ဖက်ထားလျက် စပ်ဖြဲဖြဲ ရယ်



www.burmeseclassic.com

www.burmeseclassic.com



ပြနေသော သူ့ပုံစံကြီးကို အလွန်တရာ မုန်းစဖွယ်ပင် တွေ့မြင်လိုက်ရသည်။

အံကို တင်းတင်းကြိတ်လျက် မျက်စောင်းထိုး ထွက်လာခဲ့ရသော်လည်း အပြင်ဘက်သို့ ရောက်သည်အထိ ရင်ခုန်နှုန်းက မပျောက်သည်မှာ ဘာကြောင့်ပါနည်း။

ကွယ် ... ဒီလူတစ်ယောက်ကိုတော့ဖြင့် နန်းဆက်သိပ်မုန်းတာပါပဲ။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







သူ့အတွက်ကတော့ သူမကို ကြုံရင်ကြုံသလို စ၊ နောက်ခြင်းဖြင့်သာ၊ မေမေ့ဥကို ဂျပန်က သူ့အတွေ့အကြုံတွေ ပြောပြရင်းဖြင့်သာ၊ ရွှေအသွင်ကိုတော့ သူ စားချင်သည့် ဟင်းတွေချက်ခိုင်းရုံဖြင့်သာ ကျေနပ်ပျော်ရွှင်ရသော အနေအထားဖြစ်ပါသည်။

စဉ်းစားကြည့်လျှင်တော့ သူ့အဖြစ်က အီလည်လည်ကြီးပင်။ အရပ်စကားနှင့် ပြောရလျှင်တော့ နာမည်ကြီး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တော်ဘဝမျှသာဖြစ်သည်။ ပြင်ဦးလွင်၏ နွေဦးညှော်သည်အဖြစ် သူ ရောက်ရှိလာရပုံက ထူးဆန်းသော အံ့ဩဖွယ်ရာတွေနှင့်ချည်း သာပင်။ ဒီမိသားစုဟာ ကိုယ် တစ်သက်လုံး ပျော်ရွှင်အခြေကျ သွားမည့် မိသားစုလည်း မဟုတ်ခဲ့။ သူဟာ ဒီသိရိုရိုပ်သာခြံရဲ့ ဧည့်သည်မျှသာ ဖြစ်သည်။ ဧည့်သည်ဆိုတာ အချိန်တန်ရင် အိမ်ပြန်ရတာပဲ မဟုတ်လားလေ။

အခုလောလောဆယ်မှာတော့ သူမရဲ့ ဘောက်ဆတ်ဆတ် အပြောဆိုတွေကြားမှာ ယဉ်ပါးနေပြီ ဆိုပါတော့။

"ဟိတ် ... ရွှေနန်းဆက် ... ငါ အခု စက်ရုံကို ပြန်ရင် မင်း လိုက်လာခဲ့ပါလား"

သူက ထမင်းစားအပြီးမှာ သူမကို လှမ်းပြောလိုက်တာဖြစ်၏။ ထင်သည့်အတိုင်းပင် ...

"မလိုက်ချင်ဘူး"

သူ နည်းနည်းတော့ တင်းသွားသည်။ သူ တစ်ခုခု ပြောသမျှ အသာတကြည်နှင့် လိုက်လျော ခေါင်းညိတ်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့ဘူးချေ။





"မင်းနဲ့ ငါ သဘောတူညီမှု ယူထားတယ်လေ၊ လိုအပ်ရင် အပြင်တွေကို အတူလိုက်ခဲ့ပါမယ်ဆို"

"ဒါက လိုမှ မလိုအပ်ဘဲ"

သူမက သူ့ကို ခပ်ရိရိ ကြည့်ပြောသွားကာ သန့်စင်ခန်းထဲသို့ ဝင်သွားလေသည်။ သူသည် ထမင်းစားပွဲမှာ ထိုင်ရင်း ဒီမိန်းမကို ဘယ်လို ရအောင်ခေါ်ရပါ့ဟု အပြင်းအထန် စဉ်းစားနေမိသည်။

သူ့ရဲ့ယမဟာဆိုင်ကယ်လ်ကြီး၏ နောက်တွင် သူမကို ဘာကြောင့် တင်ခေါ်သွားချင်သွားသလဲ ဆိုတာတော့ သူ အဖြေရှာမရသေး။ အဲဒီအခါမှာပင် ရေချိုးခန်းထဲမှ ဘိုင်းခနဲ ပစ်လဲသံကြီးကို ကြားလိုက်ရတော့တာဖြစ်၏။

သူက ပထမတော့ ရုတ်တရက် ထပြေးသွားမလို့ပင်။ သို့သော် မရွှေမာနကို ပညာပေးချင်သဖြင့် ထိုင်ရာမှ မထသေး ...

"အား လား လား ... သေပါပြီ။ အပြင်မှာ ဘယ်သူမှ မရှိကြဘူးလား၊ မငြိမ်းရေ ... မငြိမ်း"



www.burmeseclassic.com

www.burmeseclassic.com



"မငြိမ်း မရှိဘူး။ ကိုသောင်းဇံအေးနဲ့ ငြိမ့်နေပြီ"

နေ့ခင်း ထမင်းစားချိန်ဆိုလျှင် ဒရိုင်ဘာနှင့် တမင်းချက်လင်မယားကလည်း သူတို့အတွက်ပေးထားသည့် ခြံထောင့်က အိမ်လေးသို့ ပြန်နားနေကြဖြစ်သည်။

သူက ထမင်းစားပွဲမှ မထသေးဘဲ ဆတ်သားခြောက်ဖုတ်တွေကို နှိုက်စားကာ ပြောနေခြင်းဖြစ်သည်။

"အသွင်ရေ ... အသွင် ... လာကြပါဦး"

"အသွင်နဲ့ မေမေဥ အပြင်သွားတယ်လေ၊ သိရဲ့သားနဲ့ ဘာလို့ အော်ခေါ်နေရတာလဲ"

"တောက် ... ရှင် ရှိရင် ရှင် လာခဲ့ပါလား၊ အား ... သေတော့မှာပဲနော်"

သူက သဘောကျစွာ ထိုင်ရာမှ အသာထရပ်လိုက်ပြီးနောက် ရေချိုးခန်းတံခါးကို အသာဆွဲဖွင့်လိုက်သည်။ ရေတွေစွတ်စိုနေသော ကြွေပြားပေါ်မှာ ပုံလျက်သား လဲကျနေသော သူမရဲ့ မျက်နှာသည် နတ်သမီးလေး သံပုရာသီး ကိုက်ထားသလို ရှုံ့မဲ့နေပါသည်။





သူက သူမရဲ့ နံဘေးမှာ ဆောင့်ကြောင့် ထိုင်ချလျက် ...

"ဘာဖြစ်တာလဲ"

"ချော်လဲတာပေါ့"

"အဲဒီတော့ ငါက ဘာလုပ်ပေးရမှာလဲ"

သူမ မျက်နှာသည် နာကျင်နေသည့်ကြားမှ ဒေါသရောင် ချက်ချင်း လွှမ်း၍သွားသည်။

"ရှင် ... တော်တော်ကြောင်တဲ့ လူပါလား။ ဒီမှာ ချော်လဲတာ ခြေထောက် အရမ်းနာနေတယ်၊ မထနိုင်ဘူး။ တောက် ... ဘယ်လိုလူမှန်း မသိပါဘူး"

"ဘယ်လိုလူလဲ ဟုတ်ဘဲ့ဘား။ မင်းပဲ မင်းရဲ့အသားကို မထိရဘူးဆို၊ အခု ထိရမှာလား၊ ကိုင်ရမှာလား ပြော"

"ရှင်နော် ... အခွင့်အရေး ရပြီဆိုပြီး လာနှိပ်ကွပ်မနေနဲ့။ ရှင် မကူညီချင်ရင်လည်း ထွက်သွား။ သိပ်အောက်ကျို့မနေဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မို့ ... အလကားလူ၊ မိန်းမလို မိန်းမရနဲ့”

သူက ပန်းသီးတစ်လုံးလို ပြောင်တင်းနေသော သူမရဲ့ ပါးပြင်နှစ်ဖက်ကို ပြုံးစိုက်စိုက်နှင့် ငုံ့ကြည့်ပြီးမှ ...

“ကူညီမှာပေါ့ကွာ။ မင်းကို ပစ်ထားမယ်များ ထင်လို့လား”

ဒီစကားကြောင့် သူမ မျက်နှာလေး တစ်မျိုးဖြစ်သွားတာကိုလည်း သူ သေချာစွာ သိနေရလေသည်။

“ကဲ ... မင်းပဲ ငါ့ ပခုံးကို ကိုင်ပြီး ထကြည့်”

သူမက သူ့ပခုံးကို အားပြုကိုင်လျက် ထကြည့်သည်။ သူက ဘယ်လိုမှ မဖေးမသဖြင့် သူမအတွက် ဘယ်လိုမှ အဆင်မပြေချေ။

ချက်ချင်းပင် ပြိုလဲသွားပြန်သည်။ ဒီနေ့မှ စကတ်အတို ဝတ်ထားသော သူမရဲ့ ခြေကျင်းဝတ်ပတ်လည်ကို သူက ဖျတ်ခနဲ ကြည့်လိုက်စဉ် နီရဲ ယောင်ယမ်းနေတာကို တွေ့ရလေသည်။





“ခဏနော် ... ပလိစ်။ အင်း ... မင်း တော်တော် နာနေမှာပဲ”

သူက ခြေကျင်းဝတ်ကို ကိုင်ကြည့်လျှင် သူမက ရှက်သလို ရှန်းသေးသည်။ သူသည် ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ် ချလိုက်ရင်း သူမကို ဆတ်ခနဲ ပွေ့ချီလိုက်တော့သည်။

“ဟယ် ... ရှင် ဒါ ဘာလုပ်တာလဲ”

သူမက နီရဲတွတ်နေသော မျက်နှာနှင့် ဖွတ်အရင်းကို ရုန်းလေသည်။ သူက ရင်ခွင်ထဲက သူမရဲ့ မျက်နှာကို ငုံ့မိုးပြုံးကြည့်လျက် ...

“ငြိမ်ငြိမ်နေနော်။ ငါ လွှတ်ချလိုက်လို့ ခါးရိုးကျိုးသွားရင် တစ်သက်လုံး အိပ်ရာပေါ်က မထနိုင်ဘဲ ဖြစ်သွားမယ်”

သူမက အသာငြိမ်သက်သွားကာ ဘာမှ အတွန့်တက်တော့ချေ။ သူ့ရင်ခွင်ထဲမှာ နှုတ်ခမ်းကိုက် ငြိမ်သက်နေသော သူမ မသိအောင် အသာပြုံးလျက် သူက ညွှန်မန်းရှိ ဆိုဖာပေါ်သို့ အသာချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးလျှင် သူမ ခြေရင်း၌ ဒူးထောက်ထိုင်လျက် ခြေကျင်းဝတ်က ဒဏ်ရာကို ကြည့်သည်။ ပြီးလျှင် လည်သွားသော ခြေပွတ်တိုင်ကို ဆတ်ခနဲ လှည့်ပစ်လိုက်တော့၏။

"အား ... သေပါပြီ။ ဟင် ... ရှင် ဒါ ဘာလုပ်တာလဲ။ ကျွန်မကို သေကြောင်းကြံနေတာပေါ့လေ ဟုတ်လား"

"ပါးစပ်ကို ပိတ်ထား။ ခြေပွတ်တိုင် လည်သွားလို့ လှည့်ပေးနေတာ၊ ဘာမှလဲ နားမလည်ဘဲနဲ့"

"အောင်မာ ... ရှင်ကတော့ ဆရာဝန်မို့လို့လား"

ဆတ်ဆတ်ထိမခံ ပြန်ရန်တွေ့နေသော သူမရဲ့ နှုတ်ခမ်းရှုရှုတွေကို သူက အသည်းယားစွာ ကြည့်လျက် ...

"မင်းကွာ။ ကျေးဇူးမတင် ဟိုဟာလုန်ပြဆိုတာ မင်းလို မိန်းမမျိုးကို ပြောတာနေမှာ"

"ရှင် စကားပြောတာ မရိုင်းနဲ့နော်။ သိပ်ယုတ်မာတာပဲ စကားပုံများ ဥပမာပေးစရာရှားလို့"

သူမ ရှက်ဒေါသဖြစ်နေပုံကို သူက ဟက်ဟက် ပက်ပက် ရယ်မိသည်။ ဒီလိုဆိုတော့လည်း မင်းဟာ ကလေး လိုပါပဲလား ဈေးနန်းဆက်ရယ်။





သူက ဘာမှ မပြောတော့ဘဲ ဆေးသေတ္တာကို သွားယူလာလျက် သူမရဲ့ ဒဏ်ရာကို ဒဏ်ကြေစပရေးဆေး ဖျန်း ပေးလိုက်ကာ ပတ်တီးချည်ပေးလိုက်သည်။

ကျကျနန လုပ်ပေးအပြီး ဖျတ်ခနဲ မော့အကြည့်မှာ သူ့ကို ငေးနေသော မျက်ဝန်းသူခိုးကို ဖမ်းမိသွားလေသည်။

သူက မသိဟန်ဆောင်လိုက်ကာ ...

"ကဲ ... ပြီးပြီ မရွှေချော။ ခဏတော့ ထိုင်နေဦး။ ဘယ်သွားချင်သေးလဲ။ ဘယ်ကို ချီပို့ပေးရဦးမလဲ"

"ရှင်နော် ... ကျေးဇူးတင်စိတ် ပျောက်အောင် လာလုပ် မနေနဲ့။ အို ... ရှင် လက်သွားဆေးလိုက်ဦးလေ"

"ဆေးမှာပါ။ မင်း နာနေသေးလား"

"အင်း ... နည်းနည်းတော့ နာနေသေးတာပေါ့။ ရှင့်ကို ကျေးဇူးတင်ပါတယ်"

သူ့ကို မကြည့်ဘဲ တိုးဖွဖွပြောသော စကားသံလေး ကို ဖြစ်နိုင်လျှင် ဖမ်းယူသိမ်းဆည်းထားချင်ပါသည်။ ဒီကို ရောက်တာ သုံးလကျော် အတွင်း၌ သူမထံမှ ပထမဆုံးကြားရ



www.burmeseclassic.com

www.burmeseclassic.com



သော နူးညံ့ချိုသာသည့် အသံလေး ဖြစ်နေ၍ပင်။ အမြဲတစေ ရွှန်းရွှန်းရှရှ ကြည့်တတ်သော မျက်ဝန်းတစ်စုံဟာလည်း ဒီနေ့မှ မျက်လွှာလေးတွေပင် အသာချထားသေးကာ အခြေအနေကို တစ်မျိုးကြီး ဖြစ်စေပြန်သေးသည်။

သူ လက်ဆေးပြီး ပြန်လာတာတောင် သူမက ဆိုဖာပေါ်တွင် ပုံ့ပုံ့လေး ထိုင်လျက်သားဖြစ်၏။

"မင်း အခန်းထဲ သွားနားချင်လား။ ပို့ပေးခဲ့ရမလား"

"မလိုပါဘူး။ ရှင် အလုပ်သွားတော့လေ"

ရှက်ရိပ်စွန်းသော မျက်နှာလေးဟာ ဖွတ်ကို တင်းထားသည့်ပုံဖြင့် ခုတော့လည်း ခပ်တည်တည် ဖြစ်သွားပြန်လေသည်။

အင်း ... အတော် နားလည်ရခက်တဲ့ သဲကိုးဖြာတွေပဲ။

သူက ခေါင်းတစ်ချက်ဆတ်ပြပြီးနောက် ချာခနဲပင် လှည့်ထွက်ခဲ့တော့တာဖြစ်သည်။ သူ့ဘဝ၌ ဘယ်မိန်းမတစ်ယောက်ရဲ့ ခြေထောက်ကိုမှ မကိုင်ခဲ့ဖူးပေ။ စိတ်ကူးလည်း





မရှိခဲ့။ သူ့ကို ဒုက္ခပေးထားသော၊ သူနှင့်လည်း မတည့်လှသော မိန်းကလေးတစ်ယောက်၏ ခြေထောက်ကို ပတ်တီးစည်းပေးဖို့ကတော့ စဉ်းတောင်မစဉ်းစားဖူးချေ။

တော်ပါပြီကွာ။ ဆက်မတွေးတော့ အကောင်းဆုံး အဖြေပါ။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။

www.burmeseclassic.com





## ၁၀

အခုချိန်တွင် ကိုယ့်ရဲ့ ဘယ်ဘက်ရင်အုံကို ဖိ

စမ်းကြည့်လျှင် တဒုတ်ဒုတ် မြည်နေသော နှလုံးခုန်သံကို ကြ

ရဆဲပင်ဖြစ်သည်။ ဒီနှလုံးခုန်သံဟာ လိုအပ်တာထက် ဘာ





ပိုကျယ်နေရတာလဲ။ ရင်ခုန်တယ်ဆိုတာ ဒါကြီးကို ပြောတာများ လား။ အား ... မဖြစ်နိုင်တာ။

ဒီလောက် စကားတတ်တဲ့ ဘုကျတတ်တဲ့ ယောက်ျား တစ်ယောက်ကို နန်းဆက်က ရင်ခုန်မိသည် ဆိုသည်မှာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သော ကိစ္စတစ်ခုပင်။ နန်းဆက်ကိုဆိုလျှင် ဘယ်တော့မှ အလျှော့မပေးတတ်သော၊ အမြဲစကားနိုင်လုနေသော ယောက်ျား တစ်ယောက်ကို ရင်ခုန်ဖို့ရာမှာ မဖြစ်သင့်ဟူ၍လည်း ထင်သည်။ သို့သော် သူ့ရင်ခွင်ထဲသို့ ခေတ္တခိုလှုံခွင့်နှင့် တယုတယ ပတ်တီး စည်းပေးသော အဖြစ်အပျက်ကတော့ နန်းဆက်ရဲ့ စိတ်တွေကို တကယ်ပဲ လှုပ်ရှားတိမ်းမူးစေလေသည်။

ရှင် စေတနာတွေ လာမပေးပါနဲ့ ကောင်းရွက်စိမ်း ရယ်။ အချိန်တန်ရင် ရှင်ဟာ အိမ်ပြန်မဲ့သူပါ။ ပြီးတော့ ရှင့်ချစ်သူ သတို့သမီးလောင်းအတွက် ကျွန်မကို နာကြည်းမုန်းတီး နေမှာပါ။ ဒီအတွက် ကျွန်မရဲ့ နှလုံးသားတွေကို တင်းမာထား ပါရစေ။

"ဟယ် နန်းဆက် ... ခြေထောက်က ဘာဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေမေဥနှင့် အသွင်တို့က အပြင်မှ ပြန်ရောက်လာလျှင် ညှော်ခန်းထဲမှာ တစ်ယောက်တည်း ထိုင်ကာ အတွေးနက်နေသော နန်းဆက်ကို စိတ်ပူစွာ မေးမြန်းကြသည်။ နန်းဆက်က အကြောင်းစုံ ပြောပြလိုက်လျှင် မေဥကား နန်းဆက်ကိုတော့ လျှပ်ပလာမဟု ထောပနာပြုလျက် ရွက်စိမ်းကိုတော့ တော်လှပေ၏လေ။

ဒီတစ်ခါတော့ နန်းဆက်ဟာ ဘာမှ မနာလို အူတိုမဖြစ်ထော့။ မေဥအပေါ် တက်သွားမှ အသွင်က ...

"ဟဲ့ ... နင့်ကို သူက ပွေ့ချီလာတော့ နင် ဘယ်လိုနေလဲ"

"အသွင်နော် ... ဘာတွေ လာမေးနေတာလဲ။ ဒါ အပျိုကြီး မေးစရာလား"

"အမလေး ... ကျုပ်အသက် အခုမှ သုံးဆယ်ပဲ ရှိသေးတာပါနော်။ နင်တို့ အဆင်ပြေသွားပြီလား"

"ဘာကို အဆင်ပြေရမှာလဲ။ မပြေပါဘူး။ အခုတောင် ဘယ်သူမှ မရှိလို့ မတတ်သာလို့ သူ့ကို ခိုင်းရတာ။ သင်းက အရေးထဲ သေစရာဆို သေနေပြီ။ သူ့ကို မထိရဘူး ပြောထားတာကို ဖော်ကောင်ပြန်လုပ်နေသေးတယ်"





"ကောင်းရွက်စိမ်းက ခင်ဖို့ကောင်းပါတယ်ဟယ်။ နင်သူ့ကို စိတ်မဝင်စားဘူးလား နန်းဆက်"

"ဘာလို့ စိတ်ဝင်စားရမှာလဲ။ လိုင်စင် ရှိပြီးသားကြီးကို"

"သူ့ကြည့်ရတာ နင့်ကို ချစ်ပုံပါပဲဟဲ့"

နန်းဆက်သည် ဒီစကားကြောင့် အကြီးအကျယ်ရက်သွားရကာ အသွင့်ကို လိုက်ထုမိလေသည်။

"သူလား ချစ်မှာ၊ ခုတင်ကို ဆိုရင်လည်း သူပဲ မောင်ပိုင်စီးပြီး အိပ်တယ်။ စကားများရင်လည်း မနိုင်နိုင်အောင်ပြန်ပြောတယ်။ သူ့မင်္ဂလာပွဲ နန်းဆက်ကြောင့် ပျက်သွားလို့ဆိုပြီး နန်းဆက်ကို မုန်းပဲမုန်းနေမှာပါ အသွင်ရယ် ...

အချိန်တန်တော့လည်း သူက အိမ်ပြန်မဲ့သူပါ။ သူ့ဘက်ကိုလည်း ငဲ့ရဦးမယ်။ သူ့ဆန္ဒကို နန်းဆက်တို့ မေးကြည့်ရဦးမယ်။ သူ့ သဘောထားကိုလည်း နန်းဆက်တို့ သိမှ မသိတာ"

နန်းဆက်က တွေးတွေးဆဆ ပြောလျှင် အသွင်ကလည်း စဉ်းစားကာ ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမှန်က နန်းဆက် ဒီနေ့ သူ့ကို အဲဒါတွေ ပြောမလို့၊ ချော်လဲတဲ့ကိစ္စ ဖြစ်သွားလို့ မပြောဖြစ်တော့တာ"

ထိုအချိန်မှာပင် ကိုသောင်းအေးရဲ့ ခေါ်သံတစ်ခု ထွက်ပေါ်လာသဖြင့် နန်းဆက်တို့ နှစ်ယောက်စလုံးဟာ အပေါက်ဝဘက်သို့ လှည့်ကြည့်မိသည်။

"နန်းဆက် ဧည့်သည် ရောက်နေတယ်၊ ကိုကောင်းရွက်စိမ်းရဲ့ ဦးလေးတဲ့"

ကိုသောင်းအေးရဲ့ ဆေးမှာ လတ်ဇော့ချိုတစ်လုံးနှင့် ရပ်နေသော ဘရက်ပစ်ဒီဖိုင်းနှင့် ပုဂ္ဂိုလ်ဟာ ရွက်စိမ်းရဲ့ ဦးလေး ဆိုသူတဲ့။

နန်းဆက်သည် ယောင်ရမ်းကာ မတ်တတ်ထရပ်မိသော်လည်း ဒဏ်ရာကြောင့် ချက်ချင်းပင် ဆိုဖာပေါ်သို့ ပြန်လဲကျသွားသည်။

အသွင်ကပင် ကပျာကယာ ထရပ်လျက် ...

"ဟုတ်ကဲ့ ... ကြွပါရှင်။ ကိုသောင်းအေး အိတ်ဆွဲပေး လိုက်ဦးလေ။ အိမ်ထဲကို ကြွပါ"





ထိုလူက ခပ်ပြုံးပြုံးနှင့်ပင် အိမ်ထဲသို့ ဝင်ရောက်လာကာ ဆိုဖာပေါ်တွင် ဝင်ထိုင်သည်။ နန်းဆက်သည် ရွက်စိမ်းရဲ့ ဦးလေးဆိုတာကို ဂြိုလ်သားတစ်ဦးကို မြင်တွေ့သည့်နှယ် ငေး၍ ကြည့်နေမိသည်။ အသွင်ရော ဘာထူးလဲ။ ရယ်ရမလို ငိုရမလို နှင့် မနေတတ် မထိုင်တတ် ဖြစ်နေတာ။

ထိုသူက အခြေအနေအားလုံးကို ရိပ်မိဟန်ဖြင့် ခေါင်းတစ်ချက်ဆတ်ညွှတ်ပြကာ ...

"ကျွန်တော် ကောင်းရွက်စိမ်းရဲ့ ဦးလေးအရင်း တော်ပါတယ်။ ကျွန်တော့်နာမည် သစ်မင်းပါ ခင်ဗျာ။ ရွက်စိမ်းနဲ့ တွေ့ချင်လို့ပါ"

နန်းဆက်နဲ့ အသွင်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီးလျှင် နန်းဆက်က ...

"သူ စက်ရုံမှာပါ။ ညနေ လေးနာရီခွဲဆိုရင် ပြန်ရောက်ပါပြီ။ သိပ်တွေ့ချင်ရင်တော့လည်း လိုက်ပို့ပေးပါ့မယ်။ ညနေမှ တွေ့မယ် ဆိုရင်တော့လည်း ဒီမှာပဲ အေးအေး ဆေးဆေး နားပါဦး ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရွှေနန်းဆက်ပါရှင်။ ဒါက ကျွန်မရဲ့ အန်တီလေး ရွှေအသွင်ပါ"

"သြော် ... ဟုတ်ကဲ့ပါ"

ဘရက်ပစ်ပေါက်စ သစ်မင်းနှင့် အင်ဂျနီလာဂျိုလီ လက်သစ် ရွှေအသွင်တို့ တစ်ယောက်နှင့် တစ်ယောက် အပြန်အလှန် ပြုံး၍ နှုတ်ဆက်ပုံကို နန်းဆက်က အဓိပ္ပာယ်ပါပါနှင့် ပြုံး၍ ကြည့်နေမိသည်။ တစ်လက်စတည်းမှာပင် တွေးမိတာ တစ်ခုက ...

ဘုရားရေ ... သူ့ဦးလေး ရောက်လာတာ ဘာကိစ္စနဲ့ ပါလိမ့်။ သူ့ချစ်သူကို အကျိုးအကြောင်း လှမ်းရှင်းပြလိုက်လို့ ဟိုက မီးစိမ်းပြလို့ သူ့ကို လာခေါ်တာများလား။ ဒါတွေကို ဘာမှ မတွေးမိသေးသော ရွှေအသွင်ကတော့ သစ်မင်းနှင့် ဆော်ဒါဖွဲ့၍ ကောင်းတုန်းပဲဖြစ်သည်။

ရင်ထဲမှာ ထူပူလာသော စိတ်တစ်ခုကြောင့် သူတို့နှစ်ယောက် ဘာတွေ ပြောနေမှန်းကို မသိလိုက်။ အသွင်က လက်တို့ပြီး စကားပြောတော့မှာပင် ...





"နန်းဆက် ကိုသစ်မင်းကို ငါ အခန်းတစ်ခန်း ပြင်ပေးလိုက်ဦးမယ်။ သူက လိုက်မသွားတော့ဘူးတဲ့။ ညနေမှပဲ ရွက်စိမ်းကို ဆပ်ပရိုက်စ်လုပ်တော့မယ်တဲ့"

"သြော် ... ဟုတ်ကဲ့။ ဒါဆိုလည်း အေးအေးဆေးဆေး နားပါနော်"

"ဆောရီးနော် ကိုသစ်မင်း၊ နန်းဆက်က ခြေထောက် ခေါက်လဲထားလို့ လမ်းမလျှောက်နိုင်လို့ပါ။ ဆေးတောင် ရွက်စိမ်း ထည့်ပေးသွားရတာ"

"ဟာ ... ရတယ် ... ရတယ်။ ကိစ္စမရှိဘူး။ ကိုယ့်ကို ခွင့်ပြုဦး ရွှေနန်းဆက်"

"ဟုတ်ကဲ့ပါ"

ပြုံးပြုံးရွှင်ရွှင် တွက်ခွာသွားသော သူ့အန်ကယ်လေးနှင့် နန်းဆက်ရဲ့ အန်တီလေးတို့ကို ကြည့်ကာ နန်းဆက်ရဲ့ ရင်ထဲတွင် ခံစားချက်ပေါင်းစုံက ရောမွှေ၍ ဝင်လာလေသည်။

ဒီအရွယ်ကြီးတွေထိ တစ်ကိုယ်တည်းနေနေကြသော တစ်ကိုယ်တည်းသမားအချင်းချင်း တွေ့ဆုံကြပုံကို စိတ်ဝင်စားသဘောကျမိသော စိတ်က တစ်ခု။



www.burmeseclassic.com

www.burmeseclassic.com



သူ့ချစ်သူနှင့် ပြန်လည်အဆင်ပြေကာ နန်းဆက်ကို နှုတ်ဆက်ချန်ရစ်ခဲ့တော့မည့် သူ့အကြောင်းကို စဉ်းစားမိသော စိတ်က တစ်ခု။

နန်းဆက်သည် ငှငှကြီး ထိုင်ငိုင်နေရာမှ သူနှင့် အရမ်းကို ရန်ဖြစ်ချင်လာရလေသည်။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







ကောင်းရွက်စိမ်းသည် အိမ်ထဲကို ဝင်လိုက်လိုက်ချင်းမှာပင် မမျှော်လင့်သော သူတစ်ယောက်ကို တွေ့လိုက်ရသဖြင့် အကြီးအကျယ်ပင် အံ့အားသင့်သွားရတာဖြစ်၏။

"ဟာ ... ဦးသစ်။ ဘယ်ကနေ ဘယ်လို"

"ရန်ကုန်ကနေ ဒီကိုပေါ့ကွာ"

"ဟာဗျာ ... ဦးသစ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



သူသည် အမည်ဖော်မပြတတ်သော ဝမ်းသာခြင်းများစွာနှင့် ဦးသစ်ကို ပြေး၍ ပွေ့ဖက်နှုတ်ဆက်မိသည်။ ဦးသစ်ကလည်း သူ့ကို လိုက်လှဲစွာ ပြန်၍ ဖက်ထားလေသည်။ ခဏနေမှ လူချင်းခွာပြီးလျှင် ...

"ဦးသစ် ကျွန်တော့်ဆီကို လိုက်လာမယ်လို့ မျှော်လင့်မထားတာ။ နေပါဦး ဘယ်အချိန်က ရောက်နေတာလဲ၊ ဘာနဲ့ လာတာလဲ"

"ရန်ကုန်ကနေ မန္တလေးကို ဖလိုက်နဲ့ကွ။ မန္တလေးကနေ ဒီကို ရွှေမန်းမေဗန်နဲ့ပေါ့ကွာ။ နေ့ခင်းတစ်နာရီလောက်က ရောက်နေတာ ...

တစ်ရေးတောင် အိပ်ပြီးသွားပြီ။ တော်တော်ဖော်ရွေကြတယ်ကွ။ မင်း ကံကောင်းပါတယ်"

ဒီစကားကိုတော့ သူက အသာပြုံးရင်း ဘာမှ ပြန်မပြောမိချေ။

"ဦးသစ် ကျွန်တော့်ကို စိတ်မကောက်တော့ဘူးလား"





"ဒီကမ္ဘာလောကကြီးမှာ ပြေးကြည့်မှ သွေးသားရင်းချာဆိုလို့ မင်းအတွက်လည်း ငါ၊ ငါ့အတွက်လည်း မင်းပဲရှိတာပါကွာ"

"ဘာပဲပြောပြော ကျွန်တော် ဝမ်းသာတယ်ဗျာ။ ကျွန်တော် ဦးသစ်ကို စကားလုံးတွေ အများကြီး ပြောစရာရှိတယ်။ ခဏနေ ကျွန်တော်တို့ အပြင်သွားရအောင်၊ ကျွန်တော် ရေသွားချိုးလိုက်ဦးမယ်"

အဲဒီအချိန်မှာပဲ ရွှေအသွင်က နောက်ပါးမှ ရောက်လာလျက် ...

"အပြင်မှာ အစားတွေလည်း အများကြီး စားမလာနဲ့နော် ရွက်စိမ်း။ ညစာအတွက် တို့ ရှယ်ချက်ထားတာ"

"ဩော် ... သင့်ခ်ယူပါ မရွှေအသွင်။ မစားလာခဲ့ပါဘူး စိတ်ချပါ"

သူက ရွှေအသွင် မမြင်အောင် ဦးသစ်ကို မျက်စိတစ်ဖက်မှိတ်ပြလျက် လက်မတစ်ချက်ထောင်ပြကာ အိမ်ပေါ်သို့ ထွက်လာခဲ့သည်။ ဦးသစ်နှင့် ရွှေအသွင်တို့ကတော့ အဖွဲ့ကျစွာ ကျန်နေရစ်ခဲ့တော့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အခန်းတံခါးကို အသာဖွင့်၍ ဝင်လိုက်လျှင် အခန်းထဲမှာ တစ်ယောက်တည်း ရုပ်ရှင်ထိုင်ကြည့်နေသော သူမကို တွေ့လိုက်ရသည်။

ကာတွန်းရုပ်လေးများပါသော ချည်သား လက်ရှည် အင်္ကျီပွပွနှင့် ဘောင်းဘီပွပွကို ပေါ့ပေါ့ပါးပါး ဝတ်ဆင်ထားကာ ဒူးနှစ်ဖက်စလုံးကို ဆိုဖာပေါ်တင်ကာ လက်ပိုက်လျက် ရုပ်ရှင် ကြည့်နေပုံသည် ကလေးတစ်ယောက်လို အပြစ်ကင်းစင်နေတော့သည်။

သူ့ကို မျက်လုံးတစ်ချက်သာ လှန်ကြည့်သော်လည်း ဘာမှတော့ မပြော။

"မင်း ခြေထောက်က ဘယ်လိုနေလဲ။ သက်သာလား"

"အင်း ..."

သူမက ခေါင်းညိတ်ကာ အင်းတစ်လုံးပဲ ဖြေသည်။ မျက်နှာသည် အရင်လို စူပုပ်နေတာမျိုးလည်း မဟုတ်။ ဖော်ရွေနေတာမျိုးလည်း မဟုတ်ပါဘဲ တစ်မျိုးသော အရိပ်တွေ ထင်ဟပ်လျက်ရှိလေသည်။





"ညည်းသည်က ငါ့ဦးလေးလေ။ ဒီညတော့ ဒီမှာပဲ တည်းဖြစ်မယ်နဲ့တူတယ်။ နောက်နေ့ကျမှပဲ ငါ ဟိုတယ်ကို ပြောင်းပေးလိုက်မယ်။ ရတယ် မဟုတ်လား"

"အို ... ဟိုတယ်ကို ပြောင်းစရာ မလိုပါဘူး။ ဒီမှာနေလို့လည်း ဖြစ်ပါတယ်"

ဒီလိုဆိုတော့လည်း သူမရဲ့ စိတ်ထားလေးက မဆိုးလှချေ။ သူက ခေါင်းတစ်ချက်ဆတ်၍ ...

"ကျေးဇူးပါပဲ။ ငါ ရေချိုးလိုက်ဦးမယ်။ အပြင်သွားမလို့"

သူဟာ ဘာကြောင့် သူမကို ခွင့်ပန်သလိုလို သွားပြောမိလဲဆိုတာတော့ ကိုယ့်ဟာကိုယ် မသိတော့ချေ။ သူမက ဘာမှ ပြန်မပြောဘဲ တီဗီဖန်သားပြင်ကိုသာ စိုက်ကြည့်နေတော့တာဖြစ်၏။

သူ ရေချိုးခန်းမှ ပြန်ထွက်လာသောအခါ အခန်းထဲမှာ သူမက မရှိတော့ပေ။ သူက အဝတ်အစားလဲကာ အောက်ထပ်သို့ ဆင်းလာတော့မှပင် အောက်ထပ်ရှိ ဧည့်ခန်းထဲတွင် မေမေဥနှင့် အတူ ထိုင်နေသော သူမကို တွေ့ရသည်။ ဦးသစ်နှင့် မေမေဥက

www.burmeseclassic.com



တော့ စကားကောင်းလျက် ရှိတုန်းပင်။ ဦးသစ်က သူ ဆင်းလာတာမြင်လျှင် မေမေဥကို နှုတ်ဆက်ကာ မတ်တတ်ထရပ်သည်။

“ရွက်စိမ်းရေ သိပ်မိုးမချုပ်နဲ့ကွယ့်။ အားလုံး စုံစုံညီညီ ထမင်းစားရအောင်လို့”

“ဟုတ်ကဲ့ပါ မေဥ”

သူက သူမကို နှုတ်ဆက်ဖို့ လှမ်းကြည့်လိုက်လျှင် သူမက သူ့ကို မကြည့်ဘဲ တီဗီကိုသာ သဲကြီးမဲကြီး စိုက်ကြည့်နေသဖြင့် နှုတ်ဆက်မနေတော့။

အသစ်အဆန်းသဘောမျိုးဖြစ်အောင် သူ့ရဲ့ယမဟာ ဆိုင်ကယ်လ်ကြီးနှင့်ပင် နှစ်ယောက်သားအတူ မြို့ထဲရှိ ဘီယာစတောရှင်တစ်ခုသို့ မောင်းလာခဲ့သည်။

အမြည်းတချို့နှင့် ဘီယာတစ်ခွက်လောက် ဝင်တော့မှ သူက ဦးသစ်ကို အမိကအကြောင်းအရာတွေကို စကားစဖြစ်သည်။

“ဦးသစ် ကျွန်တော့်ကို အစပိုင်းမှာတော့ တော်တော်စိတ်ဆိုးခဲ့မယ်နဲ့ တူတယ်နော်”





“အင်း ... စိတ်ဆိုးတယ်လို့လည်း မဟုတ်ဘူးပေါ့ကွာ။ ဒါပေမဲ့ မင်း လုပ်ပုံကတော့ မကောင်းတာ အမှန်ပဲပေါ့။ နောက်ကျတော့ သွေးအေးသွားတော့ ငါ စဉ်းစားမိတာတစ်ခု ရှိလာတယ် ...

မင်းဟာ ပြင်ဦးလွင်ကို နှစ်ပတ်လောက် သွားတာနဲ့ မိန်းမရလာတယ်ဆိုတာ ဖြစ်နိုင်တဲ့ကိစ္စလားလို့ပေါ့။ မင်းမှာ ချစ်သူ ရှိတယ်လို့လည်း ငါမှ မကြားခဲ့ဘူးပဲ။ ရှိခဲ့ရင်လည်း မင်းနဲ့ ငါက ဘော်ဒါလို ပေါင်းတာဆိုတော့ မသိစရာအကြောင်းကို မရှိဘူး။ သေချာစဉ်းစားကြည့်လေ ဒီကိစ္စဟာ ဖြစ်နိုင်ခြေနည်းလေပဲ။ ဒါပေမဲ့ တကယ်လည်း ဖြစ်နေပြန်တယ် ...

ငါ ဘယ်လိုမှကို စဉ်းစားလို့ မတတ်ဘူး။ ပြီးတော့ ဒီလောကမှာ သွေးရင်းဆိုလို့ မင်းနဲ့ ငါပဲ ရှိတော့တာလေကွာ။ မင်းဘက်က ဘာအဆက်အသွယ်မှလဲ မလုပ်တဲ့အခါကျတော့ မင်း အဆင်မှပြေရဲ့လား၊ ဘာတွေများ ဖြစ်နေပြီလဲလို့ သိချင်တာလည်းပါတယ်။ ဒီရောက်တော့လည်း အေးအေးဆေးဆေးပါပဲ ...



www.burmeseclassic.com

www.burmeseclassic.com



မင်း မိန်းမလည်း တော်တော်ဖြောင့်တယ်။ ဒါပေမဲ့ မင်းတို့ ကြည့်ရတာ တစ်ခုခု လိုနေသလိုပဲ"

"အချစ်လား"

ဒီမေးခွန်းကို သူပြန်မေးပြီးနောက် သူ့ဟာသူကို သဘောတကျနှင့် ဟက်ဟက်ပက်ပက် ရယ်မိလေတော့သည်။ သူ့ကို မျက်လုံးအပြူးသားနှင့် ငေးကြည့်နေရှာသော ဦးသစ်ကို သူက ဖြစ်ကြောင်းကုန်စင် အားလုံးကို ရှင်းပြလိုက်တော့သည်။

သူ့စကားသံတွေ အဆုံးတွင် ဦးသစ်ကား ပထမတော့ ပါးစပ်အဟောင်းသားပွင့်လျက်သား။ နောက်တော့ အဟောင်းသားပွင့်နေသော ပါးစပ်တို့က တဟားဟား အော်ရယ်လျက် ပါးစပ်ကို မပိတ်နိုင်တော့ချေ။

ဒီတော့ သူပါ လိုက်လံရယ်မောလျက် စိတ်တို့က ရွှင်လန်း၍လာပါသည်။

"ဖြစ်ရလေကွာ။ အေးလေ ... ဘယ်တတ်နိုင်မလဲ။ သူတို့ကလည်း တမင်လုပ်တာမှ မဟုတ်တာ။ မင်းနဲ့ မဟေသီ





ဖူးစာမပါလို့ပဲ မှတ်ရတော့မှာပေါ့။ ဒါနဲ့ ရွှေအသွင်ဆိုတဲ့ တစ်ယောက်က မိတယ်နော်"

သူက ဦးသစ်ကို ပြန်လည်လှောင်ပြောင်လျက် ...

"ဘာလဲ ... ရွှေသားအသွင် သူ့ကိုထင်၍တဲ့လား။ လုပ်လေ ဦးသစ်။ ဦးသစ်နဲ့ လိုက်တယ်နော်။ ကျွန်တော် ဖန်ပေးရမလား"

ဦးသစ်က ပြုံးစိစိနှင့် ဘာမှ ပြန်မပြောချေ။ ကြည့်ရတာ ဦးသစ်လည်း တစ်ချီတည်းနှင့် Heart ထိသွားပုံပင်။

"အသွင်က သဘောကောင်းပါတယ်၊ မေဥကိုလည်း ကျွန်တော်က ပိုင်ပြီးသား။ ဦးသစ်သာ တကယ် Heart ထိရင် ဂဏန်းငြိမ်သွားပြီနော်"

"မင်းက တော်တော်ကို ကောင်းစားနေပါလားကွ။ ငါတောင် မနာလိုဖြစ်နေပြီ။ အေးကွာ ... အဲဒီ ရွှေအသွင် ဆိုတဲ့ အမျိုးသမီးကို စတွေ့လိုက်တဲ့အချိန်က ရင်ထဲမှာ အေးအေးလေး ဖြစ်သွားတာတော့ အမှန်ပဲ ...



www.burmeseclassic.com

www.burmeseclassic.com



အတော်အေးချမ်းအေးဆေးတဲ့ပုံပဲ။ သဘောတော့ ကျတယ်ကွာ"

"သဘောကျရင်လည်း အပိုကပ်လိုက်တော့။ သေချာအောင် သာ ဂိုးသွင်းဗျာ။ ကျွန်တော်ကတော့ မပိုင်ဝက်မွေး။ နာမည်ကြီး ထမင်းငတ်နေတဲ့ ဘဝပါ"

သူက နှုတ်ခမ်းတင်းတင်းစေ့ထားတတ်သော သူမရဲ့ ပုံစံကို ပြန်မြင်ယောင်လာလျက် ခွေးလျှလျှ ပြောမိလေသည်။ အခုတလော ရန်မဖြစ်ရတာတောင် နည်းနည်းကြာသလို ဖြစ်နေ၍ အရင်လိုတောင် ပျော်ဖို့ မကောင်းတော့။ သူ့ကို ဆတ်ဆတ်ထိမခံ ဒေါ်သတကြီး ရန်တွေ့တတ်သော ပုံစံလေးကိုမှ သူက ဘာကြောင့် သဘောကျနေမိတာပါလိမ့်။

"ငါ့ကိုသာ ပြောနေတယ်။ မင်းတို့ကရော အဆင်မပြေကြဘူးလား"

"အိုး ... အမြဲရန်ဖြစ်နေရတာ။ သူက အရမ်းစွာတယ် ဦးသစ်ရ။ အခုတောင် ချော်လဲထားလို့ ငြိမ်နေတာ"

"မင်းကရော သူ့ကို မချစ်ဘူးလား"





ဒီမေးခွန်းကြောင့် သူ့ ရင်ထဲ၌ ရှိန်းခနဲပင် ဖြစ်သွားရလေသည်။ ဒီအဖြေကို သူ ကိုယ်တိုင်တောင် ရေရေရာရာ မသိချေ။ သူနဲ့ ရန်ဖြစ်တိုင်း အမြဲ ချွန်တက်နေသည့် နှုတ်ခမ်းလေးကို စိုက်စိုက်ကြည့်မိရင်း ရင်ခုန်မိတာတွေတော့ ကြာချေပြီ။

ငြိမ်သက်အေးဆေးသော အခြေအနေတစ်ခုဆိုလျှင်တော့ သူ့ရင်တွေက ပို၍ ငြိမ့်ညောင်းလှတာကိုတော့ သူကိုယ်တိုင် သတိထားမိသွားပဲ။

"သူက အရမ်းမာနကြီးတယ် ဦးသစ်ရ။ မဖြစ်ပါဘူးဗျာ။ စတွေ့တုန်းကတော့ ကျွန်တော်တောင် အရမ်းအမြင်ကတ်ခဲ့ရတာ"

"အခုတော့ အရမ်းချစ်သွားပြီပေါ့"

သူက ဦးသစ် စကားကို ပြန်မဖြေဘဲ အသာပြုံးနေမိသည်။ အင်း ... အချစ်ဆိုတဲ့ ခံစားချက်ဟာ အင်မတန် သိမ်မွေ့နက်ရှိုင်းလှတာကို သူ ခံစားဖူးပေပြီ။ မျက်နှာလေးတစ်ခုကို မြင်နေရရုံနဲ့ ပြီးပြည့်စုံသော ချစ်ခြင်းမျိုးကို သူက ပိုမက်မောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမအပေါ် အခွင့်အရေးယူကာ နိုးစပ်မှုကို အသုံးချသူဟု သူ့ကို အထင်ခံရမှာ အစိုးရိမ်ဆုံးပဲဖြစ်သည်။ ပြီးတော့ သူ့အပေါ်မှာ အထင်အမြင်သေးစွာ ဆက်ဆံလာမည့် အပြုအမူ၊ အပြောဆိုတွေကိုလည်း သူ မခံစားနိုင်ပါ။ ဒီအတွက် သူ့ အချစ်တွေကို မျိုသိပ်ထားရုံပဲ ရှိလေသည်။

"ကျွန်တော်တို့ အခြေအနေက မကောင်းပါဘူးဗျာ။ ရွှေနန်းဆက်က အင်မတန် နားလည်ရခက်တဲ့ ကောင်မလေးပါ။ လန့်တယ်"

သူက ပခုံးတွန့်ပြီး ပြောလိုက်လျှင် ဦးသစ်က တဟားဟားနှင့် အော်ရယ်လျက် ...

"ငါကတော့ ရွှေအသွင်ကို မလန့်ဘူးကွ။ အရမ်းကြိုက်နေပြီ။ ဟိုဟိုဒီဒီ လိုက်ပို့ခိုင်းပြီး ဓာတ်လမ်းစရမယ် ...

မင်းကလည်း တွန်းပို့တာလောက်တော့ လုပ်ပေါ့ကွာ"

လူကြီးတွေများ ကြိုက်မိပြီဆိုမှဖြင့် ဇွတ်ကိုပဲဖြစ်သည်။ သူက ဦးသစ်နှင့် ရွှေအသွင်ကို သဘောတူစွာဖြင့် ဘာမှ ကန့်ကွက်စရာမရှိချေ။





လောကမှာ ဘယ်သူမဆို မြတ်နိုးရတဲ့ အဖော်မွန်ကို တောင့်တစမြဲပါ နန်းဆက်ရယ်။ မင်းရော မလိုအပ်လို့လား။

မင်း မသိရင်သာ ရှိမယ်။ တကယ်တော့ အချစ်ဆိုတာ မင်းနဲ့ လက်တစ်ကမ်းအကွာမှာပါ ရွှေနန်းဆက်။

❦ ✳ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊
သာကေတမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## ၁၁

အခုတလော နန်းဆက်သည် အသွင့်ကိုတောင် သိပ်ကြည့်မရချင်ပေ။ အသွင်ရဲ့ ပုံစံသည် အရင်ကနှင့်ကို မတူတော့တာဖြစ်သည်။ အလှအပတွေ ပိုပြင်လာလျက် လူကလည်း





တစ်ခုခုကို ကျေနပ်နှစ်သိမ့်နေသလို မျက်နှာ၌လည်း အပြုံးတစ်ခုကို ထာဝစဉ် တပ်ဆင်ထားလေ့ရှိသည်။

ရွှေညည့်သည်ကို အကြောင်းပြကာ ဟိုဟိုဒီဒီ လိုက်ပို့ရတာလည်း အမောပဲဖြစ်သည်။ တစ်ခါတလေ မေဥတောင်ပါလိုက်သေးသည်။ ဒီနေ့လည်း မဟာအံ့ထူးကံသာဘုရားကြီးသွားဖူးကြမည်ဟု ဆိုကာ အသွင်ရယ်၊ မေဥရယ်၊ သစ်မင်းဆိုသောလူက ကားမောင်းလျက် သွားကြပြန်သည်။ မေဥ တစ်ယောက်ဟာလည်း ဘယ်ဘဝက ရေစက်မှန်းကို မသိချေ။ ရွက်စိမ်းကိုသာမက နောက်ပေါက်ရွှေကြာဖြစ်သော သစ်မင်းဆိုသော လူကိုလည်း အတော်ခင်မင်သည်။ သာမက်များ တော်ချင်နေလားမသိဘူး ဟူ၍ပင် ခပ်ချဉ်ချဉ် တွေးမိတဲ့အထိပင်။

“ဟော ... မင်း ဘုရားကို လိုက်မသွားဘူးလား။ ငါက မင်း ဘုရားကို လိုက်သွားမယ် ထင်နေတာ”

ကိုယ့်အတွေးနဲ့ကိုယ် မျောနေသော နန်းဆက်ဟာသူ ပြန်ရောက်လာတာကိုပင် မသိလိုက်ချေ။

“ထမင်းစားပြီးပြီလား။ စားရအောင်လေ”



www.burmeseclassic.com

www.burmeseclassic.com



သင်းကလည်း အခုတလော (သူ့ဦးလေး ရောက်လာပြီးနောက်ပိုင်း) ဘာတွေများ ကျေနပ်စရာရှိလဲ မသိချေ။ မျက်နှာကား ရွှင်လန်းတက်ကြွလျက် အမြဲလိုလို ပြုံးနေတတ်သည်မှာ မရိုးသား။

အင်း ... သူ့အဆက်ဟောင်းက ပြန်လက်ခံလိုက်ပြီမို့လို့လား။ ဒီလိုတွေးမိလျှင် နန်းဆက်ဟာ ဘာကို ဘဝင်မကျမှန်း မသိလျက် အလိုလိုလည်း စိတ်တိုဒေါသထွက်လာလေ့ရှိသည်။ မဖြစ်သေးပါဘူး။ ဒီကိစ္စကို သူနဲ့ သေချာဆွေးနွေးမှ ဖြစ်မယ်။ သူက စပြောမှ ကိုယ်က ခေါင်းညိတ်ပေးရတယ်ဆိုသော အဖြစ်မျိုးကိုတော့ မလိုလားချေ။

အသွင်ဆိုသော မိန်းမဟာလည်း အခုတလော ဘာမှ အားကိုး၍မရ။ ကေန္တ ရွှေညော်သည်နဲ့ ရင်ခုန်သံတွေပင် ညှိနေကြပြီလား မသိချေ။

"ဟေး ... မတွေဝေငေးမော"

သူက ရုတ်တရက် ဟေးခနဲ အသံကြီးပြုလျက် နန်းဆက်ဟာ အတွေးတစ်ဝက်တစ်ပျက်နဲ့ကို လန့်ဖျပ်သွားရ





သည်။ အံမယ် ... နာမည်တောင် ပေးလိုက်သေး။ တွေဝေငေးမောဆိုပါလား။

"ဘာတုံး ... ဘာတုံး ... အာပြဲနဲ့ လာအော်မနေနဲ့။ ကျွန်မ ဘာသာ တွေးပဲတွေဝေ ငေးပဲငေးမော ရှင်နဲ့ ဘာမှ မဆိုင်ဘူး"

"မဆိုင်ဘူးလား၊ ပြီးတာပဲ"

အံမယ် ... သူကပဲ စိတ်ကောက်တဲ့အထာကြီးနဲ့။ ဟာ ဟ ... ပျင်းဖို့တောင် ကောင်းနေပြီ။ သူက ဘောက်ဆတ်ဆတ်ဖြင့် ထမင်းစားခန်းထဲ ဝင်သွားလျှင် နန်းဆက်ကပဲ နောက်က လိုက်ဝင်၍ လာခဲ့သည်။

သူက နန်းဆက်ကို ယောင်၍ပင် မကြည့်တော့ဘဲ ထမင်းစားပွဲတွင် ဝင်ထိုင်ကာ သူ့ဘာသာသူပင် ခူးခပ်စားသောက်နေသည်။ နန်းဆက်သည် သူ့ကို ရှုတည်တည်ကြည့်ရင်းမှ ...

"ဒီမှာ"

"... ... ..."

"ဒီမှာ ... ကျွန်မ ခေါ်နေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့မှာ နာမည်ရှိတယ်။ ခေါ်ချင်ရင် နာမည်နဲ့ ခေါ်ပြော"

"အမလေး ... ဘာမှ လာကြီးကျယ်မနေနဲ့။ ရှင့်ကို ခေါ်ချင်လွန်းလို့ ခေါ်တယ်များ မှတ်နေလား။ ပြောစရာ ရှိလို့ ခေါ်တာ"

သူက အဲဒီလိုပြောတာတောင် နန်းဆက်ကို အဖက်လုပ်၍ မော်မကြည့်ပေ။ ထုံးစံအတိုင်း ပါးဖြိနားဖြိ စားသောက်နေသည်။

ဂရုမစိုက်သည့်သဏ္ဍာန် ဖမ်းထားသော သူ့ပုံစံကို အမြင်ကတ်လာသဖြင့် ...

"ဒီမှာ ... ရှင် ဒီအိမ်က ဘယ်တော့ ထွက်မှာလဲ"

သူက ရုတ်တရက်ကြီးပင် ထမင်းစားရပ်သွားလျက် နန်းဆက်ကို တစ်ခါမှ မကြည့်ဖူးသော မျက်လုံးမျိုးတွေဖြင့် ကြည့်လာခဲ့တာဖြစ်သည်။ ထိုအကြည့်များထဲတွင် ဒေါသအရိပ်အယောင်များ စိတ်ကုန်ခန်းသော အရိပ်အယောင်များ စသဖြင့် တခြား နန်းဆက် လိုက်မမီ... အဓိပ္ပာယ်များစွာ ပါဝင်လေသည်။





ထိုအကြောင်းများကြောင့်ပင် နန်းဆက် စကားပြောတာနည်းနည်းတော့ လွန်သွားခဲ့ပြီဟု သဘောပေါက်လိုက်သည်။ သို့သော်လည်း နန်းဆက်ဟာ အတင်ကြီး တင်လာခဲ့ပြီးမှ ပြန်မချချင်တော့ပေ။

"ကျွန်မ ပြောတာက ရှင်လည်း ဒီအတိုင်းကြီး တစ်သက်လုံး မနေနိုင်ဘူး မဟုတ်လား။ ကျွန်မတို့ ဟန်ဆောင်ထားတယ် ဆိုတာကလည်း အခိုက်အတန့်ပဲလေ။ အချိန်တန်ကျ မျက်နှာဖုံးကို ခွာကျရမှာပဲ၊ အဲဒီတော့ ..."

သူက နန်းဆက်ရဲ့ စကားကိုပင် ဆုံးအောင် နားမထောင်ဘဲ လက်ကာပြလျက် ...

"မင်း ဆန္ဒပြည့်ဝပါရစေမယ် ရွှေနန်းဆက်။ ငါ အကြောင်းတစ်ခုခုပြပြီး စက်ရုံမှာ သွားနေပါ့မယ်။ မေမေ့ဥ နွေကုန်လို့ မန္တလေးပြန်တာနဲ့ မင်းနဲ့ငါ ကွာရှင်းကြောင်း သတင်းစာထဲ ထည့်ကြတာပေါ့ ...

အဲဒါဆို မင်း ကျေနပ်ပြီလား"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ နန်းဆက် မျှော်လင့်ခဲ့သည်က ဒီလောက် အခြေအနေထိ မဟုတ်ချေ။ နန်းဆက်သည် ကိုယ့်မာန တွေကိုလည်း အလျှော့မခံနိုင်။

သူ ဒီလို ဆုံးဖြတ်တော့လည်း ဘာပြောရမှန်း မသိ ဘဲ တိတ်ဆိတ်ဆွံ့အလျက်ရှိသည်။

သူ့ကို ဒါလေး ပြောမိတာနဲ့များ ဒီလောက်ထိ စိတ်ဆိုးစရာလား။

အေးပေါ့လေ ... သူ့အချစ်ဟောင်းနဲ့ အဆင်ပြေ သွားလို့နေမှာပေါ့။ အဲဒီလို တွေးမိလျှင် နန်းဆက်ရဲ့ ရင်ထဲ၌ ဝမ်းနည်းနာကျင်၍ လာရလေသည်။

"ရှင်သဘောပဲ"

"အိုခေလေ။ မနက်ဖြန် ငါ ပြောင်းပါ့မယ်"

သူက ထမင်းစားပွဲမှ ရုတ်တရက် ထသွားလျှင် ထိုခဏတွင်း၌ နန်းဆက်သည် မျက်ရည်တောင် ရစ်ဝဲ၍ လာရသည် မှာ ဘာကြောင့်မှန်း မသိချေ။ နှုတ်ခမ်းကို နာနာဖိကိုက်ထား လျက် မျက်တောင်တွေကို ပုတ်ခတ်ပစ်ရ၏။





အို ... သွားပစေပေါ့။ ဒါမှ ငါ ခုတင်ပေါ် တက် အိပ်ရမှာ။ ကောင်းရွက်စိမ်း ... ရှင့်ကို သိပ်မုန်းတယ် သိလား။ အမုန်းဒဏ်ကြောင့်ထင်သည်။ နန်းဆက်ရဲ့ နှလုံးသားတစ်ခုလုံး အောင့်မျက်၍ နာကျင်နေခဲ့လေသည်။

❦ ✷ ❦

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် ၁၀၆၊ သုမင်္ဂလာ (၆)လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူသည် နောက်တစ်နေ့ Breakfast ဝိုင်းမှာပင် မေမေဥကို စက်ရုံ၌ တစ်ပတ်လောက် သွားနေမည် ဖြစ်ကြောင်း အသိပေးပြောကြားလိုက်သည်။ မေမေဥကား ပထမတော့ အင် တင်တင်နှင့် သဘောမတူချေ။ ဘယ်လိုလုပ် ဘယ်ဝါလုပ်ဆိုပြီး တော့တောင် အကြံပေးသေးသည်။ သူက ဘယ်လိုမှ မရကြောင်း ဖွင့်ပြောမှ ခွင့်ပြုခြင်းဖြစ်သည်။ ဒါတောင် နန်းဆက်ကို ညည်းရော လိုက်သွားပါလားဟု အတွန့်တက်လိုက်သေးသည်။





"နေပါစေ မေဥ။ ဟိုမှာက မိန်းကလေးအဖော်လည်း ရှိတာ မဟုတ်ဘူး။ နေရာထိုင်ခင်းလည်း ဘာမှ မပြင်ဆင်ရသေး တော့ သူ့အတွက် အဆင်မပြေလောက်ဘူး။ နောက်မှ တစ်မျိုး စီစဉ်တာပေါ့"ဟုဆိုကာ ထွက်သွားတာဖြစ်၏။ နန်းဆက်ကို လှည့်ပင် မကြည့်။ ယောင်လို့တောင် နှုတ်ဆက်မသွားချေ။ အဲဒီ အတွက် အသည်းထဲမှာ ဘယ်လိုခံပြင်းမှန်းကို မသိချေ။

သူ့ရဲ့ လက်ဂေ့ချ်ကို ကားနောက်ခန်းထဲ ပစ်တင် လျက် ခြံထဲမှ တရကြမ်း မောင်းထွက်သွားပုံဟာ နန်းဆက်ရဲ့ ဘဝထဲမှ အပြီးထွက်သွားသည့်ပုံစံနှင့် ပို၍ တူလေသည်။ နန်းဆက် သည် နှုတ်ခမ်းကို တင်းတင်းကိုက်ကာ တောက်တစ်ချက်ကို ပြင်းစွာ ခေါက်မိသည်။

အခါများစွာက စကားများရန်ဖြစ်တိုင်း ဘာမှ မဖြစ်သလို ပုံစံနှင့် စပ်ဖြဲဖြဲ ပြန်လာခေါ်တတ်သော၊ နန်းဆက် ဘယ်လောက်ပြောပြော မနာတတ်သော သူ့ရဲ့ ပုံစံတွေ ဘယ် ရောက်ကုန်ပါလိမ့်။ သေချာတာတော့ သူ့ရဲ့ အချစ်ဟောင်းနှင့် အဆင်ပြေသွားတာပဲ ဖြစ်နိုင်သည်။ ဒီလိုလူကိုမှ သံယောဇဉ်ဖြစ် မိသော ကိုယ့်နှလုံးသား ကိုယ် နန်းဆက်က အပြစ်တင်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နန်းဆက်[illegible]င်နဲ့ ရှက်စိမ်းနဲ့ ပြဿနာ ဖြစ်ထားကြတာလား"

"မသိဘူး အသွင်ရာ။ နန်းဆက် စိတ်တွေ အရမ်းရှုပ်နေတယ်၊ အသွင်ပဲ အဆင်ပြေနေ သိလား၊ အရမ်းကိုပဲ မျက်စိ နောက်နေပြီ"

"ဟယ် ... နေရင်းထိုင်ရင်း ငါ့ကိုပါ ကြည့်မရဖြစ်နေပြန်ပြီလား။ ရှက်စိမ်းကို နင် ဘာသွားပြောလိုက်တာလဲ၊ မေဥက နင့်ကို တင်းနေတယ်နော် ...

သိပ်မသက်ာဘူး"

"အသွင်ပဲ စဉ်းစားကြည့်လေ။ နန်းဆက်တို့က တစ်သက်လုံး ဒီအတိုင်း နေသွားရမှာလား။ ပြီးတော့ သူက အရမ်းအူမြူးနေတာ၊ သူ့အဆက်ဟောင်းကြီးနဲ့ ပြန်ကြည်လို့ နေမှာပေါ့။ ဒါကြောင့် သူက ပြတ်စကားမပြောခင် နန်းဆက်က ရှင် ဘယ်တော့ ထွက်သွားမှာလဲလို့ မေးမိတာ ...





အဲဒါ နန်းဆက် မှားလား။ မှားတယ်ပဲ ထားဦး။ သူ အဲဒီလောက် စိတ်လုပ်စရာလိုလား။ သူကကို ခွင်(ဂွင်) ရှာနေတာ။ ထွက်သွားချင်ပြီလေ"

ပြောရင်းနှင့် နန်းဆက်ရဲ့ အသံတွေက တုန်ယင်၍ လာရလေသည်။ ဒီကိစ္စလေးကို နန်းဆက်ကလည်း ဘာကြောင့်များ ခံစားမိနေလဲတော့ မပြောတတ်ချေ။ တကယ်ဆို သူ ထွက်သွားတာကို နန်းဆက် ကျေနပ်ပျော်ရွှင်သည့်သည် မဟုတ်ပါလား။

"အဲလိုလည်း မဟုတ်လောက်ပါဘူးဟယ်။ ကိုသစ်မင်းက အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို ဘာမှ မပြောဘူး"

နန်းဆက်က အသွင့်ကို မျက်စောင်းရှယ်လျက် ...

"အသွင်ကရော ဘာလဲ။ အဲဒီတစ်ယောက်နဲ့ ကြည်နေပြီ မဟုတ်လား။ မေမေဥကလည်း သဘောတွေ အရမ်းတူနေတာ သိသားပဲ။ သူတို့သားအမိတစ်တွေပဲ အဲဒီ သစ်မျိုး သစ်နွယ်တွေကို ကြိုက်နေ"

အသွင်က လွင့်လွင့်လေး ပြုံးရုံပြုံးကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ်မင်းရော ရွက်စိမ်းရောက အင်မတန် စိတ်ထား ပြည့်ဝ ကြတယ်လေဟာ။ ရွက်စိမ်းဆိုလည်း နင့်အပေါ် နင်ဘာပြောပြော သည်းခံရှာတာပဲ မဟုတ်လား။ နင်ကအဲလို သွားပြောလိုက်တော့ သူ့စိတ်ထဲ ခံစားသွားရရှာမှာပေါ့"

"အမလေး ... သနားလိုက်တာ သွပ် ... သွပ် ... သွပ်"

"မလှောင်ပါနဲ့ နန်းဆက်ရယ်။ နင်ပဲ သေချာစဉ်းစားကြည့်ပါ။ နင့်အပေါ်မှာ ငါတို့အပေါ်မှာ သူ သံယောဇဉ်မရှိရင် ဒီအချိန်ထိ သည်းခံပြီး နေပေးစရာ အကြောင်းကို မရှိဘူး။ သူနဲ့ အနေသာကြီးပဲ။ ခင်ဗျားတို့ ရှုပ်တဲ့ ဇာတ်လမ်း ကျုပ်နဲ့ ဘာမှ မဆိုင်ဘူးဆိုပြီး ထွက်သွားလည်း ရတာပဲ ...

ဒီလို မလုပ်ဘဲ မေဥကိုလည်း တကယ့်အဘွားတစ် ယောက်လို ငါ့ကိုလည်း အစ်မတစ်ယောက်လို၊ နင့်ကိုဆို လည်း ..."

အသွင်က ဆက်မပြောတော့ဘဲ ပြုံးစိစိကြီး လုပ် နေလျှင် နန်းဆက်သည် ရှက်လာပြီးနောက် အသွင့်လက်မောင်း ကို တဖြန်းဖြန်း ရိုက်မိလေတော့သည်။





"နန်းဆက်ရယ် ... နင် မညာစမ်းပါနဲ့။ နင် ရွက်စိမ်းကို သံယောဇဉ် ရှိပါတယ်။ ဟုတ်တယ်မှုလား။ ပြော"

"မရှိပါဘူး။ သူ့ကိုများ မုန်းလိုက်တာ"

"မမုန်းပါနဲ့။ ရွက်စိမ်းက နင့်ကို နာကစ်သွားတာ။ ချော့ လိုက်ပေါ့ဟာ။ နောက်တစ်ပတ်နေရင် ဖုန်းဆက်ခေါ်လိုက် ပေါ့။ နင် ခေါ်ရင် သူ ပြန်လာမှာပါ ...

သူ မရှိတော့ ပျင်းစရာကြီးဟ။ ငါ ချက်တဲ့ မှင်း တွေကိုလည်း သူပဲ အားပါးတရစားတာ"

နန်းဆက်ရဲ့ မျက်လုံးထဲတွင် တစ်အိမ်လုံးကို အမြဲတမ်း နောက်ပြောင်နေတတ်သော သူ့ရဲ့ ရုပ်သွင် ခပ်ချိုချို ကို ပြန်မြင်ယောင်၍လာသည်။ သူ မရှိတာ တစ်ရက်တည်းနှင့်ကို အိမ်ရှိလူကုန်က သူ့အား တမ်းတကြလေပြီ။

အင်းလေ ... နန်းဆက်ကလည်း လွန်သလို ဖြစ် သွားခဲ့တာကိုး။

မေဥကတော့ ပြတ်သည်။ စက်ရုံမှာ သူ အလုပ်ရှိ သည်ဆိုတာကို မယုံရေးချ မယုံစွာဖြင့် သုံးရက်ခန့်အကြာမှာ တော့ နန်းဆက်ကို လိုက်ခေါ်ခိုင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းကို လုံးဝ ကြည့်မရတော့ဘူးနော် မိနန်းဆက်။ ဒီပြဿနာဟာ ညည်းကြောင့်ပဲ နေမှာ။ ခမြာမှာ တစ်ယောက်တည်း ဘယ်လောက်အနေဆင်းရဲမလဲ။ သူ့လောက် အစားမက်တဲ့ကလေး မရှိဘူး ...

ညည်းလို မိန်းမမျိုး မတွေ့ဖူးပေါင်အေ။ ယောက်ျားကို ဂရုစိုက်ရကောင်းမှန်းမသိ။ သွား ... အခု လိုက်ခေါ်ချေ။ ထမင်းစားအမီ ပြန်ခေါ်လာခဲ့။ မောင်သစ်မင်းကို ဘယ်လောက် အားနာဖို့ကောင်းလဲ"

"ဟာ ... ရပါတယ် မေမေဥ။ ရွက်စိမ်းနဲ့ နန်းဆက်က ဘာပြဿနာမှ မဖြစ်ကြပါဘူး"

"အို ... မင်းက ငါ့လောက် မသိဘူး သစ်မင်းရယ်။ ဒီကောင်မလေးအကြောင်း ငါအသိဆုံးပါ။ ကဲ ကဲ ... သွားခေါ်ချေ မိနန်းဆက်။ သူ ပါမလာရင် ညည်း ပြန်မလာခဲ့နဲ့"

နန်းဆက်သည် မေဥ၏ တစ်ချက်လွှတ်အမိန့်ကို မကျေနပ်ဟန်ဖြင့် ဆောင့်အောင့်ထွက်လာခဲ့သော်လည်း စိတ်ထဲ





မှာတော့ ဘာကြောင့် တက်ကြွနေသလဲတော့ မသိပေ။ မန္တလေး စတိုင်လ် အမ်ပလီဖိုင်ယာ အမြင့်စားတပ်ဆင်ထားသော တဲ့ချမ် တဲ့ချမ် တီးလုံးသံတွေ မြူးကြွနေသည့် ရှမ်းစတားဂျစ်ကို ကိုယ်တိုင် မောင်းထွက်လာကာ သူနှင့် တွေ့ရတော့မည့်အရေးကို ရင်ခုန် ကျေနပ်၍ မောင်းလာခဲ့သည်။

ဒီဂျစ်ကို သူဟာ သိပ်ကြိုက်သည်။ ကားရဲ့ ဘော်ဒီ ပတ်လည်ကို တဖွဖွ ပွတ်သပ်ကာ အရောင်လက်သော မျက်လုံးတွေနှင့် အမြဲကြည့်ဝတ်သည်။ မန္တလေးသို့ နန်းဆက် ကိုယ်တိုင် ဆင်း၍ ဆင်လာသော နန်းဆက် တစ်ဦးတည်းပိုင် ဂျစ်ကားကို နန်းဆက်ကလည်း ဘယ်သူ့ကိုမှ ပေးမမောင်းချေ။ ဒီကားဟာ ဒီအိမ်မှာ နန်းဆက် တစ်ဦးတည်းသာ သုံးသောကား ဖြစ်သည်။

အခုတော့ အပြန်လမ်းတွင် သူ့ကို ပေးမောင်းမည် ဟူသော အတွေးဖြင့် ရင်ခုန်တက်ကြွလာသည်။ ကားက မြို့ထဲမှ အဖြတ်တွင် နန်းဆက်ရဲ့ မျက်လုံးထဲ၌ အမြဲမှတ်မိနေသော ဆိုင်ကယ်လ်တစ်စီးကို သွားတော မြင်မိသည်။ သေချာသည်။ ဘယ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



မှ မများတော့။ ဆိုင်ကယ်လ်က စားသောက်ဆိုင်တစ်ခုရဲ့ ရှေ့မှာ ရပ်ထားခြင်းဖြစ်လေရာ ဆိုင်မှ ထွက်လာသောသူက ဆိုင်ကယ်လ်ထံသို့ လျှောက်လာလျှင် ပို၍ သေချာသွားသည်။

ဩော် ... သူ နေ့ခင်းစားကို ဒီလိုပဲ မြို့ထဲ ပြန် ပြန်လာစားတာနေမှာ။ နန်းဆက်သည် ရင်ထဲမှာ တစ်မျိုးဖြစ်လာသောစိတ်နှင့် သူ့ ဆိုင်ကယ်လ် ရှိရာသို့ ကားကို ဖြည်းဖြည်းကွေ့ကာလာသည်။ သို့သော် မြင်လိုက်ရသော မြင်ကွင်းက နန်းဆက်ရင်ကို များစွာတုန်လှုပ်သွားစေသည်။

သူ့ဆိုင်ကယ်လ်နောက်မှာ တက်ထိုင်လိုက်သော မိန်းကလေးတစ်ယောက်။ မိန်းကလေးက ဘယ်သူများ ဖြစ်နိုင်မလဲ။ သေချာတာကတော့ သူ့ရဲ့ အဆက်ဟောင်း ဖြစ်ဖို့များသည်။ သူ့ဦးလေးနှင့် အတူပဲဖြစ်ဖြစ်၊ နောက်မှပဲဖြစ်ဖြစ် ဤမြို့သို့ရောက်လာဟန်တူသော သူ့အဆက်ဟောင်းနဲ့ သူက စက်ရုံမှာ အတူတူနေကြမည်ပေါ့။

နန်းဆက်သည် ရင်ထဲမှာ ဘာကို နာကျင်မှန်းမသိ ဝမ်းနည်းနာကျင်လာရကာ ကားကို လီဗာသံပြင်းပြင်းပေးလျက်





တရကြမ်းပင် သူတို့အနားမှာ ဖြတ်ကျော်တက်လာခဲ့သည်။ သေချာအောင်ပင် သူတို့အတွဲကို ဘက်မှန်ထဲမှ ကြည့်ခဲ့သေးသည်။ ဆူဆူညံညံ တီးလုံးသံနှင့် ဤမြို့မှာ နှစ်စီးမရှိသောကားကို သူကလည်း တမေ့တမော ပြန်ကြည့်တာနှင့် ကြုံရသည်။

ကောင်းရွက်စိမ်းရယ် ... ရှင်တို့ ယောကျ်ားတွေရဲ့ စိတ်ကို တကယ်ပဲ လိုက်လို့မမီတာ ကျွန်မတို့ မိန်းမသားတွေပါ။ ရွှန်းလဲ့တဲ့အကြည့်တွေ၊ ဂရုမစိုက်သလိုလိုနဲ့ အကြင်နာပိုခဲ့တဲ့ အပြုအမူတွေကို ကျွန်မ ဘယ်လိုများ နားလည်ပေးရမှာပါလိမ့်။ သေချာတာတော့ ရှင် ကျွန်မကို အရူးလုပ်သွားတာပါပဲ။

နန်းဆက်သည် တုန်ယင်သော နှလုံးသားဖြင့် အိမ်သို့ ဘယ်လိုပြန်ရောက်ခဲ့မှန်းတောင် မသိချေ။ ကားကို ပေါ်တီကိုအောက်မှာ တရကြမ်း ထိုးရပ်ရင်း ခပ်ရမ်းရမ်း ဝင်လာခဲ့သော နန်းဆက်ကို မေဥက အလန့်တကြားပင် မော်ကြည့်လျက် ...

"ဟဲ့ ... သွားတာလည်း မြန်လိုက်တာ။ ရွက်စိမ်းရော ... ကားကိုလည်း ဖြည်းဖြည်းမောင်းစမ်းပါဦးအေ။ ညည်းကို မြင်ရတာ မိုးကြိုးပစ်နေတဲ့အတိုင်းပဲ ...



www.burmeseclassic.com

www.burmeseclassic.com



ရွက်စိမ်းရော မတွေ့ခဲ့ဘူးလား”

အသွင်နဲ့ ကိုသစ်မင်းကား ရိုကြပ်ဟန်မတူပေ။ မေမေ့ဥကသာ နန်းဆက်ကို ဒေါသထွက်လာသလို မျက်လုံးများဖြင့် ကြည့်ကာ ...

“ငါ မေးတာဖြေလေ”

နန်းဆက်မှာ ဖြေစရာစကား မရှိချေ။ သူ့ကို မိန်းကလေးတစ်ယောက်နဲ့ တွေ့လိုက်သည့်အတွက် အပြစ်တင် တိုင်တန်းသည့်စကားမျိုးပဲ ပြောရမလား၊ ဒါမှမဟုတ် အဲဒီလို ပြောလိုက်ပါပြီတဲ့၊ မေဥက သူ့ကို စစ်မေးလျှင် သူက ဟုတ်ကြောင်းမှန်ရာတွေ အားလုံးကို ဝန်ခံလိုက်ပြီဆိုလျှင်တော့ ...

အား ... နန်းဆက် အဟုတ်ကို ရူးချင်လာသည်။ ဒီဇာတ်လမ်းရဲ့ ဖန်တီးရှင် ဒါရိုက်တာ ဒေါ်ရွှေအသွင်က အေးရာအေးကြောင်းရှာနေချိန်မှာ နန်းဆက်က ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့။

မေဥက တွေတွေကြီး ငေးသွားပြန်သော နန်းဆက်ရဲ့ ခေါင်းကို ဒေါက်ခနဲ မြည်အောင်ပင် ခေါက်ပစ်လိုက်တော့သည်။





“မိန့်န်းဆက် ... ညည်းကိုတော့ ငါ တော်တော်ကို သတ်ချင်လာပြီနော်။ ညည်းပုံစံက အိမ်ထောင်ရေးအပေါ် တစ်စက်မှ အလေးအနက်လည်း မရှိဘူး ...

ရွက်စိမ်းကိုများဆို ချေးနိုင် ခွေးနိုင် နိုင်ချင်တယ်။ ညည်း ဘယ်လို မိန်းမလဲ ပြောစမ်း။ ညည်းတို့ ဘာပြဿနာ ဖြစ်ထားကြလဲ”

နန်းဆက်သည် အခုမှ သတိပြန်ဝင်လာလျက် မျက်လုံးထဲတွင်လည်း သူတို့စုံတွဲပုံကို မြင်ယောင်ကာ နာကြည်းစိတ်က ဆောင့်တက်၍လာသည်။ ဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်တော့ကာ ...

“နန်းဆက် သူနဲ့ ကွာရှင်းတော့မယ် မေမေဥ”

မေမေဥ၏ မျက်ခုံးအစုံက မြင့်တက်သွားတော့လျက် ...

“ဘာ ... ဘာအေ။ ပြန်ပြောစမ်းပါဦး”

“မေဥ ကြားတယ် မဟုတ်လား။ နန်းဆက် ပြန်မပြောချင်တော့ဘူး။ သူ့ရဲ့ သဘောကလည်း ဒီလိုပဲ ရှိမှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



"အမလေး ... မိနန်းဆက်။ ဘာတွေလဲ ... ဘာတွေ ပြောနေတာလဲအေ။ ငါ မသိဘဲနဲ့ ညည်းယူခဲ့တဲ့ ယောက်ျား ပါအေ။ ယူချင်တဲ့အချိန်မှာ ကောက်ယူ။ မယူချင်တဲ့ အချိန်မှာ ကွဲမယ် ကွာမယ်တဲ့ ...

ကြားကောင်းကြသေးရဲ့လား။ ငါ့ကိုသာ အသေ သတ်လိုက်ပါတော့ မိနန်းဆက်ရယ်။ အသက်ကြီးမှ ညည်း အတွက် အရှက်ကွဲတော့ မခံပါရစေနဲ့တော့ ...

ငါ့ကိုသာ တစ်ခါတည်း သတ်သွားပါ၊ အမလေး ... မူးလိုက်တာ ... အမလေး"

မေမေဥသည် ပြောလည်းပြော၊ နန်းဆက်ကိုလည်း ဒေါသတကြီး ရိုက်ပုတ်ရင်းမှ သူ့ခေါင်းသူကိုင်လျက် မူးလဲကျ သွားတော့သည်။ နေ့လယ်ခင်းချိန်ဖြစ်၍ အိမ်ထဲမှာလည်း ဘယ်သူမှ မရှိ။ နန်းဆက်သည် မေမေဥကို လှုပ်ကာ ခေါ်သော်လည်း ခေါ်မရတော့။

ဘုရား ... ဘုရား ... မေဥသာ တစ်ခုခုဖြစ်သွားခဲ့လျှင် ဟူသော အတွေးဖြင့် နန်းဆက်မှာ မျက်ရည်တွေ ဝဲလျက်





တုန်တုန်ယင်ယင်ပင် ဖြစ်လာရတော့သည်။ အဲဒီအချိန်မှာ ထင် မှတ်မထားသူတစ်ဦးက ရောက်လာခဲ့တာ ဖြစ်လေသည်။ သူ့ကို မြင်လိုက်ရသည့် တစ်ခဏမှာတော့ ဘယ်လောက်အားတက်သွား သလဲဆိုတာ နန်းဆက်ဘာသာပဲ သိသည်။

"ဟာ ... မေဥ ဘာဖြစ်တာလဲ။ မေဥ ... မေဥ"

သူက အင်မတန် စိုးရိမ်တုန်လှုပ်နေသော မျက်နှာ ထားဖြင့် မေဥကို လှုပ်ကာ လှုပ်ကာ ခေါ်နိုးသည်။ မေဥကား သတိရတစ်ချက် မရတစ်ချက်ပင်။

"ဆေးရုံသွားမှ ဖြစ်မယ် နန်းဆက်။ မင်း ကားမောင်းနိုင် ပါတယ်နော်"

"အင်း ... အင်း"

"ငါ ပွေ့ခဲ့မယ်၊ မင်း စက်နှိုးထားနှင့်"

နန်းဆက်က ဒီလိုကိစ္စမျိုးကို တစ်ခါမှလည်း မကြုံ စဖူး။ ယခု ဖြစ်လာတာဟာလည်း ကိုယ့်ပယောဂနှင့် လုံးလုံး မကင်းလေရာ ဘယ်လိုမှ တည်ငြိမ်အောင် ထိန်း၍မရဘဲ မျက်ရည် အဝိုင်းသားနှင့်ပင် အနီးဆုံးဆေးခန်းကိုသာ မောင်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်ရင်းနှီးနေသော ဆေးခန်းဖြစ်သဖြင့် ချက်ချင်းပင် အဆင်ပြေသွားသည်။ ဒေါက်တာက မေဥကို လိုအပ်သော ကုသမှုများကို ပြုလုပ်ပေးပြီးလျှင် ...

"မေမေဥက နလုံးအားနည်းနေတာပါ။ ရောဂါအဆင့်တော့ မရောက်သေးဘူးပေါ့။ ဒီက ဆင်းရင်တော့ Medical check up သေချာလုပ်ရလိမ့်မယ်။ အသက်လည်း ကြီးပြီဆိုတော့ ဂရုတော့စိုက်ရတော့မှာပေါ့လေ ...

အလုပ်တွေ သိပ်မလုပ်စေနဲ့တော့ပေါ့။ အားကိုးရတဲ့ မြေးသမက်တောင် ရနေပြီပဲဟာ"

အရေးထဲမှာ ဒေါက်တာက ဘုမသိ ဘမသိဘဲ စွတ်ပြောနေလျှင် နန်းဆက်မှာ အဲဒီကိစ္စကို ပြန်သတိရကာ သူ့ကို ပိုစိတ်တိုလာရလေသည်။ သို့သော် မေဥကား သတိပြန်ရလာပြီ ဖြစ်သဖြင့် ဘာမှ မပြောသာ။ အိမ်မှာပဲ ပြန်နားမည်ဆိုသော မေဥသည် အိမ်ရောက်လျှင်တော့ အားဆေးတွေ၏ တန်ခိုးဖြင့် နန်းဆက်အား အကြီးအကျယ်ပင် ညော်တော့တာ ဖြစ်လေသည်။





မေဥ ပေါက်ကွဲသည်မှာ ဝက်ဝက်ကွဲ။ အိမ်ပြိုမတတ်ပင်။ အပြင်က ပြန်ရောက်လာကြသော အသွင်တို့ပင်လျှင် လက်ရှိ အခြေအနေကို တော်တော်နဲ့ သဘောမပေါက်နိုင်ကြ။

"ဟေ့ မိနန်းဆက်။ ငါ့အိမ်မှာ တစ်ခုလပ် တစ်လင်ကွာတွေ လုံးဝ မထားဘူးနော်။ အရှင်းပြောထားပြီးသား။ ညည်းလည်း ညည်းအမေလိုပါပဲ မိနန်းဆက်ရယ် ...

ငါ့ကို အသေသတ်မဲ့ မိန်းမပါ။ ညည်း မျက်နှာကို ငါ မြင်ကိုမမြင်ချင်တော့ဘူး။ ညည်း ရှက်စိမ်းနဲ့ ကွာရမှဆိုရင် ငါ့အိမ်ပေါ်ကဆင်း မနေနဲ့"

နန်းဆက်သည် မေဥ စကားကြောင့် ဝမ်းလည်းနည်း စိတ်လည်း တိုလာခဲ့ကာ ...

"တကယ်လား၊ နန်းဆက် အိမ်က ဆင်းရမှာလား"

"အမလေး ... သူကများ ငါ့ကို လာစမ်းနေသေးတယ်။ ဆင်းဟေ့ ဆင်း။ ညည်းလို မိန်းမမျိုး မရှိမှ ငါ အသက်ရှည်မှာ"

"ပြီးတာပဲ။ မေဥ မနေစေချင်ရင် နန်းဆက် မနေပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် ဒီစကားကို ပြောပြီးနောက် နာကြည်း စွာပင် ချာခနဲ လှည့်ထွက်လာခဲ့သည်။ မေမေဥက နန်းဆက်ကို ဆိုလျှင် အမေတူသမီးဟူသော စွပ်စွဲချက်ဖြင့် ဘယ်တော့ အကောင်းမမြင်။ ဘယ်သူမှလဲ နန်းဆက်ဘက်မှာ မရှိ။

စိတ်နာနာနှင့် ဂျစ်ကားတံခါးကို အဖွင့်မှာ နန်းဆက် ရဲ့ လက်ကို တစ်စုံတစ်ယောက်က လှမ်းဆွဲထားလျက် ...

"မင်း မသွားရဘူး ရွှေနန်းဆက်"

ဒီတစ်ခါတော့ နန်းဆက်က ဘာကိုမှ သည်းမခံနိုင် တော့ဘဲ ရင်တွေ ပွင့်ထွက်ကုန်တော့သည်။

"သွားတော့ ဘာဖြစ်လဲ။ ရှင်နဲ့ ဘာဆိုင်လဲ။ ဒါတွေ ဖြ ရတာလည်း အားလုံး ရှင့်ကြောင့်ပဲ။ ဒီအခြေအနေတွေ ရှင် ကျေနပ်လိုက်စမ်းပါ။ ဒါ ရှင် ဖြစ်စေချင်တဲ့ဆန္ဒ လေ။ ကျွန်မကြောင့် ရှင့် ချစ်သူနဲ့ လွဲခဲ့ရလို့ ကျွန်မ အကြီးအကျယ် စိတ်နာနေခဲ့တာ မဟုတ်လား။ ဒါကြော အနီးကပ် နေပြီး လက်တုံ့ပြန်နေတာ မသိဘူး ထင် နဲ့ ...





အခု ရှင့်ဟာမ လိုက်လာတော့ ရှင် ဒီဟန်ဆောင် ဘဝထဲက လွတ်မြောက်ချင်ပြီလေ။ အပြစ်တွေ အားလုံး ကျွန်မခေါင်းပေါ် ပုံချပြီး ရှင် အေးအေးဆေးဆေး နေနိုင်တဲ့ အခြေအနေပါ ...

ရှင် နေလိုက်တော့။ ရှင် မုန်းတဲ့ ကျွန်မကတော့ ဒီအိမ်ကနေ လွင့်တော့မယ်။ ရှင် ဝမ်းသာလိုက်တော့"

သူက နန်းဆက်ရဲ့ သွေးရူးသွေးတမ်းပုံစံကို စိတ် ပျက်လက်ပျက်ဖြင့် ကျစ်ခနဲ စုတ်သပ်ကာ ...

"မင်း အရူးမပဲ ရွှေနန်းဆက်ရာ"

ဒီစကားကြောင့် နန်းဆက်သည် ဆတ်ဆတ်ခါမျှ နာကျင်သွားရင်း ...

"ဘာ ... အရူးမဆိုတာကို ရှင့်ဟာမကို သွားပြောသိလား၊ ကျွန်မ မရူးဘူး။ ရူးတာက ရှင်။ ရှင် ရူးလို့ ကျွန်မကို လိုက်တားနေတာ ...

ရှင့်ကို သိပ်မုန်းတာ။ အလကားလူ"



www.burmeseclassic.com

www.burmeseclassic.com



နန်းဆက်သည် တခြားစကားတွေ ပြောစဉ်မှာ ဘယ့်နှယ်မှ မနေပေမဲ့ ရှင့်ကို မုန်းတယ်ဟု ပြောမိစဉ်မှာတော့ ဘာကြောင့်ရယ်မသိဘဲ ဝမ်းနည်းစိတ်က ရင်မှ လှိုက်တက်လာကာ အသံတွေတုန်လျက် မျက်ရည်တွေက ချက်ချင်း ဝိုင်း၍လာသည်။

အို ... ကြာကြာနေရင် သူ့ရှေ့မှာ နန်းဆက် မျက်ရည်ကျမိတော့မှာ။ နန်းဆက်က သူ့လက်တွေကို ရုန်းလျက် ...

"ရှင် လွှတ်နော်။ ကျွန်မ သွားမလို့"

"မင်း ဘယ်မှ မသွားရဘူး နန်းဆက်"

"သွားသေပါလား အရူး။ ရှင်နဲ့ ကျွန်မနဲ့ ဘာဆိုင်လို့ လာတားနေရတာလဲ။ ရှင့်ကို ကျွန်မ အရမ်းမုန်းနေပြီနော် ကောင်းရွက်စိမ်း"

"ငါကတော့ မင်းကို အရမ်းချစ်နေမိပြီ ရွှေနန်းဆက်"

"ဘာ ... ရှင် ... ရှင်နော်"

နန်းဆက်ဟာ ရုတ်တရက် ကြားလိုက်ရသော စကားသံကြောင့် နှလုံးသားတစ်ခုလုံး ဖျတ်ခနဲ ငြိမ်ကျသွားကာ အလွန်လည်း အံ့အားသင့်သွားခဲ့သည်။ သူ့ မျက်လုံးတွေဟာ





ခံစားချက်တစ်မျိုးဖြင့် အရည်လဲ့ဖြာလျက် နန်းဆက်ကို မှုးမေ့သွားအောင် ကြည့်နိုင်စွမ်းရှိသည်။

"ရှင် မဟုတ်ကဟုတ်ကတွေ လာမပြောနဲ့နော် ကောင်းရွက်စိမ်း။ ရှင့်ကို ကျွန်မ ... ကျွန်မ ..."

ဘာရယ်ကြောင့်မှန်းတော့ မသိပါ။ သူ့ထံက အလွန်တစ်ရာ အံ့သြဖွယ်ကောင်းသော ဝန်ခံချက်တစ်ခုဟာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ နန်းဆက်သည် ဝမ်းနည်းနာကျင်စိတ်တစ်ခုဖြင့် ရင်တစ်ခုလုံး ဆို့နင့်ကာ ဘာစကားမှ ဆက်မပြောနိုင်တော့ပေ။

အဲဒီအချိန်မှာပင် မေဥကား တောင်ဝှေးဖြင့် ထွက်လာတော့လျက် ...

"ဟဲ့ ... အိမ်ကဆင်းမှာဆို ဆင်းလေ။ ဘာရန်ဖြစ်နေသေးတာလဲ"

"ဆင်းမှာပါ မေဥရဲ့။ နန်းဆက်လည်း ဒီမှာ မနေချင်ပါဘူး။ မေဥ နန်းဆက်ကို ဟိုးငယ်ငယ်လေးတည်းက မေတ္တာမရှိမှန်း သိပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေး ... ကျေးဇူးရှင်မက ငါ့ကိုများ"

လှုပ္ပသလောက် စိတ်တိုဒေါသကြီးတတ်သော မေဥ ဟာ နန်းဆက်ရဲ့ စကားကို ဆွေ့ဆွေ့ခုန်အောင် ဒေါသတွေကြီး လျက် တောင်ဝှေးဖြင့် ဝင်ရိုက်တော့တာဖြစ်သည်။ သူသည်မလှုပ် မယှက် ငြိမ်ခံနေသော နန်းဆက် ရှေ့မှ ခွတ်ဝင်ကာလျက်...

"ကျွန်တော် တောင်းပန်ပါတယ် မေဥ။ ကျွန်တော့် မိန်းမ ကို မရိုက်ပါနဲ့ ...

ကျွန်တော်နဲ့သူ ဘယ်တော့မှ ကွာရှင်းမှာ မဟုတ် ပါဘူး။ ကျွန်တော် သူ့ကို တစ်သက်လုံး ပေါင်းသင်းသွား မှာပါ"

သူဟာ လက်နှင့်ကာ၍ ပြောလည်းပြောကာ ဘယ်လို မှ ထင်မှတ်မထားသော အပြုအမူကို လုပ်ချလိုက်တာဖြစ်၏။ အဲဒါကတော့ နန်းဆက်ကို ရုတ်တရက်ပင် ကောက်ယူပွေ့ချီလျက် အိမ်အပေါ်ထပ်သို့ ပြေးတက်သွားတာပင်။

နန်းဆက်သည် တစ်လမ်းလုံး သူ့ကို တွန်းထိုးသော် လည်းမရ။ သန်မာသော သူ့ရဲ့ အားတွေကို ဘယ်လိုမှ မယှဉ်





နိုင်ချေ။ အခန်းထဲသို့ ရောက်လျှင် သူက နန်းဆက်ကို ခုတင် ကြီးပေါ် ပစ်ချလိုက်တော့တာဖြစ်သည်။

နန်းဆက်သည် သူ့အပြုအမူတွေကို အံ့သြထိတ်လန့် ကာ ...

"ရှင် ဘာလုပ်တာလဲ"

"မင်းကို ဘယ်မှ သွားခွင့်မပေးနိုင်လို့ ခေါ်လာတာပဲ"

"ရှင် ဘာအရူးထနေတာလဲ။ ရှင်နဲ့ ကျွန်မက ဘာတွေ မို့လို့ဆဲ"

"လင်မယားတွေလေ"

"ရှင် မရိုင်းစိုင်းနဲ့နော်။ အခု တံခါးဖွင့် ... ဖယ်"

နန်းဆက်က ခုတင်ပေါ်မှ လူးလဲထလိုက်လျှင် သူက ဖျတ်ခနဲ အနားရောက်လာလျက် လက်တွေကို ဖမ်းချုပ် ပြီး ပြန်လှဲကျအောင် လုပ်လိုက်လေသည်။ ပြီးတော့ သူ့ မျက်နှာ ကို အပေါ်စီးက စိုးမိုးလျက် ...

"ကျေးဇူးပြုပြီး မငြင်းဆန်ပါနဲ့ နန်းဆက်ရယ်။ မင်းကို ကိုယ် မခွဲနိုင်တော့လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



သူ့အသံက တိုးဖွဖွဖြင့် နှလုံးသားရဲ့ အတွင်းဆုံးတစ်နေရာက လာသလို လှိုက်ဖြာနေသည်။ နန်းဆက်ရဲ့ ရင်အစုံသည် နိမ့်ချီ မြင့်ချီ ဖိုလာလျက် ...

"ရှင် မဟုတ်က ဟုတ်ကတွေ လာကြောင်မနေနဲ့နော်။ ကျွန်မကို ဘာမှတ်နေလဲ"

ပြောမိပြောရာ ကြိမ်ဝါးလိုက်သော နန်းဆက်ရဲ့ စကားကို သူက ဟာသအပေါစားတစ်ခု ကြားရသလို ရှုံ့ရှုံ့မဲ့မဲ့ ရယ်လျက် ...

"ကိုယ့်မိန်းမလို့ မှတ်နေတာပေါ့"

"ဘာ ... တောက်"

နန်းဆက်က ဒေါသတကြီးနှင့် လူးလဲထလိုက်လျှင် သူ့လက်ကတော့ လွတ်မသွားဘဲ သူကပါ နန်းဆက် အပေါ် ပိကျလာလျက် နှစ်ဦးသား လုံးထွေးသွားရတော့တာဖြစ်သည်။ စိတ်မထိန်းနိုင်တော့သလို တစ်ကိုယ်လုံး သိမ်းကျုံးဖက်လျက် ခပ်ကြမ်းကြမ်းနမ်းသော အနမ်းတွေအောက်မှ ဖွတ်ရုန်းထွက်ကာ သူ့ကိုလည်း ဒေါသတကြီး ရိုက်ကာ ငိုယိုမိတော့သည်။





"ရှင် အခွင့်အရေးသမား။ ရှင့်ကို အရမ်း မုန်းတယ် သိလား"

သူက ဒေါသရကြီး ထုရိုက်နေသော နန်းဆက်ရဲ့ လက်လေးများကို ဆွဲယူဖမ်းဆီးလျက် ...

"ဘာဖြစ်လို့ မုန်းတာလဲ"ဟု ပြုံးစိစိဖြင့် မေးလေသည်။ အခုချိန်မှာတော့ မထူးတော့သဖြင့် နန်းဆက်က ဒေါသတကြီးနှင့်ပင် ...

"ရှင်နဲ့ ရှင့်ဟာမကို ဆိုင်ကယ်လ်စီးလာတာ မမြင်ဘူးများ ထင်နေလား။ ကျွန်မ အဲဒီလောက် မကန်းဘူး။ နားလည်လား ..."

ရှင့် အဆက်ဟောင်းနဲ့ ပြန်အဆင်ပြေသွားလို့ ရှင် ဒီက ခွာချင်နေမှန်းလည်း သိတယ်"

"ချစ်ရင် သဝန်တိုတတ်တယ်တဲ့။ မင်းက ကိုယ့်ကို သဝန်တိုနေတာပေါ့နော်"

"သေပါလား။ ရှင်သာ ငါးရံ့နှစ်ကောင် ဖမ်းချင်တာ။ ရှင့်လိုလူကို ကျွန်မက ဘာကိစ္စ သဝန်တိုရမှာလဲ။ ဝေးသေး"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ငါးရံ့မကြိုက်ဘူးကွ။ ဒီက ငါးပြေမလေးတစ်ကောင်တည်းကိုပဲ ဖမ်းချင်နေတာပါ"

သူက ပြောရင်းနှင့် နန်းဆက်ရဲ့ ခါးကို သူ့လက်နှစ်ဖက်နှင့် သိုင်းဖက်ကာ ထားလေသည်။ နန်းဆက်က သူ့လက်တွေကို ဆွဲဆိတ်ပစ်ကာ ...

"မျက်စိနဲ့ တပ်အပ်မြင်တာတောင် ငြင်းချင်သေးတယ်။ ရှင့်ဟာမ အဝတ်အိတ်နဲ့ လိုက်လာတာ မသိဘူး ထင်မနေနဲ့"

"အထင်တော် မလွဲပါနဲ့ အချစ်ရာ။ အဲဒါ ကိုယ်နဲ့ ဘာမှ မပတ်သက်ပါဘူး။ လမ်းမှာ ကျောင်းပိတ်လို့ အိမ်ပြန်ဖို့ကို ဆိုင်ကယ်လ်တားပြီး စီးလာတဲ့ ကျောင်းဆရာမလေးပါ ...

ကိုယ့်စက်ရုံနားက ရွာလေးက ဆရာမလေး။ မယုံရင် လိုက်မေးလို့ရတယ်"

အဲ ... ဒီတစ်ချက်ကို နန်းဆက် ဘာကြောင့် မတွေးမိတာပါလိမ့်။ ဒီအရပ်ဘက်မှာ ဒီလိုပဲ ဆရာမလေးတွေဟာ ကားကြုံ၊ ဆိုင်ကယ်လ်ကြုံ တားစီးကြရရှာတာ။ နန်းဆက်တောင် ကြုံရင် ကြုံသလို ဆရာမတွေကို ကားနဲ့ တင်ဖူးတာပဲဟာ။





"ဘယ်လိုလဲ ချစ်။ ပြေလည်သွားပြီလား"

သူက နန်းဆက်ရဲ့ ပခုံးပေါ်သို့ သူ့မေးတင်ကာ အသည်းယားအောင် လုပ်လျက် မေးလေသည်။ နန်းဆက်ဟာ တတိတ်တိတ် ခုန်လာသော ရင်ခုန်သံတွေနှင့်အတူ ...

"ရှင်က အချိန်တန်ရင် အိမ်ပြန်မဲ့သူပါ"

"ကိုယ်က ဘယ်အိမ်ကို ပြန်ရမှာလဲ။ ကိုယ့်အိမ်က ဒီမှာပဲလေ။ နန်းဆက်ရယ် ... သိရဲ့သားနဲ့ ကိုယ့်ကို မညှဉ်းဆဲချင်ပါနဲ့ကွာ။ မင်းကို ကိုယ် ဘယ်လိုမှ မခွဲနိုင်တော့လို့ပါ"

နန်းဆက်ဟာ သူ့အပြောတွေကို ရင်မှာ အလွန်ကြည်နူးဆွတ်ပျံ့ရသော်လည်းပဲ ...

"ရှင့်ချစ်သူ ရှင် မေ့နိုင်လို့လား"

"ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ မချစ်ခဲ့ဖူးဘူး နန်းဆက်။ အချစ်ဆိုတာကိုလည်း မရှာဖွေခဲ့ဖူးဘူး။ ဒါကြောင့်လည်း ဖေဖေ ပေးစားတဲ့ မိန်းမကို ယူဖို့ ဖြစ်လာတာ။ ဒါပေမဲ့ ကံတရားက အရမ်းဆန်းကြယ်တယ်။ အမှန်တကယ်ကို လက်ထပ်ကြတော့မဲ့ လူနှစ်ယောက်ဟာ ဘယ်လိုမှ ဖူးစာမပါလာတော့လည်း ကြဲဖန်ပြီးတော့ကို ဝေးရတော့တာပဲ ...

www.burmeseclassic.com



ကိုယ့်အဖြစ်က တကယ် ဒဏ္ဍာရီတစ်ပုဒ်လိုပါပဲ။ ဒါပေမဲ့ အဲဒီ ကံကြမ္မာကိုပဲ ကိုယ် ကျေးဇူးတင်နေမိတော့ တာ ...

ဘာလို့လဲဆိုတော့ မင်းကို မရှာမဖွေရပါဘဲနဲ့ ကိုယ့် ရှေ့မှောက် ပို့လိုက်လို့လေ"

အခုတော့လည်း နန်းဆက်ရဲ့ ရင်မှာ အားလုံး ရှင်းလို့သွားခဲ့ချေပြီ။ သူ့အပြောကို နှစ်သက်စွာ ပြုံးလျက် နေမိ သည်။

"ဟိတ် ... ဘာတွေ စဉ်းစားပြီး မိန့်မိန့်ကြီး ပြုံးနေတာလဲ။ ချစ်လားလို့"

"ချစ်ပါဘူး"

"ဟာ ... ဖြစ်ရပြန်ပြီ။ ဘာလို့လဲကွာ"

"ခုတင်ကို ရှင် တစ်ယောက်တည်း အပိုင်စီးထားလို့ပေါ့"

သူက နန်းဆက်ရဲ့ အပြောကို တဟာဟားနှင့် ရယ်မောကာ နေတော့လေသည်။ နန်းဆက်ဟာ လွတ်လပ်ပျော် ရွှင်စွာ ရယ်မောနေသော ကိုယ့်ရဲ့ အမြဲစိမ်းလန်းနေမည့် သစ်ရွက် လေးကို မြတ်နိုးစွာ ပြုံး၍ ကြည့်နေမိသည်။





တစ်လက်စတည်းမှာပဲ သံယောဇဉ်နဲ့ ဖွဲ့တည် အုတ်မြစ်ချသော အချစ်တစ်ခုအကြောင်းကိုလည်း စဉ်းစားတွေး တောနေခဲ့တာ ဖြစ်ပါသည်။ သူနဲ့ နန်းဆက်ဟာ စတွေ့တုန်း တည်းက ဘယ်တော့မှ မတည့်ခဲ့။

ဒါနဲ့တောင် တစ်ယောက်နဲ့ တစ်ယောက် ငြိတွယ် မိကြသည်မှာ သံယောဇဉ်ဟူသော ကြိုးလေးကြောင့်ပင် ဖြစ်မည်ဟု ထင်လေသည်။

သူက စဉ်းစားခန်းဝင်နေသော နန်းဆက်ကို လက် တို့ခေါ်ကာ ...

"ဒီအချိန်မှာ ကိုယ် အကြားချင်ဆုံး စကားတစ်ခွန်း ရှိတယ်။ ပြောပါကွာ"

"ဟင့်အင်း ... နန်းဆက် မပြောချင်ဘူး"

"ဘာလို့လဲ နန်းဆက်ရယ်"

သူက နန်းဆက်ကို သူ့ရင်ခွင်ထဲ ထွေးဖက်ထားရင်း မှ နဖူးလေးကို ဖွဖွနမ်းမွှေးလျက် မချင့်မရဲလေသံဖြင့် မေးလေ သည်။

www.burmeseclassic.com



"ချစ်တယ်လို့ ပြောရုံနဲ့ မလုံလောက်တဲ့ အချစ်တွေ ရှိနေလို့ပေါ့ ရှက်စိမ်းရယ်"

နန်းဆက်သည် ဤစကားလေးကို ပြောပြီးလျှင် သူ့အတွက် ပထမဆုံးလက်ဆောင်အဖြစ် အနမ်းဖွဖွလေးတစ်ခုကို သူ့မေးစေ့၌ တင်ဆက်ပေးလိုက်တော့လေသည်။

တဖတ်ပရိသတ်များအတွက်
ထာဝရ

11:45 PM
25. 8 . 06, Friday.

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်က မြစ်ကြီးနားကပါ။ မိုးချမ်းမင်းအမည်တပ်ပါကယ်။ ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများဆိုတဲ့ ခေါင်းစဉ်အောက်မှာ မေးခွန်းတချို့ မေးစရာရှိလို့ ဒီစာကို ရေးလိုက်ပါတယ်။ ဘယ်အချိန်က ဝတ္ထုစ,ရေးခဲ့တာလဲ။ (အသက်အရွယ်) ဘာဖြစ်လို့ စာရေးတာလဲ။ အခက်အခဲဆိုတာ မရဲ့ ဒီစာပေခရီးတစ်လျှောက်မှာ ဘယ်လိုကြုံခဲ့ဘူးလဲ ... ။ မိဘရဲ့ ထောက်ပံ့မှုနဲ့ စာရေးခဲ့တာလား ... ။ ကိုယ်တိုင်ကြိုးစားမှုနဲ့လား။ စာရေးရင် စိတ်ကူးနဲ့ တကယ့်အဖြစ်အပျက် (ဘယ်ဟာက) ဘယ်လောက်ပါရှိသလဲ။ မရဲ့ ပညာအရည်အချင်း။ ဘွဲ့ရပြီး မရပြီး တကယ်လို့ မက စာရေးတာ ဝါရင့်ဖြစ်သွားရင် (ကလောင်သစ်) တပည့်မွေးဖို့ အစီအစဉ်ရှိပါသလား။ ဘယ်စာရေးဆရာကို အားကျလေးစားသလဲ။ (ပြည်တွင်း၊ ပြည်ပ) ဒီလောက်ပါပဲ။ မရေ ... မကို အားပေးလေးစားတဲ့ ပရိသတ်အနေနဲ့ ဒီမေးခွန်းလေးတွေဖြေပြီး ပြန်ရေးခဲ့စေချင်ပါတယ်။ ဒီလောက်ပါပဲ။-ကျေးဇူးပဲနော် ... ။

မင်းချမ်းမွန် (ယု - ၁၁၈)

စေတနာစာပေ
၏
## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်ခင်ဗျာ

မိတ်ဆက်စာ တစ်ခါမှ မရေးဖူးပါဘူးဗျာ။ မမွန်ရဲ့ ပထမကနေ ထွက်သမျှစာအုပ်တွေကို အဆက်မပြတ် ငှားဖတ်ခဲ့သူပါ။ တာဝန်ထမ်းဆောင်သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့လေးမှာ စာအုပ်ဆိုင်(၄)ဆိုင်ပဲရှိပါတယ်။ နယ်စပ်ဒေသမြို့ကလေးဆိုတော့ နေလယာဉ်ပျံဆင်းခဲ့မှ မမွန်ရဲ့စာအုပ်ကို ဖတ်ရတာပါ။ တစ်ပတ်မှ တစ်ခါပဲဆင်းတာပါ။ မမွန်ရဲ့ ဇာတ်လမ်းလေးတွေကို အရမ်းနှစ်သက်ပြီး စာအုပ်လေးတွေကို စွဲလမ်းခဲ့ပါတယ်။ မမွန်ကြိုးစားနိုင်ပြီး စာအုပ်တွေ အများကြီးထွက်နိုင်ပါစေလို့

၁

အောင်ဇော်ဇော်လင်းဦး
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
မိုင်းဆတ်(မိုက္ကဝိုဝေ့စ်)
ရှမ်းအရှေ့၊ မိုင်းဆတ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုမြတ်လို့ ရင်းနှီးမှုနဲ့ ခေါ်မယ်နော်။ စာရေးဆရာမ အသစ်ပေမဲ့ မရိုးကျူးဘဲ မနေနိုင်လောက်အောင် စာပေပါရမီ ထူးချွန်လှပါတယ်။ မဆုမြတ်ရဲ့စာတွေ ဖတ်လိုက်ရတိုင်း ရင်ထဲ ကို ထိတယ်။ မပြောပြတတ်ဘူး။ ရင်ထဲမှာတော့ တစ်ခုခုခံစား လိုက်ရတာ အမှန်ပဲ။ တစ်ခါမှ စာမရေးဖူးဘူးနော်။ မဆုမြတ် စာအုပ်ဖတ်ပြီးပြီးချင်း ဒီစာရေးလိုက်တာ။ မဆုမြတ်က ပထမဦး ဆုံးသူပါ။ ညီမလေး မဆုမြတ်ကို အရမ်းခင်ချင်တယ်။ ညီမလေး (ဆယ်တန်း) ဖြေထားတဲ့ ကျောင်းသူတစ်ယောက်ပါ။

မဆုမြတ်ရဲ့ ထာဝရပရိသတ်

ဦးခင်မောင်ထွေး + ဒေါ်ငွေသိန်း
မြန်မာ့မီးရထား
ကန့်ဘလူမြို့။
C/O မရိရိအောင်

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ဒီတဲက ... ဒုတိယအကြိမ်မြောက် ထပ်မံစာရေးလိုက်ပါ တယ်။ မမမွန်ရဲ့ အခုထွက်ရှိတဲ့ "အညှိုးမြစ်" ဆိုတဲ့စာအုပ် ကောင်းလွန်းလို့ကျွန်မသူငယ်ချင်းကောင်မလေးနဲ့ လုဖတ်လိုက်ရ တာ ဇာတ်လမ်းက ကောင်းပါတယ်။ ငှားဖတ်တဲ့သူတွေကလည်း ကောင်းပါတယ်လို့ ပြောကြတယ်။ မမွန်ရေ... မမရဲ့စာနဲ့ ဓာတ်ပုံ က ကျွန်မဆီကို ရောက်မလာလို့ ကျွန်မ စိတ်မကောင်းဘူး။ ကျေးဇူးပြုပြီး ပို့ပေးပါနော်။

အွန်စောလေး (ခ) ဆိုင်းငိုင်
ယုဇနရပ်ကွက်၊ မြစ်ကြီးနားမြို့။
ရွှေပုံးဖြူ(စာပေ)

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

ချေ့မြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် မမမြတ်မွန်လို့ ခေါ်ပါရစေ။ မမ ဝတ္ထုရေးတာ အရမ်းကောင်းတာပဲ၊ ဖြိုးကတော့ မော်လမြိုင် G.T.C ဒုတိယနှစ်ကျောင်းသူလေးပါ၊ ဖြိုး တစ်ခါမှ ဝတ္ထုမဖတ်ဘူးပေမဲ့ မမြတ်မွန်ရဲ့ နှုးညံ့ခြင်းပြိုင်ပွဲဆိုတဲ့ ဝတ္ထုဖတ်ပြီးကတည်းက ဝတ္ထုစွဲသွားပြီ။ မမစာရေးလို့ တစ်ခန်းပြီးတိုင်း ပုံလေးတွေ ထည့်ထားပေးတယ်နော်။ အားလုံးက တစ်ပုံတည်းပဲ။ အရမ်းချစ်ဖို့ကောင်းတာပဲ။ အဲဒါ မမပုံလားရှင်။ ဖြိုး သိချင်တယ်။

မဖြိုးခိုင်ဇာဦး
26 Mtc 26
အစိုးရနည်းပညာတက္ကသိုလ်
မွန်ပြည်နယ်၊ မော်လမြိုင်မြို့။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုလို့ပဲခေါ်မယ်နော်။ ကျွန်တော်က မဆုရဲ့ပရိသတ် တစ်ဦးပါ။ ကျွန်တော် မဆုရဲ့စာအုပ်တွေကို အကုန်နီးပါးဖတ်ပြီး ပါပြီ။ ဝတ္ထုတွေထဲက ကျွန်တော်အကြိုက်ဆုံးကတော့'လသုံးစင်းနှင့်ကခုန်ခြင်း'ဝတ္ထုပဲ အရမ်းကြိုက်တယ်။ မဆုရဲ့ဖုန်းနံပါတ်လေး သိခွင့်ရရင် အရမ်းကောင်းမှာပဲ။ မဆုရဲ့စာအုပ်ထွက်ပြီလားဆိုတာ သွားမေးရတာလည်း အမောပဲ။ မဆုကို လူတော်တော်များများက ကြိုက်တယ်နော်။ ကျွန်တော်ကိုယ်ကျွန်တော် မိတ်ဆက်ပါရစေ။ ကျွန်တော်က (၁၀)တန်းကျောင်းသားတစ်ယောက်ပါ။ အခုတော့ (computer centre) တစ်ခုမှာ သင်တန်းတက်နေပါတယ်။ ကျွန်တော် တစ်ခါမှ မိတ်ဆက်စာ ရေးဖူးတာ မဟုတ်လို့ အမှားပါရင်လည်း ခွင့်လွှတ်ပါနော်။

မောင်လေး
မြောက်ဥက္ကလာပမြို့နယ်
(သ)ရပ်ကွက်၊ ဈေး(၁၇)လမ်း။

www.burmeseclassic.com

www.burmeseclassic.com



မမွန်ရေ

ဖူးငုံ စာရေးလိုက်ပါတယ်။ မမွန်ရဲ့ "နှုးညံ့ခြင်းပြိုင်ပွဲ" ကို ဖူးငုံ ဒီနေ့ပဲဖတ်ရတယ်။ ဖူးငုံ အရမ်းသဘောကျတယ်။ မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ်ချင်းစာတယ်။ ဒီဝတ္ထုလေးမှာ 'ဆင်းကြာညို'ကိုသဘောကျတယ်။ မမွန်ရဲ့ 'အညိုးမြစ်'ကိုလည်း ဖတ်ရတယ်။ မမွန်နဲ့ fancy ဆန်တဲ့ ဝတ္ထုလေးတွေပဲ ရေးပါနော်။ မမွန်ရေ ဖြစ်နိုင်ရင် မမွန်နဲ့ဆက်သွယ်လို့ရတဲ့ phoe no လေး သိချင်တယ်။

မမွန်ရဲ့ထာဝရပရိသတ်

ဖူးငုံပွင့် (2GEC.63)
အစိုးရနည်းပညာတက္ကသိုလ်
ဖားအောက်၊ မော်လမြိုင်မြို့။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ထာဝစဉ်လေးစားချစ်ခင်ရပါသော မဆုမြတ်မွန်မွန် ... မမရဲ့စာအုပ်ကို "မော်ကဗျာရွှေရုပ်" ဆိုတဲ့ စာအုပ်လေးကို စ,ပြီး ဖတ်ဖူးခဲ့တာပါ။ အဲ့ဒီစာအုပ်ကလေးကို သူငယ်ချင်းအိမ်မှာတွေ့လို့ ဖတ်ခဲ့ရတာပါ။ မမရဲ့ စာအုပ်ကလေးက အရမ်းဖတ်လို့ကောင်းတာပဲသိလား? ခေါင်းစဉ်လည်းကောင်းတယ်။ အဲဒါနဲ့ မမရဲ့စာအုပ်လေးမှာ မိတ်ဆက်စာရေးထားတာလေးတွေကို ဖတ်ပြီး သဲ အရမ်းအားကျမိတာယ်လေ။ အဲဒါ သဲလည်း မမကို ခင်မင်ခွင့်ရချင်လို့ပါ။ မမရဲ့စာအုပ်မှာတွေ့တဲ့လိပ်စာလေးအတိုင်း စာရေးလိုက်တာပါ။ "အနမ်းဆက်တိုင်း" ဆိုတဲ့ စာအုပ်ကိုလည်း ဖတ်ပြီးသွားပြီ။ မမရဲ့ စာအုပ်တွေကို အရမ်းကြိုက်တဲ့အတွက် ထွက်ရှိပြီးသွားသောစာအုပ်တွေနဲ့ နောက်ထွက်မည့် စာအုပ်တွေကိုလည်း ဖတ်ဦးမှာပါ။ "အနမ်းဆက်တိုင်း" က သူများတွေပြောတာထက်ကို ပိုကောင်းပါတယ်။ အမြဲတမ်းအေးချမ်းစွာနဲ့ အောင်မြင်မှုတွေရနေပါစေလို့ ဆန္ဒပြုရင်း

မမရဲ့ ထာဝရပရိသတ်
သဲ

ဦးစိန်ငွေ + ဒေါ်ကြည်
C/O မသဲစုဝါ
မင်းလမ်းစာတိုက်အနီး မဒေါက်မြို့၊
သောင်ပေးပေမြို့နယ်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်ရှင့်

ကျွန်မရဲ့နာမည်က မြတ်ဆုပါ။ မြတ်ဆုက စာအုပ်တိုင်းကို မဖတ်ဖြစ်ဘူး မရဲ့။ ကိုယ်ကြိုက်တဲ့ စာရေးဆရာမ ဖတ်လက်စစာအုပ်တွေမှ ဖတ်လေ့ရှိတာပါ။ အမှန်အတိုင်းဝန်ခံရရင် ဆရာမအသစ်ဆိုရင် သိပ်မဖတ်ချင်ဘူး။ စာအုပ်ဆိုင်သွားတော့ စာအုပ်အသစ်ရောက်တယ်လို့ ပိုင်ရှင်ကပြောလာတယ်။ အဲဒီအထိ မြတ်ဆု သိပ်စိတ်မဝင်စားဘူး။ စာအုပ်ကြည့်လိုက်တော့ မြတ်ဆုနာမည်နဲ့ ဆင်တယ်။ နောက် မရဲ့ပုံလေးလည်းပါတာပဲ ဆိုပြီး အရမ်းစိတ်ဝင်စားသွားပြီး ငှားဖြစ်သွားတာ။ စာမျက်နှာတိုင်း မရဲ့ပုံလေးပါတာရယ်။ မလိပ်စာလေးပါတာလည်း အရမ်းသဘောကျတာပဲ။ မရဲ့ အရေးအသား စကားလုံးတွေ ဇာတ်အိမ်တည်ဆောက်ပုံတွေက အရမ်းကောင်းတာပဲ။ ရင်ထဲမှာ နက်နက်နဲနဲ ခံစားမိတယ်။ နယ်မှာဆိုတော့ မရယ်။ စာအုပ်အသစ်တွေက ဝေးဝေးမှ တစ်ခါရောက်တာလေ။ မိန်းကလေးတွေရဲ့ဘဝအမျိုးမျိုးအကြောင်းကို များများရေးပေးပါနော် "မ"။ မြတ်ဆုလေ တစ်ခါမှ မိတ်ဆက်စာ မရေးဖူးဘူး မရဲ့။

မကို အမြဲလေးစားလျက်

နန်းမြတ်ဆုဝေ
ညောင်ပင်သာရပ်ကွက်၊
ဆိုက်ခေါင်ကျေးရွာ၊ ဆီဆိုင်မြို့၊
ရှမ်းပြည်နယ်တောင်ပိုင်း။

စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော့်နာမည်က ခိုင်ဦးမွန်လို့ ခေါ်ပါတယ်။ ဆရာမရဲ့ စာအုပ်တွေကို ဖတ်ပြီးသွားတိုင်း ရင်ထဲစွဲပြီးကျန်ခဲ့တယ် ... ။ ကျွန်တော် ဝတ္ထုဖတ်ရတာ အရမ်းဝါသနာပါတယ်။ (၁၀)တန်းဖြေပြီးတော့ စ,ဖတ်တာ။ ကျွန်တော် စ,ဖတ်တော့ ဆရာမက မပေါ်သေးဘူး။ ဆရာမ့ရဲ့ စာအုပ်မထွက်ခင် စာအုပ်ဆိုင်မှာ ပိုစတာတွေ ကပ်ထားတာတွေ့ရတယ် ... ။ စာအုပ်မဖတ်ရခင်ကတည်းက အရမ်းစိတ်ဝင်စားတာ။ ဆရာမရဲ့ ထွက်သမျှစာအုပ်တွေကိုလည်း မလွတ်တမ်းဖတ်ခဲ့ပါတယ်။ ကဗျာဆန်ဆန်ပြောရရင် Heart ကို ထိသွားတယ် ... ။ "မော်ကဗျာရွှေရုပ်" စာအုပ်ကလေးအကြောင်းလေ။ ရွှေရုပ်ပျိုက မော်ကို လုံးဝမချစ်ဘူးပေါ့နော်။ သူ့မှာ တကယ်ပဲ အချစ်မရှိတာလား။ အဲဒီစာအုပ်ထဲက စာကြောင်းနောက်ဆုံး စာကြောင်းက ရေးထားတာလေးကို မရှင်းတာပါ။ "တကယ်တော့ လူတိုင်း၌ ကိုယ်ပိုင်အချစ် အယူအဆတစ်ခုကတော့ သီးသန့်ရှိစမြဲပဲဖြစ်သည်" ဆိုစာကြောင်းလေးက မော်တစ်ယောက်တည်းကို ရည်ညွှန်းတာ မဟုတ်ဘူးနော်။ ရွှေရုပ်ပျိုရဲ့ ရင်ထဲက ထောင့်တစ်နေရာမှာလည်း ကိုယ်ပိုင်အချစ်အယူအဆတော့ သီးသန့်ရှိမယ် ထင်ပါတယ်နော်။ ထိုသူက မော်ဖြစ်နိုင်မလား။ ကျွန်တော့်စိတ်ထဲ မော်ရှိနေမယ်လို့ ထင်ပါတယ်။ ကျွန်တော့်ရင်ထဲမှာ မရှင်းလင်းနိုင်တဲ့ အကြောင်းလေးကို ဆရာမကူညီဖြေရှင်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်။

ဆရာမဆုမြတ်မွန်မွန်ရဲ့ ထာဝရစာဖတ်ပရိသတ်

မခိုင်မွန်ဦး
ကသာ။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမဆု

သမီးက မမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ စာရေးဆရာမ ဖြစ်ချင်သူပါ။ မမရဲ့ဝတ္ထုတွေက အရမ်းကောင်းတာပဲ။ မမကို အရမ်းအားကျတာပဲ။ သမီးရဲ့ဝတ္ထုတွေကို သမီး အားမရဘူး။ သမီးကို နည်းနည်းလောက် ကူညီပေးစေချင်တယ်။ ကူညီနိုင်မယ်ဆိုရင်

မအေးစန္ဒာအောင်
(မြို့ပတ်သံလမ်း)
Secocd year (Physics)
ဟင်္သာတမြို့၊ လယ်တီကွင်းရပ်ကွက်။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မရဲ့စာအုပ်တွေတိုင်းကို အမြဲအားပေးနေပါတယ်။ "မျက်နက်ဝန်းရဲ့ မေတ္တာတံချူ" ကနေ "အညိုးမြစ်" အထိ ဖတ်ပြီးသွားပါပြီ။ နောင်ထွက်မဲ့စာအုပ်ထဲမှာ ဆင်းရဲသားမိန်းကလေး အကြောင်းကိုလည်း ထည့်ရေးပေးစေချင်ပါတယ်။ ဘဝကံနည်းလို့ ဆင်းရဲပေမဲ့ ကိုယ်ကျင့်တရားနဲ့ သိက္ခာ အပြည့်အဝရှိတယ်ဆိုတာ လူကုံထံချမ်းသာပြီး မောက်မာနေတဲ့ လူတွေကို သိစေချင်တဲ့ ဝတ္ထုလေးတစ်ပုဒ် ရေးပေးပါလို့ မေတ္တာရပ်ခံတောင်းဆိုလိုက်ပါတယ်။ မရဲ့စာအရေးအသားတွေကို အရမ်းကြိုက်တယ်။ မရဲ့ လှပနေတဲ့ ဓာတ်ပုံလေးရယ်၊ မရဲ့လက်ကလေးနဲ့ သီကုံးထားတဲ့ ပြန်စာလေးရယ်ကို မေတ္တာရှိရင် ပို့ပေးပါလို့

မကိုခင်မင်တဲ့
ကြယ်လေး

မေမြည်နိုင်
အမှတ်(၂၃)၊ မြမာလာလမ်း၊
(၁၀)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့၊
ရောဝတီတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

ဆုမြတ်မွန်မွန်

ယယ်လေး သတိရခြင်းများစွာနဲ့ မိတ်ဆက်စာရေးလိုက်ပါတယ်။ ယယ်လေးက (၁၀)တန်းစာမေးပွဲကို 2006/2007 မှာ ဖြေဆိုခဲ့ပါတယ်။ မဆုမြတ်ရဲ့ "အနမ်းဆက်တိုင်း" က အရမ်းလှ ကြိုက်များခဲ့ပါတယ်။ သူများတွေသာမက ယယ်လေးအပါအဝင် ထပ်ဖတ်ဖြစ်ခဲ့ပါတယ်။ စာအုပ်ပါတဲ့ ဇာတ်ကောင်နာမည်တွေ အရမ်းလှတယ်နော်။ ဒီတစ်ခါထွက်မဲ့စာအုပ်မှာ ဇာတ်ကောင်နာမည်ကို ကောင်မလေးနာမည် ဆန်းဆန်းပြားပြားလေးထားနော်။

ထာဝရအားပေးဖော်

ယယ်လေး(ခနမ)
ရပ်စောက်မြို့၊
ရှမ်းပြည်နယ်တောင်ပိုင်း။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆု

မင်္ဂလာပါ။ ဒါ ညီမလေးရဲ့ ပထမဆုံးမိတ်ဆက်စာရေးခြင်းပါ။ မမဆုရဲ့ စာအုပ်တွေကို ကြိုက်လွန်းလို့ "အညိုးမြစ်" အထိ ညီမလေး ဖတ်ပြီးပြီ။ အနှစ်သက်ဆုံးကတော့ မျက်နက်ဝန်းရဲ့ မေတ္တာတံချူဆိုတဲ့ ပထမဆုံးလုံးချင်းကို အရမ်းကြိုက်တယ်။ နောက်ထွက်မဲ့စာအုပ်တွေကျရင် မျက်ဝန်းလေးတွေကြောင့် အချစ်ကို တွေ့ရှိခဲ့ရတဲ့ မိန်းကလေးတွေအတွက် သက်ဆိုင်တဲ့ ဇာတ်ကြောင်းလေးတွေ မမဆုရဲ့ဝတ္ထုမှာ ထည့်ရေးပေးပါနော်။

ညီမလေးစုစု

စုစုအောင်(ခ)မစု
အမှတ်(၆)ရပ်ကွက်၊
ကောလိပ်လမ်း၊
ကြေးတိုင်စုရပ်၊ ရွှေဘိုမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ကို အရမ်းလည်းခင်တယ်။ မဆုမြတ် စာအုပ်ကို ညီမ ကြိုက်ပါတယ်။ စွန့်စွန့်စားစား မိတ်ဆက်စာရေးတာ ဒါ ပထမဆုံးပဲ။ ညီမနာမည်က Aye myat mon နဝမတန်းဖြစ်ပါတယ် ... ။ ခင်မင်မှုကို အသိအမှတ်ပြုတယ်ဆိုပြီး စာလေးတစ်ကြောင်းပြန်ရုံနဲ့ မရဘူးနော်။ ပထမထဲမှ ပထမကို ဆုမြတ်ရပါစေလို့။

အေးမြတ်မွန်
မကွေးတိုင်း။
တောင်တွင်းကြီးမြို့၊
ခင်တဲ့အုပ်စု
ကျောင်းကုန်းကျေးရွာ။

စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ဝင့် စာရေးလိုက်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တိုင်း ဖတ်ပါတယ်။ အရမ်းလည်း ကောင်းပါတယ်။ မဆုမြတ်ရဲ့ စာအုပ်ထဲမှာ မဆုမြတ်ရဲ့ ပုံလေးတွေက လှတယ် မဆုမြတ်ရဲ့။ 'မှော်ကဗျာရွှေရုပ်'ထဲမှာ မှော် နဲ့ ရွှေရုပ်ကို ပေါင်းပေးစေချင်ပါတယ်။ မှော်ကို သနားလို့ပါ။ မဆုမြတ်ရဲ့ နောင်ထွက်လာမဲ့ စာအုပ်တွေကို စောင့်ပြီး ဖတ်ချင်ပါတယ်။ အမြဲလည်း အားပေးနေမှာပါ။

ယင့်ဝါအောင်
အမှတ်(၂)၊ အဘိရာဇာ(၁၁)လမ်း။
တတောင်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရ အစီအစဉ်

မွန်မွန်

မင်္ဂလာပါနော် ... တို့နဲ့ အသွက်မတိမ်းမယိမ်းမို့ ချစ်စနိုးနဲ့ပဲ မွန်မွန်လို့ ခေါ်မယ်။ အများနဲ့မတူဘဲ စာအုပ်ဒီဇိုင်းလေးကက ထူးခြားနေတာပါ။ စာအုပ်ထဲမှာ ချစ်စရာ မွန်မွန် ပုံရိပ်လေးတွေ လှလှပပ နေရာယူထားတော့ ပရိသတ်တွေအတွက် အရမ်းဝမ်းသာစရာပေါ့။ ကိုယ်ကြိုက်တဲ့ ဆရာမကို မြင်ဖူးရတာ သူများနဲ့မတူတဲ့အချက်ပေါ့။ တို့အမည်က သီတာသက်ဝေပါ။ တို့က စာအုပ်ဖတ်ရတာ အရမ်းဝါသနာပါတာ။ ဒီတစ်ခါ စာရေးရင် ဓာတ်အိမ်နာနာလေး ရေးပေးပါနော်။ ခုရော ဘာစာအုပ်ထွက်ဖို့ရှိလဲဟင်။ မွန်မွန်ရေ... ထာဝရ အောင်မြင်မှုတွေနဲ့ အတူပျော်ရွှင်ချမ်းမြေ့ပါစေ။

ချစ်တဲ့ ဆန္ဒမွန်ဖြင့် ...

သီတာသက်ဝေ
ဒေါင့်ကြီး၊ တာကြီးတန်း၊
လှေ့န်မြို့နယ်၊
ဧရာဝတီတိုင်း။

၏

## အမှတ်တရ အစီအစဉ်

မမဆုမြတ်

လေးစားစွာနှင့် ပထမဆုံးအကြိမ် စာရေးခြင်းပါ။ မမရဲ့ 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ'ကို စ,ဖတ်ချိန်မှာ အရေးအသားကို တော်တော်ကြိုက်သွားပါတယ်။ မမက အသစ်ဆိုပေမဲ့ ဓာတ်လမ်းတီထွင်မှုက တော်တယ်နော်။ 'နှုးညံ့ခြင်းပြိုင်ပွဲ'က အသက်ရဲ့ စိတ်ထားကို ကြိုက်တယ်။ ညီမလေးက ဆယ်တန်းကျောင်းသူပါ။ ကျောင်းစာတွေ တစ်ဘက်နဲ့ မမရဲ့စာအုပ်ကို အမြဲဖတ်နေပါတယ်။ မမရဲ့ဓာတ်ပုံနဲ့ ကဗျာလေးတစ်ပုဒ်လောက် လိုချင်ပါတယ်နော်။ မမရဲ့စာကို စောင့်မျှော်နေပါမယ်။

အေးကျူနှာငြိမ်း
C/o ဦးစိုးဝင်း
မြို့နယ်ဒုတိယဦးစီးမှူး
လပွတ္တာမြို့။

www.burmeseclassic.com

www.burmeseclassic.com



မဆုမြတ်မွန်မွန်

ကို သမီး 'မဆု' လို့ပဲ တရင်းတနှီး ခေါ်မယ်နော်။ သမီးက ဝတ္ထုတွေထဲမှာ အများနှင့်မတူ တစ်မူထူးခြားပြီး မဆုရဲ့ပုံလေးတွေပါတဲ့ စာအုပ်ကို အကြိုက်ဆုံးပါ။ သမီးက 2nd Year (Chem) နဲ့ မန္တလေး ရတနာပုံတက္ကသိုလ်မှာ ကျောင်းတက်နေပါတယ်။ မဆု ရေးတဲ့ ဝတ္ထုတွေထဲက 'မျက်နက်ဝန်းရဲ့ မေတ္တာတံချူ' ဆိုတဲ့ လုံးချင်းဝတ္ထုလေးကို သမီးအရမ်းကြိုက်ပါတယ်။ သမီးကို ခင်တယ်ဆိုရင် သမီးဆီကို မဆုရဲ့ဓာတ်ပုံလေးနဲ့အတူ စာပြန်ပါနော်။ ထာဝရ အောင်မြင်ပါစေလို့ ဆုတောင်းလျက် ..

မမျိုးမျိုးဆွေး
ဘုရားကြီးအနောက်မုခ်၊
အမှတ်(၁၀)ရဲစခန်းအနောက်ဘက်၊
သံ/တောင်၊ ချမ်းမြသာစည်၊
အကွက်(၄၃၆)၊ မန္တလေး။

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန်

ညီမက မ,ရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မ,ဆီကို စာရေးချင်တာလည်း ကြာနေပါပြီ။ ညီမက မိတ်ဆက်စာတွေ တစ်ခါမှ မရေးဘူးလို့ သည်းခံပြီးတော့ ဖတ်ပေးပါလို့ ကြိုတင်ပြောပါရစေ။ မ,ရဲ့ စာအုပ်တွေကို ဖတ်ရတာ ဗဟုသုတလည်း ရပါတယ်။ အညှိုးမြစ်တော့ ဖတ်ပြီးသွားပြီ။ အဲဒီစာအုပ် ဖတ်ပြီးပြီးချင်း မ,ဆီ စာရေးလိုက်တာ။ မ,ရဲ့ စာရေးပုံတွေ၊ ဓာတ်လမ်းတွေ၊ ဓာတ်အိမ်ဖွဲ့မှုတွေက သူများတွေနဲ့မတူဘူး။ မ,ကို ခင်မင်ချင်တယ် ရမလား? ပြီးတော့ မ,က ချစ်စရာကောင်းတယ်။ ညီမက တောင်ကြီးကပါ။ မ,ကကော ကျောင်းပြီးပြီလား။ မ,ဒီထက်မက အောင်မြင်ပါစေ။

မ,ကိုချစ်တဲ့
မ,ရဲ့ ပရိသတ်

မျိုးဝသန့်ဦး
၂၅၇၊ ၇ ခွာညိုလမ်း။
တန့်အောက်ရပ်၊ ကောင်ကြီး။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ၏ အမှတ်တရအစီအစဉ်

စာရေးဆရာမ ဆုမြတ်မွန်မွန်

အခုလို တစ်ခါမှ စာမရေးဘူးတော့ ဘယ်က စ,ရေးရမလဲ မသိဘူးလို့ပဲ စ,ရေးလိုက်ပြီး ကျွန်တော် ဝတ္ထုတွေ တော်တော်များများ ဖတ်ဖြစ်ပါတယ်။ စုံထောက်တို့၊ စွန့်စားမှုတို့ သိုင်းဝတ္ထုတွေပေါ့။ အချစ်ဝတ္ထုတွေကို သိပ်မဖတ်ဖြစ်ဘူး။ ဆရာမ မဆုမြတ်မွန်မွန်ရဲ့ ဒုတိယဝတ္ထုဖြစ်တဲ့ ရင်ခုန်ချစ်ခြင်းနှင့် အတွန့်နန်းတော် စာအုပ်မှာပါတဲ့ စေတနာစာပေ၏ အမှတ်တရအစီအစဉ်ကို ဖတ်ရတော့ စိတ်ဝင်စားတာနဲ့ ဖတ်ကြည့်တော့ လက်ကလုံးဝမချချင်တော့ဘူး။ အရမ်းကောင်းတယ်။ တောရွာမှာနေတဲ့အတွက် ဆရာမ ဆုမြတ်မွန်မွန်ရဲ့ စာအုပ်ကို သူများတွေ ဖတ်ပြီးကုန်မှ ဖတ်ရတယ်။ စာဖတ်ပရိသတ်ပေါင်းစွာရဲ့ အားပေးမှုနဲ့ ထာဝရ ပျော်ရွှင်ချမ်းမြေ့သာယာကြည်နူးနိုင်ပါစေ။

ကျော်သူရိန်ဟိန်း(ခ)သူရိန်
ကမာခိုင်ကျေးရွာ၊
[illegible]မြို့။

# စေတနာစာပေ၏ အမှတ်တရအစီအစဉ်

ဆရာမဆုမြတ်မွန်မွန်

မမလို့ ရှိသေမှုဖြင့် ညီမလေး ခေါ်လိုက်ပါရစေ။ မမ ဆီကို စာရေးမယ်ရေးမယ်နဲ့ တော်တော်နှင့် မရေးဖြစ်ဘူး။ အခုတော့ အကောင်ထည်ပေါ်ပြီ။ မမရဲ့ စာအုပ်တွေ အကုန်ဖတ်လို့ကောင်းတယ်။ မမ ထွက်သမျှ စာအုပ်တွေမှာ မမရဲ့ ပုံလေးတွေထည့်ပေးတော့ ဒီဇိုင်းတစ်မျိုး ဆန်းတာပေါ့နော်။ မမရဲ့ စာအုပ်ကြော်ငြာကိုတွေ့တာ။ ညီမလေး အညှိုးမြစ် ဖတ်ပြီးတော့ မနေနိုင်တာနဲ့ မမ ဆီကို ရေးလိုက်တာ။ ညီမလေးက မိတ်ဆက်စာတွေရော ဖတ်တော့ ညီမလေးတို့ ဂန့်ဂေါ်ကို 'အနမ်းဆက်တိုင်း' နှင့် 'အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်' ဆိုတာ မရောက်ဘူးဖြစ်နေတယ်။ သူများတွေက ဖတ်ပြီး ကောင်းတယ်လို့ ပြောကြတော့ ... ညီမလေးက မဖတ်ရတဲ့သူဆိုတော့ စိတ်ထဲ ကသိကအောက်ဖြစ်နေတာ မမရဲ့။ ဒါကြောင့်မို့ မမရဲ့ စာအုပ်တွေကိုများများထုတ်ဝေပေးလိုပါတယ်။

မမဆုမြတ်မွန်မွန်ရဲ့ ထာဝရမှ ..
ထာဝရပရိသတ်

ညီမလေး ယွန်းဆီ
ပညာရေးမှူးရုံးအနီး ခ.ပ.က
ဈေးတန်း၊ ဂန့်ဂေါမြို့၊
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာ့စာပေ

၏

## အမှတ်တရအစီအစဉ်

မလေးမွန်

မောင်လေး ဒုတိယမွှ စာရေးလိုက်ပါတယ်။ မလေးမွန်ရဲ့ ပြန်စာရတော့ ဝမ်းသာလွန်းလို့ သူငယ်ချင်းတွေ လိုက်ကြွားပစ်တာ ဓာတ်ပုံရောပေါ့။ မောင်လေး ရေးဦးမြို့ပြန်တော့ စာအုပ်ဌားဆိုင်သွားပြီး မလေးမွန် စာအုပ်ကို ငှားဖတ်တော့ မရဘူး။ အငှားသွက်တယ်။ မောင်လေး အရမ်းဝမ်းသာသလို မောင်လေး မဖတ်ရလို့ ဝမ်းနည်းတယ်။ ဒါပေမဲ့ ၁၉-၅-၀၇ မှာ ပြန်ရောက်တော့ မလေးမွန်ရဲ့ စာနဲ့ ဓာတ်ပုံရောက်နေတဲ့အတွက် အရမ်းပျော်သွားပါတယ်။ မလေးမွန် သင်္ကြန်မှာ မပျော်လိုက်ရဘဲ ပရိသတ်တွေထံ ပြန်စာရေးနေရတာဆိုတော့ ပင်ပန်းမှာပဲဗျာ။ မောင်လေးဆီ စာနောက်မှပြန်နော်။ အခြားလူတွေကို ဦးစားပေးလိုက်။

ခင်တဲ့ ..

မောင်လေး လွမ်းမင်းထက်

လွမ်းမင်းထက်
ချမ်းမြေ့သာစည်၊ ညောင်ကန်တိုက်၊
အောင်မြေရတနာကျောင်း။
မန္တလေး။

စေတနာ့စာပေ

၏

## အမှတ်တရအစီအစဉ်

မမ

ဇင် ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ လေးစားသောအနေဖြင့် မမ လို့ ခေါ်ပါရစေနော်။ မမရဲ့ ပထမဆုံး ထွက်ရှိတဲ့ စာအုပ်ကို ဖတ်ပြီးကတည်းက မမ ဆီကို အရမ်း စာရေးချင်နေတာ။ အခုမှပဲ စာရေးဖြစ်တော့တယ်။ ဇင့်ရဲ့အကျင့်က ဝတ္ထုဖတ်ပြီဆိုရင် ညားတဲ့စာအုပ်မှ ရွေးပြီးဖတ်တာ။ (စာအုပ်တိုင်းလိုလိုပဲ) ဒါပေမဲ့ အခုတော့ မမရဲ့ စာအုပ်ကို မလွတ်တမ်းဖတ်တော့ မညားတဲ့စာအုပ်တွေကိုပါ ဖတ်နေရပြီ။ ဇင် မိတ်ဆက်စာ ပထမဆုံးရေးဖူးတာဆိုတော့ အမှားပါရင်ခွင့်လွှတ်နော်။ ဇင့်ဆီကိုလည်း ခင်မင်တဲ့အနေနဲ့ စာပြန်ပေးပါနော်။ မမရဲ့ ဓာတ်ပုံပါ ထည့်ပေးနော်။

မမ

ရဲ့

ထာဝရပရိသတ်တစ်ဦး

ညီမလေး

ဦးစန်းလွင်+ဒေါ်ရွှေရွှေရီ
သထုံမြို့နယ်၊ သိမ်ဇလိပ်ရှိစခန်း
C/o ဟန်သီဇင် ကိုပေးပါ

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရ အစီအစဉ်

မမမွန်

ခင်မင်လေးစားစွာဖြင့် ညီမလေး နောက်ထပ် စာတစ်စောင် ထပ်ရေးလိုက်ပါတယ်။ ညီမလေး ရေးလိုက်တဲ့စာကို (၉)အုပ်မြောက် ဝတ္ထုထဲမှာ ထည့်ပေးတဲ့အတွက် မမကို ကျေးဇူးတင်ပါတယ်။ ညီမလေး စာပါလာတဲ့အတွက်လည်း ဝမ်းသာမိတယ်။ အညှိုးမြစ်ကို ဖတ်ပြီးသွားပြီ။ ပထမပိုင်းဖတ်တော့ ပျော်သလိုလို ရင်ခုန်သလိုလိုပဲ။ နောက်ပိုင်းခန်းကျတော့ ငိုချင်တယ် သိလား။ ဘာကြောင့်လဲဆိုတော့ ရဲတာရာ သေတဲ့အခန်းရယ်၊ ရဲတာရာနဲ့ မိုးကြယ်စင်တို့ရဲ့ သားဖြစ်တဲ့ ရဲရင့်ကြယ်စင် ရှင်ပြုတဲ့အခန်းရယ် အဲဒီအခန်းလေးတွေဆို ငိုချင်ဆုံးပဲ။ ဒေါ်ဝင်းသော်တာရဲ့ မိခင်မေတ္တာကြီးမားပုံကိုလည်း လေးစားမိတယ်။ သူ့ရဲ့ မေတ္တာကြီးမားပုံက တစ်ဖက်စွန်းရောက်လို့ ရဲတာရာက မသေသင့်ဘဲ သေသွားရတာပေါ့နော်။ ညီမလေး တောင်းဆိုချင်တာက မင်းသားနဲ့ မင်းသမီး ရပြီး ကွဲသွားတာတို့ သေသွားတာတို့ မမ မရေးပါနဲ့လို့ တောင်းဆိုပါရစေ။ ညီမလေး မခံစားနိုင်လို့ပါ။

ထက်ဝေလှိုင် 1st Year (Eng)
ထောင်ငယ်လမ်း၊
အောင်မင်္ဂလာရပ်၊
ကျောက်ပန်းတောင်းမြို့နယ်။

၏

## အမှတ်တရ အစီအစဉ်

မမဆု

သန္တာ့ဆီကို စာပြန်ရေးတဲ့အတွက် အရမ်းပဲ ဝမ်းသာပါတယ်။ မမဆုဆီကို စာချက်ချင်း ပြန်မရေးနိုင်တာ ခွင့်လွှတ်ပါ။ ခရီးလွန်နေလို့ မရေးဖြစ်တာပါ။ ခရီးက ပြန်ရောက်တော့ မမဆုဆီက စာလာတယ်ဆိုတာ သိရလို့ အရမ်းပျော်သွားတာ။ မမဆုရေးတဲ့ စာအုပ်တွေဖတ်ပြီး သန္တာလည်း အားလုံးကို ခွင့်လွှတ်လာနိုင်တယ်။ သန္တာတို့လို လူငယ်တွေအတွက် မမဆု စာအုပ်တွေ လမ်းပြကြယ်လေးပါပဲ။ မမဆု နှုတ်ခွန်းဆက်သခြင်းပြိုင်ပွဲမှာ ဘာဖြစ်လို့ မိတ်ဆက်စာ မထည့်တာလဲဟင်။ စာအုပ်ဖတ်ရတာ မပြည့်စုံသလိုပဲ။ တစ်ခုခု လိုနေတယ်ထင်တာ။ မိတ်ဆက်စာတွေကို အမြဲတမ်း ထည့်ပေးပါနော်။ အောင်မြင်မှု သရဖူကို ဆောင်းနိုင်ပါစေလို့ ဆန္ဒပြုလျက်ပါ။

သန္တာ
၈/၃၈၊ ၄ လမ်း၊
ပြည်သာယာ၊ မိတ္ထီလာမြို့။

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရ အစီအစဉ်

ဆရာမ ဆုမြတ်မွန်မွန်

ကျွန်တော့်ရဲ့ မိတ်ဆက်စာကို ဆရာမရဲ့ အမှတ်တရ အစီအစဉ်မှာ ဖော်ပြပေးတဲ့အတွက် ကျေးဇူးပဲ။ ဒါပေမဲ့ တစ်ခါမှ မိတ်ဆက်စာတို့ အကြံပြုစာတို့ မပို့ဖူးပါဘူး။ ဆရာမရဲ့ ပထမဆုံး ထွက်တဲ့ မျက်နက်ဝန်းရဲ့ မေတ္တာတံချူတို့ရဲ့ စာသားတွေကို အရမ်းကြိုက်သွားတယ်။ ဒုတိယစာအုပ်လည်း ဖတ်ရော မိတ်ဆက်စာတွေ ပါလာတာနဲ့ မိတ်ဆက်စာ ပို့လိုက်တာပါ။

ဆရာမရဲ့ ပရိသတ်

ကိုဟန်

မန္တလေးတိုင်း၊ အမရပူရမြို့၊

လ–၉၆

၏

## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော် အရပ်ထဲမှာ ဈေးဆိုင်လေး ဖွင့်ပါတယ်။ ဈေးရောင်းလိုက် စာဖတ်လိုက်လုပ်နေတော့ မျက်စိနောက်ပြီး စပါးမွေးစူးလို့ နောက်ကနေ ဘုန်းခနဲ အသံကြားလိုက်တော့ ဝါးရင်းတုတ်က ကျွန်တော့် ကျောပေါ်ကိုကျနေပြီ။ အွတ်ခနဲ အသံထွက်သွားတဲ့ ကျွန်တော့်ကို မော်ကဗျာရွေရုပ် အသေလုပ်လို့ ဝါးရင်းတုတ်နဲ့ အတီးခံရတဲ့အဖြစ်လေးပါပဲ။

မိုးလေး

မန္တလေးတိုင်း

အမရပူရမြို့

အိုးတော်တိုက်နယ်

မိုက်စု (၁)

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

မဆုရေးတဲ့စာအုပ်တွေက အရမ်းဖတ်လို့ ကောင်းတယ်။ သမီး အရမ်းကြိုက်တယ်။ သမီးလေ မဆုရေးတဲ့စာအုပ် အများကြီးထဲမှာ (၃)အုပ်ပဲ ဖတ်ဖူးတယ်။ နွေနှင်းလထုတ်တဲ့ 'အညှိုးမြစ်' ဆိုတဲ့စာအုပ်လေးက အရမ်းကောင်းတယ်။ အဲဒီစာအုပ်မှာ မိခင်က သားကို ချစ်တဲ့အချစ်ကို ပီပြင်စွာဖော်ပြခဲ့ပါတယ်။ မဆုရဲ့ Birthday Date ကို သိပါရစေ။ မဆု ဝတ္ထုရေးတဲ့အခါ အင်္ဂလိပ်စာလုံးတွေ အရမ်းသုံးတယ်နော်။ နားမလည်တဲ့သူတွေကျတော့ အင်္ဂလိပ်စာလုံးတွေက ဖတ်ရခက်တယ်လေ။ မဆုက အင်္ဂလိပ်စာလုံးနှင့် အဓိပ္ပာယ်ကို ပူးတွဲပြီး ရေးလိုက်ရင် နားလည်တဲ့သူတွေလည်း နားလည်သွားအောင်လို့... ။

မဆု ဒီထက်မက အောင်မြင်ကျော်ကြားပါစေ... ။

ရွှေလိုင်မိုး
မြိတ်မြို့၊
မြိတ်ထောင်နယ်မြေရုံးနံ့ဘေး၊
ကုန်စိမ်းဆိုင်၊ မြို့သစ်ဈေး။



## အမှတ်တရ အစီအစဉ်

မဆုမြတ်မွန်မွန်

ရှိသေလေးစားစွာနဲ့ မမလို့ပဲ ခေါ်မယ်နော်။ မိတ်ဆက်စာမရေးဖူးတော့ အမှားပါရင် ခွင့်လွှတ်ပါ။ မမရဲ့စာအုပ်ကို စာအုပ်ဆိုင်မှာ ကြော်ငြာတွေ ကပ်ထားတည်းက စိတ်ဝင်စားမိတာ။ ထွက်တော့လည်း စဖတ်ဖြစ်တယ်။ 'မျက်နှက်ဝန်းရဲ့မေတ္တာတံချူ'ကစပြီး ကြိုက်သွားတာ။ မမရဲ့စာအုပ်ထဲက အမျိုးသမီးဇာတ်ကောင်စရိုက်တွေကို အရမ်းသဘောကျတယ်။ ညီမလေးစာရေးတာ အရမ်းဝါသနာပါတယ်။ စာရေးဆရာမလည်း အရမ်းဖြစ်ချင်တယ်။ ညီမစာကို ရှစ်တန်းနှစ်မှာ စရေးဖြစ်တယ်။ ညီမလေးက စာပေအသိုင်းအဝိုင်းနဲ့ တော်တော်ဝေးတော့ ဝတ္ထုရေးတာ ပုံစံမကျသလိုပဲ။ မမ စာအုပ်တွေမှာ အင်္ဂလိပ်ဝေါဟာရတွေ သုံးတယ်နော်။ မမရဲ့စာအုပ်ထဲမှာ ခေတ်နဲ့လိုက်လျောညီထွေတဲ့ အဝတ်အစားတွေ၊ ဥပမာ(တံဆိပ်တွေ) ကော်ဖီဆိုင်တွေ ညီမ မရေးတတ်ဘူး။ ညီမက တစ်ယောက်တည်းမို့ပါ။ တိုင်ပင်ဖော် တိုင်ပင်ဖက်လည်း မရှိလို့ပါ။ မမရေ နည်းနည်းစပ်စုဦးမယ်။ မမ ကျောင်းပြီးပြီလား။ ဘာနဲ့ပြီးတာလဲ။ မမအသက် ဘယ်လောက်ရှိပြီလဲ။ မမ မွေးနေ့ရောက်ရင် ညီမ မွေးနေ့ဆုတောင်းပေးချင်လို့ပါ။

ဘေးမသီရန်မခဘဲ လိုတိုင်းတ ရနိုင်ပါစေ။

မိုးမိုးစန်း
၁၂၁/တာလှိုင်းချောင်း၊
ကမ်းနားလမ်း၊
ပုသိမ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မဆုမြတ်ရဲ့စာအုပ်တွေက အရမ်းဖတ်လို့ကောင်းပါတယ်။ ကျွန်တော်က စာဖတ်ဝါသနာအိုးတစ်ယောက်ပါ။ တစ်နေ့မှာ မဆုမြတ်ရဲ့စာအုပ်ကို ဖတ်မိတယ်။ အရမ်းကို attraction ဖြစ်တယ်ဗျာ၊ လက်ကကို မချချင်တော့ဘူး။ မဆုမြတ်ရဲ့အရေးအသား၊ အယူအဆ၊ အတွေးအခေါ် ရေးသားပုံတွေကို ကျွန်တော် အရမ်းကြိုက်တယ်။ ကျွန်တော် မဆုမြတ်ရဲ့ ထာဝရပရိသတ် တစ်ယောက် ဖြစ်ချင်ပါတယ်။

Kyaw Zin Latt
G.T.C
Monyin

## အမှတ်တရအစီအစဉ်

မဆုမြတ်

ခင်မင်ရင်းနှီးစွာနှင့် မိတ်ဆက်စာရေးလိုက်ပါတယ်။ ရေးမယ်ရေးမယ်နဲ့ အခုမှ အကောင်အထည်ဖော်ဖြစ်တာပါ။ မမရဲ့ ဝတ္ထုတွေက ကောင်းတယ်လို့ ပြောစရာမလိုလောက်အောင်ကို ပရိသတ်အနိုင်အမာရပြီးသားပါ။ ထွက်ပြီးသမျှစာအုပ်အားလုံး ဖတ်ပြီးပါပြီ။ တက္ကသိုလ်နောက်ခံဇာတ်လမ်း၊ မိဘမေတ္တာဖွဲ့ ဇာတ်လမ်းတွေကိုလည်း ဖတ်ချင်ပါတယ်။ မောင်လေးဆီ ပြန်စာနဲ့အတူ (Photo) ပါထည့်ပေးစေချင်ပါတယ်။

ထာဝရပရိသတ်။

လင်းဟိန်းဖြိုး
မွေ့မြူထွန်း၊ ရောင်းဝယ်ရေး
ဈေးမြောက်တက်၊ နတ်မောက်မြို့၊
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## အမှတ်တရအစီအစဉ်

မကြီး ဆုမြတ်မွန်မွန်

ခင်မင်မှုကို မိတ်ဖွဲ့လိုက်ရလို့ မကြီးလည်း အငဲနဲ့ ထပ်တူ ပျော်ရွှင်နိုင်ပါစေနော်။ ဘယ်စာရေးဆရာမတွေနဲ့မှ မနှိုင်းယှဉ် ရက်လောက်အောင် ဖတ်လို့ကောင်းတယ်ဆိုတာ အကြွင်းမဲ့ယုံ ကြည်ပေးပါလို့။ သည်လောက်ထိကောင်းတဲ့ အရေးအသား စ၊ လယ်၊ ဆုံးထိ ဖတ်လို့ကောင်းတာ နောက်ကျမှသိလိုက်ရလို့ ကိုယ့်ကိုယ်ကိုယ် သိပ်မကျေနပ်ဘူးကွာ။ ဒါပေမဲ့ မကြီးဆီစာရေး ရင်းနဲ့ပဲ ဖြေသိမ့်ရတယ်လေ။ မကြီးရဲ့စာအုပ်တွေ အားလုံးဖတ် ကောင်းတယ်။ ပြီးတော့ ရုပ်ရှင်မင်းသမီး စိုးမြတ်သူဇာနဲ့တူတဲ့ မကြီးရဲ့ပုံကို တွေ့လိုက်ရတော့ တမူထူးခြားတယ်နော်။ မကြီး က ပရိသတ်အတွက် ထာဝရဆိုရင် ညီမလေး အငဲကလည်း မကြီး ဆရာမဆုမြတ်မွန်မွန်အတွက် တစ်သက်တာထာဝရပါ နော်။

မကြီးဆုမြတ်မွန်မွန်
ရဲ့
ထာဝရပရိသတ်

နန်းခင်မြတ်လင်း(ခ)အေးငဲ
မသ၊ အမှတ်(၁၀၀)၊ (၄)လမ်း
ထာဝရဆုံဆည်းရာဆိုင်အနီး၊
မြို့သစ်ကွက်ခိုင်မြို့။

## အမှတ်တရအစီအစဉ်

မဆုမွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မဆုမွန်ဝတ္ထု စာအုပ်တွေမှာ အမှတ်တရအစီအစဉ်လေး ဖော်ပြပေးတာ စိတ် ဝင်စားနှစ်သက်မိပါတယ်။ အနမ်းဆက်တိုင်းကစပြီး၊ ရင်ခုန်ချစ် ခြင်းနှင့် အတ္တနန်းတော်၊ မော်ကဗျာရွှေရုပ်၊ ကြွင်းကျန်ရစ်သော သစ္စာတို့ ဆက်လက်ဖတ်ဖြစ်ပါတယ်။ ဖတ်ပြီးတိုင်း လိုက်ဖတ်တဲ့ အမည်လှလှလေးတွေနဲ့ စရိုက်ဆန်းဆန်းလေးတွေ ရင်ထဲ Mamory မှာ စွဲကျန်ရစ်နေတယ်။ ဇာတ်ကောင်စရိုက်ကို ပီပြင် ရှင်းလင်းသပ်ရပ်စွာ ပင်ကိုယ်ဟန်နဲ့ ရေးဖွဲ့ထားတာ လေးစား မိပါတယ်။ စာအုပ်ဆိုင်မှာ ခေတ်နဲ့အညီ ဆန်းသစ်တဲ့ ခံစားမှု စရိုက်လေးနှင့်+အတူ အပြစ်ကင်းစင်သော မျက်နှာလေးက ဆွဲ ဆောင်မှုရှိပါတယ်။

အစဉ်ထာဝရ ရပ်တည်နိုင်ပါစေလို့
ဆန္ဒပြုလျက်

အောင်ကျော်ဝင်း
ကွန်ပျူတာဒီပလိုမာသင်တန်း(၅/၅၄၂)
ရပ်စောက်မြို့နယ်၊ ဗထူးတပ်မြို့၊
ရှမ်းပြည်နယ်တောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မွန်လို့ပဲ ရင်းနှီးစွာခေါ်ခွင့်ပေးပါလား မွန်။ မွန် သိပ်တော်တာပဲကွာ။ တို့တောင် မွန်ကို အားကျပြီး စာရေးဆရာလုပ်ချင်လာပြီ။ မွန် တို့ကို ပရိသတ်အဖြစ် အသိအမှတ်ရော ပြုနိုင်မှာလား။ တို့စိုးရိမ်တာက မွန်တို့က ပြန်မခင်မှာစိုးလို့ပါ။ မွန် တို့ဆီကို စာပြန်ပေးပါဦး။ မွန်ရဲ့ပြန်စာကို တို့ မျှော်နေမယ်နော်။

ထာဝရပရိသတ်

ဇာဇာဖြိုးဝေ(ခ)စောနန်းမူ
တပ်ကလေးရပ်ကွက်၊
သဘော်ာဆိပ်၊ ဗန်းမော်မြို့။

စေတနာစာပေ

၏

## အမှတ်တရအစီအစဉ်

မမ

မိတ်ဆက်စာမရေးဖူးလို့ အမှားပါရင် ခွင့်လွှတ်ပါနော်။ မမရဲ့ ထွက်သမျှစာအုပ်တွေကို အမြဲတမ်းအားပေးတဲ့သူတစ်ယောက်ပါ။ မမစာအုပ်က အရမ်းဖတ်လို့ကောင်းတယ်။ အရေးအသားကောင်းသလို အတွေးအခေါ်လည်းကောင်းတယ်။ တစ်ခါဖတ်မိရင် နောက်တစ်ခါ ထပ်ဖတ်ချင်လောက်အောင် ဆွဲဆောင်မှုရှိတယ်။ သမီးလည်း စာရေးတာ အရမ်းဝါသနာပါတာပဲ။ ပျင်းရင် ကဗျာလေးတွေ ဖတ်နေတတ်တာ။ မမလို ဝတ္ထုဆရာမကြီးဖြစ်ချင်တယ်။ မမကို တစ်ခုလောက်တောင်းဆိုချင်တယ်။ သမီးက April လမှာမွေးတော့ သင်္ကြန်မိုးကို အရမ်းချစ်တယ်။ ဟို သင်္ကြန်ဇာတ်လမ်းလေးတစ်ခုရေးပေးပါလားဟင်။

မမကို
အစဉ်လေးစားလျက်

နုံးနုံး
(၁၀၁)ကဝ်းဆရာရပ်ကွက်၊
တနိုင်းမြို့၊ ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

# အမှတ်တရ အစီအစဉ်

မမွန်ရေ

ဖူးငုံ သတိရခြင်းများစွာနဲ့ စာရေးလိုက်ပါတယ်။ မမွန်ရဲ့ အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်ဝတ္ထုကို ဖူးငုံ မနေ့ကပဲ ဖတ်ရတယ်။ ဖူးငုံ အရမ်းကြိုက်တယ်။ နောက်ပြီး မော်ကဗျာရွှေရုပ်ကိုလည်း ကြိုက်တယ်။ ဖူးငုံမှာလည်း ရွှေရုပ်လို သူငယ်ချင်းမျိုးရှိတယ် မမွန်။ မမွန်ရဲ့ဝတ္ထုတွေထဲမှာ အခုချိန်ထိ ဖူးငုံ မကြိုက်တာ တစ်အုပ်မှ မတွေ့သေးဘူး။ မမွန် မော်ကဗျာရွှေရုပ်ထဲမှာလိုပဲ အချစ်မရှိလို့ အရာရာကို အောင်မြင်တာပါလို့ ပြောသွားတဲ့ ရွှေရုပ်တို့ သူငယ်ချင်းနှစ်ယောက်ရဲ့ စကားလိုပဲ မမွန်ကိုယ်တိုင် ရောယုံကြည်သလား။မမွန်ရောနောက်လုံးချင်းကျရင် ယောကျ်ားတွေ တစ်ယောက်ချင်းစီမှာရှိတဲ့ အကျင့်လေးတွေကို ဖော်ထုတ်တဲ့ ဝတ္ထုမျိုးရေးပေးပါ ဖတ်ချင်လို့။

ထာဝရ
မမွန်ရဲ့ပရိသတ်

မဖူးငုံမွှင်(2GEC-63)
အစိုးရနည်းပညာတက္ကသိုလ်
ဖားအောက်၊ မော်လမြိုင်မြို့။

BURMESE CLASSIC .com

## စေတနာစာပေ ၏


# အမှတ်တရ အစီအစဉ်


မဆုမြတ်မွန်မွန်

ခင်မင်လေးစားစွာဖြင့် စာရေးလိုက်တယ်နော်။ ညီမက မမစာအုပ်တွေကို အရမ်းအားပေးပါတယ်။ 'ရင်ခုန်ချစ်ခြင်းနဲ့ အတ္တနန်းတော်'ကို အကြိုက်ဆုံးပဲ။ မမအတွက် ပုံလေးတစ်ပုံဆွဲပေးလိုက်တယ်နော်။ ဖြစ်နိုင်မယ်ဆို မမရဲ့စာလေးတစ်စောင်လောက် မျှော်လင့်ပါရစေနော်။ နောင်ထွက်မဲ့စာအုပ်မျက်နှာဖုံးမှာ ဒီပုံလေးကို မြင်ချင်လိုက်တာ။ မမကြိုက်မှပြောတာနော်။ သိပ်တော့မလှဘူးပေါ့။

သီတာဝင်း(ခ)ဆောင်းအိမ်ငယ်
အမှတ်(၃၇၉)၊ ဝိုင်းမော်မြို့၊
ကချင်ပြည်နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏
# အမှတ်တရ အစီအစဉ်

မင်္ဂလာပါ မဆု

ကျွန်တော် အညိုးမြစ်ဆိုတဲ့ဝတ္ထုကို ဖတ်ပြီးတဲ့နောက်မှာ ဒီစာကို ရေးလိုက်တာပါ။ မဆု ကျွန်တော့်ဆီ စာမပြန်ဖြစ်တာက မအားလို့ဘဲလို့ သတ်မှတ်လိုက်မယ်နော်။ မဆု ကျွန်တော်ကို မခင်ဘူးဆိုတဲ့ အရာမျိုးတော့ ဖြစ်မယ်မထင်ဘူး။ မဆု နောက်ပိုင်းရေးတဲ့ စာအုပ်တွေ တအားကောင်းလာတယ်။ အညိုးမြစ်ကတော့ အစအဆုံး လက်ကမချနိုင်အောင် ဆွဲဆောင်မှုရှိတယ်။ နောက်ပြီး အခုထက်ကောင်းတဲ့ ဝတ္ထုလေးတွေ ရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ ကျေးဇူးပြု၍ စာပြန်ပါရန်။

မောင်ဟန်မင်း
အမှတ်(၅) မေတ္တာလမ်းနှင့်
ထ(၁)လမ်းထောင့်ကန်သာရပ်
မကွေးမြို့။

မင်းမင်း
2nd M.B
ဆေးတက္ကသိုလ်(မကွေး)


## စေတနာစာပေ ၏
# အမှတ်တရ အစီအစဉ်


မဆုမြတ်မွန်မွန်

စာပေနှင့်ပတ်သက်၍ လေးစားရပါသောမမ ခင်မင်ရင်းနှီးစွာဖြင့် စာရေးလိုက်ပါတယ်။ မိုးက စာဖတ်အရမ်းဝါသနာပါတယ်။ မမရဲ့ ထွက်ပြီးသားစာအုပ်တွေကို မိုး ဖတ်ရပါတယ်။ အဲဒီအထဲမှာ အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်မှာပါတဲ့ စကားလုံးတွေကို မိုး အရမ်းသဘောကျတယ်။ မမက အရမ်းတော်တယ်။ မမရဲ့ စာအရေးအသားအတွေးအခေါ် အရမ်းထက်မြက်တယ်။ မမဝတ္ထုများများရေးနော်။ မမရဲ့ဝတ္ထုအများကြီး ဖတ်ချင်တယ်။ မမရဲ့ ကိုယ်ရေးရာဇဝင် အနည်းအကျဉ်းလောက် သိခွင့်ရရင် သိပါရစေ။ မမရဲ့ ပြန်စာနဲ့အတူ မမရဲ့ဓာတ်ပုံ ထည့်ပေးပါလား မမ။ မိုးတို့သူငယ်ချင်းတစ်စု မျှော်နေမယ်။ မမရဲ့ အောင်မြင်မှုတွေ မိုးကောင်းကင်ကြီးလို ထိပ်ဆုံးမှာ ထာဝရ တည်တံ့နိုင်ပါစေ။

သွယ်သွယ်မိုး
ချောင်းဆုံမြို့နယ်
ဘိုးနတ်တေျးရွာ၊ အလယ်ပိုင်း။

www.burmeseclassic.com

စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်လေးစားချစ်ခင်လို့ မဆုမြတ်လို့ပဲ ခေါ်မယ်နော်။ ကျွန်တော်က မြန်မာပြည်မှာရှိတဲ့ မဆုမြတ်ရဲ့ ခံမြောက်များစွာတဲ့ ပရိသတ်ထဲက တစ်ယောက်ပါ။ မဆုမြတ်စာရေးရင် ပိုက်ဆံချမ်းသာတဲ့ဇာတ်ကောင်တွေအကြောင်း သိပ်မရေးဘဲနဲ့ ဆင်းရဲတဲ့ ဇာတ်ကောင်တွေအကြောင်း ရေးပေးပါဦးဗျ။ ဇာတ်ကောင်ရဲ့ခံစားမှုကို နက်နက်ရှိုင်းရှိုင်း ရေးတတ်တာကို တွေ့ရတော့ ဆရာမ ဆုမြတ်မွန်မွန်ဟာ စာအရေးအသား အလွန်ကောင်းမွန်တဲ့ စာရေးဆရာမတစ်ယောက်ဖြစ်မယ်ဆိုတာ ကျွန်တော် ယုံကြည်ပါတယ်။ မဆုမြတ် စာပေလောကဟာ မိုးကောင်းကင်ဖြစ်ပြီးတော့ စာရေးဆရာတွေဟာ ထွန်းလင်းတဲ့ ကြယ်တွေဖြစ်ခဲ့မယ်ဆိုရင် မိုးကောင်းကင်မှာ အထွန်းလင်းဆုံးဖြစ်တဲ့ ဓူဝံကြယ်ဟာ မဆုမြတ်ဖြစ်ပါစေလို့ ဆုတောင်းပါတယ်ဗျာ။

စောတင်မင်းဦး
HPA-AN UNIVERSITY
KAYIN-STATE

စေတနာစာပေ
၏
အမှတ်တရအစီအစဉ်

မမ

သမီးက မမရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မမရဲ့ စာအုပ်တွေ ဖတ်ရတာ အရမ်းကောင်းတာပဲ။ အားလုံးကို ကြိုက်တယ်။ မော်ကဇျာရွှေရုပ်ဆိုတဲ့စာအုပ်ကို တော်တော်လေးကြိုက်တယ်။ သမီးရဲ့ မေမေကလည်း မမရဲ့စာအုပ်တွေကို အရမ်းကြိုက်တာပဲ သိလား။ မမရဲ့ နောက်ထွက်မဲ့စာအုပ်တွေကို သမီးတို့ မျှော်နေမယ်နော်။ ဝတ္ထုသစ်အများကြီးကို ရေးနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ ဒါနဲ့ မမ သမီးဆီကို စာပြန်ပါဦးနော်။

မမကို အမြဲအားပေးနေမဲ့
မမရဲ့ ထာဝရပရိသတ်

မမိုးသိမ့်သိမ့်သူ
ကိုးသောင်းရေလှောင်ကန်။
ရှာဘဲနယ်မြေ ပြည်မြို့။

www.burmeseclassic.com

စေတနာစာပေ
၏
## အ မှ တ် တ ရ အ စီ အ စ ဉ်

မဆုမြတ်

ညီမက ပျဉ်းမနားကပါ အစ်မဆီကို စာထည့်တာကြာခဲ့ပါပြီ။ တကယ်အချိန်မရလို့ပါ။ မဆုမြတ်ကို တကယ်လေးစားပါတယ်။ အရင်ကဆို ဝတ္ထုဖတ်တဲ့သူကို သိပ်မုန်းတာ။ အခု ညီမကိုယ်တိုင် အစ်မရဲ့ဝတ္ထုကို လစဉ်မပြတ်ဖတ်ခဲ့ပြီ အစ်မရယ်။ အစ်မရဲ့ စာအုပ်တွေဟာ ညီမကို စွဲဆောင်နိုင်ပါတယ်။ တစ်လကို တစ်အုပ်မကဘဲ နှစ်အုပ်လောက်ထွက်ရင် အရမ်းကောင်းမယ်နော်။ တစ်ခါမှ မရေးဘူးတဲ့အတွက် အမှားပါရင် ခွင့်လွှတ်ပေးပါနော်။

မရဲ့

ထာဝရ

ပရိသတ်

ညီမ

လှိုင်
C/O ဦးတင်အေး
သိန်းတစ်ရာ VDO
ပန်းခင်း(၁)၊ ရွာကောက်
ပျဉ်းမနား။

စေတနာစာပေ
၏
အ မှ တ် တ ရ အ စီ အ စ ဉ်

မမမွန်

ကျွန်တော်ဟာ မမမွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မဆုလို့ သူများခေါ်သလို မခေါ်တတ်တာ ခွင့်လွှတ်ပါ ခင်ဗျာ။ မမမွန်ရေးတဲ့ အနမ်းဆက်တိုင်းဆိုတဲ့ ဝတ္ထုကို ဖတ်မိတဲ့အချိန်ကစပြီး မမမွန်ကို အရမ်းလေးစားမိပါတယ်။ ကျွန်တော် မမမွန်ရေးတဲ့ စာအုပ်ကို ဖတ်မိတာ တော်တော်လေးကို နောက်ကျတယ်နော်။ 'အနမ်းဆက်တိုင်း'ဆိုတဲ့ ဝတ္ထုဟာ မမမွန်ရဲ့ အတွေ့အကြုံလား။ Idea လား။ 'မိုးထက်ဝေးဝေး'ဆိုတဲ့ ကောင်မလေးရဲ့ သရုပ်ဆောင်မှုကို မမမွန်ရေးတာ အသက်ဝင်လွန်းတယ်။ ဒီတစ်အုပ်တည်းနဲ့ မမမွန်ကို အထင်ကြီးလေးစားမိသွားတာ စာဖတ်ရမှာပျင်းတဲ့ ကျွန်တော်တောင် ဒီဝတ္ထုဖတ်ပြီးမှ အပျင်းစိတ်တွေ ပျောက်သွားတယ်။ ဒီ့အရင်ထွက်တဲ့ စာအုပ်တွေကိုလည်း ရှာဖတ်ဦးမှာပါ။ ကျွန်တော်တို့ကိုခင်ရင် စာပေလောကမှာ အကောင်းဆုံးနေရာကို ထိပ်ဆုံးမှ ဦးဆောင်နိုင်ပါစေ။

မမမွန်ရဲ့ စာဖတ်ပရိသတ်တစ်ဦး

ကိုကိုရဲ
အောင်နှာရီဖြင်ဆိုင်၊
သန့်စင်လမ်း၊ ပွင့်ဖြူမြို့။

www.burmeseclassic.com

www.burmeseclassic.com



## အမှတ်တရအစီအစဉ်

မင်္ဂလာပါ

ညီမလေးရေ

ခင်မှုမှုများစွာဖြင့် စာရေးလိုက်ပါတယ်။ ညီမလေးဆု ကျန်းမာရေးကအစ လူမှုရေးပါမကျန် အစစအရာရာ အဆင်ပြေပြီး ဒီထက်ကောင်းတဲ့ ဝတ္ထုတွေ ရေးနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါတယ်။ မမကတော့ မျက်နှက်ဝန်းရဲ့ မေတ္တာတံချူကစပြီး 'အညိုးမြစ်' အထိ ဖတ်ပြီးပါပြီ။ အားလုံးကောင်းပါတယ်။ တစ်ခုပဲ မမအတွက် အင်္ဂလိပ်လိုတွေကို မဖတ်တတ်သူဖြစ်နေတယ်။ ဒါကြောင့် အင်္ဂလိပ်လိုရေးပြီး ကွင်းစကွင်းပိတ်လေးလုပ်ပြီး မြန်မာလိုထည့်ပေးပါလားလို့ တောင်းပန်ပါတယ်။ ညီမလေးဆု အစဉ်ထာဝရ ရွှင်လန်းချမ်းမြေ့ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း

မမယယ်ယယ်(ခ)သန်းသန်းထွေး
စိုးကွမ်းယာ
ကန်သုံးလုံးအနီး၊ အရှေ့ရွာ၊
မိုးကုတ်မြို့။



## အမှတ်တရအစီအစဉ်

ညီမမွန်

ကိုယ့်ထက်ငယ်မယ်ထင်လို့ မွန်လို့ခေါ်လိုက်တယ်။ တို့ဝေဖန်တာကိုဖတ်ပြီး စိတ်မရှိနဲ့နော်။ မွန် စာအုပ်တွေကို သူငယ်ချင်းက တအားညွှန်နေလို့ ဖတ်ကြည့်မိတယ်။ တို့က စာအုပ်အရမ်းရွေးတယ်။ စာအုပ်တော်တော်များများဟာ သူဌေးခန်းတွေနဲ့ ချစ်ကြိုက်ညား သမားရိုးကျတွေများနေလို့ မဖတ်ဖြစ်တာလေ။ ဘဝဇာတ်လမ်းတွေက ရှားနေတယ်။ 'မွန်' မင်းလည်းတွေးလို့ရမှာပါနော်။ နောင် ဒါမျိုးတွေရေးမဲ့အစား ဘဝသမားတွေ လက်တွေ့ရင်ဆိုင် ကြုံတွေ့နေရတဲ့ အဖြစ်မျိုးလေးတွေဇာတ်ကောင်ဖွဲ့ပြီး အချစ်ဝတ္ထုလေးတစ်ပုဒ် ဖန်တီးပြလိုက်ပါဦးလို့ တောင်းဆိုပါရစေကွယ်။ တို့ ဒီလိုမျိုး ဝေဖန်တာ မင်းအတွက်အနှောင့်အယှက်ဖြစ်သွားခဲ့ရင် Sorry နော်။

ဆက်လက်အားပေးနေမဲ့

ခင်မျိုးအောင်(ခေါ်)မိအောင်
အမှတ်(၁၁၁)၊ ဘီအိုစီလမ်း၊
သုံးဆယ်မြို့၊ သာယာဝတီမြို့နယ်၊
ပဲခူးမြို့။